
www.burmeseclassic.com

PUBLISHED BY VIEW

# မိန်းကလေး

## လှိုင်းတွေကတဲ့ နှစ်ပါးခွင်




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၈၂၀၂၀၇
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၂၆၂၀၂၀၇
ထုတ်ဝေသူ
ဦးကျော်ဆန်း (မြဲ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ် (၂)၊ ချွန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြဲ-၀၅၄၁၇) (ရွှေခြေသည့်ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ (အထက်)
ပန်းဘဲတန်း ၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
Idea Kyaw & Wai Yan
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ ဧပြီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း - ၀၁- ၂၉၀၉၉၅

၈၉၅ • ၈၃
မိန်းကလေး
လှိုင်းတွေကတဲ့နှစ်ပါးခွင့် / မိန်းကလေး ။ - ရန်ကုန်၊
ရဲအောင်စာပေ ၊ ၂၀၀၇။
၂၉၇ - စာ ၊ ၁၈ × ၁၂ စင်တီ။
(၁) လှိုင်းတွေကတဲ့နှစ်ပါးခွင့်

## အခန်း (၁)

"ဆောင်း"

ဒေါ်ဖြူရဲ့ ဂရုတစိုက်ခေါ်သံကြောင့် ကိုယ်လုံးလေးမတ်ကာ အသိဝင်လာသည်။

"အပြင်မှာ အေးတယ်လေ ဆောင်းရဲ့"

ညဉ့်နက်နက်လေနှင့်တိုက်တော့ အေးခနဲဖြစ်ကာ ပိုက်ထားတဲ့ ဆောင်းလက်မှ မွေးညှင်းကလေးတွေထောင်ထလာခဲ့သည်။

"အမွှေးမြင်ခံလေး ဝတ်ထားမှပေါ့ ရော့"

ဒေါ်ဖြူတုတ် အလိုက်တသိ ယူလာပေးတဲ့ သိုးမွေးအနွေးထည် အဖြူရောင်လေးကို ယူမိသည်။ ညဝတ်အိပ်လက်ပြတ်ဂါဝန် အဖြူလေးအပေါ် အနွေးထည်ထပ်ဝတ်နေပေမယ့် ဆောင်း မျက်ဝန်း ညိုညိုက ပူပန်မှုလေးနဲ့ခြံဝဆီရောက်နေဆဲ။

www.burmeseclassic.com



"ညည့်တစ်ချက်တီးပြီ ဆောင်းရဲ့"

"ဆောင်းသိပါတယ် ဒေါ်ဖြူရယ်"

အားမပါလှတဲ့ဆောင်း၊ အသံတိုးတိုးနောက်မှာ ဒေါ်ဖြူ သက်မချရသည်သာ။ လသာဆောင်ထောင့်က ကြွေပြားကပ်အုတ်တိုင်မှာ ကိုယ်ကိုဆောင်းအသာမှီလိုက်ပြီး

"မောင်ပြန်လာတဲ့အထိ ဆောင်း၊ စောင့်လိုက်မယ်၊ ဒေါ်ဖြူ ငိုက်နေရင် သွားအိပ်တော့လေ"

"အိပ်မငိုက်သေးပါဘူးကွယ်"

ခင်ပွန်းသည်အကြောင်း၊ ပူပန်လောင်မြိုက်နေတဲ့ ဆောင်းကို ၊ ကိုယ်ချင်းစာမိတဲ့ ဒေါ်ဖြူ့ရင်မှာ ဆောင်းနည်းတူ ပူပန်သလို ဆောင်းကိုလည်း သနားပိုနေမိတာ အမှန်။

ဆောင်းက ခင်ပွန်းသည်မလာမချင်း စောင့်နေတတ်ပေမယ့် ခင်ပွန်းသည်က မိုးလင်းသော်လည်း ပြန်မလာသည်က များတယ်လေ။ ခုဆိုရင် ပြန်မလာတာ တစ်ပတ်တင်းတင်းပြည့်ခဲ့ပြီ။

ဆောင်းကတော့ ဒီညတော့ ပြန်လာမှာပါဆိုတဲ့ မျှော်လင့်ချက်လေးနဲ့စောင့်နေခဲ့တာ။ ဒေါ်ဖြူကတော့ ဆောင်း ခင်ပွန်းပြန်လာမယ်လို့ မထင်။

အမှန်နဲ့တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးဆိုတော့လည်း အို ဒီအကြောင်းတွေ ဒေါ်ဖြူမတွေးချင်တော့။ တွေးမိတိုင်း ဆောင်းနှလုံးသားကို သနားရသည်ချည်း။

တစ်ရွေးသားမှ ကြင်နာတရားမရှိတဲ့အပြင် ရင့်ရင့်သီးသီး





ဆက်ဆံကာ အငြိုးကြီးကြီး နှိပ်စက်နေတဲ့ ခင်ပွန်းအပေါ် အောက်ကျနောက်ကျချစ်နေတဲ့ ဆောင်းနှလုံးသားကို ဒေါ်ဖြူ ဘာသာမပြောရက်တော့။

ခင်ပွန်းကို အဲသလောက်ချစ်ရှာတဲ့ သနားစရာမိန်းကလေး ခင်ပွန်းသည်ဆီက အချစ်တွေရနိုးနိုးနဲ့ အနှိပ်စက်ခံပြီး ငံ့လင့်နေရှာတာ။

"ဟော အသံကြားတယ်"

ဆောင်းရဲ့ အားရဝမ်းသာသံကြောင့် အတွေးပြတ်ကာ ဒေါ်ဖြူ ခေါင်းထောင်ကြည့်သည်။ ခြံဝင်းထဲ မာစီးဒီးကားဖြူလေး လိမ့်ဝင်လာသည်။

"မောင် ပြန်လာပြီထင်တယ်"

ကြည်နူးသံလေးနဲ့ပြောရင်း လသာဆောင်က မပြေးရုံတစ်မယ် လှည့်ထွက်သွားတဲ့ ဆောင်း။

ကားမှန်အနက်ကြောင့် ကားပေါ်မှာ ခင်ပွန်းသည်ပါမပါ မမြင်ရ။ ဆောင်းကတော့ ခင်ပွန်းပြန်လာတဲ့အသိလေးနဲ့ မြူးကြွကြွလေး လှေကားရဲ့စတီးလက်တန်းကိုမကိုင်ဘဲ အောက်ထပ်ပြေးဆင်းသွားတဲ့ ဆောင်း နောက်ကို ဒေါ်ဖြူ သက်မချကာ လိုက်ဆင်းခဲ့သည်။

ဧည့်ခန်းကိုဖြတ်၍ ပေါ်တီကိုအောက်ရပ်လိုက်တဲ့ ကားဆီ ဆောင်း ခြေလှမ်းတော့ကားမောင်းသူ နေရာမှ ဆင်းလာတဲ့ ဒရိုင်ဘာ ချိုတူးနဲ့မျက်နှာချင်းဆိုင်ဆုံသည်။

"မောင် ပါလာတယ် မဟုတ်လား"

ဆောင်း မျှော်လင့်ကြီးစွာမေး၏။ ချိုတူး ကားသော့တွဲကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကိုတမ်းတေတော မျက်နှာထား မှုန်မှိုင်းမှိုင်းနဲ့ ခေါင်းရမ်းသည်။

မှောင်လင့်တကြီးဖြစ်နေတဲ့ ဆောင်းမျက်နှာလေး အိုကျသွားကာ ချိုတူးဆီက ကားသော့ကိုလှမ်းယူပြီး

"ဘာ ဘာဖြစ်လို့လဲ ဟင် မောင် အလုပ်တွေ အရမ်းများနေတာလား"

ချိုတူး အိုးတိုးအမ်းတမ်းနဲ့ မျက်လွှာချကာ ခေါင်းတစ်ချက်ကုတ်သည်။ ဘာကြောင့် မလာလဲဆိုတာ ပြောသင့် မပြောသင့်ထက် မပြောချင်။ မပြောချင်တာက မမ ဆောင်း ခံစားမှုကို ငဲ့ညှာနေလို့ပါ။

"ဟဲ့ ချိုတူး ပြောလိုက်လေ နင့်အစ်ကိုလေး ဘာဖြစ်လို့ မလာတာလဲ ဆိုတာ"

ဒေါ်ဖြူ ဆောင်းနောက်မှလှမ်း၍ ငေါက်ဆတ်ဆတ်လေး ပြောမှ ချိုတူး မျက်တောင်တစ်ချက်ပုတ်ခတ်သည်။ ညှိုးရိပ်လေးရှမ်းနေရှာတဲ့ မမဆောင်း မျက်နှာလှလှလေးကို မော့ကြည့်ပြီး

"ဟို ယုယမိုးနဲ့အစ်ကိုလေး"

ဆောင်း မျက်လွှာချပစ်ကာ ချိုတူး စကားအဆုံးအထိ ဆက်နားမထောင်ရက်တော့။ ညာလက်မှ ကိုင်ထားသော ကားသော့ တင်းတင်းလေးဆုပ်ကိုင်ရင်း လှုပ်ရှားတွေပွက်နေတဲ့ နှလုံးသားဖြင့် ရှေ့မြက်ခင်းစိမ်းဆီ ခြေလှမ်းတွေရွှေ့ခဲ့မိသည်။ ဆောင်း ခင်ပွန်းလောင်းရည်းစားဦးနဲ့ညအချိန်မတော် အတူရှိနေတဲ့အဖြစ် ဆောင်းဘယ်လိုခံစားရမလဲ မောင်ရယ်။

"ဟဲ့ ချိုတူး နင်ဟာလေ ဘယ်တော့မှအလိုက်ကန်းဆိုး နား





မလည်ဘူး ဒါပြောစရာလား"

ဒေါ်ဖြူက ချိုတူးပခုံးကို ဖျတ်ခနဲပုတ်ရင်း ဖြစ်တင်သလို ပြောမိ၏။ ချိုတူးကလည်း မပြောချင်ပါဘူး။

မမ ဆောင်းက မေးတော့လည်း မလိမ်ညာရဲ။ အမှန်အတိုင်း ပြောမိတော့လည်း မမ ဆောင်းရဲ့မျက်ဝန်းများမှာ မျက်ရည်စတွေ ဝမ်းနည်းစွာခိုတွဲလို့။

ချိုတူး သက်ပြင်းလေးချရင်း ဒေါ်ဖြူကို ဘာမှပြန်မပြောဘဲ ဇိုထောင်ဘက် ဦးလှည့်သွားသည်။ ဒေါ်ဖြူက ထိခိုက်ကြေကွဲနေရှာတဲ့ ဆောင်းဆီ မချင့်မရဲရွေ့သည်။

"ဆောင်း"

အားပေးနှစ်သိမ့်လိုတဲ့ ဒေါ်ဖြူ ခေါ်သံကြောင့် စိတ်လှုပ်ရှားစွာ မြက်ခင်းပေါ် ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေမိတဲ့ ဆောင်း ခြေလှမ်းတွေ တန့်သွား၏။

"ဒေါ်ဖြူ"

ဆောင်း ခေါ်မိတဲ့အသံက အားကိုးတကြီးနဲ့ ဝမ်းနည်းအစ်စို့လျက်။

"ပြောလေ ဆောင်း"

"ဆောင်း ဘာလုပ်သင့်လဲ ဟင်"

ဒေါ်ဖြူက ကိုယ်လုံးဝဝကြီးကို အားမနာနိုင်တော့ လက်ရှစ်ခေါက်ခေါက်ချကာ တောင့်တောင့်လေးရပ်နေရှာတဲ့ ဆောင်းနဲ့မျက်နှာချင်းဆိုင်ဖြစ်အောင် မြက်ခင်းစပ်က အုတ်ခုံတန်းမှာ အိခနဲထိုင်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက်မှာ သောတနှင့်ညှိမှောင်နေတဲ့ ဆောင်း မျက်နှာဝိုင်းလေးကို ကြင်နာစွာကြည့်ရင်း

"သူတို့နှစ်ယောက် ဘ ဒီအချိန်ထိ အတူတူရှိနေတာဆိုတော့ အမြေကရှင်းနေတာပဲ ကလေးရယ်"

"ဒါဆို ဆောင်းက ဒီအတိုင်း မျှော်နေရမှာလား ဒေါ်ဖြူရယ်"

ပြောရင်း ငိုသံကပါလာသည်။ ဒေါ်ဖြူက ဆောင်း လက်တစ်ဖက်ကို တယုတယဆွဲ၍ နူးညံ့ပေးတဲ့သဘောဖြင့် ဆုပ်ကိုင်ရင်း ဆောင်းကို အုတ်ခုံပေါ်ထိုင်စေသည်။ ဆောင်း ထိုင်ချစဉ် မျက်ရည်တစ်စက မြက်ခင်းစိမ်းပေါ် ပြေါက်ခနဲခုန်ဆင်းသွားသည်။

'အစကတည်းက ဒေါ်ဖြူပြောသားပဲ ကလေးရယ် ဒီအတိုင်း မျှော်မနေနဲ့လိုက်ခေါ်ပါလို့"

"ဆောင်းက မောင့်ကို စိတ်မဆင်းရဲစေချင်လို့ မောင် ပြန်လာတာကို မျှော်နေမိတာလေ"

"ခုတော့ ဆောင်း စိတ်ဆင်းရဲရပြီ မဟုတ်လား"

ခေါင်းလေးအငုံ့မှာ ကျောပေါ်ဖြာဝဲနေတဲ့ ဆံပင်ပျော့တချို့က ဆောင်းရင်အုံမို့မို့ နှစ်ဖက်ပေါ် လျောခနဲကျလာသည်။ ဒေါ်ဖြူက ဆောင်း ညာဘက်မျက်နှာပေါ်အုပ်ကျနေတဲ့ ဆံနွယ်တချို့ကို ကြင်နာစွာ သပ်ကိုင်၍ နားရွက်တစ်ဖက်ကြား တယုတယ ညှပ်ပေးရင်း

"ယောကျ်ားတွေဆိုတာ ဒီလိုပဲ ကလေးရယ်၊ မိန်းမကိုအရွဲ့တိုက်ချင်ရင် တခြားမိန်းမနဲ့မျူးပြဖို့ ဝန်မလေးဘူး။ ပြီးတော့ ဆောင်းကို မုန်းနေတော့ ပိုရွဲ့တာပေါ့ကွယ်"





ဆောင်း ခေါင်းကို ဒေါ်ဖြူ့ပခုံးစွန်းပေါ်မှီချကာ ရှိုက်ငင်ငိုကြွေး ခဲ့။ လပြည့်ဝန်းလင်းရောင်အောက် ဖွေးဖွေးမွှန်မှုန်လွင့်ကျလာတဲ့ ...ဖတ်လေးများက ပွင့်ဖတ်လေးများကြွေသလို ညင်ညင်သာသာရှိလှ ...မယ့် မောင့် တုန့်ပြန်မှုက ဆောင်းအပေါ် ညင်ညင်သာသာမရှိခဲ့။

"ဆောင်းလေ မောင့်ကို အရမ်းချစ်တာ"

"ဒေါ်ဖြူ သိပါတယ် ကလေးရယ် ဆောင်းကို ဒေါ်ဖြူ အံ့သြ ...ယ်ကွယ်၊ စက်ဝန်းကိုလည်း ဒေါ်ဖြူပိုအံ့သြတယ်၊ ဆောင်း ချစ်ခြင်း ... အမုန်းတွေနဲ့နှိပ်စက်ရုံမက အရွဲ့တိုက်မှုတွေနဲ့ ဘာကြောင့် တုံ့ပြန် ...နေရတာလဲလို့"

"ဆောင်း မောင့်ကို လိုက်ခေါ်ချင်တယ်"

"ဟင်"

ပခုံးစွန်းမှ ခေါင်းမတ်ရင်း ဆောင်းပြောတော့ ဒေါ်ဖြူမျက်လုံး ...သွားသည်။

"ဖြစ်ပါ့မလား ဆောင်းရယ်"

"ဖြစ်ပါတယ်"

"စက်ဝန်းက လိုက်လာမတဲ့လား"

"မောင် မလာရင်လည်း မောင့် တိုက်ခန်းမှာပဲ ဆောင်း ...ိုက်မယ်လေ၊ မောင်က မြို့ထဲကတိုက်ခန်းမှာ လွတ်လွတ် ...်သစ်နေတတ်တယ်လေ၊ မောင့် စိတ်ကြိုက်နေပါစေလို့ ဆောင်း ...ှင့်ပေးထားတာ ခုတော့ ယုယမိုးနဲ့အတူရှိနေတဲ့အဖြစ်"

ဝမ်းနည်းအတွေးကြောင့် ပြိုကျလာတဲ့ မျက်ရည်စတွေကို

www.burmeseclassic.com



လက်ခုံနဲ့တစ်ဖက်တစ်ချက်ပွတ်သုတ်ရင်း ဆောင်း ပြောလိုက်၏။ ဒေါ်ဖြူက ရင်တထိတ်ထိတ်နှင့်

"တစ်ခုခု ဖြစ်ရင် ဘယ်နှယ့်လုပ်မလဲ ကလေးရယ်"

"ဆောင်း ဘယ်သူ့ကိုမှ ပြဿနာမရှာပါဘူး"

ဆောင်း အေးစက်စက်ပြောရင်း မတ်တပ်ရပ်တော့ ဒေါ်ဖြူ စိတ်မချနိုင်။

"အဲဒါဆိုလည်း မိုးလင်းမှပဲ သွားပေါ့ ဆောင်းရယ်၊ ဒီအချိန် လိုက်သွားလို့ စက်ဝန်း ရုက်ရမ်းရမ်းပြီး ဆောင်းကို ရိုက်လား ပုတ်လား လုပ်ရင်"

"မောင် သတ်ရင်လည်း သေပစ်လိုက်ချင်တော့တယ် ဒေါ်ဖြူ ရယ်"

ဒေါ်ဖြူ့ရင်ထဲ အလုံးကြီးဆို့သလိုဖြစ်ကာ လေးလေးပင်ပင် ခေါင်းရမ်းမိသည်။ ဆောင်းက စကားမဆုံးခင် မြက်ခင်းစိမ်းကို ဖြတ် ကျော်ပြီး ပေါ်တီကိုအောက်ရပ်ထားတဲ့ ကားတံခါးကိုဖွင့်ခဲ့ဖွင့်ကာ ကားမောင်းသူနေရာ တက်ထိုင်သည်။

ဒေါ်ဖြူ ကိုယ်လုံးဝဝကို မနိုင့်တနိုင်ပင့်၍ ခပ်သွက်သွက်လေး စိတ်ပူပန်စွာ ပြေးလာရင်း

"ဆောင်း တစ်ယောက်တည်းမသွားနဲ့လေ၊ ဒေါ်ဖြူပါလိုက်ခဲ့ မယ်"

ဆောင်း ပါးပြင်ထက်က မျက်ရည်စတွေကို အပြောင်အသင် သုတ်ရင်း





"မလိုက်ပါနဲ့ ဒေါ်ဖြူရယ်"

"အို ဒေါ်ဖြူ စိတ်မချဘူး ကလေးရယ်"

ဒေါ်ဖြူ ပြောရင်း ကားနောက်ခန်းတံခါးဆွဲဖွင့်ဖို့ လက်တစ်ဖက် ဆန့်ထုတ်ရုံရှိသေး ဆောင်းက ကားကိုလျှောခနဲမောင်းထွက်သွား၏။

"ဟဲ့ ဆောင်း အို ကလေး"

ဒေါ်ဖြူ စိုးရိမ်စိတ်နှင့်ဂနာမငြိမ် ယောက်ယက်ခတ်သွား၏။ ဆျှာခနဲ ထွက်သွားတဲ့ ကားလေးက မြို့ပြင်ရောက်သည်နှင့်အရှိန်မြင့်း သာ.

အဲဒါ ဆောင်းရဲ့ ခံပြင်းစိတ်လား။

ဆောင်း မဆန်းစစ်ချင်။

ရင်ခုန်အေးမြသော လရောင်အောက်မှာ ချစ်သူကိုဖိတ်ခေါ်နေ သည့် ညငှက်ရဲ့တေးရင့်ကျူးသံက လွမ်းမောစွာတောင့်တနေတဲ့ ဆောင်း နှလုံးသားကို တန်ပြန်ပူလောင်ကာ။

မောင်ရယ်

ဆောင်းကို အမုန်းတွေနဲ့ နှိပ်စက်ချင်သလောက် နှိပ်စက်ပါ။ ခုလိုတော့ အရွဲ့မတိုက်ပါနဲ့ကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ပန်းသီးစိတ်ကို နှစ်ယောက်အတူကိုက်လျက် မျက်လုံးချင်း စကားပြောကာ ချစ်ရည်ရွှန်းနေတဲ့ နှုတ်ခမ်းနှစ်စုံက ထိလုတိုက်လု မတတ်။ ခံတွင်းထဲတစ်ဝက်စီရောက်နေတဲ့ ပန်းသီးစိတ်အလယ်ကို ကိုက်ထားတဲ့ ရှေ့သွားနဲ့ပြိုင်တူကိုက်ချပြီး သဘောတကျရယ်နေတဲ့ မောင်တို့ရယ်သံက နှလုံးသားထဲက လျှံကျလာသလို လှိုက်လှိုက်မှုမှု။

မောင်နဲ့ယုယမိုးရဲ့ ရယ်မြူးသံက နှလုံးသားမှ ဝမ်းနည်းမှုကို ဖို့ထက်ကာ မျက်ရည်စတွေ ဝိုင်းခနဲဖြစ်ပြီး ဆောင်း မျက်လွှာမှေး ကျသွားခဲ့သည်။

ဒူးလောက်ရှိတဲ့ ရှေ့ပင်နီ အနက်ရောင်လေးမှလွဲ၍ ဘာမှဝတ်မထားတဲ့ မောင့်ရင်ခွင်ဖြူစွတ်စွတ်မှာ မှေးမှိန်းမှီတွယ်နေတဲ့ ယုယမိုးသည်လည်း ထဘီရင်လျားပုံ အင်္ကျီတိုနန့်နန့်အနက်ကလေးနဲ့၊



ခါးအောက်ကျကျဝတ်ထားတဲ့ အနက်ရောင် စကတ်ကား လေးကြောင့် အင်္ကျီနဲ့စကတ်ကြားဟနေတဲ့ ယုယမိုး ခါးသားဖွေးဖွေး လေးပေါ်မှာ မောင့်လက်တစ်ဖက်သိုင်းကာ ရွရွလေးဖက်ထားသလို။

ကျန်လက်တစ်ဖက်က အင်္ကျီရင်ညွှန့်ရွှေအလှတပ်ထားတဲ့ စီးကွင့် အနီရောင်ထိုးထားတဲ့ ပန်းပွင့်ပုံလေးကို ရင်ခုန်စွာတို့ထိဆော့ တစားလျက်

ယုယမိုး လက်ချောင်းသွယ်လျလျတွေက မောင့်လည်တိုင်ကို ဆက်တွယ်ထားရုံမက မောင့်ပခုံးစွန်းမှာ မျက်နှာလေးမှီကပ်ထားသည်။

နှစ်ယောက်စလုံးရဲ့မျက်ဝန်းရွှန်းစိုစိုက ရှေ့မှာဖွင့်ထားတဲ့ နှစ်ဆယ့်တစ်လက်မ ရောင်စုံတီဗွီဖန်သားပေါ် လှုပ်လှုပ်ရွရွကနေတဲ့ အနောက်တိုင်းမော်ဒယ်မလေးများရဲ့ ကကွက်ဆန်းတွေပေါ်မှာမရှိ။

နှစ်ယောက်ထိုင်ဆိုဖာ အနီရဲရဲပေါ် လဲလျောင်းမတတ် လျော ဆိုင်နေတဲ့ မောင့်ကိုယ်မှာ ယုယမိုးက ရင်ခွင်ချင်းထပ်မတတ် မျက်လုံး ချင်းငြိမတတ် စိုက်ကြည့်ရင်း ယစ်မူးစွာ ပန်းသီးစိတ်တစ်ပိုင်းစီကို ပြိုင်တူဖိမ်ခံဝါးနေသည့်အဖြစ်ကို ဆောင်း မကြည့်ရဲအောင် ရှက်ရွံ့ထူပူ ချမိ။

မျက်လုံးကို စုံမှိတ်ကာ နှုတ်ခမ်းသားလေးကိုက်ရင်း အသက် အောင့် ငြိမ်သက်နေမိသည့် ဆောင်းက မိနစ်ပေါင်းများစွာ။

မောင်က ဆောင်းနဲ့ဆို ထိုပုံစံမျိုးတွေ ထိုအမူအယာမျိုးတွေနဲ့ သိမ်မွေ့စွာ ပျော်ဝင်ခဲ့ခြင်းမရှိခဲ့။

ယုယမိုးက မောင်လိုချင်တဲ့ချစ်သူဆိုတော့။ ကြွေရွှစွာတွေး



www.burmeseclassic.com

www.burmeseclassic.com



ရင်းက ဖိပိတ်ထားတဲ့ မျက်တောင်တွေကြားမှ ဆောင်းရဲ့မျက်ရည်ပူတွေ တိုးဆင်းကျလာသည်။

မောင်တို့ချစ်ခြင်းကို အနှောင့်အယှက်မပေးဘဲ လှည့်ပြန်သွားရင် ကောင်းမလား။

ဟင့်အင်း ။ ဆောင်းက မောင့်ကို အနှောင့်အယှက်ပေးချင်လို့လာတာမှမဟုတ်တာ။

မောင့်စိတ်ဆန္ဒ ပြည့်ဝချမ်းသာတယ်ဆိုရင် ဆောင်း ကျေနပ်ရမှာပေါ့။

ဆောင်း မောင့်ဆီလိုက်လာတာ မောင့်ကို အိမ်ခေါ်သွားဖို့။ ဒါမှမဟုတ် မောင် အိမ်မပြန်ချင်ဘူးဆိုရင်လည်း ဒီတိုက်ခန်းမှာ မောင်နဲ့ အတူတူ ဆောင်းနေရစ်ဖို့။

ခုတော့ ရှေ့တိုးရအခက် နောက်ဆုတ်ရအခက်။

ဆောင်းလက်ထဲရှိနှင့်သည့် သော့အပိုတစ်စုံနဲ့ တိုက်ခန်းတံခါး ဖွင့်ဝင်လာတဲ့ ဆောင်းကို သတိမမူမိလောက်အောင် ရင်ခုန်စွာ မိန်းမူးနေတဲ့ မောင်နဲ့ယုယမိုး ။

ဆောင်း စိတ်ဆန္ဒအတိုင်းဆို ယုယမိုးကို မောင့်ရင်ခွင်ထဲက ဆွဲထုတ်ပြီး စိတ်ရှိလက်ရှိ ပေါက်ကွဲလိုက်ချင်သည်။

ဒါပေမဲ့ မောင့် အမုန်းတွေ လက်ရှိအခြေအနေထက်ပိုရင့်သွားစေဖို့ ကြေကွဲဝမ်းနည်းမှုတွေကို ကြိတ်မှိတ်မျိုသိပ်နေရင်းကြားက ဆောင်း အသားဆိုင်တွေ တဆတ်ဆတ်တုန်လာသည်။

ထိုအခါ အမိအရ ဆုပ်ကိုင်ထားသည့် ဆောင်း လက်ချောင်း





ကြားထဲက ကားသော့တွဲ လွတ်ကျသွား၏။

"ဖြန်း"

ပေါ်လစ်ရောင်လက်နေတဲ့ ကြမ်းခင်းပေါ်ကို ကျသံအကျယ်ချည်းပဲ့ထွက်သွား၏။

ထိုအသံကြောင့် ဆောင်း လန့်ဖြန့်ကာ ပိတ်ထားတဲ့ မျက်ဝန်းများတစ်ခုနဲ့ပွင့်သွား၏။

"တောက်"

မောင့် ဒေါသသံက ကျယ်လိုက်တာ။

မောင်တို့စုံတွဲရဲ့မျက်ဝန်းအစုံက ဆောင်းကို အမြင်ကျဉ်းမြောင်းစွာ စူးစူးရဲရဲကြည့်လျက်။

"ဆောင်းသဝဏ်"

မောင့် ရင်ခွင်ထဲမှာ ရှိနေသေးတဲ့ ယုယမိုးရဲ့ မအံ့ဩမတုန်လှုပ်တဲ့ အသံတိုးတိုး ထွက်လာသည်။

"ရှင် ရောက်လာတာနဲ့အတော်ပဲ အဟင့် ယုယ ကပြန်ချင်သာကြာလှပြီ ရှင့် မောင်တော် အတင်းဆွဲထားလို့လေ"

ပြောရင်း မောင့်ရင်ခွင်ထဲက အသာထကာ အင်္ကျီစတိုနိုနိုလေးကို ခါးသားဖုံးအောင် ဆွဲချပြောလိုက်ပုံက ဆောင်းကို လုံးဝ ဂရုမစိုက်သည့်ဟန်။

တကယ်ဆို ဆောင်းကိုမြင်တာနဲ့ ယုယ လန့်လန့်ဖြန့်ဖြန့်လေးဖြစ်ပြီး ပြေးထွက်သွားရမှာ။

မောင့် ဇနီးဖြစ်နေတဲ့ ဆောင်းက ယုယအတွက် ငါးပီဖုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကောင် အနေနေပါဟန်မတူသလို။

"စက် ယုယ ပြန်မယ်"

အေးဆေးစွာပြောရင်း ထရပ်လိုက်တဲ့ ယုယကို ဣန္ဒြေမပျက် ဆောင်းဆီ ဒေါသနဲ့ရူးစူးရဲရဲဖြစ်နေတဲ့ မောင့်မျက်ဝန်းက ယုယစီပြန် ရောက်တော့ ချစ်ခြင်းတွေနဲ့ရွှန်းစိုကာ ခေါင်းလေးဆတ်ခွင့်ပြုလိုက် သည်က မောင့်ဖနီးရှေ့မှာရှိနေတာကို မေ့သွားသယောင်။

ယုယက ဆိုးဆေးအနီရောင်ပျက်လုလုဖြစ်နေတဲ့ နှုတ်ခမ်း သားလေးကိုစေ့၍ လှလှပပပြုံးကာ ထရပ်သည်။ ဆိုဖာ ကျောမှီပေါ်တင် ထားတဲ့ အနီရောင် အပေါ်အင်္ကျီဝစ်စကုတ်လေးကို ထပ်ဝတ်ကာ

ဘာကြောင့်များ မောင့်ရင်ခွင်ထဲရှိနေချိန်က ယုယက ဝစ်စကုတ်ဝတ်မထားရတာလဲကွယ်။

"စက် လိုက်ပို့ပေးမယ်"

ပြောရင်း မောင်ပါဆိုဖာပေါ်က ခြေချကာ ထရပ်သည်။

"စက် လိုက်မပို့နဲ့တော့ ယုယ တစ်ယောက်တည်း ပြန်ရဲ့ရ တယ် ဟင့် ဟင့်"

ဆောင်းကို ခနဲ့သလိုပြောရင်း ဆံပင်လိမ်လေးတွေကို ရင်ဘတ်ရှေ့သို့ချကာ မောင် မျက်ခုံးပင့်ကြည့်၍ စိတ်မချဟန်နှင့်

"ဖြစ်ပါ့မလား"

"ဟွန်း စက်ကလည်း ပြန်နေကျပါနော်"

"အဲဒါဆိုလဲ ကားယူသွား"

ဂရုတစိုက်ပြောရင်း တီပွဲပေါ်က ကားသော့ကိုမောင်ကိုယ်တိုင်





ယူပေးသည်။ ယုယ ကားသော့ယူပြီးမှ စားပွဲပေါ်က အနီရင့်ရောင် လက်ဆွဲအိတ် ပျော့ပျော့လေးကို ဆွဲယူသည်။

"ငွေ လိုတယ်ဆို"

မောင် သတိတရပြောတော့

"အင်း"

ယုယ မျက်ဝန်းတွေ လိုအင်ပြည့်သလို အရောင်လက်လက် နှင့်ခေါင်းညိတ်၏။

နံရံကပ် ဗီရိုအံဆွဲထဲက ထောင်တန် ငါးအုပ်ကိုမောင်ကိုယ်တိုင် နှိုက်ယူ၍ ယုယလက်ထဲ မနမျောတမ်းထည့်ပေးလိုက်သည်။

ငွေတွေကို လက်ဆွဲအိတ်ထဲ ယုယထည့်ကာ ပခုံးမှလွယ်၍ ကားသော့ကို လက်ညှိုးလေးနဲ့ လှည့်ကစားကာ မောင့်ကို ရင်ဖိုမျက်ဝန်း လေးနဲ့ နှုတ်ဆက်ကြည့်ပြီး

"သွားမယ် ဆောင်းသစေ့ဘ်"

ဟု ဆောင်းကို အရွဲ့တိုက် နှုတ်ဆက်ကာ ကြော့ကြော့လေး ထွက်သွား၏။ ဆောင်းက ချစ်သူပြန်သွားတာကို နှမျောသလိုလို ချစ်ခဲ့ ကြတာကို ကြည်နူးသလိုလိုဟန်လေးနဲ့ ဝရန်တာဘက်ထွက်ရပ်၏။

ဝရန်တာ ဘောင်မှာ လက်ထောက်၍ထောက်ကာ ကိုယ်ကို ကိုင်း၍ အောက်ငုံ့ကြည့်သည်။ တိုက်အောက်ရောက်နှင့်သည့် ယုယက မော့အကြည့်။

ဒုတိယထပ်မှဆိုတော့ မော့ကြည့်သည့် ယုယမျက်နှာသွယ် သွယ်လေးကို လရောင်အောက်မှာ မြင်ရသည်က သာမာန်ထက်ပိုကျ



www.burmeseclassic.com

www.burmeseclassic.com



သလို။

"ဘိုင်"

ယုယ လက်ဖြင့် နှုတ်ဆက်၍ကားပေါ်တက်တော့ မောင်က လည်း နှုတ်ဆက်ပြုံးလေးနဲ့လက်ပြကာ အပြန်အလှန် နှုတ်ဆက်နေ သည်က လွတ်လပ်တဲ့ ချစ်သူစုံတွဲနှင့်မခြား။

ဆောင်း ရှေ့မှာတောင် ဆောင်းကို မေ့လောက်အောင်ထားပြီး ညွတ်ညွတ်နူးနူး ဆက်ဆံနေကြတာက ဆောင်း နှလုံးသားကို တမင် နှိပ်စက်ချင်စိတ်နဲ့ အရွဲ့တိုက်တာလားကွယ်။

မောင်တို့အဖြစ်တွေကို လက်တွေ့ကျကျ မြင်နေရတာက ဆောင်း ချစ်ခြင်းကိုပို၍ နာကျင်ကြေကွဲရစေတာ အမှန်ပဲ။

မောင် မပြန်လာလို့ မျှော်ရတဲ့ သောက ကတစ်မျိုး။ မောင့် ဆီလိုက်လာလို့ ဝမ်းနည်းရတာက ပြင်းပြင်းထန်ထန်။

မရှိုက်ဘဲ မငိုဘဲ ခပ်တင်းတင်းလေးကိုက်ထားမိတဲ့ နှုတ်ခမ်း တုန်တုန်ယင်ယင်လေးနဲ့အတူ အရှိန်မပြတ် စီးဆင်းလာတဲ့ မျက်ရည် တွေကြောင့် ဆောင်းကိုယ်ဆောင်း တောင့်တောင့်လေး ရပ်တည်နိုင် စွမ်း မရှိတော့။

စိမ်းပျပျအရောင်ဖျော့ဆေးသုတ်ထားတဲ့ နံရံကို အားပြုကာ ဆောင်းကိုယ်ကို လျော့လျော့လေးမှီရပ်လျက် မျက်ရည်စတွေကို လက်ညှိုးလေးနဲ့သပ်ဖယ်မိသည်က အဆက်မပြတ်။

မောင် အသစ်ဝယ်လိုက်တဲ့ ကားက ယုယအတွက်လား။ မောင့်လုပ်ငန်းအဆင်ပြေပြေလည်နိုင်အောင် ဆောင်းဖန်တီးပေးခဲ့တဲ့





အရင်းအနှီးငွေတွေက ယုယကို ချစ်ခွင့်ရဖို့အတွက် ရက်ရက်ရောရော ခင်းပြီး သုံးပစ်တာလား မောင်ရယ်။

ယုယ ကားလေး လမ်းချိုးထဲကွေ့ထွက်ကာ ပျောက်ကွယ် သွားမှ ဝရန်တာမှအပြင်းဆန့်ရပ်ကာ ဧည့်ခန်းထဲပြန်လှည့်လာသည့် မောင်။

မျက်ရည်အပြည့်ရွှန်းနေတဲ့ မျက်နှာငယ်လေးနဲ့ဆောင်း မော့ ကြည့်တော့ အစိမ်းရောင် တောက်မှောင်နေသည့် မောင့်မျက်ဝန်းနဲ့ ဆုံ၏။

"မောင်"

ဆောင်း ခေါ်သံမကြားချင်သလို မျက်နှာလေး တွန့်ကာ အကြည့်လွှဲသည်။ ဆောင်းရှေ့မှ ခပ်မတ်မတ်ဖြတ်လျှောက်ရင်း တစ်ယောက်ထိုင်ဆိုဖာပေါ် ဖြစ်သလိုပစ်တင်ထားသည့် ဂျာကင်လက် ရှည်အနက်ကို ကောက်ယူသည်။ ဇစ်မတပ်ဘဲ ရင်ဘတ်ဟဖြဲဝတ်လျက် ပိတ်ထားတဲ့ ကျွန်းတံခါးတစ်ချပ်လုံးကို ဆွဲဖွင့်လိုက်သည်။

"မောင် အိမ်ပြန်ဖို့လား ဟင်"

မျှော်လင့်ကြီးစွာ မေးမိ၏။ ဂျာကင်အိတ်ထဲ လက်တစ်ဖက် ထည့်ရင်း ဆောင်းရှေ့ခပ်ဖြောင့်ဖြောင့် ရပ်ကာ မျက်ဝန်းစိမ်းနဲ့ စူးစိုက် ကြည့်သည်။ လက်တစ်ဖက်ဆန့်ထွက်ကာ ဖွင့်ထားတဲ့ တံခါးပေါက်ဘက် လက်ညှိုးထိုးပြီး ပြောချသည်က

"နင် ပြန်တော့"တဲ့။

ဆောင်း နှလုံးသားက ထိခိုက်လွန်းတဲ့ ကြေကွဲမှုက နှိုးခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကျလာသည်။

"ပြော ရက်လိုက်တာ မောင်ရယ်"

"နင် စကားရှည်မနေနဲ့ ငါပြောနေတာ နင်ပြန်တော့"

ပြတ်ပြတ်တင်းတင်းချည်း ဒုတိယအကြိမ်နှင်ပြန်တော့ ငိုရှိုက်နေတဲ့ ဆောင်း မျက်နှာလေး ရှုပ်ပျက်ဆင်းပျက် အိုကျသွားသည်။ ကြိတ်၍ရှိုက်လိုက်တဲ့ငိုသံ ထွက်မလာအောင် ပါးစပ်ပေါက်ဝကို လက်ဖဝါးနှနှနဲ့ ဆောင်း ကမန်းကတန်းပိတ်ငိုမိ၏။

"ငါတစ်ယောက်တည်းနေချင်လို့ ဒီမှာ နေတာကွ နားလည်လား"

ပြောရင်း လက်တစ်ဖက်ကို ဂျာကင်အိတ်ထဲပြန်ထည့်ပြီး ဆောင်းကိုကျောခိုင်းကာ အတွင်းခန်းဘက် ခြေလှမ်းသွား၏။

"မောင်"

ရှိုက်ထွက်လာတဲ့ အက်ကွဲကွဲခေါ်သံက မောင့် ခြေလှမ်းတန့်သွားပေမယ့် ဆောင်းကိုလှည့်မကြည့်။ ဆောင်းကိုယ့်ကိုကိုယ်အားတင်းကာ မောင့်နောက် ခြေနှစ်လှမ်းတိုးရပ်လိုက်ပြီး

"မောင် နေချင်သလိုနေပါ နော်၊ ဆောင်း ကျေနပ်ပါတယ်၊ ဒါပေမဲ့ "

"ကျစ်"

မောင် စိတ်နောက်သလို စောင်းငဲ့ကြည့်၏။

"ဆောင်း မောင့်အရိပ်အောက်မှာ ခေါင်းငုံ့နေပါရစေ နော်"

"နင် လင်တရူးနေလား ဆောင်းသဝဏ်"





ဆောင်း ဘက်တစ်ကိုယ်လုံးလှည့်ရင်း မေးချလိုက်တဲ့ မောင့်စကားလုံးက ရင့်သီးလိုက်တာ။ ဆောင်း နှလုံးသားမှာ ရှက်ရွံ့ခြင်းကြောင့် တစ်ကိုယ်လုံးတုန်ကာ မျက်ရည်ကြည်တွေ ထပ်ဆင့်ပြိုကျလာ၏။

"ဆောင်းလေ"

"မပြောနဲ့"

ရှက်ရွံ့ကြေကွဲမှုကြောင့် မူးမိုက်ပြာဝေသွားတဲ့ ဆောင်း မျက်ဝန်းနှင့်အတူ ဆောင်း ကိုယ်လုံးတွေ ပျော့ညွတ်သွားစဉ် မောင့်ခါးကို ဆောင်း အားကိုးတကြီး တွယ်မိသည်နှင့်တပြိုင်နက် မောင့်ရင်ခွင်မှာ ခေါင်းချငိုကြွေးလိုက်မိသည်။

မောင်က ဒေါသအုံ့ကြွတဲ့ မျက်ဝန်းစိမ်းနဲ့ကမူးရှူးထိုးကြည့်၏။

"နင် ဘယ်လိုဖြစ်နေတာလဲ ဆောင်းသဝဏ်"

"ဆောင်း မောင့်ကိုချစ်တယ်"

"တောက် ဖယ်စမ်းကွာ"

ခံပြင်းမှုနှင့်တက်ခေါက်ရင်း ဖက်ထားတဲ့ လက်ချောင်းတွေကို ဖယ်တွန်းထုတ်လျက်

"တကယ်ပါ မောင်ရယ်၊ မောင့်ကို ဆောင်းအရမ်းချစ်တယ်၊ မောင့်ဆန္ဒအတိုင်း ယုယနဲ့စိတ်ကြိုက်နေပါ ဆောင်း မငြိုငြင်ပါဘူး မောင်ရယ် ယုယကို ဆောင်း ပြန်ခေါ်ပေးရမလားဟင်"

"တောက် ဆောင်းသဝဏ် ဖယ်စမ်း၊ သွား သွားစမ်း ငို့ကို မျက်ရည်ကျပြပြီး လာတွယ်မနေနဲ့ သွားကွာ သွား"



www.burmeseclassic.com

www.burmeseclassic.com



"အား"

လက်လွှတ်ဆုံးရှုံးမခံချင်လို့ ဖက်တွယ်ထားမိသည်။ ဆောင်း ကိုယ်ကို အတင်းဆွဲကိုင်ကာ မငဲ့ညှာဘဲမောင်ကွန်းပစ်လိုက်သည်။ ဆောင်း ကိုယ်လုံးလေးက ဆိုဖာခြေရင်းမှာ ခွေ့ခနဲလဲကျသွားပေါ့။

နာကျင်သွားတဲ့ ဆောင်းကိုယ်ဆောင်း ထောင်မတ်နိုင်စွမ်းမရှိတော့။ ဆိုဖာနံရံပေါ်ခွေကျတဲ့အတိုင်း မော့မိုကာ မောင့်ကို အသနားခံမျက်နှာနှင့်မော့ကြည့်ပြီး

"မောင်"

"ထွက်သွား"

"မသွားဖါရစေနဲ့ မောင်ရယ် ဆောင်း တောင်းပန်ပါတယ်၊ ဆောင်း တကယ် တောင်းပန်ပါတယ်၊ ဖဲဆောင်းလေ"

"နင့် ပါးစပ်ပိတ်"

မောင့် အသံနက်ကြီးက ဟိန်းခနဲ။

အပြုံးတွေနဲ့ရှုံ့သိုင်းထားတဲ့ မောင့်မျက်နှာတင်းတင်းနဲ့ မောင့် ခြေလှမ်းတွေ ဆောင်းရှေ့ဖျတ်ခနဲ ရောက်လာသည်။ ဆောင်းပန်းနှစ်ဖက်ကို ဆုပ်ကိုင်ဆွဲမလိုက်စဉ် ဆောင်းကိုယ်က မောင့် လက်ထဲ အရုပ်တစ်ရုပ်လို ကိုယ်ဆန့်ကာ ရုပ်လျက်သားဖြစ်သွားပေါ့။

"မောင်"

"နင့်ကိုငါ အမိန့်ပေးနေတာ ဆောင်းသဝဏ်၊ နင့်လင် အမိန့်ပေးနေတာကွ၊ နင့်ကိုမပေါင်းချင်လို့ ငါ့စိတ်ဆန္ဒအတိုင်း ဒီမှာလာနေတာ ရှင်းပြီလား သွားတော့"





ပြောပြီး တံခါးဆီဆွဲသွားတဲ့ မောင့်လက်မောင်းကို ဆောင်း ဆောင်းကုပ်တွယ်ထားမိသည်။

"ဆောင်း ကိုသတ်ချင်သတ်လိုက်ပါ မောင်ရယ်၊ ဆောင်းကို ဒီလောက်ထိ မရက်စက်ပါနဲ့နော်"

"ဟွန်း ဘယ်သူက ရက်စက်တာလဲ ဆောင်းသဝဏ်၊ ငါ့ဘဝ ငါ့နှလုံးသား ဒဏ်ရာအားလုံးက ဘယ်သူက ရက်စက်ခဲ့တာလဲ ပြောစမ်း"

ရှုန်းဖယ်နေရင်းကြားက ပခုံးစွန်းနှစ်ဖက်ကို ဒေါသအပြုံးနဲ့ တရစ်လှုပ်ခါရင်း မေး၏။

မောင့် မျက်ဝန်းထဲက အပြုံးစိမ်းတွေကို ဆောင်း ရင်မဆိုင်နိုင်သလို မျက်နှာလွှဲကာ မောင့်လက်တွင်းမှ ဆောင်းကိုယ်လျှောခနဲ ပြိုဆင်းသလို မောင့်ခြေထောက်အစုံရှေ့ ကိုယ်ကို ကျုံ့ရှုံ့ထိုင်ချကာ

"ဆောင်း အနူးအညွတ်တောင်းပန်ပါတယ်"

မျက်ရည်တွေကြားက သည်းသည်းကွဲကွဲ မြင်ရတဲ့ မောင့် [illegible]သန်းသွယ်သွယ်လေးကို စိုက်ကြည့်ပြီး

"မောင် ကြိုက်သလို ဆောင်းကို စီရင်နိုင်ပါတယ်၊ ဆောင်း [illegible] မောင်တို့ပြန်တဲ့ ဘယ်လို အပြုံးအတေးမျိုးဖြစ်ဖြစ် ဘယ်လို အရွဲ့ [illegible]မှုတွေဖြစ်ဖြစ် ဆောင်း ချစ်တဲ့ စိတ်နဲ့ ကျေကျေနပ်နပ်ခံယူ ပါ့မယ် မောင်ရယ် နော် မောင်"

မော့ကြည့်နေတဲ့ ဆောင်း မျက်နှာငယ်လေးကို ငုံကြည့်ရင်း မောင် ခြောက်ကပ်ကပ် တစ်ချက်ရယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ဆောင်းသဝဏ် နင်က ငါ ထင်တာထက်ပိုပြီး ငါ့ နှလုံးသားကို ဆုပ်ကိုင်ဖို့တာသူနေတာကိုး"

"မောင် ထင်ချင်သလိုထင်ပါတော့ကွယ်"

"ဟော့ ငါက အထင်တွေနဲ့ဘာမှ စွတ်မပြောဘူး။ ရက်စက် သိမ်ဖျင်းလွန်းတဲ့ နင်တို့မိသားစုရဲ့ အမည်းရောင်အတ္တကို ငါ အသက်ရှင် နေသရွေ့ ဘယ်တော့မှ မေ့လို့ရမှာမဟုတ်ဘူး။ နားလည်လား"

ဆောင်းစိတ်မချမ်းမြေ့စွာ အသံတိတ်ရှိုက်ရင်း မျက်လွှာချ လိုက်သည်။ မောင့်မျက်နှာပေါ်မှာ အတိတ်က အငြိုးတွေက စိမ်းလိုက် မှောင်လိုက်နဲ့တစ်ရစ်ပြီး တစ်ရစ်လိုမ့်တက်လာကာ ဆောင်း ချစ်မြတ် နိုးရတဲ့ မောင့်နှုတ်ခမ်းနှစ်လွှာတင်းနေရာမှ ရုတ်ခြည်းအရောင်မှိုင်းသွား ၏။

"နင့် အစ်မကြောင့် ငါ့အစ်ကို ဘဝပျက်ရတာ နင့်အစ်ကို ကြောင့် ငါ့အစ်မ အသေဆိုးနဲ့သေခဲ့ရတာ နင့်ဒယ်ဒီရဲ့ ယုတ်မာရက်စက် မှုကြောင့် ငါ့အဖေ စီးပွားပျက်ခဲ့ရတာ၊ နင့်ကြောင့် ငါလိုချင်တဲ့ချစ်သူ နဲ့ငါကွဲခဲ့တာ အဖြစ်အပျက်အားလုံး အတွက် နင့်ကိုရာသက်ပန်ပေါင်း ပြီး သင်ပုန်းချေပစ်ဖို့ ငါ ဘယ်တော့မှ စိတ်ကူးမယဉ်ဘူး ဆောင်း သဝဏ်"

ဆောင်း ဝမ်းမနည်းမိအောင် ထိန်းရင်း မျက်ရည်တွေကို ခြွေချမိသည်။

"ပြောပါ မောင်ရယ်၊ မောင့်ရင်ထဲရှိသမျှ နာကျင်ကြေကွဲ နေတဲ့ အမုန်းတရားအားလုံးကို အငြိုးတကြီးပေးလှည့်ပါ၊ ဆောင်း





တစ်သက်လုံး ခံယူပါ့မယ်၊ ဆောင်း တကယ်ပြောတာပါ၊ မောင်တို့ မိသားစုအပေါ် ဆောင်း တို့မိသားစု ရက်စက်ခဲ့သမျှ ဆောင်း တစ်သက် လုံး ပေးဆပ်ပါရစေ မောင်"

"တစ်သက်လုံးတဲ့လား ဟွင်း"

ခနဲ့တဲ့တဲ့ ရယ်သံနဲ့ဆံပင်တွေကို ၂ တစ်ချက်သပ်လိုက်တဲ့ မောင်က မျက်နှာလေးမော့ကာ ရင့်ရင့်သီးသီးရယ်ချ၏။ ဆောင်း ဒေါင်းအညှိတ်မှာ မောင် ကခြေလှမ်းကြဲနှင့်ရှူးကေ့အနားလျှောက်သွား သည်။

ရှူးကေ့အံဆွဲထဲက စာရွက်နှစ်ရွက် ကိုအပြန်လိုက် ဆွဲထုတ်ကာ ဆောင်းဘက်လှည့်ပြီး

"ဒီမှာ ဆောင်းသဝဏ် နင့်ကိုငါ လက်ထပ်ရတာ ငါတကယ် ချစ်လို့ လက်ထပ်ခဲ့တာ မဟုတ်ဘူး။ နင်ဆင်ထားတဲ့ ထောင်ချောက် ထဲ အဆွဲချခံလိုက်ရတာ၊ တစ်သက်လုံး နင်ဆွဲချတဲ့ ထောင်ချောက်ထဲ ပိတ်နေဘူး ရော့ ဒီမှာ စာချုပ်နှစ်စောင်"

ပစ်ချလိုက်တဲ့ စာချုပ်နှစ်စောင်က ဆောင်းရှေ့လွင့်ကျလာ သည်။ စာချုပ်ပေါ်က စာလုံးလေးတွေက နှစ်ဦးသဘောတူ ကွာရှင်းပြတ် စဲခြင်းတဲ့။ ဆောင်း ဆက်မဖတ်ရဲတော့။

"အဲဒီ စာချုပ်ကို ငါလက်မှတ်ထိုးတာဟာ နင်နဲ့လက်ထပ်တဲ့ နေ့ကတည်းက နင် လက်မှတ်ထိုးလိုက်"

"ဟင့်အင်း ဆောင်း မောင့်ကို မကွာရှင်းနိုင်ဘူး"

"နင်ခေါင်းတိုးဝင်လာတိုင်း ငါက ရှေ့ဆက်ပေါင်းနေဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ နင် မျှော်လင့်နဲ့ လုံးဝဲ”

“မောင်”

“ဒီလောက်ဆို ငါ့စိတ်ကို နင်သိလောက်ပြီ နင်ပြန်တော့”

“ဟင့်အင်း”

ဆောင်း ခေါင်းရမ်းရင်း မောင့်ခြေထောက်ကို အားကိုးတကြီး ဖက်တွယ်မိ၏။

“မောင်”

“ငါတို့တစ်မိသားစုလုံး အသည်းကွဲရင်ကွဲခံစားရတာ နင်သိလျက် ငါ့ဘဝကို ဖွတ်ပိုင်ဆိုင်ပြီး ငါ့အသည်းကိုကွဲအောင်ခွဲခဲ့တာ ငါ့ဘယ်တော့မှ နင့်ကိုခွင့်လွှတ်မှာမဟုတ်ဘူး နင် ထွက်သွား သွား”

အတိတ်က နာကျင်ကြေကွဲရိပ်တွေကို ဆုပ်ကိုင်ရင်း ရက်ရက်စက်စက်နှင်ထုတ်နေတဲ့ မောင့်မျက်နှာကို ဆောင်း မော့ကြည့်သနားခံတော့

“နင် မသွားဘူးလား”

ဆောင်း ခေါင်းရမ်းလိုက်မိသည်။ ဖြစ်ချင်ရာဖြစ်စေတော့ မောင့် စီရင်သမျှ ဆောင်း ခံယူဖို့ ဆုံးဖြတ်ပြီးသားပါ မောင်ရယ်။

“နင် မသွားဘဲနေရုံနဲ့ ငါပေါင်းရမတဲ့လား ဝေးသေး”

ပြောရင်း စာချုပ်နှစ်စောင်ကို ဆတ်ခနဲလက်တစ်ဖက်က ကောက်သလို ဆောင်း လက်မောင်းကိုလည်း ကျန်လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ဆွဲထူရင်း အသင့်ဖွင့်ထားတဲ့ တံခါးပေါက်မှ ဆောင်းကို ဆောင့်တွန်း ဆွဲထုတ်ပစ်၏။





အားကများသည်မို့ ဆောင်းကိုယ်က တစ်ဖက်တိုက်ခန်း ကျွန်းတံခါးနဲ့ပစ်ဆောင့်သလို ဖြစ်၏။ ဝုန်းခနဲအသံမြည်လျက် တံခါးခြေရင်းမှာ ခေါက်ပုံလျက်ကျသွားသည်။ နာကျင်ပေမယ့် ဆောင်းအသံမထွက်မိ။

တစ်ခါတည်းသာ အသက်ပါသွားရင် ကောင်းမှာပဲ။ ပြီးတော့ ဆောင်းကိုယ်ပေါ်လွင့်ကျလာတဲ့ စာချုပ်နှစ်စောင်။

အငြိုးမပြယ်စွာ ဆောင့်ပိတ်လိုက်တဲ့ ကျွန်းတံခါးအသံကျယ်။

ဆောင်း မျက်လုံးစုံမှိတ်ကာ အသက်အောင့်လိုက်စဉ် ဆောင်း အာရုံတစ်ခုလုံး မိုက်ခနဲ ပြာမှောင်သွားပေမယ့် ခုချိန်ထိ ချစ်နေသေးတဲ့ ဆောင်းစိတ်က အတိတ်က မောင့် အရိပ်ဆီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟိတ်"

မြက်ခင်းစိမ်းပေါ် ဂေါက်တံလေးကိုင်ကာ ကိုယ်ကိုရှေ့ကိုင်းညွှတ်၍ ဂေါက်သီးဘောလုံးဖြူဖြူကို တွင်းထဲဝင်အောင် အာရုံစိုက်နေတဲ့ ကောင်လေးကို ဆောင်းအရဲစွန့်ခေါ်မိ၏။

ဆောင်း ခေါ်သံကြောင့် အာရုံပျက်သွားဟန်တူသည်။ စိတ်ညစ်ညူးဟန်နှင့် ကိုယ်ကိုဆန့်ကာ ခေါ်သံကြားရာ ခြံထောင့်ဘက်လှည့်ကြည့်သည်။

ခြံစည်းရိုးသံတိုင်ကို လက်နှစ်ဖက်နဲ့ဆုပ်ကိုင်ထားတဲ့ ဆောင်းကိုမြင်တော့ ကောင်လေး မျက်ခုံးနက်နက်နှစ်ဖက် တအံ့တသြမြင့်တက်ကာ တွန့်သွား၏။ နောက်ပြီး မယုံသလိုနဲ့

"ငါ့ကိုလား"





ရင်ဘတ်ကို လက်ညှိုးထိုးရင်း ကောင်လေးမေးသည်။ ဆောင်းခေါင်းညိတ်ရင်း

"ဟုတ်တယ်"

ပြောလိုက်တော့ ကောင်လေးပိုအံ့သြသွား၏။

အင်းလေ

တစ်ယောက်နဲ့တစ်ယောက် မသိဘူး မမြင်ဘူးဘဲနဲ့ ခေါ်တာဆိုတော့ သူ အံ့သြမှာပေါ့။

ဆောင်းကလည်း နော် ဘာဖြစ်လို့ ခေါ်မိပါလိမ့်။ ခေါ်စဉ်ကတော့ ဘာရယ်မဟုတ် ခေါ်မိပြီးမှ ဆောင်း စိတ်မှာမလုံသလိုလို ဘာလိုလိုဖြစ်သွား၏။

"ဘာပြောမလို့လဲ"

မေးသံနှင့်အတူ ဂေါက်တံကိုင်ရင်း ခါးမတ်ကာ လျှောက်လာချိန်က အတော်ချည်းစမတ်ကျကာ ကြည့်ကောင်း၏။

အဖြူခံပေါ်မှာ ကန့်လန့်စင်းအနီစင်းကြောင်းလေးပါတဲ့ တီရှပ်နဲ့ ရွှေပင်နီအနီရောင် တွဲဝတ်ထားသောကြောင့် ဖြူဝင်းတဲ့ ကောင်လေးအသားအရည်က ထင်းနေသည်။

ဂုတ်ထောက်ဆံပင်ပုံနဲ့ တချို့ဆံပင်တွေက နဖူးနဲ့နားရွက်အုပ်ဆိုးပါး ခပ်ဖွာဖွာကျကာ

ဆောင်းထက်ခေါင်းတစ်လုံးမကပိုမြင့်တဲ့အရပ်နှင့်။ ထူထဲစိမ်းညို့ကာ မှောင်နေတဲ့ မျက်ခုံးအောက်က ဇနီဒါစေ့ပုံ မျက်ဝန်းအိမ်မှာ အရည်ကြည်တောက်တောက်လေးရွှန်းကာ ခြံစည်းရိုးသံတိုင်ဆီ လက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်ခဲ့ဆုပ်ကိုင်၍ ဆောင်းကို စူးစူးစမ်းစမ်း ငုံ့ကြည့်ဟန်က ဆောင်း
မျက်နှာကို ဝန်းရှော့ရှောင်သမ်းသွားစေ၏။

ဆောင်း မျက်လွှာချလိုက်ပြီး

"ဟို ဟိုလေ"

"ဘာပြောမလို့လဲ"

သူ့ မျက်ဝန်းရွဲ့နဲ့စိုက်အကြည့်ကို ဆောင်း မခံရဲသလို တိုက်
ဘက် ဆောင်း မျက်နှာလွှဲလိုက်ပြီး

"ဟို ဆောင်းက ဒီတိုက်ကို ပြောင်းလာတာ"

"သြော်"

နှုတ်ခမ်းပြည့်ပြည့်လေးစုကာ အာမေဋိတ်သံပြုတော့လည်း
ဆောင်းမျက်ဝန်းက သူ့နှုတ်ခမ်းစုစုလေးကို မရဲတရဲနိုးကြည့်မိပြန်သည်။

သွယ်လျတဲ့မျက်နှာနဲ့လိုက်ဖက်တဲ့သူ့အရပ်က မြင့်သည်လေ
အနီးကပ်မြင်လိုက်ရမှ အတော်လှတဲ့ကောင်လေးမှန်း သိသာသည်။
သူက ဟီးထနေတဲ့ ဆောင်းတို့ရဲ့ခေတ်မီမီတိုက်ကြီးကို တစ်ချက်မော့
ကြည့်၏။

"ဆောင်းတို့က မနေ့ညနေကမှရောက်လာတာ ဒီမှာ
ဆောင်းနဲ့အသိလည်းမရှိဘူးလေ"

တိုက်ဆီမှအကြည့်ကို ပြန်ရုပ်သိမ်း၍ ဆောင်းကို ကောင်လေး
မျက်မှောင်ကျုံ့ကြည့်ပြီး

"အဲဒီတော့"

"သူနဲ့ခင်ချင်လို့ပါ"





"ငါနဲ့"

မျက်ဝန်းနက်လေးပင့်ကာ သူပြောတော့ ဆောင်း ရှိုးစင်းစွာ
ခေါင်းညိတ်သည်။

"ဟုတ်တယ် ခင်လို့ရလားဟင်"

သူ ဟက်ခနဲရယ်သည်က အပြစ်ကင်းစွာ။ ဆွဲဆောင်မှုရှိတဲ့
သူ့မျက်နှာကို ဆောင်း ခင်မင်ချင်စိတ်နဲ့မော့ကြည့်တော့

"ခင်ချင်ခင်ပေါ့"တဲ့။

ဆောင်းရင်မှာ လှိုက်ခနဲပျော်သွား၏။ သူ နှုတ်ခမ်းတစ်ချက်
ဆွဲဆန့်ပြီး

"ဒါပေမဲ့"

"ဘာဖြစ်လို့လဲဟင်"

"ငါက ဆိုးတယ်"

သူ့ကိုယ်သူ ငါနဲ့ပြောသည်က ဆောင်းစိတ်ထဲမှာမိုပြီး ခင်မင်
ချင်စိတ်ဖြစ်သွား၏။ သူနဲ့ဆောင်းက ရွယ်တူပြီးတော့ သူ့ကိုယ်သူ ဆိုး
ကြောင်းကြော်ငြာတာ ဘယ်လောက်အဖြူထည်ဆန်တဲ့ ကောင်လေးလဲ။
သူ့စိတ်ရင်းကို ဆောင်း သဘောကျသွား၏။ ဆောင်း ပြုံးမိပြီး

"သူဆိုးတာ ဆောင်းနဲ့မှမဆိုင်တာ ဆိုးပစေပေါ့"

"နင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့"

"ရပါတယ်"

"နောက်ပြီး ငါ့စိတ်က အနာတရတစ်ခုခုဖြစ်ရင် အဲဒီအနာ
ဒဏ်ကို ရင်ထဲက ထုတ်မပစ်နိုင်ဘူး၊ အစွဲလန်းကြီးကြီးဆုပ်ထားတတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒေါသလည်း ကြီးတယ်"

"ရပါတယ်"

"ငါ့အကြောင်း နင်သိပြီးပြီပဲ နင် ခင်ချင်ခင်လေ"

"သူကော ဆောင်းကို ခင်ချင်လား"

သူ့ဆန္ဒကို ဆောင်းသိချင်၏။ သူက ကောင်းဆိုးလေးဆိုတာ ဆောင်းသိနိုင်ပြီလေ။ သူက ဆောင်း မျက်နှာဝိုင်းဝိုင်းလေးကို မိနစ်ဝက်လောက်စိုက်ကြည့်ပြီးနောက် နှုတ်ခမ်းလေးမှာ အပြုံးရောင်နုနုယှက်သမ်းကာ

"နင့်မျက်နှာလေးက ခင်ချင်စရာကောင်းသားပဲ၊ ခင်တာပေါ့"

"တကယ်"

ဘာကြောင့်မှန်းမသိ။ ကောင်ဆိုးလေးအပေါ် ဆောင်းစိတ်ကတိမ်းညွတ်၏။ နွဲ့ဆိုးလေးနဲ့ခင်ချင်၏။ ဆောင်းမျက်ခုံးလေးပင့်ကာ မေးတော့

"တကယ်ပေါ့ဟ မယုံဘူးလား"

"ယုံပါတယ်"

"ယုံရင် ငါတို့ခြံဘက်ကူးလာလေ"

"ဘာလုပ်ဖို့လဲ ဟင်"

"ခင်တဲ့အထိမ်းအမှတ်အဖြစ် နင့်ကိုငါ တစ်ခုခုကျွေးမယ်လေ၊ ပြီးတော့ ငါ့မိဘမောင်နှမနဲ့လည်း မိတ်ဆက်ပေးမယ် ဘယ်လိုလဲ လာမလား"

ဆောင်း အားရဝမ်းသာ ခေါင်းညိတ်မိ၏။ သူက သူ့ကိုယ်သူ





ဆိုးတယ်တဲ့။ ခုတော့ ဘာဆိုးလို့လဲ။ လိုလိုလားလား စကားပြောရင်းမိတ်ခေါ်တဲ့သူ့ဟန်က ချစ်စရာအကောင်းသား။

"လာမယ်လေ"

"မြန်မြန်လာ ငါခြံတံခါးဖွင့်ပြီးစောင့်နေမယ်"

ပြောကာ ဂေါက်တံကို ပခုံးပေါ်ထမ်းကိုင်၍ ခြံတံခါးဖွင့်ဖို့ထွက်သွားတဲ့ သူ့နောက်ကျောကို ကြည့်ရင်း ဆောင်းရင်မှာအတိုင်းအဆမဲ့ ချမ်းမြေ့သလိုခံစားရ၏။

သူ ခြံတံခါးဖွင့်စဉ် ဆောင်းကလည်း ဆောင်းရဲ့ခြံတံခါးကြီးကို အပြေးလေးတွန်းဖွင့်ကာ သူ့ခြံပေါက်ဆီ သွက်သွက်လေးလျှောက်ခဲ့သည်။

ခြံတံခါးဖွင့်ပြီး အပြုံးနုနုလေးနဲ့ အသင့်ကြိုဆိုနေတဲ့ ကောင်လေးကို ဆောင်း တကယ် ခင်မင်စိတ်ပျော်ဝင်သွား၏။

"လာ"

ယောက်ျားလေးတန်မဲ့ အသားဖွေးဖွေးစွတ်ဖြူတဲ့ သူ့လက်တစ်ဖက်ဆန့်မြှောက်လာသည်။

ဆောင်း လက်ကောက်ဝတ်လေးကို သူ ဦးဦးဖျားဖျား ဆုပ်ကိုင်၍ ရင်းနှီးစွာ ခြံထဲဆွဲခေါ်သွားစဉ်

ဆောင်းရင်မှာ နွေးဖြာသွား၏။

စက်ဝန်းရယ်

ဆောင်း ရင်ခုန်ပြီထင်ရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"မေမေ"

သားငယ် စက် ခေါ်သံကြောင့် ဒေါ်စိုးစိုးမာ စားပွဲပေါ် လက်ဖက်ရည်ကရားတင်ရင်း မော့ကြည့်လိုက်သည်။

"ဟင်"

ဒေါ်စိုးစိုးမာ မျက်ဝန်း တအံ့တသြနဲ့ပိုင်းစက်ပြူးကျယ်သွားတ ထမင်းစားခန်းထဲလှမ်းဝင်လာတဲ့ သားက တစ်ဖြောင့်တည်း ဒူးဖုံးဂါဝန် အပြာရောင်ဖျော့ဖျော့ဝတ်ထားတဲ့ မိန်းကလေးလက်ကိုဆွဲကာ

မျက်နှာဝိုင်းလေးနဲ့ လိုက်ဖက်ကာ ကျောပေါ် နီစွေးစွေးရောင် ဆံပင်ပျော့ပျော့လေးစင်းကျနေတဲ့ ကောင်မလေးက ချစ်စရာယ်ကောင်း လောက်အောင် ရှက်ဟန်လေးနဲ့။ နံနက်စောစော ဘယ်ကကောင် မလေးကို သားက လက်ဆွဲခေါ်လာရတာလဲ။ ဒေါ်စိုးစိုးမာ စူးစမ်းဟန်





သနဲ့

"သား စက် သူလေးက"

"ဆောင်းသဝဏ်တဲ့ မေမေ"

"ဟင် ဆောင်းသဝဏ်"

နံနက်စာစားဝိုင်းမှာ ထမင်းစားခန်းအဝဘက် ကျောပေးထိုင် နေတဲ့ ခင်ပွန်းသည် ဦးမိုးတင့် သားကြီးနေဝန်းနဲ့ သမီးငယ် လဝန်း ဒေါ်စိုးစိုးမာရဲ့အံ့သြသံကြောင့် စိတ်ဝင်တစား လှည့်ကြည့်ကြသည်။

"ဆောင်းသဝဏ် ဘယ်ကလည်း"

သူ့မေမေ အံ့သြသံနှင့်ဆောင်းအပါးရောက်လာသည်။ ပြီး တော့ သူ့မိသားစုဝင်တွေပါ ဝိုင်းကြည့်ကြတော့ ဆောင်း မျက်လွှာချ လိုက်သည်။

သူက ဆောင်းလက်ကို ဆုပ်ကိုင်ထားတာ မဖြုတ်သေး။ ထိုင်နေတဲ့ မိသားစုဝင်တွေနဲ့မျက်နှာချင်းဆိုင် စားပွဲမှာ သူနှင့်ဘေး ချင်းကပ်ထိုင်စေသည်။ ပြီးတော့ သူ မေမေ့ကိုလည်း သူ့ဘေးဆွဲထိုင် စေသည်။ ပြီးမှ စိတ်ဝင်တစားရှိလှတဲ့ သူ့မိသားစုဝင်တွေကို ပြုံးပြုံးလေး ကြည့်ကာ

"မေမေတို့အားလုံးနဲ့မိတ်ဆက်ပေးဖို့ ခေါ်လာတာလေ"

"စက်ရယ် မြန်မြန်ပြောစမ်းပါ ဘယ်ကလဲ"

သူ့အစ်မချောက စိတ်မရှည်သလိုပြောဏ်။ သူ့အစ်ကိုက လည်း

"ဟုတ်တယ် စက် မင်း လုပ်လိုက်ရင် အမြဲတမ်းအံ့သြ

www.burmeseclassic.com



ချည်းပဲ"

"ကိုကြီးကလည်း စက် မိတ်ဆက်ပေးမယ်ပြောပြီးပြီပဲ"

သူက ဆတ်ဆတ်ထိမခံပြန်ပြောသော်လည်း သူ့မိသားစုဝင်အားလုံး သူ့ကိုဘဝင်မကျ မဖြစ်ကြ။

သူ့ဖေဖေက သိချင်စိတ်ကလေးနဲ့ တစ်ခွန်းပြောတော့ သူ့မေမေခေါင်းညိတ်သည်။ သူ့မိသားစုဝင်အားလုံးက သူမိတ်ဆက်ပေးမယ့် ဆောင်း အပေါ်စိတ်ဝင်တစားရှိနေတာ သိသာသည်။

ဆောင်းအပေါ်စိတ်ဝင်စားနေတဲ့ မိသားစုဝင်တွေကို သူကျေနပ်အားရကြည့်ကာ ဟန်ပါပါ ပခုံးလေးပင့်ပြီး

"ဘေးခြံက ဟိုတိုက်ကြီးဆီ ပြောင်းလာတဲ့ မိသားစုအသစ်ရဲ့ သမီးအငယ်ဆုံးတဲ့"

"ဟယ် ဟုတ်လား"

သူ့ မိသားစုမျက်နှာပေါ် အားရဝမ်းသာ နှစ်လိုဟန်နှင့် သူ့မေမေက ဝမ်းသာအဲလဲ သူ့ကိုယ်နဲ့ဘေးတိုက်နေတဲ့ဆောင်းကို ကိုယ်ရှေ့ကိုင်း၍ပြန်ငဲ့ကြည့်သည်။

"ကြည့်စမ်း ချစ်စရာလေးနော် စက်"

ဆောင်းနဲ့မျက်နှာချင်းဆိုင်မှ သူ့မမက စားပွဲပေါ်တင်ထားတဲ့ ဆောင်းလက်ဖဝါးနုနုလေးကို ဆုပ်ကိုင်ရင်းပြောတော့ သူက ခေါင်းညိတ်ကာ ဆောင်းကိုစိုက်ကြည့်သည်။

သူ့အကြည့်ကြောင့် ဆောင်း ဘယ်လိုရှက်သွားမှန်း မသိ။ ပါးပြင်လေးရဲတက်လာတော့ မမက ဆောင်းလက်ဖဝါးလေးကို ဖွဖွလေး





လွှတ်ပြီး

"ဟုတ်တယ် ဆောင်းလေးက တကယ်ချစ်စရာကောင်းတာ ဟုတ်တယ်နော် မေမေ"

"ဟုတ်ပါ့ သမီးရယ် ဟင့် ဟင့်"

သူ့မေမေ သဘောတကျရယ်တော့ သူ့ကိုကိုက ဆောင်းကို အားနာဟန်နဲ့ကြည့်ပြီး

"မေမေတို့ကလည်း ဆောင်း နေရခက်နေပြီထင်တယ်"

"ဟုတ်သားပဲ မေမေကြီး သမီးလေး အနေခက်အောင် မပြောပါနဲ့ကွာ"

အသက်ကြီးပေမယ့် ဒယ်ဒီလို ဝဝဖိုင့်ဖိုင့်မဟုတ်ဘဲ အနေတော်ကိုယ်လုံးနဲ့သူ့ဖေဖေ တစ်ခွန်းပြောတော့ သူ့မေမေ ကိုယ်ရှိန်သတ်လိုက်သည်။ သူက

"မေမေတို့အကြောင်း ဆောင်းကို စက်ပြောထားပြီးပြီ"

"စက်က ဘာတွေပြောထားလဲ သမီး"

သူ့မေမေ ဆောင်းကို ဦးတည်မေးတော့ ငုံ့ထားတဲ့ ဆောင်းမျက်နှာလေးပြန်မော့ပြီး သူ့ကိုတစ်ချက်ကြည့်မိသည်။

"ပြောလိုက်လေ ငါဘာတွေပြောထားလဲဆိုတာ"

ဆောင်း ကိုယ်လုံးလေး မတ်ထိုင်၍

"အင်း သူ့မှာ မေမေ ဖေဖေ၊ ကိုကြီးနေဝန်းနဲ့မမ လသန်းရှိတယ်တဲ့"

ဆောင်းပြောသံလေးက ပုံမှန်အတိုင်း အေးအေးလေးနဲ့မို့



www.burmeseclassic.com

www.burmeseclassic.com



သူ့မိသားစုဝင်တွေ ဆောင်းကို ပိုပြီးချစ်ခင်သလို ကြည့်ကြသည်။

"နောက် ဘာတွေပြောသေးလဲ ဆောင်း"

သူ့ ကိုကိုနေဝန်း ထပ်မေးတော့ ဆောင်းပြုံးလိုက်ပြီး

"သူက သူ့ဖေဖေ မေမေ ကိုကြီးနဲ့မမကို တအား ချစ်တာပဲ တဲ့"

သူ ပြောပြထားတဲ့အတိုင်း ဆောင်းပြောပြလိုက်တော့ သူ့ မိသားစုဝင်တွေ မျက်နှာပေါ် အပြုံးတွေ လိုက်တက်လာသလို သူ့ကို လည်း ဝမ်းသာမျက်စောင်းနဲ့ဝိုင်းဝန်းထိုးကြည့်သည်။

"စက်ကလေး တကယ်"

"မဟုတ်လို့လား စက် က မမတို့ အားလုံးကို တအားချစ်တာ ဗျ"

သူပြောပုံက ကလေးဆိုးလို ချစ်စရာကောင်းပြန်သည်။

ဆိုးနွဲ့နွဲ့သူ့ပြောဟန်က သူ့မိသားစုရင်ကို ကြည်နူးချမ်းမြေ့စေတာ အမှန်။

"ဟုတ်ပ့ါဗျာ စက် ကိုကိုတို့ကိုပိုချစ်တဲ့အကြောင်း ဆောင်းကိုပြောပြတာ ကိုကို တို့ကလည်း စက်ကို ကျေးဇူးတင်ပါတယ်ကွာ"

"စက်က ကျေးဇူးအတင်ခံချင်လို့ပြောတာ မဟုတ်ဘူး။ ကိုကို စက်က ကိုကိုတို့ ဖေဖေ မေမေတို့ကို တကယ်ချစ်လို့ တကယ် ချစ်တယ်လို့ ပြောပြထားတာဗျ"

"မမတို့ကလည်း စက် ကိုအချစ်ဆုံးပါကွယ် ဟုတ်တယ်နော် ဖေဖေ"





"ဟုတ်တာပေ့ါ သမီး သားစက် ကျေနပ်ပြီလား"

သူ့ဖေဖေက သူ့ဆံပင်ကို လှမ်းဖွရင်း ချစ်စနိုးပြောမှ သူ မျက်နှာမဆူတော့။ သူ မျက်နှာလေးကြည်သွားမှ သူ့မိသားစုဝင်တွေ ကြည်နူးစွာပြုံးလာသည်။

သူ့မိသားစုဝင်တွေရဲ့ဆက်ဆံရေးက သိပ်ကိုနွေးထွေးလှသည်။ ဆောင်းတို့မိသားစုဆက်ဆံရေးလို အေးစက်စက်ဖြစ်မနေ။

"သမီးလေး ဆောင်းနဲ့ရောက်လာတဲ့ ဒီမနက်က သိပ်ကို ကြည်နူးရပါတယ် ကွယ်"

"ကဲ ပါ မမေကြီးရယ်၊ သမီးလေး ရောက်လာတဲ့ အထိမ်းအမှတ်နဲ့နံနက်စားဝိုင်းဖွဲ့စားကြတာပေ့ါကွ၊ သမီးအတွက် ကော်ဖီ ...ကန်ထုတ်လိုက်ဦး"

သူ့ဖေဖေ ကြည်နူးစွာ ပြော၏။ ခုမှပဲ မနက်စာစားဖို့ ပြင်ဆင် ...နေ့ မနက်စာမစားရသေးမှန်း ဒေါ်စိုးစိုးမာ အသိဝင်လာသည်။

"ဟုတ်သားပဲကွယ် နေဦး သမီးအတွက် ကော်ဖီပန်းကန် ...စ်ထုတ်လိုက်မယ်"

သူ့မေမေက ပြောရင်းထိုင်ရာမှ ထသည်။ ထိုအခါ သူက

"မေမေ ထိုင် စက်ပဲထုတ်လိုက်မယ်"

ပြောလည်းပြော ထလည်းထ မီးဖိုခန်းအတွင်းဝင်ကာ နံ့ရုံကာပ ...သော ပန်းခက်ပါတဲ့ ကြွေခွက်ရှည်ရှည်လေးနဲ့အောက်ခံပန်းကန်ပြား ...သွဲ့ယူလာပြီး ဆောင်း ရှေ့ချပေးသည်။

သူ့မေမေက လက်ဖက်ရည်ထည့်ထားတဲ့ ကြွေကရားအိုးဖြ



www.burmeseclassic.com

www.burmeseclassic.com



ရောင်လေးကိုပင့်ကိုင်ပြီး

"သမီး လက်ဖက်ရည်ကြိုက်လား"

"ဟင့်အင်း"

"ဒါဆို ဘာသောက်မလဲ"

"ကော်ဖီပလိန်း"

ဆောင်းရှေ့က ကြွေခွက်ထဲကို သူ့မေမေ လက်ဖက်ရည် ငှဲ့မထည့်တော့။ ဆောင်းကလည်း ပြောမိပြီးမှအားနာသွားသည်။

"ခဏနော် သမီး"

"ရပါတယ်"

သူ့မေမေလက်ထဲက ကော်ဖီခရားကိုပြန်ချပြီး ထဟန်ပြင် တော့ သူဝင်မထိုင်တော့ဘဲ

"စက်ပဲ ဖျော်ပေးလိုက်မယ် မေမေ၊ ဖေဖေတို့ကို လက်ဖက် ရည်ငှဲ့ပေးလိုက်လေ"

"အင်း ပါ စက်ရယ်"

သူ့မေမေက သူပြောတဲ့အတိုင်း လှုပ်ရှားလေရဲ့၊ သူ့ဖေဖေ သူ့ကိုကိုနဲ့မမတို့ခွက်တွေထဲ ထည့်ပေးပြီး နောက်ဆုံးမှသူ့ဖေ သောက်မယ့်ခွက်ထဲ လောင်းထည့်သည်။

သူ့ခွက်ထဲမှာ ဘာဖြစ်လို့ လက်ဖက်ရည်ငှဲ့မထည့်တာလဲ

"စက်ကလည်း ဆောင်းလိုပဲ လက်ဖက်ရည်မကြိုက်ဘူးလေ"

ဆောင်း မျက်ဝန်းထဲက မေးခွန်းကို သူ့မမ ဖတ်တတ်သည် နှင့် ပြောသလို သူ့ကိုကိုကလည်း





"စက်နဲ့ဆောင်းက ကော်ဖီပလိန်းကြိုက်တာချင်းတူတာကိုး ကောင်းတယ်၊ ဆောင်းနဲ့အဖော်ရတာပေါ့"

အကြိုက်ချင်းတူတာသိတော့ ဆောင်းရင်ထဲမှာ ကြည်နူးမှုက ခုန်နှုန်းသံနှင့်ရောကာ ချိုမြိန်သွား၏။ သူက ရေနွေးတစ်ဝက်ထည့်ထားတဲ့ စတီးမတ်ခွက်ကို စားပွဲပေါ်တင်ပြီး ဆောင်းဘေးက သူ့ခုံမှာထိုင်ချသည်။

ရှုပါကော်ဖီမစ်နှစ်ထုပ်ကို ဖောက်ထည့်ပြီး ဇွန်းရှည်ရှည်နဲ့ မွှေပြီး ဆောင်း ရှေ့ကခွက်ထဲ ပြည့်လုနီးပါးထည့်သည်။ ပြီးမှ သူ့ခွက်ထဲ ထည့်သည်။

ခုချိန်ထိ သူ့မိသားစုဝင်တွေ နံနက်စာစ မစားဖြစ်သေး။ ဧည့်သည်ဖြစ်နေတဲ့ ဆောင်းကို အရေးတယူရှိဟန်နှင့် သူ့လှုပ်ရှားမှုကို စိတ်ဝင်တစားစောင့်ကြည့်နေသည်။ ပြီးမှ

"မုန့်ကော ဘာကြိုက်လဲ ဆောင်း"

မမ မေးတော့ သူကလည်း ဆောင်းကို အလေးထားဟန် စိုက်ကြည့်ပြီး

"ဟုတ်တယ် ဆောင်း ဘာမုန့်စားတတ်လဲ ငါတို့ကတော့ အင်းကြော် ပဲပြုတ် နံပြားနဲ့ကိတ်မုန့်ပဲ စားလေ့ရှိလို့ မေမေက ဒီသုံးမျိုးပဲ စီစဉ်တာလေ"

စားပွဲပေါ်က မုန့်ပန်းကန်တွေဝေ့ကြည့်ရင်း သူမေးသည်။ သူ့အဖေကလည်း

"သမီးစားချင်တာ စားတတ်တာကိုပြော အားမနာနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ခေါင်းညိတ်လိုက်သည်။ ဘာကြောင့်မှန်းမသိ ဆောင်း စိတ်ထဲမှာ ဆောင်း မိသားစုအပေါ် ရင်းနှီးတဲ့စိတ်ထက်ပို၍ သူ့ မိသားစုဝင်တွေအပေါ် ရင်းနှီးသလို ခံစားမိတာကြောင့် အားမနာမိ။

ထမင်းကြော် ပဲပြုတ် နံပြား နဲ့ ကိတ်မုန့်ကို ဆောင်း မကြိုက်ပါ။ ဆောင်းကို အရေးတယူမေးလာတော့လည်း

"ပေါင်မုန့်မီးကင်"

လို့ပြောမိသည်။

"ပေါင်မုန့်မီးကင်လား မမကင်ပေးမယ်လေ"

သူ့မမက ချက်ချင်းထသည်။ သူ့မမထက် သူဦးစွာပြန်ထပြီး

"ကဲ မမ အေးဆေး စားတော့ စက် ဧည့်သည်အတွက် စက်ပဲ ကင်ပေးလိုက်မယ် နော် ဆောင်း"

"အင်း"

ဆောင်း ခေါင်းညိတ်တော့ သူ့မမ ပြန်ထိုင်သည်။ စက်ကို လည်း သူ့မိသားစုဝင်တွေ အံ့သြရသည်။

စက်က အငယ်ဆုံး၊ ဂျစ်အတိုက်ဆုံး၊ ဘယ်တော့မှ ဘာမှခိုင်း လို့မရအောင် ခေါင်းကြောမာတဲ့ ကလေး။ ခုတော့ ကောင်မလေး အတွက် ကော်ဖီဖျော်ပေးရုံမက ပေါင်မုန့်မကင်စဘူး ကင်လေရဲ့။

မကင်စဘူးကင်နေတဲ့ စက်ကို သူ့မိသားစုဝင်တွေ အလွဲအ မှားဖြစ်မှာစိုးရိမ်ပေမယ့် မပြောကြ။ မနက်စာစားနေရင်း စက် ကို သတိထား လှမ်းကြည့်ကြသည်။

ပေါင်မုန့်က မီးကျွမ်းနဲ့ထွက်လာမှ





"ဟဲ့ စက် ဘယ်လောက်တောင် ကင်နေတာလဲ၊ ကျွမ်းနံ့ ထွက်နေပြီ"

မမ အော်ပြောပေမယ့် မီးကင်ပြီး ပန်းကန်ပြားထဲထည့်လာ တဲ့ ပေါင်မုန့်နှစ်ချပ်က မီးကျွမ်းကာ နီရောင်ဖွေးနေ၏။

"အို မီးကျွမ်းနေပြီလေ ဘာလို့ ယူလာတာလဲ ထားလိုက် တော့ မမ အသစ်ပြန်ကင်လာပေးမယ် ဆောင်း ခဏစောင့်"

ဆောင်း ရှေ့လာချပေးတဲ့ ပေါင်မုန့်မီးကင်ကိုကြည့်ရင်း မမ ပြောသည်။ သူက မျက်မှောင်ကျုံ့ကြည့်နေသည်။

"တကယ် ကျွမ်းသွားလို့လား ဆောင်း"

မမ ပြောတာကို မယုံသလိုနဲ့သူမေးတော့ ဆောင်း ပြုံးမိသည်။ ဆောင်း ပေါင်မုန့်မီးကင်ပန်းကန်လေးကိုဆွဲယူသည်။

"ဆောင်းက ပေါင်မုန့်မီးကင်ဆို မီးကျွမ်းရောင်ဖြစ်သွားမှ ကြိုက်တာ မမရဲ့"

"အလိုလေး"

မမ ရင်ဘတ်ဖိလိုက်တော့ သူ သဘောကျစွာပြုံးပြီး ဘယ်နှယ် နေဆိုတဲ့ မျက်စလေးနဲ့ မမ ကိုကြည့်သည်။

"တကယ်ပြောတာ မမ၊ ဆောင်းက အဲလိုပဲ ကြိုက်တာ"

"သေချာရဲ့လား သမီးရယ်၊ စက် ကိုအားနာလို့လား"

"အားနာလို့မဟုတ်ဘူး။ ဆောင်း တကယ်ပဲ ကြိုက်တာ နော်တဲ့"

ဆောင်း ပြောရင်း သူ့မိသားစုတွေ ယုံအောင် ပေါင်မုန့်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချပ်ကို ကိုင်၍ ထောင့်စွန်းမှအကိုက်ကြီးတစ်ကိုက်ကိုက်ပြီး ဟန်မဆောင် တမ်း ဝါးလိုက်၏။ သူ့မိသားစုဝင်တွေ ယုံကြည်သွားဟန်တူသည်။ ကြည်စင်တဲ့အပြုံးလေးနဲ့ ဆောင်းကိုကြည့်သည်။

"တွေ့လား ဆောင်းကြိုက်တယ်တဲ့"

"ကောင်းတာပေါ့ စက် က မီးကျွမ်းတာလုပ်ကျွေး ဆောင်း ကလည်း မီးကျွမ်းတဲ့ပေါင်မုန့်မှကြိုက်တယ်ဆိုတော့ ဟင်း ဟင်း"

သူ့အမေရဲ့ သဘောတကျပြောသံကြောင့် တစ်မိသားစုလုံး သူ့ကိုပြုံးကြည့်သည်။ သူက အမှားကောင်းဖြစ်သွားတဲ့အဖြစ်ကို ကြည်နူး လျက်သားနဲ့။

သူ ဖျော်တဲ့ကော်ဖီပလိန်းနဲ့ ပေါင်မုန့်မီးကျွမ်းကို ဆောင်း တကယ် နှစ်သက်စွာ စားမိသည်။ သူ အံ့သြကြည်နူးမှု ရွှန်းရွှန်းဝင့်ဝင့် စိုက်ကြည့်တော့

စက်ဝန်း ရယ်။

ဆောင်း တကယ် ရင်ခုန်သွားပြီဆိုတာ သိရဲ့လားဟင်။

■ ■ ■



## အခန်း (၅)

"ဆောင်း"

"ရှင် မမနွေသဝဏ်"

မမ ခေါ်သံကြားသည်နှင့် အရုပ်တွေကောက်ကိုင်နေရင်း ဆောင်း ထူးလိုက်သည်။

"အခန်းထဲမှာလား"

"အင်း"

နွေသဝဏ် အောက်ထပ်ဆင်းမလိုလုပ်ပြီးမှ မဆင်းတော့။ ထောင့်လက်ကိုင်အိတ်အပြာလေးကို ဆွဲကိုင်ရင်း ဆောင်း အခန်း ထဲဘာ တည့်တည့်ကြည့်ပြီးမေးသည်။

"ဘာလုပ်နေလဲ ဆောင်း"

"ဒီမှာလေ အရုပ်တွေကိုပြန်ပြီး နေရာချနေတာ မမ သဝဏ်"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ပြောရင်း မှန်ဗီရိုအကန့်တွေထဲ အရုပ်တွေ တစ်ရုပ်ပြီးတစ်ရုပ် စီထည့်၏။ ဆောင်းရဲ့အဖော်တွေက အရုပ်တွေပဲ။ အရုပ်တွေက အရောင်စုံအမျိုးအစားစုံသလို အရွယ်လည်းမျိုးစုံ ရှိသည်။ မမ နှုတ်ခမ်းမဲ့တွန့်၍

"ဆောင်းကတော့ အဲဒီအရုပ်တွေနဲ့ပဲအလုပ်ရှုပ်နေရော"

ဆောင်း ပြုံးပြီး မွေးပွဝတ်ဝံရုပ်အနက်ရောင်ကို မှန်ဗီရိုအပေါ်ဆုံးထပ်က မွေးပွယုန်ရုပ်ဘေးနေရာချပြီးမှ သုံးပေခန့်ရှိတဲ့ ဘိုမရုပ်ကို ပွေ့ကိုင်ကာ မမ သဝဏ်နဲ့ မျက်နှာချင်းဆိုင်လိုက်သည်။

"ဆောင်းက အရုပ်တွေကို ချစ်တာကိုး"

"ချစ် ချစ်"

မမက ဒီလိုပဲ ညီအစ်မချင်း ဘယ်တော့မှ ညင်ညင်သာသာ မဆက်ဆံ။ ငေါ့သလို ဆတ်သလို ပြောဆိုဆက်ဆံတတ်တာ မမရဲ့ မူပိုင်စရိုက်ပဲ။ လက်ကိုင်အိတ်ကို မှန်တင်ခုံပေါ် မမ ပစ်တင်သည်ကို ကြည့်ရင်း

"ဆောင်း ကိုပြောစရာရှိလို့လား"

"ဟင်း ဘာမေးမလို့လဲ"

မမက ခဲပြာဆွဲထားတဲ့ မျက်ခုံးသေးသေးပြာပြာလေးကို လှုပ်လှုပ်ပပင့်ပြီး မှန်တင်ခုံရှေ့က ဆိုဖာထိုင်ခုံ အိခနဲထိုင်ချသည်။ မမရဲ့ ကာလာချယ် မျက်နှာက ဒီနေ့မှ ပိုမြူးကာ တစ်စုံတစ်ရာကို စူးစမ်းစိတ်နဲ့ စိတ်ဝင်စားနေသလို ထူးခြားနေသည်။

"ဘေးခြံက နေဝန်းက ရုပ်ဖြောင့်တယ်နော် ဆောင်းနဲ့





အတော် ရင်းနှီးလား"

မှန်ထဲက မမ မျက်ဝန်းက ကိုနေဝန်းကို တိမ်းညွှတ်ဟန်နှင့် နီတောက်လျက် ဆောင်းအရုပ်ပိုက်ကာ မထိုင်ဖြစ်သေးဘဲ မမကို မျက်မှောင်ကျုံ့ကြည့်သည်။

"ဘာဖြစ်လို့လဲ မမ သဝဏ်"

"ဘာပဲဖြစ်ဖြစ်ပေါ့"

"ဟွန်း မမနော်"

"ဘာလဲ သဝန်တိုတာလား အဟင့် ဟင့်"

"အိုး ဆောင်းက အစ်ကိုလိုချစ်တာပါနော်"

"အစ်ကိုလိုချစ်တော့ အိုကေပေါ့ ဆောင်းရဲ့"

မမက မှန်ထဲပေါ်နေတဲ့ မျက်နှာလေးကို စတိုင်ကျစောင်းငဲ့ကြည့်လိုက် နှုတ်ခမ်းလေးဆူလိုက်နဲ့ ဟန်မူယာအမျိုးမျိုးပြောင်းလျက် မမ အလှကိုမမကိုယ်တိုင်ကျေနပ်စွာကြည့်ရင်း ပြောတဲ့အဓိပ္ပါယ်က ဆောင်း ရင်ထဲမှာဘဝင်မကျ။

"မမ သဝဏ် ပြောတာ ဘာအဓိပ္ပါယ်လဲ"

"အဟွန့်"

မမ သဝဏ် ပခုံးနှစ်ဖက်ပြိုင်တူတွန့်ကာ ဆောင်း ဘက်ကို တစ်ချိမ်းလှည့်ကြည့်ပြီး သွားလေးပေါ်အောင်ရယ်လျက်

"မမ စိတ်ဝင်စားလို့ပေါ့"

"ဘုရားရေ"

အံ့ဩမှုကြောင့် ဆောင်း ပိုက်ထားတဲ့ ဘိုမရုပ်လေးပွတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်အထိ၊ အရုပ်ကို ပြန်မကောက်မိဘဲ မမ သဝဏ်ကို ပြုံးကြည့်ရင်း

"မမ က"

"ဟုတ်တယ် နေဝန်းက စိတ်ဝင်စားစရာကောင်းတယ်လေ ရုပ်လည်းဖြောင့်တယ်၊ အရမ်းလည်း တည်ကြည်တယ်၊ ပြီးတော့ မမကိုလည်း ရင်းရင်းနှီးနှီး စကားပြောတယ်လေ၊ ဘယ်လောက် စိတ်ဝင်စားစရာကောင်းတဲ့ လူချောလဲ ဟင့် ဟင့်"

ပြောရင်း ခရမ်းရောင်ဆေးဆိုးထားတဲ့ ဆံပင်ရှည်ကို တစ်ချက်သပ်ရင်းက ဆောင်းကို စိုက်ကြည့်သည်။

ဆောင်း အကြည့်လွှဲ၍ အရုပ်ကိုပြန်ကောက်ပြီး သက်မလေးလေးချကာ ခုတင်အလယ်မှာထိုင်ချတော့ မွေ့ရာကအိခနဲနိမ့်ဆင်းသွားသည်။

ရဲရဲသွက်သွက်ရှိလှတဲ့ မမ သဝဏ်နဲ့အေးဆေးတည်ငြိမ်စွာနေတတ်တဲ့ ကိုနေဝန်းတို့ ဘယ်လိုဆုံပြီး သိသွားပါလိမ့်။

"နေပါဦး မမနဲ့ကိုနေဝန်း ဘယ်လိုသိကြတာလဲ ဆောင်းလည်း ဘာမှမသိရပါလား"

ဆောင်း သိချင်တာကို မအောင့်နိုင်အောင် ချက်ချင်းမေးသည်။ မမ ကိုယ်ဟန်ကျေနပ်ပြီး မှန်တင်ခုံရှေ့မှထသည်။ ကိုယ်ကျပ်အုံးဖုံးဘောင်းဘီနဲ့လည်ဟိုက်လက်စက ကိုယ်ကျပ်အင်္ကျီကို ဖက်ရှင်ကျကျဝတ်စားတဲ့ မမက မှန်ရှေ့ကိုယ်ဟန်ပြမယ်လို လမ်းလျှောက်ပြီး

"သိချင်တယ်ပေါ့"





"သိချင်တာပေါ့ မမ သဝဏ်"

"ဟင့် ရယ်ရတယ် သိလား၊ မမခြံထဲမှာ ထိုင်နေတာ လှမ်းခေါ်တယ်လေ မမ လှည့်ကြည့်လိုက်တော့"

မမ စကားဖြတ်ပြီး ဆောင်းကို အကဲခတ်သလိုကြည့်သည်။ ဆောင်း မျက်ဝန်းဝိုင်းလေးနဲ့ မမကို စိုက်ကြည့်ကာ

"ကိုနေဝန်းက ဘာတဲ့လဲ ဟင်"

"မမနဲ့အကြည့်ချင်းဆုံတော့ နေဝန်း အတော်ရှက်သွားတာ"

"ဘာဖြစ်လို့"

"နောက်ကနေဆိုတော့ မမကို ဆောင်းထင်ပြီး ခေါ်မိသတဲ့"

ဆောင်း မျက်လွှာချလိုက်သည်။ အရုပ်လေးကို တင်းအောင်ဖက်ရင်း သက်မချမိသည်။ ကိုနေဝန်းက လူမှားခေါ်မိလောက်အောင် ဆောင်းနဲ့မမက ကိုယ်လုံးချင်းက တူတယ်လေ။ ဝတ်စားဆင်ယင်မှုတွေတာကို သတိထားမိဟန်မတူတဲ့ ကိုနေဝန်း ခေါ်မိတာနဲ့ မမက အခွင့်ကောင်း ရသွားဟန်တူသည်။ ပြောပုံကိုက ကိုနေဝန်းအပေါ် အထင်ညွှတ်ယိုင်ယိုင်။

"မမ မှန်းသိသွားတော့ ခပ်ရှက်ရှက်လေးနဲ့ ဆောရီး ဘာညာဆိုး တောင်းပန်တာလေ၊ တကယ့်အဖြူထည်အတိုင်းပဲ၊ မမ ဘယ်လိုစိတ်ဝင်စားသွားမှန်းမသိဘူး၊ အဲဒါနဲ့ မမလည်း နေဝန်းနဲ့စကားအများကြီး ပြောလိုက်တာပေါ့"

မမက ကိုနေဝန်းကို စိတ်ဝင်စားတာက ကိုနေဝန်းအတွက် စိုးရိမ်စရာ ကောင်းကြောင်း ဆောင်း နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမ စိတ်ဝင်စားတဲ့ ဘယ်ယောက်ျားကိုမဆို ရင်းရင်းနှီးနှီး တွဲတတ်သလို ရည်းစားတော်ပစ်ဖို့လည်း ဝန်မလေးတတ်။ ရည်းစား[illegible] ယောတစ်ယောက် ယောတစ်ယောက်ထားသလို မလိုချင်တဲ့အခါ ခါ[illegible] တတ်သည်။

တည်တည်ငြိမ်ငြိမ်နဲ့ရိုးအေးစွာ ခင်မင်တတ်တဲ့ ကိုနေဝန်း[illegible] ဖြူစင်မှုကို အရောင်ဆိုးပစ်ချင်တဲ့ မမ စရိုက်အတွက် ဆောင်း ရင်မှာ[illegible] ပူလောင်စဖြစ်လာသည်။

"မမကလည်း ကိုနေဝန်းက ရိုးရိုးသားသား ခင်တတ်တာ[illegible] နော်"

"ဆန်းဆန်းပြားပြား ခင်လာအောင် မမ လုပ်တတ်ပါတယ်[illegible] နော်"

"ဘယ်လို"

"မယုံရင်ကြည့် နေဝန်း မမကို စွဲစွဲလန်းလန်း ဖြစ်သွား[illegible] ရမယ်"

မျက်လုံးဝင့်ကာ စိန်ခေါ်သလိုလို ပိုင်နိုင်သလိုလို ပြောချ[illegible] မမစိတ်ကို ဆောင်း မယုံချင်တော့။ မမကို မျက်စောင်းထိုးကြည့်[illegible]

"မမနော် သိက္ခာကျစရာဖြစ်နေဦးမယ်"

"ဘာဖြစ်စရာလဲ မမတို့က နေဝန်းတို့ထက် ရွှေဂုဏ် ငွေ[illegible] ရှိတယ်လေ၊ မမတို့နဲ့ ခင်မင်ခွင့်ရဖို့က သူတို့အတွက် မဟာအခွင့်အ[illegible] ပဲ အခုတောင် မမ၊ shopping ထွက်မလို့ နေဝန်းကို ကားမော[illegible] ပို့နိုင်းတာ"





"ဟင်"

"နေဝန်းက ပို့ပေးမယ်တဲ့"

ဆောင်း ရင်မှာ နင့်သလိုဖြစ်သွား၏။ နေဝန်းက ရိုးရိုးသား[illegible] မမက မရိုးမရှု။

"မမ shopping ထွက်မယ် ဆောင်း ဘာလိုချင်လဲ လာမေး [illegible]"

ဆောင်း ခေါင်းခါလိုက်သည်။ မှန်တင်ခုံပေါ်က လက်ကိုင်[illegible]ကို မမ ပြန်ဆွဲယူပြီး

"ဘာမှမလိုချင်လဲ ဝယ်မလာရုံပေါ့ မာမီလာလို့မေးရင်သာ [illegible] နော် ဆောင်း။ ဆောင်းလည်း နေဝန်းကို အစ်ကိုလိုပဲ [illegible] ဟိုလိုခင်ဖို့ စိတ်မကူးနဲ့ စိတ်ကူးမိမှာစိုးလို့ မမ ကြိုတင် [illegible]ထားတာ ကြားတယ်နော်"

"ဖြစ်ရလေ မမရယ်"

"ဖြစ်ရလေ လုပ်မနေနဲ့ ညီအစ်မချင်း ရည်စားလုပ်ဖက်ဖြစ်နေ [illegible] သတိပေးတာ ဒါပဲ သွားမယ်"

ပြောချင်ရာပြောပြီး ကြော့မော့စွာထွက်သွားတဲ့ မမ နောက်ပိုင်း [illegible]ကြည့်ရင်း ဆောင်းရင်မှာ ကျပ်ခဲသွားသည်။

ရိုးသားစွာ အားနာပါးနာ ဆက်ဆံတတ်တဲ့ ကိုနေဝန်းက မမရဲ့ [illegible]တဲ့ ရောနှောဆက်ဆံတတ်မှုကို ဘာလို့မရှောင်နိုင်တာလဲ။ [illegible]ကို ခင်မင်တဲ့စိတ်နဲ့ လိုက်လျောခင်မင်နေတာလား ကိုနေဝန်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



နေဝန်း ရဲ့လိုက်လျောမှုကို မမ အသုံးချနေတာကို ကိုနေဝန်း ခွဲခွဲခြားခြားမသိတာ သနားဖို့ကောင်းလေစွ။

မမကလည်းနော် ကိုနေဝန်းကို ဘာဖြစ်လို့ စိတ်ဝင်စားရ တာလဲ။

မမကြောင့် တွေးရင်း စိတ်က မီးအုံထတဲ့ဖွဲပုံအတိုင်း ဆောင်း စိတ်များ တငွေ့ငွေ့လောင်ရသလို

ကိုလေး ကောင်းကင်သဝဏ် ကြောင့်လည်း ဆောင်း စိတ် က မပူလောင်ဘဲ မနေသာ။

■ ■ ■

လဝန်း

လဝန်းက မိုးကောင်းကင်မှာပွင့်တဲ့ တစ်ပွင့်တည်းသော ပန်းလေးပါကွယ်။

အေးမြတဲ့လ ပန်းပွင့်လေးက မောင့်နှလုံးသားမှာ နေ့နေ့ ညည သာနေတယ်ဆိုတာ ယုံကြည်ပေးပါ လဝန်းရယ်။

လဝန်းရဲ့ နှလုံးသား အလင်းရောင်ကို ငေးမျှော်နေတဲ့ မောင့်ရင်ခုန်သံကို နားသောတဆင်ပါလို့

လဝန်း ကို ချစ်တယ်။

လဝန်း နှလုံးသားကို တွေးမွေ့ချင်တဲ့ . . .

မောင်

ချစ်သူနှစ်ဦး တွေးမွေ့ထားတဲ့ ပုံရိပ်ကြွကြွလေးပေါ်နေသည့် ပန်းနုရောင်စာရွက်ပေါ် စာလုံးလှလှရွေးကာ ညီညီညာညာ ရေးထားတဲ့





ချော်ခေါက်လေးကို အမှတ်မထင်ဖတ်ကြည့်လိုက်တော့

မမ လဝန်းကို ပေးဖို့ ရေးထားတဲ့ ကိုလေးရဲ့ရည်းစားစာမှန်း သိရတဲ့ ထိုအခါ ဆောင်း ရင်မှာ ခြောက်သွေ့လျက်။

ကိုလေးက သူတို့ခြံဘက်နံနက်တိုင်း ဆောင်း ကူးသွားတာကို ရည်က လုံးဝမနှစ်သက်။

"ဆောင်း နော် ဟိုဘက်ခြံက ကောင်လေးဆီ နေ့တိုင်းသွား တာ မကြိုက်ဘူး။ သူတို့က ကိုကိုတို့လောက် မချမ်းသာတဲ့ ခပ်နိမ့်နိမ့် ဘဲတာ ဟာတွေ သိပ်မဲရောနဲ့"

လို့ မျက်နှာထားတင်းတင်းနဲ့ဟန့်တားတတ်သည်။ အထက် ထောက်ဆိုပေမယ့် ကိုလေးက စိတ်ဆတ်ကာ လက်ကမြန်သည်။ မထင် မှတ်ထင်သလို နားရင်းအုပ်တတ်တာကြောင့် မမ သဝဏ်ထက် ပို ကြောက်ရတော့ ကိုလေးကို ဆောင်း စောဒက မတက်ဝံ့။

ကိုလေး မသိမမြင်အောင် သူတို့ဘက် ခိုးသွားရတာလေ။ သူတို့တိုက်က ဆောင်းတို့တိုက်လောက် ခေတ်မီမီနဲ့အကြီးကြီးမဟုတ် ပေမယ့် သပ်သပ်ရပ်ရပ် လှလှပပ ရှိသည့် နှစ်ထပ်တိုက်။

ဒယ်ဒီ မာမီလောက် သူ့မိဘ ငွေမရှာနိုင်ပေမယ့် သူတို့မိသား စုကတော့ ပြည့်စုံပါတယ်။

ဒါပေမဲ့ စည်းစိမ်ချမ်းသာ ဂုဏ်ပေါ်မင်းမူနေထိုင်လာတဲ့ ကိုလေးစိတ်မှာ သာမန်ပြည့်စုံမှုသာရှိတဲ့ သူတို့မိသားစုကို စိတ်မဝင်စား ဘာ ဆေန်းလှ။

ဟော ခုတော့ ဆန်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မမ လဝန်းကို စေ့စွဲ ရည်းစားစာအသင့်ရေးပြီးနေတဲ့ ကိုလေး က

"ဆောင်း ဟင် ဘာလုပ်နေတာလဲ"

အခန်းထဲဝင်လာတဲ့ ကိုလေးက စာခေါက်လေး ဖြန့်လျက် သားကိုင်ကာ အတွေးပွားနေတဲ့ ဆောင်းကိုမြင်ရတော့ ကိုလေး မျက်နှာ မှောင်ကာ လှမ်းလာသည်။

"ပေးစမ်း"

ဆိုပြီး လက်ထဲက စာရွက်ကို ဆွဲယူလျက် ဆောင်းကို မလုံမလဲ ကြည့်ကာ

"ကိုယ့်အခန်း ဘာဝင်လုပ်တာလဲ မိဆောင်း"

"ဟို ဟိုလေ"

"ဘာဟိုလဲ ဆောင်း နော်"

ပြောရင်း ကိုလေး လက်ရွယ်တာမို့ ဆောင်း ကြောက်ရွံ့ဟန် လေးနဲ့ကိုယ်ကိုကျုံ့ကာ စာရေးစားပွဲကပ်ထားတဲ့ နံရံဘက်ကိုယ်ကိုမှီ၍ ရှောင်ရင်း

"မ မဟုတ်ပါဘူး ကိုလေးရယ် ဆောင်းက ကိုလေးနဲ့ မမ လဝန်းကို သဘောတူတယ်လို့ ပြောမလို့ပါ"

"နေပါဦး ဘာလို့ လိုက်စပ်စုတာလဲ"

စာရေးစားပွဲနောက်က ကျွန်းထိုင်ခုံမှာ ဝင်ထိုင်ကာ ကိုလေး စေ့စေ့ကြည့်ရင်း မေးသည်။ ဆောင်း မျက်လွှာချ၍

"ကိုလေးက သူတို့မိသားစုနဲ့ မရောနဲ့ပြောပြီးတော့"





"နင်က ကလေးသာသာပဲရှိသေးတယ်၊ မန္တးမနပ်နဲ့သွားရော ဘော်ဝန်းတို့ ညီအစ်ကို လက်တည့်စမ်းရင် ညည်းရှောင်တတ်မှာ တော့ဘူး အဲဒါကြောင့် မရောနဲ့ပြောတာ နားလည်လား မိဆောင်း"

ပြောလိုက်သံက သူတို့ညီအစ်ကိုကို ဘာလိုလို ဖြစ်ဟန် ရင်း သူက ဆောင်းကို ရိုးသားစွာခင်သလို ဆောင်းကသာ သူ့ ရင်ခုန်နေတာ ကိုနေဝန်းဆို ပိုလို့တောင် ရိုးသေးဆိုတာ ဆောင်း ပဲ။

ကိုလေးက ကိုလေးစိတ်ကို ကိုလေး အမြင့်မြတ်ဆုံးထင်ပြီး ပါးကို ပုတ်ခတ်တတ်တာ ဆောင်း အသိဆုံးပဲ။ သူတို့ညီအစ်ကို ပြောတော့ ဆောင်း မခံချင်။

ကိုလေးကို ငယ်ကြောက်မို့ သည်းခံရပေမယ့် ဘဝင်မကျ။ ညှိတ်ရပေမယ့် ရင်ထဲမှာ ပြန်ပက်ချင်၏။

"ဒါပဲနော် မိဆောင်း ညည်းနှုတ်ဖွာမနေနဲ့"

"ဟုတ်ကဲ့ ကိုလေး"

"သွားတော့"

"ဟုတ်"

ဆောင်း ခေါင်းငုံ့ထွက်လာတော့ ကိုလေးက စာရွက်ကို ခေါက်၍ ပန်းနုရောင်စာအိတ်ထဲထည့်ပိတ်သည်။ ပြီး သတိရတာနဲ့

"မိဆောင်း နေဦး"

လှည့်မကြည့်ဘဲ ဟန့်တော့ အခန်းဝမှာ ဆောင်း ခြေလှမ်း ၍ ကိုလေးကိုလှည့်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ပြော ကိုလေး"

"ညနေ လဝန်း စာအုပ်ဆိုင်သွားလို့ အဖော်ခေါ်ရင် ခေါ်တိုင်း ဆောင်း လိုက်မသွားနဲ့"

"ဟင်"

"ဟင် မနေနဲ့"

"ဘာဖြစ်လို့လဲ ကိုလေး"

"ဆောင်း ပါနေရင် လဝန်းကို ဘယ်လိုစကားပြောလို့ရမလဲ ကိုလေး စာပေးဖို့လည်း ခက်နေမယ်လေ နားမလည်ဘူးလား"

စာအိတ်လေးကို ရင်ဘတ်မှာကပ်ကာ ထိုင်နေရာမှ ကိုယ် လုံးလှည့်ကာ ဆောင်းကိုကြည့်ပြီး ပြော၏။

"ဟုတ်ကဲ့ ကိုလေး"

ကိုလေး ကျေနပ်အောင်ပြောလိုက်ရပေမယ့် ဆောင်း ရင်ထဲမှာ ချဉ်နေသည်။ အနိုင်အထက် ပြောဆိုတတ်တဲ့ ကိုလေးကို သည်းခံတတ်ပြီး စိတ်ရင်းဖြူတဲ့ မမ လဝန်းနဲ့သဘောတော့ မတူချင်။

သဘောမတူပေမယ့် မပြောရဲဘူး။ ကိုလေးကို ကြောက်ရတာ မို့ ဆောင်း သက်ပြင်းချရသည်သာ။

"နောက်ပြီး မိဆောင်း"

"ပြောပါ ကိုလေး"

"ညည်း ရည်းစားမထားရဘူးနော်"

ဆောင်း ရင်မှာ ဝမ်းနည်းသလို ဖြစ်ကာ လက်ချောင်းလေး တွေ အချင်းချင်း ပွတ်တိုက်မိသည်။ ကိုလေးကတော့ မမ လဝန်းနဲ့





[illegible]ချစ်ဖို့ တာဆူနေလျက် ဆောင်းကိုတော့ ပိတ်ပင်၏။

"ကြားလား"

"ဟုတ်"

"သွားတော့"

ဆောင်း ဝမ်းနည်းစွာ ကိုလေးအခန်းထဲက ပြေးထွက်ခဲ့မိ၏။ [illegible] ရင်ထဲမှာ မမ လဝန်းကိုလေးကို မချစ်ပါစေနဲ့လို့ ဆုတောင်း [illegible] အကြိမ်ကြိမ်။

ညနေမှာ မမလဝန်း စာအုပ်ဆိုင် သွားဖို့ လာခေါ်တော့

"ဆောင်း နေမကောင်းလို့ပါ မမ"

လို့ အနွေးထည်ဝတ်ကာ လူမမာရုပ်ဖမ်းပြီး ညာပြောလိုက် [illegible] မမ လဝန်းက မရိပ်မိရှာ။

"အဲဒါဆိုလည်း ဆောင်း မလိုက်နဲ့တော့ မမ တစ်ယောက် [illegible] သွားလိုက်မယ်"

ပြောပြီး မဂ္ဂဇင်း နှစ်အုပ်ပိုက်ကာ ထွက်သွားသည်။ ခြံရှေ့ [illegible] အဆင်သင့်စောင့်နေတဲ့ ကိုလေးက မမလဝန်း နောက်ပြေးလိုက် [illegible]

ဟင့်အင်း ဆောင်း မကြည့်ချင်တော့။

စိတ်ရှုနသဘောချင်း မတူတဲ့ မမနဲ့ကိုလေး ကြောင့် ဆောင်း [illegible] ပူလောင်နေရတာက ဝမ်းနည်းခြင်းတွေနဲ့။

ပြီးတော့ သူ့ကြောင့်လည်း မပူပန်ဘဲ မနေနိုင်တဲ့ အဖြစ်တွေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သူ ဘာဖြစ်နေတာလဲ ဟင်"

မေးတော့လည်း မပြော။ မြက်ခင်းစပ်မှာ ဒူးတစ်ဖက်ထောင်၍ ခြေတစ်ချောင်းစင်းကာ လက်နှစ်ဖက် နောက်ဘက်ထောက်ပြီး ထိုင်နေတဲ့ သူ့မျက်နှာက သူဝတ်ထားတဲ့လည်ပိုက်တီရှပ်ကော်ဖီမစ်ရောင်လို ညှိုညှစ်ညစ်။

"ပြောလေ ဘာဖြစ်လို့လဲ"

ထပ်မေးတော့ သူမျက်နှာလွှဲသည်။ သူဘေးနားက မြက်ခင်းစိမ်းပေါ် ဂေါက်သီးဘောလုံးဖြူဖြူနဲ့ဂေါက်တံ ဒီအတိုင်းချထားထားသည်ကို တစ်ချက်ကြည့်ပြီး

"ဒီနေ့ မကစားဘူးလား၊ ဂေါက်သီးကစားရင် စိတ်ရွှင်တယ်ဆို"





သူ စိတ်ဝင်စားစေမယ့် စကားလုံးမျိုးရွေးပြောပေမယ့် ပြန်မပြော။ ဆောင်း သူ့အပါးဒူး နှစ်ဖက်ထောက်ထိုင်ချတော့ ဆောင်းကို ခဲ့ကြည့်ဘဲ

"နင် ဘာလာလုပ်တာလဲ"

"ဆောင်း နေ့တိုင်း လာနေကျဥစ္စာ"

"မလာဘဲ နေလို့မရဘူးလား"

ဟင့်အင်းလို့ ပြောချင်ပေမယ့်လည်း

"သူက မလာစေချင်တာလား ဟင်"

"ငါ ညစ်နေတယ် မလာနဲ့"

"ဆောင်း ကြောင့်လား"

"ကျစ်"

ဆောင်း ကိုထုံရန်ကော ဆိုတဲ့ မျက်ဝန်းရူးရူးနဲ့ဆိုက်ကြည့်သည်။ သူ့အကြည့်တိုင်းကို ဆောင်းက ရင်ခုန်ရတော့ ဦးစွာ မျက်လွှာစင်းသွားသည်။

"နင် ဘာမှမသိဘူးလား"

"ဘာကိုလဲ"

"နင် မသိချင်ဟန်မဆောင်နဲ့"

"ဆောင်း တကယ်မသိလို့ပါ"

"တောက်"

တစ်ယောက်တည်း မကျေမနပ်ဖြစ်စီရင်း ဂေါက်တံကိုင်၍ မြက်ခင်းပေါ်ထောက်ကာ သူ ထလိုက်သည်။ အဖြူရောင် ရှူးဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



ဦးချန်နှင့်ဂေါက်သီးဘောလုံးအဖြူကို ထိုးယူကာ ဆောင်းနဲ့ခပ်ဝေးဝေး ဟိုဘက်မြက်ခင်းစပ်ကို ထွက်သွားသည်။

"သူပြောမှ ဆောင်း သိမှာပေါ့ ပြောလေ ဘာဖြစ်လို့လဲ"

ဆောင်း ဒူးထောက်ထိုင်နေရာမှ မထဖြစ်။ သူ့ကို မော့ကြည့်ရင်း အသံအုပ်အုပ်လေးနဲ့မေးလိုက်သည်။

မြက်ခင်းစပ်မှာ ဂေါက်သီးကို ငြိမ်အောင်ချ၍ မြက်ခင်းပြင် အလယ်မှာ အတွင်းဝိုင်းလေးကို မငြိမ်တဲ့စိတ်နဲ့ သူ တစ်ချက်လှမ်း ကြည့်သည်။ ဆောင်း မေးတာကို မဖြေချင်ဟန်နှင့် ကိုယ်ကို ညွတ်ကိုင်း ကာ အတွင်း(ကျင်း)စိန်ဖို့ အသင့်ဖြစ်နေ၏။

ဆောင်း သက်မချကာ ဘာမှပြန်မမေးမိတော့။ သူ ကျင်း စိန်ပေမယ့် အတွင်းဝိုင်းထဲ ဂေါက်သီးဘောလုံးက လျောလျောရှု မဝင်။

အတွင်းနှုတ်ခမ်းနားမှ ဂေါက်သီးက တွေ့နေလိုက်။ တွင်းထဲ က လျှံထွက်လာလိုက်နှင့် သူ့လက်က ချိန်သားမကိုက်။

"တောက်"

တက်ခေါက်ရင်း သူ့လက်ကိုသူ ဒေါသဖြစ်လိုက်နှင့်မျက်နှာ အုံ့နေတဲ့မိုးလို ပိုပြီးညှိုမှောင်လာသည်။

"ပြောလေ ဘာဖြစ်နေတာလဲလို့"

သူ မဖြေ။ ငါးပေအကွာက ကျင်းစိန်တိုင်းဝင်နေကျ ဂေါက်သီးက ဒီနေ့မှ ဘယ်လိုစိန်စိန် မဝင်ကာက သူ့စိတ်ကို အနည်ကြ လာစေသည်။





"တောက် အဲဒါ နင့်ကြောင့်"

မဆီမဆိုင် စွပ်စွဲတဲ့သူ့ မကျေနပ်မှုက ဆောင်း ရင်ဘတ်ကို ဘယ်ဝါးနဲ့အသာဖိလိုက်မိသည်။

"ဆောင်း ကြောင့် ဟုတ်လား"

"ဟုတ်တယ် နင့်ကြောင့်"

ဆောင်းကို စေ့စေ့ကြည့်ရင်း ပြောချတော့ ဆောင်း မျက်ဝန်း တွေက အဆမတန်ပြူးကာ သူ့ကိုပြန်ကြည့်မိ၏။

"ဆောင်း ဘာလုပ်လို့လဲဟင်"

"နင် ခုမှဘာမှမသိသလို ပုံစံနဲ့ လာမရှီးနဲ့ နင့်အစ်ကိုနဲ့နင့် အမေ"

သူ့စကားစဖြတ်လိုက်တော့ ဆောင်း နားလည်ကာ မျက်လွှာ ချသည်။ နောက်တစ်ကြိမ် သူ ကျင်းစိန်လိုက်ပေမယ့် ဂေါက်သီးက ကျင်းနဲ့လက်တစ်ဝါးအကွာမှ ကျင်းကိုလွန်ကာ ဆောင်း ဒူးထောက်ထိုင် နေတဲ့ရှေ့ရောက်လာသည်။

ဂေါက်သီးဖြူစွတ်စွတ်လေးကို မျက်လွှာစင်းကြည့်ပြီး

"ကိုလေးနဲ့မမသာဝဏ်က ကိုနေနဲ့မမ လဝန်းကို ရှိုးရှိုးသားသား ချစ်တာပါ"

"နင် ဘာမှမသိဘူးဆို"

မေးရင်း ဆောင်းရှေ့က ဂေါက်သီးကို ဂေါက်တံနဲ့သူခွဲယူရင် း ဆောင်း တစ်ခုခုပြန်ပြောမှာကို ငုံ့ကြည့်သည်။ ဆောင်း ပြန်မပြော တော့



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ငါပြောတုန်းက နင်က ဘာမှမသိဘူးပြောပြီး အ
ရိုးရိုးသားသား ခင်တာလို့ ပြောတာ ဘာသဘောလဲ
အောင်သွယ်လား"

"ဟာ မဟုတ်တာ"

ဆောင်း အသာထရပ်၍ ခေါင်းငုံ့ကာ အမှန်အတိုင်း ဖြေ
ချက်ပေးပေမယ့် သူ မယုံသလို ဟက်ခနဲရယ်ချပြီး

"မဟုတ်ဘူးဆိုရင် မမလဝန်းနဲ့ညနေတိုင်း စာအုပ်ဆိုင်သွ
နေတဲ့ နင် ဘာဖြစ်လို့ အကြောင်းအမျိုးမျိုးပြပြီး ရှောင်တာလဲ"

"ဟိုလေ"

"နင့် အစ်ကိုကို လမ်းဖွင့်ပေးတာပေါ့"

"မဟုတ်ပါဘူး ဟာ"

"ငါ မယုံဘူး"

သူ ယုံအောင် ဆောင်း ဘယ်လိုပြောရမလဲ။ ကိုလေး
ဆောင်းကြောက်ရတယ်ဆိုတာ သူ မရိပ်မိလို့လား။

"နင့်အစ်မကော ဘာသဘောလဲ၊ ကိုနေကို နေ့တိုင်း အ
ခေါ်ထုတ်နေတာ၊ ပြီးတော့ ကိုနေ အလုပ်လုပ်နေတဲ့ ကုမ္ပဏီကို ရော
ပေါက်အောင် လိုက်သွားတာ ဘာကြောင့်လဲ"

ဆောင်း ဘာပြန်ပြောရမှန်းမသိတော့။ ကိုလေးက မမလ
နဲ့စာအုပ်ဆိုင်သွားတိုင်း တကောက်ကောက်လိုက်သလို တစ်ခါတ
မမလဝန်းကို အတင်းဆွဲခေါ်ထုတ်ကာ နှစ်ယောက်တည်းတွေ့ခဲ့
အဖြစ်တွေ ဆောင်း သိနေခဲ့တာ ကြာလှပြီ။ မမ လဝန်းကတော့





"ဆောင်းကိုတော့ မမ အရမ်းချစ်ပါတယ်ကွယ်၊ ကိုလေးကို
တော့ မမ မခင်ချင်ဘူး။ အတင်းချည်းကပ်လိုက်နေတော့ ပတ်ဝန်းကျင်
က အမြင်မကျဉ်းအောင် အားနာပြီး ဆက်ဆံရတာ၊ မမ စိတ်မပါဘူး
ဆောင်းရယ် ဆောင်း ကိုလေးကို နည်းနည်းလောက်ပြောပါဦး။ မမ
ကို ဖွတ်အတင်းချည်းကပ်လိုက်မနေပါနဲ့လို့"

မမ ရိုးသားစွာရင်ဖွင့်ဝန်ခံပေမယ့် ကိုလေးကို ဆောင်း မပြော
ရဲ။ ပြောရင်လည်း ကိုလေး နားရင်းအုပ်တာခံရရုံပဲလေ၊ ဆောင်း
ပြောတာကိုလေး လက်ခံမှာတဲ့လား။

ပြီးတော့ မမ ကလည်း ဟင့်အင်း ထိုအကြောင်းတွေ မတွေး
နိုင်တော့။ ဘယ်သူ့ကိုမှ ဆောင်း ပြောခွင့်မရသလို သူ့ကိုလည်း
ပြောခွင့် မရ။

"နင့်အစ်မလုပ်ပုံက သိပ်ရွံပျက်တယ်၊ ကိုနေက သူများ
အလုပ်ဝန်ထမ်း၊ နင့်အစ်မ ဟိုသွား ဒီသွား လာခေါ်တိုင်း ထွက်ဖို့လွယ်
သလား။ နင် သိရက်နဲ့"

ကိုလေးနဲ့မမကို မပြောဘဲ ဆောင်းကိုချည်းဖိပြောနေတာ
ဘာဖြစ်လို့လဲကွယ်။ ဆောင်း သက်မချကာ ဘေးဆန့်ချထားမိတဲ့
ဆောင်း လက်ချောင်းလေးများကို ဖွဖွလေး ကွေးဆုပ်လိုက်မိသည်။

"ဒါမှမဟုတ် နင် မြှောက်ပေးတာလား"

"ဘာ ဘယ်လို"

"နင့်အစ်ကိုနဲ့နင့်အစ်မကို ကဲသရမ်းအောင်၊ ငါ့အစ်ကိုနဲ့ ငါ
နောက်လိုက်ကပ်နေအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဆောင်းကို အဲလိုထင်နေတာလား"

တစ်ဖက်သတ် စွတ်စွဲနေတဲ့ သူ့မျက်ဝန်း တောက်တောက်ကို ဆောင်း မော့ကြည့်ရင်း ခပ်ဖွဖွမေးတော့

"ငါ မြင်နေတာ နားလည်လား။ ပြီးတော့ နင့်ဒယ်ဒီနဲ့မာမီ တောက် မပြောလိုက်ချင်ဘူး"

ပြောရင်း ဂေါက်သီးကို ဖိနပ်ဦးနဲ့ကန်ပစ်ပြီး ဂေါက်တံကို အလယ်ကကိုင်ပြီး ဆောင်းရှေ့က ကျောခိုင်းထွက်သွားတဲ့ သူ့ကို ငေး ကြည့်မိသည်။

သူကန်ပစ်လိုက်တဲ့ ဂေါက်သီးက မြက်ခင်းစပ်ရှိ အလှပန်းအိုး တွေ ကြားဝင်သွားသည်ကို မကောက်။ တိုက်ထဲဝင်သွားတော့ ဆောင်း ပဲ သူ့ဂေါက်သီးကို သွားကောက်ကာ ဆုပ်ကိုင်ထားမိသည်။

သူက ကိုလေးနဲ့မမသဝဏ်ကို မကျေမနပ် ဖြစ်နေသလို ဆောင်းရဲ့ ဒယ်ဒီနဲ့မာမီကိုလည်း မကျေမနပ်ဖြစ်နေသတဲ့လား။

အင်းလေ ဒယ်ဒီနဲ့မာမီကို မကျေမနပ်ဖြစ်မယ်ဆိုလည်း ဆောင်း အပြစ်မဆိုသာ။ ပြီးတော့ သူတို့မိသားစုကို ဆက်ဆံလိုက်တဲ့ ဒယ်ဒီနဲ့မာမီရဲ့ အထက်စီးနင်းဆက်ဆံပုံက ဆောင်းရင်မှာ တဝဲလည် လည် ပေါ်လာကာ ။

■ ■ ■



## အခန်း (၇)

"ဆောင်း"

"ပြောပါ မာမီ"

ဆောင်း အပေါ်ထပ်ကနေ ဆင်းလာသည်နှင့် ဧည့်ခန်းဝက ... ဆီးခေါ်သည်။ ဆောင်း ပြောရင်း ဒူးဖုံးစကတ်အဝါရောင်လေးကို ...တာလေးနဲ့သ ကိုင်ကာဧည့်ခန်းထဲဝင်တော့

"သေချာ ဖိတ်ထားရဲ့လား"

"ဖိတ်ထားပါတယ် မာမီရယ် စိတ်မပူပါနဲ့ နာရီဝက်တောင် ...တယ်"

မာမီက အသားရောင် ကိုယ်ကျပ်အင်္ကျီလေး ဝတ်ထားကာ ...င်း ပခုံးပေါ်လက်တင်ဖက်ရင်း

"အင်းလေ သေချာရင်ပြီးရော၊ မာမီ တို့က အ...အားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး''

"သိပါတယ် မာမီရယ်၊ ဆောင်း ခုပဲ ဟိုဘက်ခြံကူးပြီး ခေါ်ခဲ့မှာပါ ဝေးတာလဲ မဟုတ်ဘဲနဲ့ ဆောင်း သွားခေါ်လိုက်မယ်လေ"

"မခေါ်နဲ့ သမီး ဖိတ်ထားပြီးပြီပဲ''

ဒယ်ဒီက အနောက်တိုင်းဝတ်စုံ ဆင်စွယ်ရောင်နှင့်ဆိုဖာပေါ် စမတ်ကျကျ ဝင်ထိုင်ရင်း တစ်ခွန်းပြောတော့ ဆောင်း ကိုယ်ရှိန်သတ်လိုက်ရသည်။

အပေါ်ထပ်က ပြုံးပြုံးဆင်းလာတဲ့ ကိုလေးနဲ့မမက ဆောင်းကို လှမ်းကြည့်သည်။

"ဟုတ်သားပဲ မိဆောင်း ညည်းကိုက ကဲလွန်းတယ်၊ ဣန္ဒြေ ရရနေစမ်း''

ကိုလေး ညှို့ခန်းထဲဝင်လာရင်း မျက်မှောင်တွန့်ကြည့်ရင်း ပြောတော့ ဆောင်း မျက်လွှာချကာ ထောင့်အကျဆုံးတစ်ယောက်ထိုင် ဆိုဖာမှာ ဝင်ထိုင်လိုက်ရသည်။ ကိုလေးက စတိုင်ဘောင်းဘီ အညို ရောင်ကိုပင့်ကာ ဆောင်းနဲ့ဆိုဖာတစ်လုံးခြား ဝင်ထိုင်သည်။

"ဟုတ်တယ် မာမို သမီးကိုက သည်းလွန်းတယ်".

မမကလည်း ဆောင်းကို ပြစ်တင်သလို ရွတ်ရင်း မာမီနဲ့အတူ ဝင်ထိုင်ရာမှ ပြောပြန်သည်။ ပြောပြီးသည်နှင့်ပြန်ထကာ ပြတင်းပေါက် လိုက်ကာစ ဝါဖျော့ဖျော့လေးကို အသာဖယ်၍ တစ်ဖက်ခြံဘက် အကဲ ခတ်ကြည့်သည်။

မမ အပြုအမူကသည်းနေတာလေ။ မပြောလိုက်ချင်ဘူး။





အငယ်ဆုံးမေမယ့် ဆောင်းက ဖူးဖူးမှုတ် အလိုလိုက်ခံရတဲ့ သမီးတွေး မဟုတ်ခဲ့။

ဆောင်းကိုတော့ ဣန္ဒြေမရဘူးတဲ့ ကိုလေးနဲ့မမကို မမြင်။ ဆောင်းကိုပဲ နှုတ်ခမ်းတင်းတင်းစေ့ကာ တည့်တည့် ကြည့်ပြီး

"သမီးငယ်နော် ကိုယ့်အခြေအနေချင်းမတူတဲ့ မိသားစုအပေါ် အတိုင်းအတာ လွန်အောင် ခင်မင်ရင်းနှီးနေလို့ ဘာမှအကျိုးထူးလာ မဟုတ်ဘူး။ မာမီ ပြောတာကြားလား''

"ဟုတ်ကဲ့ပါ မာမီ''

ဆောင်း စောဒက မတက်ဘဲ ခေါင်းညိတ်တော့ ဒယ်ဒီက ညီး ဆောင်းကို မျက်နှာတည်တည်နဲ့ကြည့်ပြီး

"လူမှုရေးအရ အပေါ်ယံခင်မင်ရင် ရပြီ ကြားတယ်နော် သမီး''

ဆောင်း ဟုတ်ကဲ့ လို့မပြောမိဘဲ ဒယ်ဒီ့ကို နှုတ်ခမ်းလွှာလေး ကာ လှမ်းကြည့်တော့

"သူတို့မိသားစုကို ထမင်းစားဖိတ်လိုက်တာ သူတို့မိသားစု ဒယ်ဒီတို့က အရေးတယူရှိလို့မဟုတ်ဘူး၊ ဒယ်ဒီတို့ ဘယ်လို ဘယ်လိုထိုင်တယ်၊ ဘယ်လိုအဆင့်အတန်းနဲ့ဘယ်လိုအခြေ ရှိလဲဆိုတာ သိသွားစေဖို့သက်သက်ပဲ''

ထမင်းစားဖိတ်ကျွေးခြင်းနဲ့ပတ်သက်တဲ့ ဒယ်ဒီ့စိတ်ရင်းကို တော့ ဆောင်း ရင်မှာ တင်းကျပ်သွားရသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမိုးတင့်နဲ့ဒေါ်စိုးစိုးမာ တို့မိသားစုကို ညစာစားဖိတ်လိုက်"

လို့ မာမီပြောစဉ်က ဆောင်းရင်မှာ ဖော်မပြတတ်အောင် ပျော်ရွှင်လျက် ဆောင်းကိုယ်တိုင် လှိုက်လှိုက်လှဲလှဲ ဖိတ်ခဲ့သည်။

ဒီလို သဘောထားမှန်းသိရင်

"သမီးဆောင်းက ငယ်တော့ သမီးကြီး သဝဏ်နဲ့သား ကောင်းလိုမဟုတ်ဘူး။အစစ အရာရာလိုက်ပြောနေရတာ ဝါဖြင့် တစ်ခါ တစ်ခါစိတ်ကုန်လာတယ် ကိုကို"

မာမီက မျက်နှာပြည့်ပြည့်ကို ရှုံ့တွန့်ရင်းစိတ်မရှည်စွာ ဒက်ဒီ ကို ပြောရင်း ထိုင်နေရာမှ ကိုယ်ကိုမတ်လိုက်သည်။

"သမီးဆောင်း သမီး မာမီပြောတာ ကြားတယ်နော်"

ဒယ်ဒီ မေးဖျားဆတ်ကာ ပြောတော့ ဆောင်း သက်မချကာ ခေါင်းညိတ်လိုက်ရသည်။ ကိုလေးနဲ့မမက အမှတ်အပြည့်ရသူလို ဒယ်ဒီ တို့ရှေ့မှာ မျက်နှာလေးမော်လို့။

"ဒယ်ဒီနဲ့မာမီက သမီးတို့ အဆင့်မြင့်မြင့်နေနိုင်အောင် လုပ်တာကာရှေ့မှာ မော်နိုင်အောင် သူများသားသမီးတွေထက်သာအောင် ထားတာက ကိုယ်နဲ့သိပ်ကွာဟနေတဲ့ သူတွေအပေါ် မျက်စိမှိတ်ခင်းင် နေဖို့မဟုတ်ဘူး။ ဒယ်ဒီ ဒီလောက်ပဲ ပြောချင်တယ် သမီး ဆောင်း သူတို့မိသားစုနဲ့ ဆင်ဆင်ခြင်ခြင်ဆက်ဆံ"

အမိန့်ပေးသလို တစ်ရှိန်ထိုးပြောချတဲ့နောက်မှာ မာမီကလည်း ဒယ်ဒီ့မျက်နှာထားနဲ့အရောင်တူပဲ ခေါင်းညိတ်ကာ ဆောင်းကိုအမိန့်ပေး ဟန်နှင့်မျက်နှာပေးဆတ်ကြည့်သည်။





ဆောင်းကိုချည်းဖိပြောနေတဲ့ ဒယ်ဒီနဲ့မာမီကို ဆောင်း မကျေနပ်တော့။ ဆောင်း မျက်နှာတင်းပြီး ခေါင်းမညိတ် ခေါင်းမခါတောင့် တောင့်ချည်းထိုင်နေတော့ ကိုလေးက နှုတ်ခမ်းလေးတွန့်ကာ လည်တိုင် လေးဆန့်ကာ ဟိုဘက်ခြံဘက်လှမ်းကြည့်ရာမှ ဆောင်းဆီ အကြည့်ရွေ့ ကာ ခပ်စိုက်စိုက်ကြည့်ပြီး

"တွေ့လား ဒယ်ဒီ ဒယ်ဒီ သမီးက ငယ်တာ ငယ်တာ ခေါင်းကြောက မာတယ်၊ ကောင်း အဲဒါပဲ စိတ်မရှည်တာ ဒယ်ဒီ"

"သေချာတာပေါ့ ဒယ်ဒီ့သမီးက အငယ်ဆုံး ဆတ်စလူး အထဆုံးပဲ၊ စက်ဝန်း အတွက်ဆို သေဆိုသေတော့မယ့်အတိုင်း ဟွန်း"

မမကလည်း မီးလောင်ရာလေပင့်။ မာမီက မျက်လုံးပြူးနဲ့

"ဟုတ်လား ဆောင်း"

အဖိခံရဖန်များတော့လည်း မခံနိုင်တဲ့ ဆောင်း စိတ်က ရုန်းကြွ လာကာ

"ဆောင်းက ခင်ရုံခင်တာ ကိုလေးနဲ့မမပဲ ကိုနေဝန်းနဲ့မမဝန်း တို့ အသည်းအသန်ဖြစ်နေတာလေ၊ ရည်းစားစာပေးတဲ့သူနဲ့ ကိုနေ့ အလှုပ်လှုပ်နေတဲ့ဆီ လိုက်တဲ့သူနဲ့"

"ဟင် မီဆောင်း"

"ဝါ တွယ်ထည့်လိုက်ရ"

"တော်စမ်း"

မာမီ အသံမာနဲ့ဟန့်သည်။

အမှန်အတိုင်းပြောလိုက်တော့ ကိုလေးက ဆောင်းကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့တွယ်မလို ချိန်ရွယ်ရာမှ လက်ကိုရုတ်လိုက်သည်။ မမက မျက်စောင်းနက်နဲ့ ပြောရင်းဟန့်သည်။

"မဟုတ်လို့လား"

ပြောမိပြီးမှ မလှူးတော့။ ဆောင်း ပြောချလိုက်တော့ မျက်နှာတွေညိုကာ ဒယ်ဒီနဲ့မာမီကလည်း ကိုလေးနဲ့မမကို စူးစမ်းသလို ငြိုငြင်တူကြည့်သည်။ မမက မျက်ခုံးနှစ်ဖက်တွန့်ကာ

"ဟွန်း သဝဏ်က ယောက်ျားတွေအကြောင်း လေ့လာနေတာပါ မာမီရယ်၊ သဝဏ်မှာ ယောက်ျားလေးအပေါင်းအသင်းက နေဝန်းတစ်ယောက်တည်းမှမဟုတ်တာ၊ မာမီကို သဝဏ်တွဲတဲ့သူအားလုံးနဲ့ မိတ်ဆက်ပေးနေကျပဲ၊ နေဝန်းက အိမ်နီးချင်းမို့ ခင်ရုံလေးပါ၊ မာမီ သဝဏ်ကို ယုံတယ်မဟုတ်လား. သဝဏ် စိတ်ကို မာမီသိသားနဲ့ နော် ဒယ်ဒီ"

မမက မာမီလက်ဖဝါးလေးကိုဆုပ်ကိုင်ကာ မာမီပခုံးပေါ် ခေါင်း လေးတင် နွဲ့နွဲ့လေးပြောရင်း ဒယ်ဒီကိုပါ လှမ်းကြည့်ရင်း ချွဲနွဲ့နွဲ့လေး တောက်ခံမဲတောင်းသည့်ဟန်က ပိုင်နိုင်လှသည်။

"ဒယ်ဒီနဲ့မာမီ မျက်ဝန်းက မမစိတ်ကို ယုံကြည်ဟန်နဲ့ အရောင်ပြောင်းသွားကာ ကိုလေးဆီ အကြည့်ရောက်သည်။ ကိုလေးက လည်း မှင်ကောင်းကောင်းနဲ့

"အလကားပါ ဒယ်ဒီရယ်၊ ရည်းစားစာပဲ ဘယ်သူ့ပေးပေး ပေးလို့ရတယ် ကောင်း ရည်စားစာပေးတဲ့အထဲမှာ လဝန်းလို ခပ်နှိုင့်နှိုင့် ထဲက တစ်ယောက်မှမပါဘူး။ လဝန်းက ဘာမှမဖြစ်ဘူး။ ဒယ်ဒီ သမီးက





[illegible]ာနေ ပူနေတာ၊ ဒယ်ဒီ သမီးကို ဒယ်ဒီဆုံးမဦး။ ဟိုကောင်[illegible]နဲ့ ရည်းစားထားဖို့ စိတ်ကူးနေတာ၊ ကောင်း ဆုံးမတာ လက်မခံ[illegible] ချွန်တုံးလုပ်နေတာ ဒယ်ဒီ"

"မာမီလည်း ဆောင်းကို ဆုံးမဦး၊ စက်ဝန်းက ဂျစ်တစ်တစ်[illegible] ဆောင်းနဲ့ငြိလို့ကတော့ ကောင်းကိုအပြစ်မပြောနဲ့"

ပိပိရိရိ ဆင်ခြေပေးလိုက်သည်က ဆောင်းကပဲ အပြစ်ရှိသူ[illegible]ည်။

"ဆောင်း"

ဒယ်ဒီ မျက်နှာတင်းနဲ့ခေါ်သည်။ ဆောင်း မော့မကြည့်မိ။ [illegible]ချောင်းလေးတွေ ပွတ်နေရင်း ဘယ်လိုဖြေရှင်းရမလဲဆိုတာ [illegible]နေဆဲ။ မာမီက အားမလို အားမရဖြစ်ဟန်တူသည်။

"မိဆောင်း"

ခေါ်သံတင်းတင်းနဲ့အတူ ဒက်ဒီအပါး ထိုင်နေရာမှ မာမီကိုယ်[illegible] ဆတ်ခနဲခြေစုံလာရပ်ပြီး ဆောင်းကို ငုံ့ကြည့်သည်။

မမနဲ့ကိုလေး က ကောင်းတယ်ဆိုတဲ့မှတ်ချက်ပေးတဲ့ အပြုံး[illegible]မျက်ဝန်းချည်းနဲ့ကြည့်သည်။ ဒယ်ဒီက လျော့ရဲရဲဖြစ်သွားတဲ့[illegible]ကို ပြန်တင်းကာ အခြေအနေကိုစောင့်ကြည့်ဟန်နဲ့ကိုယ်ကို [illegible]နောက်မှီပေါ်မှာ မှီချလိုက်သည်။

"ကောင်း ပြောတာ ဟုတ်လား၊ စက်ဝန်းနဲ့ရည်းစားထားချင်[illegible]သို"

"မ မဟုတ်တာပဲ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မိဆောင်း ညည်း အငယ်ဆုံး အဆိုးဆုံးလုပ်ပ
စိတ်မကူးနဲ့၊ ညည်းအရွယ်က ရည်းစားထားတဲ့ အရွယ်မဟုတ်ဘူ
ညည်း အခုမှ ဆယ်တန်းအောင်ပြီးစ ဆယ်ခုနစ်နှစ်မပြည့်သေးဘူ
ဆိုတာ သိတယ်နော်"

ဘီးကုတ် အဝါရောင်လေးတပ်ထားတဲ့ ဆောင်း ခေါင်းကို
လက်ညှိုးနဲ့တွန်းကာ ပြောလိုက်သလို ကျန်တဲ့ မာမီ လက်တစ်ဖက်က
ဆောင်း မေးဖျားကိုပင့်ကာ ဆောင်း မျက်နှာကို ဆွဲမော့စေသည်။

"ညည်း ကြားလား မာမီ ပြောတာ နားလည်လား"

မိတ်ကပ် ဖွေးဖွေးလိမ်းထားတဲ့ မာမီ မျက်နှာပြည့်ပြည့်လေးက
ဆောင်းကို အပြစ်လိုတဲ့အကြည့်တွေနဲ့ အညိုရောင်လွှမ်းနေသည့်
မေးသည်က အတင်း နားလည်လက်ခံစေခြင်းတွေနဲ့။

သို့သော်လည်း အဖျားလေးတွေကော့နေသည့် ဆောင်း
မျက်တောင်လေးချကာ ခေါင်းညိတ်လိုက်မှ မာမီ သက်မချပြီး ဆောင်း
ခေါင်းကို ပြန်လွှတ်ပေးသည်။

မာမီ ဆွဲမော့ပြီး ပြန်လွှတ်ပေးတဲ့ ဆောင်း ဖက်က တောင့်ခဲ
ဖြစ်ကာ နာသွားသည်။ ဖက်ကို ဆောင်း ညာလက်ချောင်းနဲ့အသာပွတ်
ရင်း ဘယ်သူနဲ့မှ ရင်မဆိုင်ချင်သလို ဝမ်းနည်းမှုက ပျို့လာသည်။
ဆောင်းစိတ်က အားလုံး ရှေ့မှာ ထွက်သွားဖို့ ထရပ်လိုက်တော့

"သမီး"

မာမီ ပြောသမျှကို ခေါင်းညိတ်လိုက်တဲ့ ဆောင်းကို ဒယ်ဒီ
အားရကျေနပ်ဟန်မတူ။ အတည်ငြိမ်ဆုံးခေါ်သံပေမယ့် ဒယ်ဒီအသံက





ခင်နေသည်။ မျက်မှန်တပ်လေ့မရှိတဲ့ ဒယ်ဒီ မျက်နှာပြည့်ပြည့်ကို ဆောင်း
ဆုံမရဲလှမ်းကြည့်တော့။

"သမီး ရည်းစားထားဖို့ ဒယ်ဒီ ခွင့်မပြုသေးဘူး"

စိတ်ထဲမှာတော့ ဆောင်းကလည်း ရည်းစားထားဖို့ ခွင့်တောင်း
တာမှမဟုတ်တာ လို့ပြောမိသေး၏။

"သမီး ကိုကိုနဲ့မမကို ရည်းစားထားဖို့ ဒယ်ဒီနဲ့မာမီခွင့်ပြုပြီး
သား"

ဆောင်း ရင်မှာ ဘာကြောင့်မှန်းမသိ ခြောက်သွေ့သွား၏။
အနဲ့ကိုလေးမျက်နှာက ဆောင်းကို ပခုံးလေးဝင့်ကြည့်သည်။ ဘာတတ်
နိုင်သေးလဲ မိဆောင်းဆိုတဲ့ ဘဝင်လေးနဲ့ပါ။

"ဘယ်သူ့မှလက်ညှိုးထိုးပြီး မိုက်မဲဖို့ မကြိုးစားနဲ့၊ သူတို့
ဒီသားစုမှာ မက်လောက်စရာဘာမှမရှိဘူး။ သူ့အဖေက ဆောက်လုပ်
ရေးလုပ်ငန်း ပိုင်ရှင်ပဲ၊ ဝင်ငွေအားရစရာမကောင်းဘူး။ သူ့အမေက
သမီးမာမီလို စီးပွားရေးလာဘ်မြင်ပြီး ဘာစီးပွားရေးမှလုပ်တတ် ကိုင်
တတ်တဲ့ မိန်းမ မဟုတ်ဘူး။ သူ့အစ်ကို သူများကုမ္ပဏီက လခစား
ဝန်ထမ်း၊ သူ့အစ်မကလည်း သူများဖွင့်ထားတဲ့ ကွန်ပျူတာဆိုင်မှာ
အရောင်းမန်နေဂျာ သူများအလုပ်လုပ်နေတာ ဘာဝ အာမခံချက်
ဘာများရှိလို့လဲ

ဖက်ဝန်းဆိုတဲ့ကောင်က အဆိုးဆုံး၊ ဆယ်တန်းအောင်တာ
နှစ်နှစ်ရှိပြီ ကျောင်းမတက်ဘဲ လတ်လျားလတ်လျားနဲ့ အချိန်ဖြုန်းနေတဲ့
ဂျစ်ကန်ကန်ကောင်"

www.burmeseclassic.com

www.burmeseclassic.com



သူ့မိသားစုတစ်ယောက်ချင်းစီကို ရွတ်ချသလို ပြောနေတဲ့ ဒယ်ဒီ့စိတ်က တစ်ဖက်သားအပေါ် နှိမ်လွန်းရာရောက်သည်။

သူတို့မိသားစုမှာ ငွေဂုဏ်ကြေးဂုဏ်မရှိပေမယ့် နွေးထွေးတဲ့ စည်းလုံးမှုတွေရှိတယ်လေ။

ဆောင်းလိုချင်တာ သူတို့မိသားစုရဲ့ ချစ်ခင်တဲ့မေတ္တာတရား။ ဒယ်ဒီတို့ တန်ဖိုးဖြတ်တဲ့ ငွေတွေ၊ ဂုဏ်ပကာသနတွေ မဟုတ်ဘူးလေ။

"ဒယ်ဒီ ပြောတာ သဘောပေါက်လား"

"ပေါက်ပါတယ် ဒယ်ဒီ"

ရင်ထဲကမလာတဲ့ စကားလုံးကို ဒယ်ဒီတို့ ကျေနပ်စေဖို့ ဖျစ်ညှစ်ပြောလိုက်ရပေမယ့် ဆောင်းရင်မှာ မချမ်းမြေ့နိုင်ဖြစ်ရသည်။

"သဘောပေါက်တယ်ဆိုရင် စက်ဝန်းနဲ့မရောနဲ့ သူတို့မိသားစုကို အပေါ်ယံဆက်ဆံ"

"စိတ်ချပါ ဒယ်ဒီ"

ဒယ်ဒီ ပြောသမျှကို သံယောင်လိုက်နေရတဲ့ ဆောင်းရင်ထဲမှာ တစ်ခုခုငြိနေသလို ခံရခက်ကာ အစ်စို့စို့ချည်း။

သူ့မိသားစုအပေါ် ရှေ့ဆက် ဖိနှိပ်ပြောလာမယ့် မာမီ့မျက်ဝန်း ထဲက စကားလုံးတွေကို ဆောင်း ရင်မဆိုင်ချင်။

ဒယ်ဒီတို့ အားလုံးရဲ့မျက်ဝန်းရှေ့က ချာခနဲလှည့်ကာ ထိုအ အပြင်ဘက် မျက်နှာစာကို ပြေးထွက်ခဲ့မိသည်။

- ထိုစဉ်

ရုတ်ချည်းလှည့်ထွက်သွားတဲ့ ပုံရိပ်တစ်ခု။





ဘယ်အချိန်ကတည်းက ဆောင်းတို့တိုက်ရိုးနားရောက်နေမှန်း မသိပေမယ့် လျှပ်တပြက်မြင်လိုက်ရတဲ့ သူ့မျက်ဝန်းမှာ ဆောင်းတို့ မိသားစုပြောသမျှကို ကြားတယ်ဆိုတဲ့ စကားလုံးမျိုးထင်လျက်။

ဒယ်ဒီတို့ရဲ့ပြင်းထန်လွန်းတဲ့ သဘောထားအတွက် အခြေ အနေအရ အလိုက်သင့်ခေါင်းညိတ်နာခံရတဲ့ ဆောင်းကို အထင်လွဲသွား ပြီလား။

သေချာတာက မာမီတို့ဖိတ်ထားတဲ့ ညစာစားပွဲကို သူရောက် မလာ။

ထိုညက ဆောင်း ညစာမစားဖြစ်သလို အိပ်လို့လဲမပျော်ခဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဆောင်း တစ်ယောက်တည်းလား"

သူတို့ညှော်ခန်းထဲ လှမ်းဝင်သည်နှင့် ကိုနေ ဆီးမေးသည်။ ကိုနေ မေးဟန်က ဆောင်း မျက်ဝန်းငြိမ်သက်စွာ အံ့ဩသွားစေသည်။

နံနက်တိုင်း ဆောင်း တစ်ယောက်တည်း ဒီဘက်ခြံကူး နေကျ။ ဒီနေ့မှ တစ်ယောက်တည်းလား မေးဟန်က ထူးခြားနေသည်။

"လာလေ ဆောင်း"

"အင်း"

ကိုနေကို ဆောင်း တအံ့တသြကြည့်နေတော့ ကိုနေ ခေါ်ပြုံးသည်။ ဆောင်း ခေါင်းညိတ်၍ ညှော်ခန်းထဲ ဖြတ်မလျှောက်သေးဘဲ ကိုနေကို ငေးကြည့်လိုက်သည်။

အဝါနုရောင် ကွက်စိပ်ပုဆိုးနဲ့ ရှပ်လက်တိုအသားရောင်ကို





...င်သစ်ရပ်ရပ်ဝတ်ထားသည်။ ကိုနေက သန့်ပြန့်ချောမောနေသည်။ ...်လက်က နာရီကို တကြည့်ကြည့်ဖြစ်ကာ ပြတင်းပေါက်က ...တာစ အပြာနုရောင်လေးကို ဖယ်၍ ဆောင်းတို့တိုက်ဆီကြည့် ...ာ် စိတ်လှုပ်ရှားနေတဲ့ကိုနေက ဒီနေ့ထူးခြားနေတာ အမှန်။

အင်း ကိုနေ ထူးခြားနေသလို မမလည်း ထူးခြားနေတယ် ...့ ဆင်တယ်။ ဆောင်း ထွက်လာတော့ မမက မှန်ရှေ့ထိုင်ပြီး အကျ ...း ပြင်နေတာလေ။

မဟုတ်မှလွဲရော ကိုနေနဲ့မမ ချိန်းပြီး အပြင်ထွက်ဖို့ထင်တယ်။ ...ာင်း သိချင်၏။

"ဒါနဲ့ ကိုနေ ဘယ်သူ့ကိုစောင့်နေတာလဲ"

ကိုနေ အနည်းငယ်ရှက်နေဟန်နှင့် ဆံပင်တစ်ချက်သကာ

"သဝဏ်နဲ့ဘုရားသွားမလို့"

"ဟင်"

"ဒီနေ့ ကိုနေ့ မွေးနေ့လေ"

"အို့ ဆောင်းလည်း မသိရပါလား၊ ကြိုပြောမှပေါ့ ကိုနေ ...ဲ"

"ရပါတယ် ဆောင်းရယ် ကိုနေက ပွဲတွေဘာတွေ လုပ်တာ ...ာမပါလို့ အခု ဘုရားသွားမယ် ပြန်လာရင် ဘုန်းကြီးကျောင်းကို ...ျိုင်းသွားဖို့မယ် ဒီလောက်ပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ ဒါနဲ့ မမ သဝဏ်က ဘုရားလိုက်သွားမယ် ...ဘာ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း မယုံသလို မေးလိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ မမ သဝဏ်က ဘုရားသွားဖို့ ဘယ်တုန်းကမှ စိတ်ဝင်တစားမရှိဘူးလေ။ ကိုနေက ဣန္ဒြေထိန်း၍ စက်တီမှာ ထိုင်ချကာ ပြုံးလျက် ခေါင်းညိတ်သည်။

"တကယ် ဟုတ်လား ကိုနေ၊ မမက ဘုရားလိုက်မတဲ့လား"

"လိုက်မယ်တဲ့၊ အဲဒါကြောင့် စောင့်နေတာ"

ဆောင်း မသိမသာ သက်မချမိသည်။ မမက ကိုနေနဲ့တွဲရတာ မွေ့လျော်နေတယ်ဆိုတော့ ကိုနေနဲ့အတူ ဘုရားသွားဖို့ စိတ်ဝင်စား ပြီပေါ့။

"မေမေနဲ့လဝန်းက ဈေးသွားတယ်လေ၊ မကြာခင် ပြန်ရောက် မှာပါ ဖေဖေက အလုပ်ကိစ္စနဲ့ အပြင်ထွက်သွားတယ်၊ ဆွမ်းချိုင့်ပို့ပြီး တော့ ဖေဖေ အမီပြန်လာမယ်လေ၊ ဆွမ်းပို့ဖို့ မိသားစုအားလုံး သွားမယ် လိုက်ခဲ့လေ"

"အင်းပါ ဒါဆို ဘယ်သူမှမရှိဘူးပေါ့"

"စက် ရှိတယ်၊ ဝင်သွားလေ"

ကိုနေက ဆောင်းကို ဧည့်ခန်းထဲရှိနေစေချင်ဟန်မတူ။ အင်းလေ မမသဝဏ်လာမှာဆိုတော့

ကိုနေက အရင်လို တည်တည်တံ့တံ့လေး မဟုတ်တော့။ မမ သဝဏ်နဲ့တွဲမိပြီးမှ မမ အပေါ် စွဲစွဲလန်းလန်း ခံစားမိဟန်နှင့် မြူးကြွလာသည်က မဖုံးနိုင်မဖိနိုင်။

မမနဲ့ကိုနေ ချစ်သွားကြပြီလား။ ချစ်သူတွေဖြစ်သွားကြမည်



ရှုဆက်တာတွေဖြစ်လာနိုင်လဲ။

"သွားလေ ဆောင်း စက် ထမင်းစားခန်းထဲမှာရှိနေတယ်"

"ဪ အင်း"

ဆောင်း ဆက်မတွေးတော့။ အဖြူခံပေါ် အနက်ပွင့်လေးပါတဲ့ နုံးစကတ်ကားကားလေးကို ကိုင်ထားတဲ့ လက်ချောင်းတွေကို ဆောင်း သွတ်၍ ထမင်းစားခန်းထဲ ခြေဦးလှည့်သည်။

ကိုနေ လည်တဆန့်ဆန့်နဲ့မမကို အသည်းအသန် မျှော်နေ တာ သိရတော့ ဆောင်း ရင်ထဲမှာ တစ်မျိုးချည့်။

ထမင်းစားခန်းထဲ ဆောင်း ဝင်သည်နှင့် ကော်ဖီဖျော်နေတဲ့ သူက မော့ကြည့်သည်။

အကြည့်ချင်း အဆုံးမှာ ဆောင်း ပြုံးပြပေမယ့် သူ မပြုံး။ မျက်နှာထားနဲ့ အကြည့်လွှဲပြီး

"မေမေတို့ မရှိဘူး ဈေးသွားကြတယ်"

"ဆောင်း သိပါတယ်"

"သိရင် လှည့်ပြန်ပေါ့"

"ဘာဖြစ်လို့"

"နင့် မာမီနဲ့ ဒယ်ဒီသိရင် နင် အဆူခံထိမယ်"

"မာမီတို့မရှိဘူး မနက်အစောကြီး ပဲခူးဆင်းသွားတယ်၊ ကိုလေးလည်းပါသွားတယ်လေ"

ဆောင်း ပြောရင်း ထိုင်ခုံဆွဲကာ ထမင်းစားပွဲမှာ ဝင်ထိုင် သည်။ သူက ဖျော်ပြီးသွားတဲ့ ကော်ဖီကို ကြွေခွက်ထဲလောင်းထည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ငါက နင်မလာတော့ဘူးလို့ ထင်တာ"

"လာမှာပေါ့ သူ ဗိုက်ဆာနေပြီလား"

"မဆာတော့ဘူး မေမေတို့နဲ့ အစောကြီးစားပြီးပြီ"

"ဒါဆို အခု ဖျော်နေတဲ့ ကော်ဖီက"

"နင့်အတွက်"

ပြောရင်း ကော်ဖီခွက် ရှေ့တိုးပေးသည်။ အုပ်ဆောင်း အ ရောင်ကို ဖွင့်လိုက်ပြီး ပေါင်မုန့်မီးကင်နှစ်ချပ်နဲ့ ကြက်ဥဟပ်တို့ငြေ ပန်းကန်ကို ဆောင်း ရှေ့တိုးပေးသည်။

"စားလေ"

"အင်း"

ဆောင်း အတွက် မနက်စာအသင့်ပြင်ဆင်ပေးတတ်တဲ့ စိတ်က မပြောင်းလဲပေမယ့် သူ့အမူအယာက အေးတိအေး တင်းမာလျက်။

ဘာဖြစ်လို့လဲ စက်ဝန်းရယ်။

သူ ပြင်ဆင်ထားတဲ့ နံနက်စာကို တိတ်ဆိတ်စွာစားနေ ဆောင်းကို သူ စိုက်ကြည့်ပြီး

"နောက်နေ့ကစပြီး နင် ငါတို့ခြံဘက်ကူးမလာနဲ့"

"ဘာ ဘာဖြစ်လို့"

ပေါင်မုန့်ဝါးသံနှင့်ဆောင်း မော့ကြည့်ရင်း ဝမ်းနည်း မေးမိသည်။ ကော်ဖီမွှေထားတဲ့ စတီးဇွန်းရှည်ကို မဆေးသေးဘဲ ကိုင်ထားရင်း ဆောင်းကို မှုံမှိုင်မျက်နှာပေးနဲ့ စိုက်ကြည့်သည်။ ပြီး





မျက်ခုံးထူထူနှစ်ဖက်ပင့်ကာ

"နောက်နေ့ကစပြီး ငါ မရှိဘူး၊ ဖေဖေ အလုပ်ထဲသွား နေတော့မယ်"

"သွားပေါ့"

"အင်းလေ၊ ငါ သွားရင် နင်နဲ့စကားပြောမယ့်သူ မရှိတော့ ဘူး"

"အန်တီနဲ့ မမ ရှဝန်းတို့ရှိတာပဲ"

"သူတို့က သူတို့အလုပ်နဲ့အားတာမဟုတ်ဘူး၊ နောက်ပြီး"

သူ စကားဖြတ်သည်။ ဆောင်းက သူ စကားဖြတ်လိုက်တော့ ခံထဲမှာ တစ်စုံစုံ နင်သလိုဖြစ်သွားသည်။

"နောက်ပြီး ဘာဖြစ်လဲဟင်"

"ငါ နင်နဲ့မခင်ချင်တော့ဘူး"

"ဘာဖြစ်လို့"

"နင်တို့မိသားစုနဲ့ငါတို့မိသားစု စိတ်သဘောချင်း လုံးဝ မတူ ဘူး အခြေအနေချင်းလည်း သိပ်ကွာဟလွန်းတယ်"

"ဆောင်း က ခွဲခြားနေလို့လား"

"ဒါပေမဲ့ဟာ ရေရှည်မှာမလွယ်ဘူး"

"ဘာဆိုင်လဲ ကွယ်"

"ဆိုင်တာပေါ့"

ဆောင်း မော့ကြည့်တော့ ခွဲဆန့်ထားတဲ့ သူ့နှုတ်ခမ်းကို ပြွတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ခုဆိုရင် ကိုနေက နှင့်အစ်မကို ညွှတ်ချင်နေပြီ၊ နှင့်အစ်မနဲ့ ကိုနေ တကယ်ချစ်သူဖြစ်သွားရင် ကိုနေပဲ ခံစားရလိမ့်မယ်၊ နှင့်အစ်မက ရည်းစားများတယ်၊ ဒါတွေကို နင်သိတာပဲ"

ဝါးလက်စ ပေါင်မုန့်ကို မျိုချမိတဲ့ဆောင်း လည်မျိုမှာ စို့နင့်သလိုဖြစ်တာကြောင့် ကော်ဖီနဲ့ကမန်းကတမ်း မျောချလိုက်သည်။

"နင့်မိဘလည်း လက်ခံမှာမဟုတ်ဘူး၊ ဒါကြောင့် ကိုနေတို့ ချစ်သူမဖြစ်ဖို့ နင်နဲ့ငါ ခပ်ကင်းကင်းနေကြတာ ကောင်းတယ်၊ ငါတို့ နှစ်အိမ်ဆက်သွယ်ဖြစ်တာ၊ နင်နဲ့ငါ ခင်နေလို့ နင်နဲ့ငါ မခင်တော့ရင်"

"တော်ပါတော့ဟာ"

ဆောင်း ရင်မှာ ဝမ်းနည်းမှုက အတိုင်းမသိ ။ ခင်မင်မိတဲ့ စိတ်ကို ဒီနည်းနဲ့ဖြတ်တောက်လို့ ရမတဲ့လား။ ပြီးတော့ ရင်ခုန်နေမိတဲ့ ဆောင်း နှလုံးသားကရော သူ့ကို မမြင်ရရင် ရင်ခုန်သံရပ်ဆိုင်းသွားမယ် ထင်လို့လား။

"ငါ တကယ်ပြောတာ ဆောင်းသဝထိ"

"မပြောပါနဲ့တော့"

"ငါ ပြောတာက ငါတို့မိသားစု နှစ်စုကို စိတ်မဆင်းရဲရအောင် စိတ်မနာရဖို့"

"အင်းလေ သူက မခင်ချင်မှတော့"

"ငါပြောတာက"

"ဆောင်း နားလည်ပါတယ်"

ပြောပြီး ဆောင်း ထရပ်လိုက်တော့ သူ မော့ကြည့်သည်။





သူ့ မျက်ဝန်းမှာ ဆောင်းကို မခင်ရလို့ ခံစားရပုံမပေါ်။

ဆောင်းမှာသာ မျက်ရည်ကြည်တွေ ရစ်သိုင်းလို့။

"သူကျေနပ်အောင် ဆောင်း ဆင်ဆင်ခြင်ခြင်နေပါ့မယ်၊ စိတ်ချ နောက်နေ့ကစပြီး ဆောင်း ဒီခြံဘက်ကူးမလာတော့ဘူး။ ဆောင်း သွားတော့မယ်"

ပြောပြီးသည်နှင့် ဆောင်း လှည့်ထွက်ခဲ့မိသည်။ ဝမ်းနည်းလွန်းလို့ ဆောင်း မျက်ရည်တစ်စက သူ့ကို ကျောခိုင်းထွက်ခွာခဲ့တော့ ...တ်စနဲ့လွင့်ချခဲ့၏။

စက်ဝန်းရယ်

ဆောင်းနဲ့ မခင်ဘဲနေနိုင်တယ်ပေါ့လေ ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

သူပြောလို့သာ မခင်ဘဲ နေရပေမယ့် သူ့ကိုမမြင်ရဘဲ မနေနိုင်တဲ့ ဆောင်း စိတ်က သူ့ကို ရင်ခုန်စွာ စောင့်ကြည့်ရတာ နံနက်နဲ့ ညနေတိုင်းဖြစ်သည်။

သူ့ဖေဖေနဲ့သူအလုပ်သွားချိန်နဲ့ အလုပ်ပြန်လာချိန်တိုင်း ဆောင်း ချောင်းမြောင်းကြည့်ရှုခဲ့တာ သူမသိရှာ။

သူကတော့ နေနိုင်လွန်းသည်။ တစ်ခါတလေတောင် ဆောင်းကို ရှာဖွေမကြည့်မိ။

ဆောင်းနဲ့သူ မခေါ်ဘဲမခင်ဘဲနေကြရုံနဲ့ သူထင်သလို ဖြစ်မလာခဲ့။

အချစ်ကို ဆော့ကစားတတ်တဲ့ မမနဲ့အတွေ့မှာ ကိုနေရော မမကို အစွဲအလန်းချည်း စွဲလန်းကာ ချစ်သူတွေဖြစ်ခဲ့ကြ၏။





ကိုနေ မွေးနေ့ကပေါ့။ သူက မခင်နဲ့လို့ ပြောတဲ့နောက် ဆောင်း ...ည်းတကြီး လှည့်ထွက်ခဲ့မိသည်။

ဆောင်း တိုက်ထဲမဝင်ဘဲ ခြံထောင့်ရှိ သစ်ခွပန်းရုံနောက်က ...မှာ တစ်ယောက်တည်း ဝမ်းနည်းစွာထိုင်နေမိသည်။ ထိုစဉ် ...တို့ ကြားလိုက်ရတဲ့အသံကြောင့် ဆောင်း ငုံ့ကြည့်မိသည်။

အနီရောင် ပန်းလှပန်းရုံမြင့်မြင့်ကြီးတွေရဲ့နောက်မှာ ထွက်လာ ... မနဲ့ကိုနေ့အသံ။ ဘုရား သွားမယ်ဆိုတဲ့ ကိုနေက ဘယ်နှယ့် ...ကြောင့် ဘုရားမသွားဘဲ ဘယ်သူမှမမြင်နိုင်တဲ့ ရွက်လှပန်းချုံနောက် ...တ်နေတာလဲ။"

သိချင်စိတ်က ဆောင်း ခြေလှမ်းကို သယ်ဆောင်သွားသလို ...ဆောင်း လက်နှစ်ဖက်နဲ့ရွက်လှကိုင်းတစ်ခုကို ဖယ်ကာကြည့်မိတော့

"အိုး"

ဖွင့်ဟသွားတဲ့ ဆောင်း နှုတ်ခမ်းနှစ်လွှာကို လက်ဖဝါးတစ်ဖက် ... အသံမထွက်အောင် ဖိပိတ်လိုက်မိသည်။

မမက ကိုနေ့ရင်ခွင်ထဲမှာ။ မျက်နှာချင်းဆိုင် ဖြစ်နေတဲ့ မမက ...နေ့လည်တိုင်ကို သိုင်းဖက်ထားကာ မော့ထားတဲ့ မျက်နှာလေးက ...ကြည့်နေတဲ့ ကိုနေ မျက်နှာနဲ့ထိလုမတတ်။

အချစ်တွေနဲ့ရွှန်းရွှန်းစိုနေတဲ့ မျက်ဝန်းနှစ်စုံ စုံနေသည်က ...နိုကြာ။

"ကိုယ့်မွေးနေ့မှာ သဝဏ် အဖြေပေးမယ်ဆို"

ကိုနေ့အသံက ရင်ခုန်သံတို့နှင့် ဆာလောင်မွတ်သိပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ"

"အဲဒါဆို အဖြေပေးတော့လေ"

"ဟွန်း ကိုနေ ရင်ခွင်ထဲမှာ သဝဏ်ရှိနေပြီပဲ"

"ဒါပေမဲ့ သဝဏ် အဖြေပေးတာကိုပဲ ခံစားချင်တယ်၊ ကိုယ့်ကို တကယ်ချစ်တယ် မဟုတ်လား သဝဏ်"

မမ မေးဖျားလေးကို ကိုနေ တယုတယ ပင့်ကိုင်နေရင်းလေးနက်စွာ မေးသော်လည်း မမက ပြုံးနေတဲ့ နှုတ်ခမ်းလေး ပွင့်ဟကာ ပေါ့ပေါ့ပါးပါး ပြောသည်က

"ချစ်တာပေါ့"

"တကယ်"

"မယုံဘူးလား"

"ယုံချင်ပါတယ် သဝဏ်ရယ်"

"ယုံချင်ရင် သဝဏ် သက်သေပြမယ်လေ"

"ဘယ်လို"

ကိုနေက မဝံ့မရဲတဲ့ ချစ်ခြင်းကြောင့် ခပ်ထုံထုံဖြစ်နေပေမယ့် မမက ကိုနေလို အဖြူထည်မဟုတ်။

ပိပိရိရိ စေ့ပိတ်ထားတဲ့ နီတျာတျာ ကိုနေ့ နှုတ်ခမ်းအစုံကို တပ်မက်စွာကြည့်သည်။ ထို့နောက် ပန်းနုရောင် ဆေးခြယ်ထားတဲ့ မမ နှုတ်ခမ်းလွှာ ဖူးဖူးလေးက ဦးစွာ ကိုနေ နှုတ်ခမ်းဆီ ရှုရှုလေး တိုးကပ်၍ နမ်းကာမွှေးရှိုက်လိုက်တော့ ကိုနေမှာ ပထမတော့ အံ့ဩ ကာ





ပြီးတော့ ကြည်နူးခြင်းတွေနဲ့အတူ ရင်ခုန်သံရဲ့တောင်းဆိုမှုတွေ နောက်မှာ ကိုနေ့ အနမ်းတွေ လွင့်စင်ကျလာသည်က တရစပ်ဖြစ်သည်။

မမရဲ့ နှုတ်ခမ်းဖူးဖူးလေးသာမက မမ ပါးပြင်မို့မို့နဲ့ မမ ...ညိုတိုင်လှလှလေးပင် မကျန်ခဲ့။

အနမ်းတွေကို အသောမတတ် ယစ်မူးနေကြတဲ့ မမနဲ့ကိုနေတို့ ရဲ့ ရင်ခုန်သံကို ဆောင်း မကြည့်ရဲတော့။ လေနုအေးလေး တိုးဝင်လို့ ...အောင် ရင်ချင်းအစ်ကာ ထွေးဖက်ထားတဲ့ မမနဲ့ကိုနေက

ဟင့်အင်း

ဆောင်း မတွေ့ရဲ မမြင်ရဲ မခံစားရဲတော့။ ရှက်လှကိုင်းလေး ...ရှိ မျက်ချည်းလွှတ်ရင်း ဆောင်း အထိတ်တလန့် ပြေးထွက်ခဲ့သည်။

ဘုရား ဘုရား

ကိုနေနဲ့မမ တကယ်ချစ်သူတွေဖြစ်ကြပြီး ရှေ့ဆက် ဘာတွေ ...သွားမလဲ။

ကိုနေက တကယ့်ကို အရူးအမူး မြတ်မြတ်နိုးနိုး။

မမက အပျင်းပြေစေဖို့ အပျော်သက်သက်။ ခံစားချက်ချင်း ...တာ သိနေတော့ ဆောင်း ရင်မှာ မီးမြိုက်ခံရသလို ပူလောင်လျက်။

ဒါတင်မက

ကိုလေးကြောင့်လည်း ဆောင်း ရင်မှာ မီးတောက်ကြီးတွန်းရ ...း အဖြစ်တွေ

■ ■ ■

မမ လဝန်းရဲ့ ရှောင်ဖယ်ဖယ် ဆက်ဆံရေးကို ကိုလေး



www.burmeseclassic.com

ကောင်းသဝဏ် လုံးဝ မျိုမသိပ်နိုင်ဖြစ်ရသည်။

ကောင်းလို ကျိုကျိုတက်ချမ်းသာတဲ့ သူဌေးသားကို လဝန်းက ငြင်းချင်ချင်ဖြစ်နေတာ ဘယ်လိုမှသည်းခံချင်စရာ မကောင်းလှ။

ကောင်း ကို ဘယ်လိုမိန်းကလေးမှ ငြင်းဖို့နေနေသာသာ မဆွတ်ခင် ညွှတ်ကျလာတဲ့ မိန်းကလေးတွေချည်းသာ။

လဝန်းနဲ့ကျမှ

လဝန်းက ဘာကြောင့် ကောင်းကို ငြင်းချင်ရတာလဲ။ တဲ့ပေး တော့လည်း စာမပြန်။

နှစ်ယောက်တည်းတွေ့ချင်တယ် ပြောတော့လည်း ခေါင်းခါ တာက တရစပ်။ ညနေတိုင်း လဝန်းနောက်လိုက်နေရတာ လမ်းထဲက ကောင်တွေတောင် ကောင်းကို ရိသဲ့သဲ့ ပြောကြ၏။

အညော်ခံ တဲ့။

လဝန်းက ကျွန်ရြွေရပါတယ်ကွ၊ ကောင်းကင်သဝဏ် ဆိုတဲ့ ကောင်က တော်သလင်း ခွေးထီးလိုဖြစ်နေတာ တဲ့။

ဟုတ်တယ်ကွ မရှက်တတ်တဲ့ ယောကျာ်းတွေထဲမှာ ကောင်း ဆိုတဲ့ကောင်က နံပါတ်တစ် တဲ့။

ကောင်းကိုတွေ့တာနဲ့ အချင်းချင်းမေးဆတ်ပြောကြတာ ကောင်း သည်းမခံနိုင်။ အဆင့်အတန်းမတူတဲ့ ကောင်တွေနဲ့အဖက် မလုပ်ချင်လို့ မကြားချင်ဟန်ဆောင်ပေမယ့် ရင်ထဲမှာ ခံရခက်၏။

ဒီကောင်တွေရှေ့မှာ လဝန်း လက်ကိုဆွဲပြီး အရွဲ့တိုက်သွား ချင်စိတ်က ကြီးစိုးနေသည်။ လဝန်း ငြင်းနေတာက ကောင်း မာန





ာင်း အရှိန်အဝါကို ထိပါးသလို။

ပြည့်စုံချမ်းသာတဲ့ ယောကျာ်းတစ်ယောက်ရဲ့ မာနက သာမန် ် ပိုတယ်ဆိုတာ လဝန်း ကိုသိစေချင်တယ်။

ကောင်းလိုချင်တဲ့ လဝန်းဆီက အချစ်ကို ဘယ်နည်းနဲ့မဆို င်တယ်။ အဲဒါ ကောင်းရဲ့ အပြင်းပြဆုံးဆန္ဒ။ ကောင်း ဆန္ဒကို ာင်အထည်ဖော်ရမယ်။

ဟုတ်တယ်။

လဝန်း၊ စာအုပ်ဆိုင်က ပြန်အလာကို ခြံရှေ့က စောင့်နေမိ ည်။ လဝန်းကလည်း ဒီနေ့မှ ကြာလိုက်တာ။

ညနေခင်း ပတ္တမြားရောင်နေလုံးကြီးအဝင်မှာ မှောင်ရိပ်သန်းစ ာသည်။ စောင့်နေရတာကို ကောင်း စိတ်မရှည်။

ကောင်းက ခုဆို ခုမှကြုံက်တာ။ စာအုပ်ငှားဆိုင်ထဲမှာ စာအုပ် ကို ဟိုလှန်ဖတ် ဒီလှန်ဖတ်လုပ်ပြီး အချိန်ဖြုန်းနေတဲ့ လဝန်းလက် ဆွဲကာ ခေါ်ထုတ်ခဲ့ချင်သည်။ ထို့ကြောင့် စာအုပ်ဆိုင်ဘက် လိုက် ယ်ဆိုတဲ့ အတွေးနဲ့ ခြေလှမ်းစစဉ်

ဟော ဟိုမှာလာပြီ။

မှောင်ရိပ်သန်းစဖြစ်နေတဲ့ ညဦးအမှောင်မှာ လဝန်းရဲ့အရိပ် က ထင်းခနဲဝင်းနေတာပဲ။ အဖြူခံပေါ် အဝါပွင့်ခက်လေးတွေပါတဲ့ ပွင့်ဝမ်းဆက်ကို လက်စက ပုံရိုးရိုးချုပ်ဝတ်ထားတဲ့ လဝန်းက ်ဖြောင့်စင်းစင်း လှနေပါသည်။

ဝတ္တုနှစ်အုပ်ကို ကိုင်ရင်း လျှောက်လာဟန်က ခုံနှံ့လေး

ကြောင့်နေသည်က ကောင်း ရင်ခုန်သံကို ပိုမြန်စေသလို ကောင်း ဆန္ဒကိုလည်း အညွှန့်တက်လာစေသည်။

လမ်းမှာလည်း လူကရှင်းသည့်မို့ လဝန်းဆီက အဖြေကို မရအရတောင်းမယ်လို့ ဆုံးဖြတ်ထားတဲ့ ခြေလှမ်းနဲ့လဝန်းရှေ့မှာ ကောင်း လက်တားရပ်ကာ

"လဝန်း"

"ဩော် အင်း ကောင်း"

ကောင်းကို ဘွားခနဲမြင်ရသည်နှင့် လဝန်း ခြေတစ်လှမ်း နောက်ဆုတ်ကာ ကောင်းရှေ့မှ ရှောင်ထွက်ဖို့ ခြေလှမ်းပြင်သည်။

"နေဦး လဝန်းရယ်"

"ဟို နောက်ကျနေပြီ ကောင်းရဲ့"

"မကျပါဘူးကွာ"

"ဟင်အင်း မေမေ စိတ်ပူနေမယ်"

"နေဦး လဝန်းနဲ့မောင် ခဏလေး စကားပြောချင်လို့"

"ဟွန်း နောက်နေ့မှပြောနော် မှောင်လည်း မှောင်နေပြီ"

ပြောရင်း လဝန်း ဖွတ်တိုး ရှောင်ထွက်သွားတော့ ကောင်း မာနက လဝန်း လက်တစ်ဖက်ကို အတင်း ဖမ်းကာ ဆွဲလိုက်သည်။ လဝန်း ကိုယ်လေးက ကောင်း ရင်ခွင်ထဲ ယိုင်ခနဲကျ၏။

"အိုး"

ကောင်း ရင်ခွင်မှာ လဝန်းမျက်နှာ ရှက်ရိပ်လေးနဲ့လန့်ကာ ရုန်းဖယ်လျက်





"လွှတ်လေ ဘယ်လိုလုပ်နေတာလဲ ကောင်းရယ်၊ တစ်ယောက် ယောက်မြင်သွားရင်"

"မြင် မြင်ကွာ၊ လဝန်းကို မောင် ချစ်နေတာ သိသိချည်းနဲ့"

"မဖြစ်နိုင်တာကို"

"ဘာကို မဖြစ်နိုင်တာလဲ လဝန်း"

"အစစ အရာရာ ပေါ့ ဖယ်ပါ လွှတ်ပါနော်၊ လဝန်းသွားပါရ စေ"

"ဟင့်အင်း လဝန်း မောင့်ကို အဖြေပေးမှလွှတ်မယ်"

ရင်ခွင် ထဲရောက်နေတဲ့ လဝန်း ကိုယ်လုံး နွေးနွေးအိအိ သကို မလွှတ်ချင်။ တွန်းထိုး ရုန်းဖယ်နေတဲ့ လဝန်းကို ပိုပြီး တင်းကျပ်အောင် ဖက်ထားမိသည်က ရင်ဖိုလှုပ်ရှားမှုနဲ့သာ။

"ကောင်းရယ် လဝန်း တောင်းပန်ပါတယ် နော်၊ ကောင်း အချစ်ကို လဝန်း လက်မခံနိုင်ပေမယ့် မိတ်ဆွေလိုတော့ လဝန်း ခင်မင် ပါတယ် လွှတ်ပါနော် လွှတ်"

"မောင့်ကို ချစ်တယ်လို့ပြောမှ"

"ဖွတ်မလုပ်ပါနဲ့ ကောင်းရယ်"

တင်းတင်းလေး ပွေ့သိုင်းဖက်ထားတဲ့ ကောင်း ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ကြားက

"လဝန်းကို မောင် ချစ်တယ်၊ အချစ်မှာ မဖြစ်နိုင်တာဘာမှ မရှိဘူး။ လဝန်းရယ်၊ မောင့် အချစ်ကို မငြင်းပါနဲ့"

တတွတ်တွတ်ပြောရင်း လဝန်း မျက်နှာပေါ်အနှံ့ မွှေးချမိတဲ့

www.burmeseclassic.com



အနမ်းတွေက ခပ်ရှိုင်းရှိုင်း။

နီမြန်းရဲတွတ်ကာ တုန်ခါနေတဲ့ လဝန်း နှုတ်ခမ်းကြွကြွလေးက ကောင်း အနမ်းတွေ ပိုက်စိပ်တိုက်လွင့်ကျလာသည်က လဝန်းအာရုံမှာ မှုးမိုက်မတတ်။

"ချစ်တယ် လဝန်းရယ်၊ လဝန်းကို မောင် အရူးအမူး ချစ်တယ် မောင့်ကို ပြန်ချစ်နော်"

မှောင်ပျပျ အလင်းရောင်အောက်မှာ အနမ်းတွေကြောင့် လဝန်း မျက်နှာလေး ညိုညစ်ကာ

"မချစ်ဘူး ရှင် ဖယ် လွှတ်နော်၊ လဝန်း ရှင့်ကို မချစ်နိုင်ဘူး လွှတ်"

"ဟော့ကောင် လူယုတ်မာ"

"ဟင်"

ဆောင်း မျက်လုံးလန့်ဖြန့်ကာ ပြူးကျယ်သွား၏။ ကိုလေးရဲ့ ဖွတ်တရွတ် အနမ်းတွေအောက်ကနေ ရုန်းထွက်နေတဲ့ မမလဝန်း ဘက်က ဆောင်း ကူကယ်ချင်ပေမယ့် ကိုလေးကို ကြောက်လို့ ဂနာမငြိမ် ဖြစ်နေတဲ့ ဆောင်း စိတ်က ဘယ်လိုလုပ်လို့လုပ်ရမှန်းမသိ ဗျာများနေခဲ့သည်။

ကိုလေးက အချစ်နတ်ဆိုး ပူးတာပ်နေသလို မမ လဝန်းရုန်း ပြေးလို့မရအောင် တွေးဖက်ထားသည်မို့ မမခမျာ အသံကုန်ငြင်းရင်း ကိုလေး အနမ်းတွေအောက်က လွတ်မြောက်ခွင့်ရအောင် ကြိုးစားနေရှာသည်။





ထိုအခါ မမ လဝန်း မှောင်တဲ့အထဲ ပြန်မရောက်လို့ စိတ်ပူနေရှာတဲ့ သူက စာအုပ်ဆိုင်လိုက်သွားဖို့ ထွက်ခဲ့သည်။ မထင်မှတ်ဘဲ တွေ့ရတဲ့ မြင်ကွင်းကြောင့် ဒေါသတွေ ရှန်းကြွကာ

ကိုလေး နောက်က အင်္ကျီကော်လံကို မြဲမြဲကိုင်၍ ဆောင့်ဆွဲလိုက်တဲ့အခါ သူ့လက်ထဲ ကိုလေး နောက်ပြန်ပါသွားသည်။

"လူယုတ်မာ နမချင်းမစာနာတဲ့ ကောင်"

"ခွပ် ခွပ်"

ပြောရင်း ကိုလေး မျက်နှာအနှံ့ သူ့လက်သီးက ဆင့်ကာ ဆင့်ကာ ကျလာသည်။

မမ လဝန်းက ရှက်စိတ်နဲ့ မျက်နှာကို လက်ဖဝါးဖြင့်အုပ်ကာ ပြေးထွက်သွားတော့ ငှားလာတဲ့ ဝတ္ထုနှစ်အုပ် လမ်းပေါ်သို့လွင့်ကျသလို သူ ဆောင့်အံတွန်းမှာ ကိုလေး အထိုးခံထားရတဲ့ ကိုလေးကိုယ်လုံး လည်း ဝုန်းခနဲခွေကျသွားသည်။

"ဒီမှာ ကောင်းကင်သဝဏ် ငါ့အစ်မကို မင်း သိပ်စော်ကား လွန်းတယ်၊ နောက်တစ်ခါဆို မင်းကိုငါ့လက်နဲ့ အသတ်ပဲ မင်း သတိထား"

ဝတ္ထုနှစ်အုပ်ကို လမ်းပေါ်က ပြန်ကောက်ကာ ပြောရင်းချာခနဲ လှည့်ထွက်သွားတဲ့ သူ့ကို ကိုလေး အံတင်းတင်းကြိတ်ကြည့်ကာ

သူ့လက်သီးချက်ကြောင့် နှုတ်ခမ်းနဲ့နှာခေါင်းမှာ ယိုကျလာတဲ့ သွေးစိမ်းတွေကို ကောင်း လက်ခုံနဲ့သုတ်ရင်း ဖင်ထိုင်လျက် ဖရိုဖရဲကျ နေတဲ့ကိုယ်ကို လက်တစ်ဖက်ထောက်အားပြုကာ ရုန်းထမယ့် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကျမ်း။

"တောက်"

ကိုလေးရဲ့တက်ခေါက်သံနောက်မှာ အတ္တနဲ့ခံပြင်းမှုတွေခိုး လျက် နေနှင့်ဦး စက်ဝန်း။ ကောင်းမျက်နှာပေါ် လွင့်ကျလာတဲ့ မဇ် လက်သီးတွေ အတွက် ဒဏ်ပြန်ခံစားရစေမယ်ဆိုတဲ့ အခဲမကြေတဲ့ အငြိုးတွေနဲ့။

■ ■ ■



## အခန်း (၁၀)

"ဘာ"

အံ့သြကာ ရုတ်ချည်းလှည့်လာတဲ့ မမ သဝဏ်ရဲ့ ကာလာ မြယ်မျက်နှာက တင်းလျက်။ အားပါတဲ့ လက်သီးချက်ကြောင့် ဖြောင့် ဆင်းနေတဲ့ ကိုလေး နှာတံ ယောင်ပွနေသလို ပိရိလှပတဲ့ နှုတ်ခမ်း အစုံကလည်း ယောင်ကိုင်းထူအမ်းကာ အကျည်းတန်နေသည်။

"စက်ဝန်း ကထိုးတာ ဟုတ်လား"

ကိုလေး မျက်နှာကို စေ့စေ့ကြည့်၍ မမမေးတော့ ကိုလေး ရှောင်တင်နဲ့ မျက်နှာလွှဲပြောသည်။

"ဟုတ်တယ်"

"ဘာ ဒီ မလောက်လေး မလောက်စားကောင်က ကိုလေးကို ဆော်ရက်စက်စက်ထိုးတယ် ဟုတ်လား တောက်"

ကိုလေးဘက်က အခဲမကြေဖြစ်နေတဲ့ မမ က မြွေဟောက်



www.burmeseclassic.com

www.burmeseclassic.com



မလေးအတိုင်း။ မွေ့ရာနုနုခင်းထားတဲ့ ကိုလေး ခုတင်မှာ မမ တင်ပါး
လေးထိုင်ချပြီး

"နေဦး စက်ဝန်း ဘာဖြစ်လို့ ထိုးရတာလဲ ကိုလေး"

ကိုလေး မပြောရဲသလို မျက်လွှာချကာ ခုတင်ခေါင်း
ကျွန်းဘောင်ပေါ်ကို မှီချလိုက်သည်။ မျက်နှာကလည်း ရှက်ရေး
အရောင်ပြောင်းကာ

"ပြောလေ ဘာဖြစ်လို့ ထိုးရတာလဲ၊ မိဆောင်း ညည်း
ဘာမှမသိဘူးလား၊ ကိုလေး ခံလာရတာ မမြင်ဘူးလား ပြောစမ်း"

မဆီမဆိုင် အခန်းဝမှာရပ်ပြီး အခြေအနေကိုစောင့်ကြည့်
တဲ့ ဆောင်းဘက် မမ လှည့်မေးသည်။

ဆောင်း ဘယ်လိုဖြေရမှန်းမသိ အောင်ဖြစ်သွားလျက်

"ပြောလေ မိဆောင်း ညည်း သိကိုသိရမယ်၊ ပြော
ညည်းကောင် ဘာလုပ်ပါးဝပြီး ကိုလေးကို ထိုးရတာလဲ"

ကိုလေးဘက်က မမက ဆတ်ဆတ်ထိမခံ။ မေးပုံကို
ဆောင်း နဲ့မမက ညီအစ်မအရင်းမဟုတ်တဲ့အတိုင်း။ ပြီးတော့ သူ
လည်း ညည်းအကောင်ဆိုတဲ့ ရင့်ရင့်သီးသီး နာမ်စားသုံးပစ်တာ

မမရဲ့ အတ္တကို ဆောင်း သည်းမခံချင်တော့။ ကိုလေး
အမူအကျင့်ကိုလည်း မနှစ်မြို့တဲ့စိတ်က အနည်ထလာသည်။ ဆောင်း
ကိုယ်လုံးလေး မတ်ရပ်ကာ မျက်နှာပေးလေး မသိမသာတင်းလိုက်

"မမလဝန်းကို ကိုလေးက အတင်းဖက်နမ်းတာကိုး"

"ဟင်"





မမ မျက်လုံးပိုင်းစက်သွားသလို ကိုလေး မျက်နှာနီရဲကာ

"မိဆောင်း"

ရှက်ရမ်းရမ်းတဲ့ကိုလေးရဲ့ ဟန့်တားသံ။ ဆောင်း မမှုနိုင်တော့

"မဟုတ်လို့လား"

"မိဆောင်း ညည်းပါးစပ်ပိတ်ထားနော်"

ကိုလေးက ခုတင်ပေါ်က ဝုန်းခနဲဆင်းလာရင်း လက်ညှိုးထိုး
ခေါ်နေပေး၏။ မမ ခုတင်ပေါ်က ထလာပြီး ဆောင်းနဲ့ကိုလေး ကြားဝင်
ခံသည်။ ဆောင်း မျက်နှာ ရှေ့လက်ညှိုးထိုးထားတဲ့ ကိုလေးလက်ကို
ဆံကိုင်ရင်း ဆောင်းကို စေ့စေ့ကြည့်တဲ့ မမမျက်ဝန်းမှာ အနီရောင်
သန်းနေသည်။ ပြီးတော့ မမ နှုတ်ခမ်း လှလှလေးကို တစ်ချက်တွန့်သည်။

"နေပါဦး ဆောင်း ညည်းက ကိုလေးဘက်က မကာကွယ်တဲ့
ဘာလို့ ဖော်ကောင်လုပ်တာလဲ"

"မမ မေးလို့ဖြေတာ"

"ဩော် လက်စသတ်တော့ ညည်းက မောင်နှမဘက်က
မဟုတ်ဘဲ၊ ဟိုကောင်ဘက်က ပါနေတာကိုး"

"မမပဲ စဉ်းစားကြည့် မမ လဝန်းက မချစ်ဘူးလို့ ငြင်းလျက်
ကိုလေးက ဖွတ်အတင်းဖက်နမ်းတာလေ၊ စက်ဝန်း မြင်တော့
ဘယ်လိုက် ကြည့်နေမတဲ့လား၊ အစ်မကို အတင်း အဓမ္မစော်ကားတာ
ဘယ်မောင် က သည်းခံနိုင်မလဲ"

"တော်တော့ ညည်း ဆက်မပြောနဲ့ မိဆောင်း"

မမက ဆောင်း ပခုံးစွန်းကို လက်တစ်ဖက်နဲ့ ဆောင့်တွန်းရင်း



www.burmeseclassic.com

www.burmeseclassic.com



တား၏။ မမ တွန်းတဲ့အရှိန်က အားပါသည့်မို့ ယိုင်နဲ့သွားတဲ့ ဆောင်း ကိုယ်ဆောင်း ထိန်းရင်း နံရံမှာ ကိုယ်ကိုကပ်မှီရပ်မိသည်။

ပြောချင်တဲ့စကားတွေက ရင်ခေါင်းထဲမှာ ပို့တက်လာတာ ကြောင့် ဆောင်းနှုတ်ခမ်းလွှာကို စေ့ပိတ်လိုက်ရသည်။

"ကောင်းက လဝန်းကို ချစ်တယ်၊ လဝန်းက ကောင်းကို ငြင်းနေတယ်လေ၊ ကောင်း ခံပြင်းတာပေါ့၊ မမ သဝဏ် အဲဒါကြောင့် ကောင်း ဖွတ်နမ်းတာ အဲဒါ ဘာဖြစ်လဲ"

မမရှေ့မှာ ဆောင်းက ဖော်ကောင်လုပ်ပြီး ဆိုတော့ ကောင်း ဖုံးမထားချင်တော့။ ရှက်ပေမယ့် အပြစ်လွတ်အောင် ကောင်း ဘွင်းဘွင်း ပြောချလိုက်သည်။

"အင်းလေ ကောင်းက ချစ်လို့နမ်းတာပဲ"

"ဘုရားရေ"

မိန်းကလေးချင်း မစာမနာ။ မမ ပြောရက်သည်က မိန်းက လေးတစ်ယောက်ကို ဖွတ်ဖတ်နမ်းတဲ့ ကိုလေးမှာ အပြစ်မရှိသလိုချည်း ဆောင်း လန့်လန့်ဖြန့်ဖြန့်နဲ့ မျက်လုံးပြူးကာ ရင်ဘတ်ဖိပြီး မမကို စိုက်ကြည့်မိသည်။

မမက ပခုံးနှစ်ဖက် ပြိုင်တူပင့်ကာ မခိုးမခန့်ပြုံးပြီး

"ယောကျာ်းလေးနဲ့ မိန်းကလေး ချစ်လို့နမ်းတာ ဘာ အရေးကြီးခွင်ကျယ်လုပ်နေစရာမလိုဘူး"

"ဟင်"

ဒါဆို ကိုနေကို မမ နမ်းတာကလည်း ရေးကြီးခွင်ကျယ်





ဟုတ်ဘူးပေါ့။ တန်ဖိုးထားမြတ်နိုးခြင်းတွေမရှိတဲ့ အနမ်းက ဘာသ ဘာဆောင်နေမလဲ။

မမက မိန်းကလေးဖြစ်လျက် အနမ်းတွေကို ယင်နားစာလို သန့်မရှင်းဖြစ်အောင် လုပ်ချင်တဲ့အပေါ်စား စိတ်ဓာတ် မမဆီမှာ ဘာကြောင့်ရှိနေရတာလဲ။

စည်းပြင်ရောက်နေတဲ့ မမရဲ့စိတ်ကို ဆောင်း ဘယ်လိုနား လည်ပေးရမှာလဲ။ နောက်ပြီး ပြောသေးတယ်။

ကောင်း စိတ်နဲ့ကောင်း လဝန်းကို ချစ်လို့ နမ်းတာ ညည်း အောင် ဘာမှဆတ်ဆတ်ထိမခံဖြစ်စရာမလိုဘူး တဲ့။

ကြည့်စမ်း မမ စကားလုံးက လက်လွတ်စပယ်ချည်း။

"ဟုတ်တယ် မမသဝဏ် လဝန်းက ဘာမှမဖြစ်ဘူး၊ ဆောင်း အကောင် သက်သက်ဝင်ရှုပ်တာ ကောင်း လုံးဝ မကျေနပ် ဘူး"

ကောင်းဘက်က မမ ရပ်တည်တော့ ကောင်း အားတက်လာ သည်။ ကောင်းရင်ထဲ စက်ဝန်းကို မကျေနပ်မှန်းသိရတော့ မမကလည်း ထိုသားနဲ့ထပ်ဘူး။

"မမလည်း မကျေနပ်နိုင်ဘူး"

"လဝန်းက ပါးရိုက်တယ်ဆိုရင် ကောင်း ကျေနပ်နိုင်တယ်၊ ဆောင် သက်သက်မဲ့ လူစွာလုပ်တာ၊ ဒီကောင့်မျက်နှာ ကောင်း ခြေအောက် ရောက်အောင် လုပ်ပစ်ရမယ်၊ မမ သဝဏ်"

ကိုလေးက လက်သီးကျစ်ကျစ်ဆုပ်ကာ ဆိုပြန်သည်။ မမက



www.burmeseclassic.com

www.burmeseclassic.com



အားပေးအားမြှောက် ပီသပါပေသည်။ နှုတ်ခမ်းကို တင်းတင်းဖိကိုက်ပြီး

"လုပ်ပစ်၊ ဒီလို အညတြကောင်ကြောတာ လုံးဝမခံနဲ့၊ ကိုလေးကို နာကျင်အောင်လုပ်သလို မမလည်း သူ့အစ်ကိုကို နာကျင်အောင် လုပ်ပြမယ် ဟွန်း"

မမ ပစ်မှတ်က ကိုနေ့ဘက်လှည့်ပြန်သည်။ မမနဲ့ကိုလေးရဲ့ သိမ်ဖျင်းတဲ့ စိတ်ဓာတ်က အလျှားအနံ ထပ်တူကျနေသည်က သူ့တို့ မောင်နှမအတွက် အလားအလာမကောင်းမှန်း ဆောင်း ရိပ်မိလာသည်။

"နေပါဦး မမ သဝဏ်ရယ်"

"ဘာလဲ မိဆောင်း"

မမရှေ့ ဆောင်း ခေါင်းငုံ့ရပ်လိုက်သည်။ မမက ဆောင်းကို သူတို့ဘက်တော်သားဆိုတဲ့ အမြင်မျိုးနဲ့ ကျဉ်းမြောင်းစွာစိုက်ကြည့်သည်။

ဆောင်း ရဲဆေးတင်ကာ မမကို အယုံခံဝင်တဲ့မျက်ဝန်းလေးနဲ့မော့ကြည့်ပြီး

"ဟိုလေ မမ လဝန်းဘက်ကလည်း ငဲ့ညှာပေးပါဦး။ မမ လဝန်းက ကိုလေးအတင်းနမ်းတာကို ခံရတာလေ၊ မိန်းကလေးတစ်ယောက်အနေနဲ့"

"တော်တော့ မိဆောင်း နင် တစ်ခွန်းမှမပြောနဲ့တော့"

ကိုလေးက လက်တစ်ဖက်မြှောက်ကာ ရိုက်ချမတတ်ချိန်ရွယ်ရင်းပြောသည်။ ဆောင်းကိုယ်လုံးလေး ကျုံ့သွားစေသည်။ ကိုလေးကလက်ပြန်ရုပ်ရင်း





"နင့်အကောင်ရဲ့ အစ်မက ဘဝင်ကိုင်နေတာ၊ ဘဝင်ကိုင်လေကောင်းသဝဏ်ဆိုတဲ့ ကိုယ်က ပိုပြီးဖျစ်ညှစ်ချင်လေပဲ၊ စိတ်ချ နင့်အကောင်ရဲ့ အစ်မ ကိုယ့်လက်ထဲရောက်အောင် လုပ်ပြမယ်၊ မိဆောင်း နင် စောင့်ကြည့်လိုက်"

ပြောပြီး ဆောင်း ပခုံးစွန်းကို ကိုယ်တစ်ခြမ်းနဲ့တိုက်ကာ ထွက်သွားသွားတဲ့ ကိုလေး အတွက်ကို ဆောင်းမတွေးရဲတော့။

မမကလည်း ဆောင်းကို ပြိုင်ဘက်လို အခဲမကျေကြည့်ပြီး

"ဟုတ်တယ် ကိုလေးက ခံထားရတဲ့လူ လုပ်ချင်ရာလုပ်ပစေ၊ ညည်း ဘာမှ ကြားဝင်ပတ်သက်စရာမလိုဘူး"

"မဟုတ်သေးဘူးလေ မမ သဝဏ်"

ဆောင်း အရဲစွန့်ပြောလိုက်တော့ မမ လက်ဖျားလေးနဲ့ ဆောင်း မေးဖျားလေးကို ပင့်ကိုင်ကာ ဆောင်းမျက်နှာကိုမော့ကြည့်ပြီး စေ့စေ့ကြည့်သည်။ ပြီးမှ

"ဘာလဲ ညည်းက ဟိုကောင့် ရှေ့မျက်နှာလိုမျက်နှာရလုပ်ပြီး စိတ်ကူးနေတာလား"

"မမ ရယ်"

"မပြောနဲ့ ကိုလေးကို သွေးထွက်သံယိုဖြစ်အောင် လုပ်တဲ့ အကောင် ရင်ဘတ်နာသွားအောင် ကိုနေနဲ့ လဝန်းကို မမနဲ့ကိုလေး က လုပ်ပစ်ရမယ်၊ ညည်း မမတို့အကြံစည်ကို ကြားဝင်ရင် မာမီနဲ့ တိုင်မယ်"

ဆောင်း ရင်ဘတ်ကို မညှာမတာ တွန်းပစ်ရင်း ပြောသည်က



www.burmeseclassic.com

www.burmeseclassic.com



စီးစီးပိုင်ပိုင် ရှိလှသည်။

မာဓိက မမတို့ဘက်တော်သား ဆိုတော့ ဆောင်းကို ဒီလိုပဲ ဆက်ခံတော့မှာပေါ့။

"နောက်ပြီး ပြောရဦးမယ်၊ ညည်း ခုကစပြီး ဟိုဘက်ခြံ ကူးစရာ မလိုတော့ဘူး။ ညည်းကူးတာတွေ့ရင် ဒယ်ဒီနဲ့ဆုံးမနိုင်းမယ်။ ညည်း သစ္စာရှိရင် စိန်လိုက်လေ"

မျက်နုံးတန်းနက်နက်လေးကို ပင့်ကာ မထေမဲ့မြင်စိန်ခေါ်သွားတဲ့ မမကို ဆောင်း တုံ့ပြန်ပြောခွင့်မရခဲ့။

မခင်တော့ဘူး ပြောတာကလည်း သူတို့ခြံဘက်ဆောင်းမကူးဖြစ်တာ မမ မှမသိဘဲ။ အကယ်၍ သူ မတားခဲ့ရင် မမ အမိန့်ကို လွန်ဆန်ပြီး သူတို့ခြံဘက် ဆောင်းကူးဖြစ်မှာပါ။

ခုတော့

ဆောင်းရင်မှာ ကိုလေးနဲ့မမ အတွက်ကြောင့် ရှေ့ဆက်မတွေးရဲအောင် ဖြစ်ရပြီး

စက်ဝန်းနဲ့မမလဝန်းရယ်

ဆောင်း တောင်းပန်ပါရစေကွယ်။

■ ■ ■



အခန်း (၁၁)

"အို"

လက်တစ်ဖက်ဆွဲခံရလို့ ဒေါသလေးနဲ့ ဆောင်းလှည့်ကြည့်တော့ သူ ဖြစ်နေသည်။ သူ့မျက်နှာမြင်ရတော့ ထွက်လာကစ ဒေါသ ပြန်ဝင်သွား၏။

အနီးကပ် သူ့မျက်နှာကို မမြင်ရတာ ရက်ပေါင်းများစွာ ကြာပြီ။ မထင်မှတ်ဘဲ မြင်ရတော့ ဆောင်း မျက်ဝန်းက သူ့မျက်နှာကို ကြည့်မိသည်။

မျက်ခုံးထူထူနှစ်ဖက်ကို တွန့်ကာ ခံပြင်းမှုကြောင့် အရည်ကြည်လွှမ်းတောက်နေတဲ့ မျက်ဝန်းအစုံနဲ့စိုက်ကြည့်ပြီး

"လာခဲ့"

ဟု ဆောင့်ဆွဲရင်း ခပ်တင်းတင်း သူခေါ်တော့ ဆောင်း ဆန့်ဖို့မေ့သွား၏။ သူဆွဲခေါ်ရာနောက် တချွတ်ချိုက်ပါခဲ့သည်က



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကိုတောင် အသိမပေးခဲ့။

ဆောင်းနဲ့သူငယ်ချင်းတွေက ပလာဇာထဲက ဖက်ရှင်ရှော့ပ်ထဲမှာ ဒီဇိုင်းလှတဲ့ အထည်တွေ စိတ်ကြိုက်ရွေးနေကြတာလေ။ ကျောင်းကဖွင့်တော့မှာမို့ သူငယ်ချင်းတွေစုပြီး ဈေးဝယ်ထွက်ခဲ့တာ သူဘယ်လိုမြင်သွားသည်မသိ။ သူနဲ့ရင်ဆိုင်ရရင် ဆောင်းက အရာရာကို သတိလက်လွတ်ဖြစ်ရသည်ချည်း။ နောက်မှပဲ သူငယ်ချင်းတွေကို ရှင်းပြတော့မယ်။

ခုတော့ သူ ဆွဲရာနောက်ပါလာရင်း သိချင်စိတ်က ပေါ်လာသည်။

"ဘယ်သွားဖို့လဲ ဟင်"

"ဘယ်ပဲဖြစ်ဖြစ်"

မြန်မြန်ပြောနေတဲ့အသံက မာမာတင်းတင်း။ လှည့်မကြည့်ဘဲပြောရင်း လက်မလွှတ်တမ်းခေါ်ခဲ့သည်က ပလာဇာနဲ့ဝေးရာ တိုက်ခန်းအလွတ်တစ်ခုဆီ။ အခန်းဖွဲ့ပြင်ဆင်ထားခြင်းမရှိတဲ့ တိုက်ခန်းမှာဆောင်း နဲ့သူ နှစ်ယောက်တည်း တံခါးကို ဂျိန်းခနဲဆွဲပိတ်လိုက်တော့ဆောင်း တစ်ကိုယ်လုံးတုန်ခါသွားသည်။

သူ ဆောင့်တွန်းလိုက်တဲ့အရှိန်ကြောင့် ဆောင်းကိုယ်လိုင်းနဲ့ဖြစ်သွားသည်။ ဆောင်း ကိုယ်ကို ထိန်းမတ်ရင်း သူ့ကိုမော့ကြည့်ပြီး

"ဒီကိုခေါ်လာတာ ဘာလုပ်ဖို့လဲဟင်"

"နင် ကြောက်မနေနဲ့"

"ဘာ အဲ့ဲလုပ်ဖို့လဲ"





"ပွန်း"

အပြောရောင် ဂျင်းဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် လျှိုကာ ...ယ်မက်မတ်ချည်းနဲ့ မိုက်မဲတော့မယ့် ဟန်အတိုင်း ရပ်လျက် ဆောင်း... စိမ်းစိမ်းကြည့်သည်။ ပြီးမှ နံရံဖြူဖြူမှာ ပခုံးတိုက်မှီရပ်ကာ

"နင့်ကိုဖက်နမ်းရင် နင်ဘယ်လိုခံစားရမလဲ"

"အို"

မိတ်ကပ်ပန်းနုရောင်ဖျော့ဖျော့လေး လိမ်းခြယ်ထားတဲ့ ဆောင်း...မျက်နှာလေးက စတော်ဘယ်ရီရောင်ရဲရဲစွေကာ ရှက်သွားသည်။

"ပြောလေ နင်လည်း မိန်းကလေးပဲ"

မမလာဝန်းကို ဇော်ကားမော်ကား နမ်းတဲ့ ကိုလေး ကို လက်သီး...တွေ့ ရန်ဖြစ်ပြီးတာတောင် မကျေနပ်နိုင်ဘဲခံပြင်းမှုနဲ့ မေး၏။ ဆောင်း...ငိုလွှာချ၍

"ဆောင်း တောင်းပန်ပါတယ်"

"ဘာ"

"ကိုလေးရဲ့အစ္စအတွက် ဆောင်း တောင်းပန်ပါတယ်၊ ...ကျေနပ်ပါနော်"

"အဲဒါဆို နင့်ကိုလည်း ဖက်နမ်းပြီး ငါတောင်းပန်မယ်လေ၊ ...င် ကျေနပ်မလား"

တကယ် ဖက်နမ်းတော့မယ့်ဟန်နှင့် သူ့ခြေလှမ်းရှေ့တိုးလာ...တော့ ဆောင်း ရှက်လွန်း၍ ခြေလှမ်းနောက်ဆုတ်မိသည်။ သူ့ ...ခံ့တွန့်ကာ ဟက်ခနဲရယ်လျက် မျက်လွှာချထားတဲ့ ဆောင်းမျက်နှာ

www.burmeseclassic.com



ကို အမိအရ ငုံ့ကြည့်ပြီး

"နင့်အရှည့်ကျတော့ နင် နှမျောတယ်ပေါ့ ဟုတ်လား ဆောင်းသဝထ်"

"ဟိုလေ ကိုလေးက"

"ဘာလဲ နင်နဲ့မခင်တော့ဘူးပြောလို့ နင် ငါ့ကိုမကျေဘူး။ အဲဒီအတွက် နင့်အစ်ကိုကို မြှောက်ပေးလိုက်တာမဟုတ်လား။ ငါ့အစ်မ နစ်နာအောင်လေ"

"မ မဟုတ်ပါဘူး စက်ရယ်"

"ဘာလို့ မဟုတ်ရမှာလဲ နင့်အစ်ကို ငါ့အစ်မကို ဖက်နမ်းတာ သိလျက်နဲ့နင် လက်ပိုက်ကြည့်နေတာ ငါ မမြင်ဘူးထင်နေလား"

"ဟင့်အင်း"

ဆောင်း ခေါင်းခါလိုက်သည်က ဆံပင်ပျော့ပျော့လေး ဝဲဖြာသွားသည်အထိ ကိုလေးကို ကြောက်ရွံ့နှိုးလို့ ဆောင်း လက်ပိုက်ကြည့်နေရတာလေ။

"ဘာ ဟင့်အင်းလဲ၊ အဲဒီအချိန်က နင် ခြံထောင့်က ရပ်ကြည့်နေတယ် မဟုတ်လား"

"အဲဒါက"

"နင် မပြောနဲ့တော့ ဆောင်းသဝထ်"

ဘယ်တက်ကမှ ရှင်းပြခွင့်မရတဲ့ ဆောင်း အဖြစ်က မှန်ကြောင် စရာကောင်းပါသည်။ တင်းမာမာနဲ့မဲနေတဲ့ သူ့ဟန်ပန်က ဆောင်းကို သူ လှိုက်လှိုက်လှဲလှဲ မခင်မင်ခဲ့သလို စိုက်ကြည့်သည်။





ဆောင်း ရှင်းပြပါ့မယ်ဆိုတဲ့ မျက်ဝန်းနဲ့သူ့ကိုမော့ကြည့်ပြီး

"ဆောင်းလေ"

"နေဦး"

ဆောင်းကို ပြောခွင့်မပေးဘဲ ဟန့်တားကာ သူချည်းဖွတ်တိုး ပြောပြန်သည်။

"နင်နဲ့ငါ မခင်ချင်တော့ နင်တို့မိသားစုနဲ့ငါတို့ မိသားစု ဆက်ဆံရေး ဘယ်လိုမှ သဟဇာတ မဖြစ်လို့၊ နင့်ကို အထင်သေးလို့ ဘုတ်သလို နင့်ကိုမကျေနပ်လို့လဲမဟုတ်ဘူး၊ အေး နင်က အဲဒါကို အလည်မှူလွဲပြီး ငါခံစားရအောင် ငါ့အစ်မကို ဇော်ကားမော်ကား ချိုးနှိုင်းတဲ့ နင့်စိတ်ဓာတ်ကို ငါ အံ့ဩတယ် ဆောင်းသဝထ်"

"မဟုတ်ဘူး စက်ရယ်၊ စက် ထင်သလို မဟုတ်ပါဘူး"

"ဒါဆို နင်ဘာလို့ မမကို မကာကွယ်တာလဲ"

"ဆောင်းက ကိုလေးကို ကြောက်ရတယ်လေ"

"အပိုတွေ"

"တကယ်ပါ စက်ရယ်"

ဆောင်း လက်ချောင်းလေးတွေကို ဆုပ်ထွေးရင်း စက် ယုံ ာင် ဖြေရှင်းချက်ပေးဖို့သာ စိတ်စောနေမိသည်။

"စက် ပြောတဲ့အတိုင်း ဆောင်း နေခဲ့တယ်လေ၊ စက်နဲ့ င်ဘဲ စက်တို့ခြံကို မကူးဘဲနေခဲ့တာ စက်အသိပဲ၊ ကိုလေးက သူ ချက်နဲ့သူ မမ လဝန်းကို အနိုင်အထက်ချစ်ရေးဆိုတာ ဆောင်း ာတတ်နိုင်မှာလဲ၊ ဆောင်းက ကိုလေးထက် ငယ်တယ်လေ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရတယ်။ ဆောင်း ဘယ်လိုလုပ်ကြားဝင်ရမှာလဲ"

"ဒါဆို နင့် ပယောဂမပါဘူးလို့ နင် လိပ်ပြာသန့်သန့် ပြေ ရဲလား"

"ဝန်ခံရဲတယ် စက်ရယ်"

"ကောင်းပြီလေ"

ဂျင်းဘောင်းဘီအိတ်ထဲ လျှိုထားတဲ့ လက်တစ်ဖက်ကို ဆွဲထုတ်ပြီး နဖူးပေါ် ဖရိုဖရဲကျနေတဲ့ ဆံပင်ပွပွကို နောက်ဘက်သို့ တစ်ချက်သပစ်သည်။ ဆောင်း သူ့ကို တည့်တည့်ချည်း စိုက်ကြည့် ပြီး

"ဆောင်း တကယ်ပြောတာပါ"

"နင့်ဘက်က လိပ်ပြာသန့်တယ်ဆိုရင် နင့်အစ်ကို နာကျင် အောင် ငါ တစ်ခုခုလုပ်ရလိမ့်မယ်"

"ဟင်"

'ဟုတ်တယ်"

"ငါ့အစ်မကို ထိလို့ ငါနာသလို နင့်အစ်ကိုလည်း နာအောင် လေ"

"ဘာ ဘာလုပ်ဖို့လဲ ဟင်"

"နင့်ကိုလည်း ငါနမ်းပစ်ဖို့ပေါ့"

"အို"

ဆောင်း ပါးပြင်နှစ်ဖက်ကို လက်ဖဝါးအစုံနဲ့ အထိတ်တလန့် ဖုံးကွယ်လိုက်မိသည်။





"ဟုတ်တယ် နင့်ကိုငါ နမ်းလိုက်တာ သိရင် နင့်အစ်ကို ဘယ်လောက်တောင် ခွေ့ခွေ့ခုန်သွားမလဲဆိုတာ ငါမြင်ချင်တယ်၊ ဒါကြောင့်"

"ဟင့်အင်း"

အပြုံးအဝေးတွေနဲ့ လက်စားချေချင့်ပြနိမယ့်အနမ်းမျိုး ဆောင်း မခံပါရစေနဲ့။ ဆောင်း ခေါင်းရမ်းကာ ငြင်းတော့ သူ့နှုတ်ခမ်းက နာကျင် စွာပြုံးသည်။

ဆောင်းကိုငုံ့ကြည့်နေရာမှ လက်နှစ်ဖက်ခါးထောက်ကာ မတ် တတ်ရပ်ရင်း ပြောင်းရပ်ရင်း ဆောင်း ရှေ့တိုးလာတဲ့ သူ့ခြေလှမ်းကို ဆောင်း ခုခံမဆိုင်ရဲ။ ကိုယ်လုံးလေးကျုံ့ကာ ဆောင်း ရှောင်ပြေးဖို့ ခြေလှမ်း ပြင်ဆယ် နောက်ကျသွားလေပြီ။

ထဘီ ရင်လျားပုံကိုယ်ကျပ် ဂါဝန်စိမ်းဖျော့ရောင်ပေါ် ထပ်ဝတ် ထားသည့် ဝေ့စကုတ် ပုံလက်ပြတ်စိမ်းရင့်ရောင်လေးကြောင့် ပေါ်လွင် နေသော ဝင့်ပဖွေးဥနေတဲ့ ဆောင်းပခုံးစွန်းလေးပေါ် အားနဲ့ဖိကိုင်ခံရတဲ့ သူ့လက်တစ်ဖက်ကြောင့် ဆောင်း ကိုယ်က ယိုင်ကျကာ နံရံဖွေးဖွေးနဲ့ ကပ်လျက်ဖြစ်သွား၏။

"တောင်းပန်ပါတယ် စက်ရယ် တောင်းပန်ပါတယ်"

ဆောင်းလက်ကလေးနှစ်ဖက်ကို ရင်ဘတ်ရှေ့မှာ ဆုပ်ထွေး ရင်း သူ့ရင်ခွင်ရှေ့မှာ ခေါင်းငုံ့ရင်း ဆောင်း လှိုက်လှိုက်လှဲလှဲ တောင်း ပန်မိသည်။

သူ နာကျင်တဲ့အပြုံးနဲ့ငုံ့ကာစိုက်ကြည့်ရင်း ဆောင်း မေးဖျား



www.burmeseclassic.com

www.burmeseclassic.com



လေးကို ပင့်လိုက်တော့ မော့လျက်သားဖြစ်သွားတဲ့ ဆောင်း မျက်နှာ သူ့နှုတ်ခမ်းအစုံ တိုးကပ်လာသည့်အခါ ဆောင်း ခေါင်းခါငြင်းရင်း မျက်လွှာ စင်းကျသွား၏။

သူ့ရဲ့တုန့်ပြန်အနမ်းတွေကို ဆောင်း မငြင်းရဲ မခံစားရဲ ပီကေ ဝါးလေ့ရှိတဲ့ သူ့နှုတ်ခမ်းမှာစွဲနေတဲ့ ပီကေနံ့တိုးဝင်လာစဉ် ဆောင်း နှလုံးသားမှ ဝမ်းနည်းကြေကွဲခြင်းက ခေ့ပိတ်ထားတဲ့ မျက်လုံးထောင့် စွန်းမှ ပါးပြင်ထက် ဒေါင်လိုက်ယိုစီးကျလာသည်။

အငြိုးအတေးတွေပြည့်သိပ်နေတဲ့ သူ့နှုတ်ခမ်းနှစ်လွှာ ဆောင်း မျက်နှာပေါ်အနှံ့ နမ်းပစ်မှာလား။

လိမ္မော်ရောင် ခေးဆိုးထားတဲ့ ဆောင်း နှုတ်ခမ်းဖူးဖူးလေး လား။ ဒါမှမဟုတ် ပန်းဖျော့ရောင် လဲ့လဲ့စိုနေတဲ့ ဆောင်းပါးပြင်အိအိ မို့မို့လေးကိုလား။

ပီကေ ရနံ့မွှေးထုံနေတဲ့ စက် နှုတ်ခမ်းလွှာက တုန့်ဇုန့်ယင် ယင် ဖြစ်နေရှာသည့် ဆောင်းနှုတ်ခမ်းသားဆီ ရွရွလေး ထိလု တိုက် မတတ်။

တန်ပြန်အငြိုးတွေနဲ့အနမ်းတွေက မိုးလိုရွာမယ်ဆိုလဲ ရွာ လိုက်ပါတော့ စက်ရယ်။

မလွှန်ဆန်ရဲအောင် ရင်ခုန်သံက တောင့်တနေတော့လည်း စက် ရက်စက်သမျှ ခံယူဖို့ အသင့်ဖြစ်နေပြီဖြစ်တဲ့ ဆောင်း ကိုယ်လုံး စက် ရင်ခွင်ထဲ လျှော့နွဲ့အိကျသွားသည်က ရှုတ်ချည်းဆိုသလို။

■ ■ ■



အခန်း (၁၂)

မြတ်နိုးလွန်းတဲ့ ရင်ခုန်သံက ပွင့်ဖတ်လေးတွေအလား နူးညံ့ တဲ့နှုတ်ခမ်းလေးကို မနမ်းရက်။

အနမ်းတွေကို အသိတရားနဲ့ချက်ချင်း ဘရိတ်အုပ်ကာ။

ရင်ခွင်ထဲရောက်နေပြီဖြစ်တဲ့ ကိုယ်လုံးအိအိလေးကို ထွေးဖက် ထားမိတဲ့လက်ကို ဖြေလျှော့လိုက်သည်။

"နင့်ကို မနမ်းရက်ဘူး ဆောင်းသဝဏ်"

ရင်ထဲမှာပဲပြောလိုက်ပေမယ့် အသံက လွှတ်ခနဲထွက်သွား သည်သာ။ အကောင်းစားရေမွှေးနံ့ထုံသင်းနေတဲ့ ကိုယ်လုံးမွှေးမွှေးလေး က ဆွဲဆောင်မှုရှိသော်လည်း ကိုယ်ချင်းစာမိသည်။

ရုတ်တရက်မို့ ကိုယ်လေးပျော့ကာ နံရံကိုမှီလျက် ဆယ်ခနဲ ထိုင်ချကာ ဒူးနှစ်ဖက်သိုင်းဖက်ရင်း ဒူးပေါ်မျက်နှာမှောက်ငိုရှာသည်က



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသဝဏ်ပါပဲ။

သူ ပြုံးသမျှ ပေးဆပ်ချင်တဲ့ မျက်နှာလေးကို မြတ်နိုးလွန်းလို့ မနမ်းရက်ပေမယ့် ကျောခိုင်းထွက်သွားဖို့အထိ သူ့စိတ်က မမာနိုင်။

ဆောင်းဘေး ကပ်ထိုင်၍ ဆောင်းပခုံးကို ဖွဖွဖက်မိ၏။

"နင် အရမ်းဝမ်းနည်းသွားလား"

ကျောလယ်ထိရှည်ပြီးဖြစ်တဲ့ ဆံနွယ်ပျော့စင်းစင်းလေးက ငုံ့ထား တဲ့ ဆောင်းမျက်နှာပေါ် ဝဲကျနေသည်။

ဆံနွယ်တွေကို နားရွက်နှစ်ဖက်နောက် သပ်ဖယ်ပေးရင်း ဖြူ စင်စင်လှတဲ့ ဆောင်းမျက်နှာလေးကို မြတ်နိုးစွာ ကြည့်မိပြန်သည်။

"ဆောရီးပဲ နင် ဝမ်းနည်းအောင် ငါ မလုပ်ချင်ဘူး။ မင်း နဲ့ ဆောင်းရယ်"

ပါးပြင်အိအိလေးပေါ်က မျက်ရည်ပုလဲတွေကို ဖယ်ရှားပေး သည့် သူ့လက်ညှိုးလေးက ဖွဖွလေးဖြစ်ကာ တယုတယရှိလှသည်။

"ငါ ယုံချင်ပါတယ် နင့် ပယောဂမပါဘူးလို့ ငါယုံကြည်ခဲ့ တယ်၊ ဒါပေမဲ့ ငါ့စိတ်က လက်မခံချင်ဖြစ်ပြီး ပေါက်ကွဲမိတာ၊ နင် ဝမ်းနည်းနေရင် ငါ ဘယ်လိုဖြေရမလဲ၊ ဝမ်းမနည်းပါနဲ့ ဆောင်းရယ် နော်"

မေးဖျားလေးကိုပင့်ကိုင်ရင်း ဆောင်းဝမ်းနည်းစိတ်ပြေအောင် ချော့မိပြန်သည်။

"နော် ဆောင်း နင့်ကို ငါခင်ပါတယ်၊ နင်ကော ငါ့ကိုခင်တယ် မဟုတ်လား"





ဆောင်း ကိုယ်လုံးလေးသိမ့်ခနဲတုန်အောင် တစ်ချက်ရှိုက်ရင်း ခေါင်းညိတ်တော့ သူ ဘယ်လိုမြတ်နိုးသွားမှန်းမသိ။

ဝမ်းနည်းမျက်ရည်ကြောင့် စိုကပ်ပူးတွဲနေသော ဆောင်းမျက် တောင် ကော့ကော့လေးကြားမှ မျက်ရည်တွေကို ဖယ်ရှားပေးမိတဲ့ နောက် အကြည့်ချင်းဆုံသည်။

အကြည့်တွေ ရှုန်းလှဲ့ကာ ယုံကြည်နားလည်မှုတွေနဲ့။

"တကယ်တော့ ငါ နင်နဲ့မခင်ဘဲမနေနိုင်ခဲ့ဘူး ဆောင်းရယ်၊ ချစ်နိုင်တဲ့ အခြေအနေကို ဆိုးဆိုးဝါးဝါးမဖြစ်စေချင်လို့ ကြိုတင်အဆက် ဖြတ်ခဲ့တာ ငါ စိတ်မကောင်းဖြစ်ရသလို နင်လည်း ဝမ်းနည်းရတယ် နော်"

ခနဲတော့လည်း တိမ်ညှာတ်နေတဲ့ ဆောင်း စိတ်က သူ့စကား လုံးတွေထဲ နစ်ဝင်သွားသည်က နူးနူးညံ့ညံ့ပါပဲ။

"ဘာတတ်နိုင်မှာလဲ ဆောင်းက ကိုလေးတို့အားလုံးကို ကြောက်နေရတာလေ၊ မမလဝန်းကို ငဲ့ညှာပေးမယ့်လည်း"

"အင်းလေ နင့်အစ်ကိုက မိုက်ရိုင်းတာ၊ နှမချင်းမစာနာတာ၊ အဲဒီပေါ် တာနိုးမထားဘဲ ရမ်းကားတာလေ"

"အဲဒီအတွက် ဆောင်း ထပ်ဆင့် တောင်းပန်ပါတယ် စက် ရယ် ကျေနပ်ပါနော်"

ကိုလေးကို မကျေနပ်နိုင်သေးတဲ့ စက်မျက်နှာတင်းတင်းလေး ကို မော့ကြည့်ရင်း ဆောင်း အယူခံဝင်မိသည်။ ဆောင်း လက်ချောင်း သေးကို တင်းအောင်ဖျစ်ကိုင်ရင်း ဆောင်း နှုတ်ခမ်းလွှာလေးကို ငုံ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လာတော့

"နော် စက် ဆောင်းကို နားလည်ပေးပါ"

"ဒါပေမဲ့ ရှေ့ဆက် ဒီလိုအဖြစ်တွေမကြုံချင်ဘူး"

"စက် ဆိုလိုတာက"

"ကိုလေးကို မရမ်းကားစေချင်ဘူး ပြီးတော့ နင့်အစ်မကြောင့် ကိုနေ နှလုံးသားကို အကျည်းမတန်စေချင်ဘူး၊ ငါပြောတာက နင့်အစ်ကိုနဲ့အစ်မကြောင့် ငါ့အစ်ကိုနဲ့အစ်မ ဝေဒနာမခံစားရအောင် ခပ်ကင်းကင်းဖြစ်စေချင်တယ်၊ နင် ကူညီနိုင်မလား"

ဆောင်း နှုတ်ခမ်းလေးစေ့ကာ သက်ပြင်းချရင်း သူ့ရင်ခွင်မှာ အရုပ်ကလေးလို ငြိမ်သက်နေမိသည်။

"ငါ တစ်ဖက်သတ်ပြောနေတာ မဟုတ်ဘူး ဆောင်းရယ် မမလဝန်းကို နင့်အစ်ကို အတင်းအဓမ္မ ရမ်းရမ်းကားကား ဆက်ဆံသလို ကိုနေကိုလည်း မမသဝဏ်က ကစားစရာလို သဘောထားတယ်လေ ကိုနေနဲ့ချစ်သူဖြစ်နေလျက် ရည်စားဟောင်းတွေနဲ့ပြန်တွဲတယ်၊ ခုဆိုရင် ပိုင်နိုင်ဆိုတဲ့ကောင်နဲ့ ကိုနေ ရှေ့မရှောင် ပလူးပလဲ ဖြစ်နေကြတာ ကိုနေ ဘယ်လောက်ခံစားရတယ် ထင်လဲ"

ဆောင်း ရင်မှာ မွန်းကြပ်လာသည်။ ကိုလေးကြောင့် စိတ်ညစ်ရသလို မမသဝဏ်ကြောင့်လည်း စိတ်အနှောင့်အယှက်ဖြစ်ရတာပါပဲ။

"နင့်အစ်မ ပိုင်နိုင်နဲ့တွဲပုံက သာမန်ချစ်သူဆိုတဲ့ ဘောင်ထက် လွန်နေတယ်ဆိုတာ ကြည့်ရုံနဲ့သိတယ် အဲဒီ အကြောင်းတွေကို ငါ့ထက် နင်ပိုသိတာပဲ ဆောင်းရယ်၊ ဘာကြောင့်များ ကိုနေ နှလုံးသားကို





ကြီးရှည်ရှည်နဲ့လှန်ပြီး မထိခလုတ်ထိခလုတ်လုပ်ထားရတာလဲ"

ဆောင်း ရင်မှမွန်းကြပ်တဲ့ သက်ပြင်းတွေ အကြိမ်ကြိမ်ချရသည်သာ။ ပိုင်နိုင်နဲ့မမသဝဏ် ဖြစ်စဉ်အစအဆုံး သူမသိတာပဲ ကောင်းပါတယ်။

ပိုင်နိုင်က မမသဝဏ်ရဲ့ရည်းစားဦး နှစ်ဖက်မိဘကလည်း သင်းနိုးသူ။ ကိုပိုင်နဲ့မမကို သဘောလည်းတူသည်။ ဘာကြောင့်မှန်းမသိ ဆူစပ်မလိုဖြစ်ခါနီးမှ ကိုပိုင် နိုင်ငံခြားထွက်သွားလို့ မမ အဆွေ့ကဲဖြစ်ခဲ့တာလေ။ ကိုပိုင် မရှိတော့ မမက ယောကျ်ားတွေရဲ့စိတ်ကို စူးစမ်းရမယ်ဆိုတဲ့ အယူအဆနဲ့ ရည်းစားတွေတစ်ယောက်ပြီးတစ်ယောက်နဲ့ တွဲခဲ့တော့တာ။

ရည်းစားဖြစ်လို့ တွဲတာ၊ ဖက်တာ၊ နမ်းတာက သဘာဝပါပဲ။ ဒါကို တွန့်တိုစရာ နှမြောနေစရာမလိုဘူး။ အဓိကက နှလုံးသားအတွက် အကျနှစ်နှစ်သိမ့်မှုပေးနိုင်တဲ့သူ။ ဂုဏ်ချင်းထပ်လို့မြတ်မယ့်သူကို စကာတင်ရွေးပြီးယူရမယ် ဆိုတဲ့ ကြွေးကြော်မှုမျိုးနဲ့ ရည်းစားတွေ ထားပြီး စကာတင်ရွေးနေခဲ့တာ ကိုနေနဲ့ပါဆို မမရည်းစားက တစ်ဒါဇင် မကတော့၊ ဘိတို့က ခွင့်ပြုထားတော့လည်း မမ စိတ်ကြိုက်တွဲလိုက် ဖြတ်လိုက်၊ တွဲလိုက်နဲ့။

ဒီလိုနဲ့ လွန်ခဲ့တဲ့ တစ်လက ကိုပိုင် နိုင်ငံခြားကပြန်ရောက်သည်။ ကိုပိုင်က ရည်းစားဦးဖြစ်ခဲ့တော့ မမက တစ်ခြားရည်းစားတွေ ဘက်ဖို့ပြီး ဇွဲစွဲလန်းလန်းဖြစ်ဟန်တူသည်။

အထူးသဖြင့် ကိုနေလို အေးအေးဆေးဆေးနဲ့တည်တည်ငြိမ်တဲ့

www.burmeseclassic.com



လေး မပာတ်တဲ့ ကိုပိုင်က နိုင်ငံခြားမှာ ငါးနှစ်နီးပါးနေပြီး ပြန်လာသူ ဆိုတော့ မြင်လိုက်တာနဲ့ ရင်ဖိုသွားအောင် ဆွဲဆောင်နိုင်စွမ်းတဲ့ ခပ်ရဲရဲ ခပ်သွက်သွက်ပုံစံဖြစ်လာတာဆိုတော့။

အင်း မမ မက်မောတဲ့ စကားလုံးတွေ ရင်ဖိုဖွယ်အနမ်းမုန်တိုင်း တွေ၊ စက္ကန့်မလပ် ညှို့ထားနိုင်တဲ့ အကြည့်တွေနဲ့ယစ်မူးပြီး ချော့မော့ လိုက်တော့ မမက ကိုပိုင် ရင်ခွင်ထဲပြန်ရောက်သွားသည်သာ။

ချောင်းပေါက်မတတ် ကိုပိုင်လာနေတော့ ကိုနေက မြင်သည်။ ကိုနေက တစ်ယောက်တည်းကိုသာ စွဲစွဲလန်းလန်းချစ်ခဲ့တာဆိုတော့ ထိခိုက်ကြေကွဲတာပေါ့။ ကိုနေ ခံစားရတာ သိလျက် မမက ကိုနေ ရှေ့မှာတင် ကိုပိုင်ခါးကိုဖက်ကာ အမြင်ရှက်အောင် တွဲပြခဲ့တာလေ။

ဆောင်းမှာတော့ ကိုနေကို အားနာသလို သနားလည်း သနားတယ်။ ကိုနေ့အတွက် ဆောင်း စိတ်မှာ မမကို ဘဝင်မကျဖြစ်နေ တော့ ။

"မမ သဝဏ်ရယ်၊ ကိုနေရှေ့မှာ အဲလိုမတွဲပါနဲ့နော်"

လို့ ပျော့ပျော့လေး ပြောမိပါတယ်။ မမက ဆောင်းကို နှာခေါင်းရှုံ့ကြည့်ပြီး ပြောတာက သိပ်ကိုအတ္တကြီးလွန်းတယ်လေ။

"ဒီမှာ ဆောင်း မိန်းကလေးဆိုတာ ရည်းစားတစ်ထောင် ထားပြီးမှ လင်ကောင်းတစ်ယောက်ရွေးနိုင်ရင် တော်ကာကျမယ်၊ ကိုနေ က ရိုးရိုးအေးအေးပုံမို့ တစ်မျိုးချစ်စရာကောင်းပေမယ့် တစ်သက်လုံး အတွက် ချစ်ဖို့ ဇီလင်မရှိဘူး၊ ပြီးတော့ ဘဝအာမခံချက် ဘာမှမရှိတဲ့ သူများ ကုမ္ပဏီကဝန်ထမ်း ကိုနေလခက မမ ကိုင်နေတဲ့ လက်ကိုင်





အိတ် တစ်လုံးစာတောင် မရှိဘူး"

လက်ကိုင်အိတ်တစ်လုံးကို သိန်းကျော်တန်မှကိုင်လေ့ရှိတဲ့ မမက အိတ်တစ်လုံးတည်းကို စွဲစွဲမြဲမြဲ မကိုင်တတ်။ လစဉ်ပုံမှန်ထည့်လဲ ကိုင်တာ ဆောင်း သိနှင့်ပါတယ်။ ဒါပေမဲ့ ကိုနေကိုတော့ အဲဒီလောက် ထိ ဘဲ့ကြက်ဆက်ဆံသင့်ဘူး ထင်ပါတယ်။ ပြီးတော့ ပြောသေး တယ်

"ပိုင်နဲ့ကွာတာ အများကြီး ၊ ပိုင်မှာပိုင်ဆိုင်မှုတွေအများကြီး ရှိတာလည်း တော်တယ်၊ မမ နှလုံးသားကို စက္ကန့်မလပ် နွေးဖုံနေ အောင် ယုယနိုင်တဲ့အချစ်တွေရှိတယ်လေ၊ ဒါကြောင့် ပိုင် ရင်ခွင်ထဲ ပြန်ဝင်တော့ ဘယ်ရည်းစားကိုမှ ငဲ့ညှာနေစရာမလိုဘူး"တဲ့။

ပြောရက်ပါပေ့ မမရယ်။

ပြောရက်သလို လုပ်လည်းလုပ်ရက်တယ်။ ခုဆိုရင် ကိုပိုင်နဲ့ အတူ နှစ်ဖက်မိဘတွေကိုဖွင့်ပြောပြီး လက်ထပ်ကြဖို့တောင် စီစဉ်နေ ပြီ။

ဒါတွေကို ကိုနေသိရင် ဘယ်လိုကြေကွဲမလဲကွယ်။ ကိုနေ သိအောင် ဆောင်း မပြောရက်သလို သူ့ကိုလည်း မပြောချင်။

"နင့်အစ်မနဲ့နင့်အစ်ကို စိတ်ဓာတ်ကို ငါရွံတယ်၊ ဒါကြောင့် နင့်အစ်ကိုနဲ့ငါ့အစ်မ ဒီထက်ပိုပြီး မခံစားရအောင် နင် ဖျောင်းဖျကြည့် ပါဦး နော် ဆောင်း"

ဆောင်း ပခုံးစွန်းလေးကို ဖွဖွလှုပ်ရင်း သူပြောမှ ဆောင်း အသိဝင်လာသည်။

www.burmeseclassic.com



"နင့်ကိုငါ ယုံလို့ သတိပေးခိုင်းတာပါ၊ ငါ့အစ်မနဲ့ငါ့အစ်ကို ခံစားချက်ကို ဒီထက်ပိုပြီး မနစ်နာစေရဘူး။ နင် ငါပြောတာကို နားလည်လား"

"လည် လည်ပါတယ် စက်ရယ်၊ ဆောင်းလည်း စက်နဲ့ထပ်တူပါပဲ၊ စက် နားလည်ပေးတဲ့အတွက် ဆောင်း ကြိုးစားကြည့်မယ် လေ"

အားကိုးတကြီးကြည့်လိုက်တဲ့ သူ့မျက်ဝန်းမှာ အပြုံးရိပ်လေး ထင်ကာ ကြည်လင်လာသည်။ ဆောင်း လက်ဖဝါးလေးကိုဆွဲယူပြီး သူ့ရင်ခွင်မှာကပ်လိုက်တော့ ဆောင်း ရင်ခွင်က နွေးသွားသလို။

"နောက်ပြီး နင့်ကိုငါ အရမ်းပြောချင်တဲ့စကား ရှိတယ်"

"ဘာလဲ ဟင်"

ပြောလိုက်တော့မယ့်ဟန်နဲ့ သူ့နှုတ်ခမ်းလွှာလေးပွင့်သွားပြီးမှ ရုတ်ချည်းစေ့ပိတ်သွားတော့ မျက်လုံးမှိတ်ပစ်လိုက်တာ ဘာကြောင့်လဲ စက်ရယ်။

"ပြောလေ ဘာပြောမလို့လဲ"

"ဟင့်အင်း မပြောတော့ဘူး"

ခေါင်းလေးရမ်းကာ ဆောင်းကို တင်းကြပ်စွာထွေးဖက် မှီသိပ်လိုက်သည်က ဆောင်း ရင်ခုန်သံကို လှုးလွန့်သွားစေသည်။

"ဘာဖြစ်လို့လဲ ဟင်"

"နောက် နောက်မှ ပြောတော့မယ် ဟာ"

စက်ရယ်။





အခုမပြောပေမယ့်လည်း စက် နှုတ်ခမ်းလွှာပေါ်က စာတန်း ...ကို ဆောင်း ဖတ်တတ်နေတယ်လေ။

ဆောင်းကို စက် မနမ်းရက်ကတည်းက စက် နှလုံးသားကို ...ာင်း မြင်တတ်နေတယ်လေ။

"ဆောင်း"

"ပြောလေ"

"အဲဒီ အချိန်ကျရင် နင် နားဆင်ပေးနော်၊ နင် မငြင်းနဲ့လို့ ...တည်းက ဘွတ်ကင်လုပ်ထားမယ်"

"ဟွန့်"

ဆောင်း မျက်စောင်းလေးထိုးပစ်တော့ မွှေးညှင်းတွေရိတ်သင် ...တဲ့ စက်ပါးပြင်ချောချောက ဆောင်း ပါးပြင်နဲ့ဖိကပ်လိုက်၏။

ထိုအခါ အဖုအပိတ် ကင်းစင်လှတဲ့ ဆောင်း ပါးပြင်မို့မို့ကို ...တွေ့နမ်းလိုက်သည့်နှယ် အိခနဲ့နွေးကာ ။

ချစ်သူတွေမဟုတ်ပါဘဲ ရင်ခွင်ထဲမှာ မက်မောစွာခိုဝင်နေ ...ည့်မှာ ရင်ခုန်သံတွေနဲ့ပါ။

ထိုရင်ခုန်သံတွေက ဘယ်လောက်အထိ ငြိတွယ်ပျော်ဝင်ခဲ့ ...ည့်မသိ။ နှစ်ဦးသားရဲ့အသိမှာ အချိန်တွေကို မေ့လျော့နေခြင်းက ...သနာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မာမီ မာမို့သမီး ပြန်မရောက်သေးဘူး"

"ဟင်"

ရတနာခဆိုင်သိမ်းပြီး ပြန်လာတဲ့ ဒေါ်ရွှေဝါဝါ အမောပင်မပြေ
သေး။ ညှော်ခန်းထဲခြေလှမ်းရှုံသာရှိသေး သမီးကြီး နွေသဝဏ်လှမ်း
ပြောသည်နှင့် စိုးရိမ်သွေးက မျက်နှာမှာလွှမ်းသွားသည်။

"ဘယ်အချိန်ရှိပြီလဲ"

မေးလည်းမေးရင်း ဧည့်ခန်းထဲလှမ်းဝင်ကာ လေးထောင့်
တိုင်ကပ်နာရီကို လှမ်းကြည့်သည်။

နာရီလက်တံအတိုအရှည်က ခြောက်နာရီ ဆယ့်ငါး။ နေဝင်
ဝင်လို့ အပြင်မှာတောင် မှောင်ရီစပြုနေပြီ။

"ခြောက်နာရီကျော်နေပြီ မာမီ"





နွေသဝဏ်က နာရီကိုမော့မကြည့်ဘဲ ပြောသည်က ဆိုဖာပေါ်
…ပြီး ထိုင်နေတာ ပုံမပျက်။

"ဘယ်အချိန်က ထွက်သွားတာလဲ"

"နေ့ခင်းကတည်းက"

"တစ်ယောက်တည်းလား"

"သီရိရွှေတို့ရောက်လာတော့ shopping ထွက်မယ်ဆိုပြီး
…သွားတာ မာမီ"

နွေသဝဏ်ကအနီရောင် အလှခေါင်းအုံးအသည်းပုံလေးကို ဖွ
…ရင်း မာမီ မေးသမျှ သိသလောက် တစ်ခွန်းချင်းဖြေသည်။

"ဒါဆို သီရိရွှေကို ဖုန်းဆက်ကြည့်လေ"

"ဆက်ကြည့်ပါတယ် မာမီရယ်"

"ဘာတဲ့လဲ"

ဒွေါ်ရွှေဝါဝါ ရတနာထည့်ထားတဲ့ သားရေအိတ်အနက်ကြီးကို
…မှာချိတ်ကိုင်လျက် မထိုင်နိုင်သေးဘဲ သိချင်သမျှကို ဗိုးရိမ်စိတ်နဲ့
…။

"ထိုင်ပါဦး မာမီရယ်"

နွေသဝဏ်က မာမီကို ဘဝင်မကျကြည့်ရင်း ပြောသည်။

"မာမီကသာ စိတ်ပူနေတာ မာမို့သမီးက ဘယ်အလေလိုက်
…ထဲမှမသိတာ"

"ဟဲ့ သဝဏ် မာမီ မေးတာ အရင်ဖြေ သီရိရွှေ ဘာပြော
…"



www.burmeseclassic.com

www.burmeseclassic.com



ရတနာအိတ်ကို စားပွဲပေါ်ပစ်တင်ရင်း နွေသဝဏ်နဲ့မျက်နှာချင်းဆိုင်ဆိုဖာပေါ် ဒေါ်ရွှေဝါဝါ ဝင်ထိုင်ရင်း သိချင်တာကို စွတ်မေးသည်။

သမီးဆောင်းက အရိုးဆုံး အအေးဆုံး။ အငယ်ဆုံးဖြစ်ပေမယ့် အလိုမလိုက်ခဲ့။ မျက်နှာသာမပေးဘဲ ဆက်ဆံနေပေမယ့် သမီးငယ်ကို ဂရုစိုက်ပါတယ်။ ဒါပေမဲ့ ရတနာဆိုင်ဖွင့်ရတဲ့အလုပ်နဲ့ဆိုတော့ စိတ်ရှိတိုင်း ဂရုမစိုက်နိုင်။

အစဉ်အမြဲ မာန်မဲဆက်ဆံတာခံနေရလို့ စိတ်ညစ်ပြီး ထွက်သွားတာလား ဘာလား သိချင်တာပေါ့။

သမီး နွေသဝဏ်က အဲဒါကိုပဲ ဘဝင်မကျနဲ့။ အဖြစ်သည်းချ်ကောဆိုတဲ့ မျက်ဝန်းနဲ့ကြည့်ပြီး

"ဘာပြောမလဲ မာမီ သမီး အကြီးရွေးနေရင်းက ဘယ်ထွက်သွားမှန်းမသိဘူးတဲ့"

"ဟင်"

ဒေါ်ရွှေဝါဝါ ရင်မှာ အပူလုံးကပ်ငြိသွား၏။

"ဒါဆို အခု ဘယ်လိုလုပ်ကြမလဲ ဘယ်မှာလိုက်ရှာရမလဲ သမီးကြီးရယ်"

"အို မာမီကလည်း လိုက်ရှာရအောင် မာမ့်သမီး ဘယ်နေရာမှာရှိနေမှန်းမှ မသိတာ၊ ဘယ်လိုလုပ်ရှာလို့လွယ်မလဲ တွေ့ဖို့ဆိုတာ အဝေးကြီး"

ညီမ တစ်ယောက်လုံး ပြန်မရောက်သေးတာကို နည်းနည်းမှ စိတ်ပူဟန်မရှိတဲ့ သမီးကြီးကို ဒေါ်ရွှေဝါဝါ တအံ့တသြပြူးကြည့်မိသည်။





"နွေသဝဏ်"

"ကျစ် ဘာလဲ မာမီရာ"

"ဟဲ့ ညီမ တစ်ယောက်လုံး ပြန်မရောက်သေးတာ သမီးညီးနည်းမှစိတ်မပူတာ မာမီ အံ့သြတယ် ဟယ်၊ တကယ်ဆို အစ်မတစ်ယောက်အနေနဲ့ ခေါင်းတောက်အောင် လိုက်ရှာနေရမှာလေ"

"ရှာစရာလား အချိန်တန်လို့ ပြန်မလာတာ မာမ့်သမီး ဘယ်ဘောင်နောက် ပါသွားသလဲမှ မသိတာ"

"ဟင်"

ဒေါ်ရွှေဝါဝါ စိတ်ပူပြီးရင်း ပူသွား၏။ သမီးကြီးပြောသလို တစ်ယောက်ယောက်နောက်လိုက်သွားတာလား။

အို မဖြစ်နိုင်တာ။ သမီးငယ်မှာ ဒီလိုစိတ်မရှိသေးတာ ဒေါ်ရွှေဝါဝါ သိနှင့်တယ်လေ။ ဒေါ်ရွှေဝါဝါ ထိုင်ရာမှ ဆတ်ခနဲထရင်း ညှို့ခန်းထဲခေါက်တုံ့ခေါက်ပြန်လျှောက်ကာ ပူပန်မှုနဲ့စိတ်လှုပ်ရှားလျက်။

"သမီးငယ်မှာ ရည်းစားတွေဘာတွေ ရှိနေလို့လား သမီးကြီးရယ်၊ သိရင်ပြောပါကွယ်"

"မသိလို့ပေါ့ မာမ့်သမီးက ကုတ်ကမြင်း ရည်းစားရှိချင်ရှိမှာပေါ့"

"ဒုက္ခပါပဲ သမီးကြီးရယ်၊ မတော်တရော်နဲ့ဆို မာမီရင်ကွဲရချည်ရဲ့ ဟင့်အင်း သမီးက ငယ်သေးတယ်၊ ဒီလို အဖြစ်မခံနိုင်ဘူး၊ အချိန်ရှိတုန်း လိုက်ရှာရမယ် သမီးနွေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေဝါဝါ စိုးထိတ်နေပျာယာခတ်ဖြစ်စဉ်

"မိဆောင်း ဘယ်မှာလဲ ကိုယ့်ရှေ့လာစမ်း"

ပေါ်တီကို အောက်မှာကားထိုးရပ်သည်နှင့်ဒေါသနဲ့ထွက်လာ

တဲ့ ကောင်းအသံ။ ဒေါ်ရွှေဝါဝါ ကားပေါ်က ကမန်းကတမ်းဆင်းလာ

တဲ့ သားဆီ သွားရင်း၊

"ကောင်း ညီမလေး ပြန်မရောက်သေးလို့ မာမီ စိတ်ပူနေ

တာ"

"ဘာ မိဆောင်း ပြန်မရောက်သေးဘူး"

"ဟုတ်တယ် ကောင်းရယ်၊ မာမီ အခုလိုက်ရှာမလို့ ကော

ညီမ သတင်းဘာရသလဲ ဟင်"

"တောက်"

ကောင်း ရင်မှာ ဒေါသက ဒီရေလိုတက်လာသည်။

"ကောင်း မင်းညီမလက်ကို ဟိုကောင် စက်ဝန်းဆွဲ

ပလာဇာထဲက ခေါ်ထုတ်သွားတာ ကွ"

"မဖြစ်နိုင်တာ"

သူငယ်ချင်းတွေနဲ့ချိန်းထားတဲ့ စားသောက်ဆိုင်ရဲ့သီးသ

စားပွဲမှာ ကောင်း ဝင်ထိုင်သည်နှင့် သွေးနီ စပြောသည်။ ကော

မယုံတာကို ဇော်ထက်က ဘီယာဘူးဖွင့်ဖေါက်မပျက်တဲ

"ကိုယ်တို့ မျက်စိနဲ့တပ်အပ်မြင်တာ၊ လိုက်ကြည့်တာ မျက်

ပြတ်သွားလို့ကွ"

"ကိုယ်တို့ကောင်တွေ မဟုတ်တဲပြောတတ်လို့လား ကော





ရာ၊ သတိထားဦးကွ၊ စက်ဝန်းဆိုတဲ့ကောင်က ကောင်းကို အစာကြေ

တာ မဟုတ်ဘူး။ ကောင်း ညီမကို ဘာညာသာရကာ လုပ်လိုက်ရင်"

ကောင်း ရင်မှာရုတ်ချည်းပူလောင်သွားသည်။ ဒီကောင်တွေ

အ ဘယ်တုန်းကမှ စကားအပိုမပြောတတ်သလို မဟုတ်မဟပ်တွေ လည်း

ပြောလေ့မရှိ။ မယုံချင်ပေမယ့်လည်း စက်ဝန်းကို စိတ်မချ။

သွေးနီ ပြောသလို ညီမလေးလက်ကိုဆွဲပြီး ခေါ်ထုတ်သွားတာ

ဘာသဘောလဲ။

လဝန်းကို ကောင်းနမ်းပစ်သလို ညီမလေးကို ဒီကောင် ဖွတ်

နမ်းရင်ကော ဟင့်အင်း။ ညီမကိုတော့ ဒီလို အစွန်းအထင်းမခံနိုင်။

လဝန်းက ကောင်းအပေါ် မာနရှိပေမယ့် ညီမလေးက စက်ဝန်းအပေါ်

ဆနေထားနိုင်မှာမဟုတ်ဘူး။

စက်ဝန်းကို စိတ်ညွှတ်နေတဲ့ ညီမလေးက စက်ဝန်းအတင်း

အကျပ်နမ်းရင် ငြိမ်ခံနေမှာ စက်ဝန်းပြုသမျှ နုနေမှာလေ။ ဒီလိုကောင်

နဲ့ ညီမလေးကို အဖြစ်မခံနိုင်။

ကိုယ့်ညီမ ခံရမယ့်အလှည့်ကျတော့ ကိုယ် သည်းမခံနိုင်။

ကောင်း စိတ်က သူငယ်ချင်းတွေနဲ့ဝိုင်းဖွဲ့ဖို့ စိတ်မပါတော့ ရုတ်ချည်း

အရပ်လိုက်သည်။

"မယုံရင် ကောင်း ညီမကို ကောင်းမေးကြည့်၊ မဟုတ်ဘူးဆို

ရင် ကိုယ်တို့ကို မင်းလက်သီးနဲ့မညှာတမ်းထိုးကွာ"

"နေဦး ညီမကို ကောင်းမေးမယ်"

ဆိုပြီး လာခဲ့တာ ညီမလေး မရောက်သေးဘူးလို့ မာမီ ဆီးမေး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကောင်းရင်မှာ အပူလုံးကြီး တကယ်လောင်လေပြီ။

"ဘာဖြစ်လို့လဲ ကောင်း သမီးငယ် သတင်း ဘာကြားလို့

ပြောလေ"

ကောင်း ပခုံးကိုလှုပ်၍ မာမီအားကိုးတကြီး မေးမှ ကောင်း အသိဝင်လာသည်။ ဒေါသကြောင့် ကောင်း မျက်နှာက ဖန့်ပန်းအိုး တင်းပြောင်သွားပြီး

"ဒါဆို သေချာပြီ မာမီ"

"ဘာသေချာတာလဲ ကောင်းရယ်"

"သွေးနီ ပြောတာ စက်ဝန်း ညီမလေးလက်ကိုဆွဲပြီး ပလာ ထဲက ခေါ်ထုတ်သွားတာ နေ့ခင်းကတည်းကတဲ့၊ အခု ပြန်မရော သေးဘူးဆိုတော့"

"ဟင်"

ဒေါ်ရွှေဝါဝါ အထိတ်တလန့် ရင်ဘတ်ဖိလိုက်သည်။ စက်ဝ နောက် တကယ်ပဲ ပါသွားရင်ဆိုတဲ့ အသိနဲ့ ကောင်းရင်မှာ မခံမရပ်နိုင်

"မာမို့သမီးအငယ်လေး ခုတော့ မိုက်ဖာတ်ခင်းသွားပြီ မယ်"

နွေသဝဏ်က ဆိုဖာပေါ်မှ ထရင်း မကျေမနပ်ပြောသည်။

"ဟင့်အင်း မာမီ လုံးဝအသိအမှတ်မပြုဘူး။ ဒီကောင်နဲ့ အ မခံနိုင်ဘူး ကောင်း လာ၊ သူ့မိဘကိုပြောပြီး အမြန်ဆုံးခွဲပစ်မယ်"

ဒေါ်ရွှေဝါဝါ မာနနဲ့ပြောရင်း ကောင်းလက်ကိုဆွဲပြီး ဟိုဘ ထွက်သွားဖို့ ခြေလှမ်းရုံရှိသေး။





ကျွိခနဲရပ်လိုက်တဲ့ ကားသံ။

ဖြိုင်တူကြည့်လိုက်တော့ သမီးငယ်ရဲ့ကား။ မာစီးဒီးအဖြူလေး မောင်းသူနေရာမှဆင်းလာတဲ့ သမီးငယ်။

"ဟင် ဆောင်း"

ဒေါ်ရွှေဝါဝါ မျက်ဝန်းမှာ အံ့ဩဝမ်းသာသွားသည်ကအမှန်။

"ဆောင်းရယ် ဘယ်တွေသွားနေတာလဲ မာမီတို့ ဘယ် ောက်စိတ်ပူနေလဲ သိလား။ လာစမ်း အမိုက်မလေး။ ဘယ်တွေ ထိုးနေတာလဲ"

ကားပေါ်ကဆင်းသည်နှင့် ဆောင်းလက်ကိုဆွဲလည်းဆွဲ၊ ပြော ည်းပြောရင်း ဧည့်ခန်းထဲဆွဲသွင်းသွားသည်က ဝမ်းသာသလို ပစ်တင် ဒေါသတွေရှိ။

"မိဆောင်း နင့်သဘောနဲ့နှစ်ပါးသွားကာပြီးမှ ပြန်လာတာလား ပြောစမ်း"

နွေသဝဏ်က မျက်စောင်းထိုးရင်း ခပ်ရင့်ရင့်လေး ဆီးမေးရင်း ောင်းကို ခြေဆုံး ခေါင်းဖျား အကဲခတ်ကြည့်သည်။ သမီးငယ်က ြာမှိုသူပီပီ ကြောက်ရွံ့ဟန်လေးနဲ့ ကတုန်ကယင်ဖြစ်နေရှာသည်။

"နေဦး သမီးကြီး မာမီ မေးမယ်"

"ကောင်း မေးမယ် မာမီ"

ညီမကို ပြန်တွေ့ရလို့ ဝမ်းသာပေမယ့် ရင်ထဲမှာ မျက်နေတာ မနိုင်ပါ။ လက်ထဲက ဆောင်း လက်မောင်းကို ကောင်း ဆွဲပြ ်နာချင်းဆိုင်သည်။ ငိုနေတဲ့မျက်နှာလေးကို မေးဖျားက ကိုင်မော့



www.burmeseclassic.com

www.burmeseclassic.com



ကာ စိုက်ကြည့်ပြီး

"မိဆောင်း နင်မညာနဲ့ ကိုယ်မေးတာ အမှန်အတိုင်းဖြေ"

"ဘာ ဘာလဲ ဟင် ကိုလေး"

ဆောင်း မလုံမလဲ သံတိမ်တိမ်လေးနဲ့မေး၏။

"နင့်လက်ကို ဟိုကောင်ဆွဲပြီး ဘယ်ခေါ်သွားတာလဲ ပြောစမ်း"

မာန်မဲသံနဲ့မေးတော့ ဆောင်း ကြောက်စိတ်နဲ့ကိုယ်လေးယိုတုန်ယင်လာသည်။ ကိုလေးတို့သိနေတာလား။ သိနေတယ်ဆိုလည်း ဆောင်း ထုတ်မပြောရဲဘူး။

"ပြောလေ ဆောင်း နင့်ကို ဟိုကောင် ဘယ်ခေါ်သွားပြီး ဘာလုပ်လဲ၊ အခုမှ ပြန်လာတာကရော၊ ရိုးရိုးသားသားလား၊ ပြောစမ်း ကွာ ပြောစမ်း"

ကိုယ့်စိတ်နဲ့နိုင်း မရိုင်းဆိုသလို ဆွဲသွားတာ နေ့ခင်းကတည်းက ပြန်လွတ်လာတာ ညမှောင်အချိန်လွန်မှ တစ်ခုခု မပြုမမူဘဲ ပြန်လွှတ်တာတော့ မဖြစ်နိုင်။

မေးတာကို မဖြေရဲလို့ ခေါင်းငုံ့ချလိုက်တဲ့ ဆောင်း အမူအယာကို ကောင်း မယုံချင်တော့။ ညီမလေး မျက်နှာကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ဆွဲမော့ကာ စူးစမ်းကြည့်လိုက်သည်။

ငိုထားတဲ့မျက်ဝန်းလေးမို့အစ်ကာ ပါးပြင်မို့မို့ပေါ်မှ မျက်ရည်သုတ်ထားသောကြောင့် လိမ်းခြယ်ထားတဲ့ မိတ်ကပ်တွေပျက်နေပြီ နှုတ်ခမ်းစုစုဖူးဖူးလေးမှာလည်း ဆိုးဆေးမရှိတော့။





ထပ်ဝတ်ထားတဲ့ ကုတ်အင်္ကျီလေးက ဖရိုဖရဲ၊ လက်မောင်းသားဖွေးဖွေးလေးက လက်ချောင်းရာတွေဟာ နီရောင်မြန်း၍ ညိုရိပ်သန်းနေရုံမက ဂါဝန်လေးက ကြေတွန့်နေပြီး တစ်ကိုယ်လုံး ပုံမှန်ဖြစ်မနေသည်က ကောင်း ရင်မှာဒေါသအရှိန်နဲ့ ဆောင့်တက်လာသည်။

"ပြောစမ်း မိဆောင်း နင့်ကိုဟိုကောင် စော်ကားလိုက်ပြီဟုတ်လား"

"အိုး"

ဆောင်း . တစ်ကိုယ်လုံးရှက်စိတ်မွှန်ထူသွားတဲ့နောက်မှာ ကြောက်စိတ်ကြောင့် မျက်လုံးပြူးခန်ဲဖြစ်သွား၏။

"နင် မငြင်းနဲ့နော် နင့်ကိုဟိုကောင်"

"မ မဟုတ်ဘူး"

"တောက် ကွာ"

ဆောင်း ကြောက်ကြောက်လန့်လန့်နဲ့ငြင်းပေမယ့် ကိုလေး မျက်နှာကြီးတင်းကာ တက်ခေါက်လိုက်သည်။ မာမီ ရင်ဘတ်ကြီးဖိရင်း

"ဘယ်လိုတွေဖြစ်ကြတာလဲ မာမီကို ပြောစမ်းပါ မိဆောင်း"

မာမီရဲ့ နှမျောသံကြီးက အက်ကွဲလုမတတ်။

"မ မဟုတ်ဘူး မာမီ မဟုတ်ဘူး"

အတိအကျ စွတ်စွဲနေတဲ့ ကိုလေး မျက်နှာကိုကြည့်ရင်း မာမီ့ အားကိုးတကြီး ဖက်ကာ ငြင်းလိုက်မိသည်။

"မာမီ သမီး ပြောတာ ယုံစရာလား၊ ပုံစံကိုလည်းကြည့်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင် စော်ကားသမျှ မျက်ရည်ကျခံပြီး ပြန်လာတဲ့ပုံနဲ့ ထွီ ရွံစရာ ချည်း''

မမသဝဏ်က အားမနာ လျှာမကြိုး ပြောချလိုက်တာ မတာ မနာ။ စက်နဲ့ဆောင်းက မမတို့ပြောသလိုမှ မဟုတ်ခဲ့တာ မဟုတ်တာ တွေကို ဖွတ်ပြောနေတာက ဝမ်းနည်းစရာပင်။

''တောက် ကွာ၊ စက်ဝန်း ငါ့ညီမလေးကို မင်းလုပ်ရက်တယ် ကွာ''

''မဟုတ်ဘူး ကိုလေးရယ်၊ မဟုတ်ဘူး၊ မာမီ မဟုတ်ပါဘူး ဆောင်း ပြောတာကို ယုံပါနော် ဟီး ဟီး ဟီး''

''ငိုမနေနဲ့ မိဆောင်း ညည်းကောင်ကို ခွင့်မလွှတ်ဘူး၊ ခုချက် ချင်း ရှင်းမယ်၊ တောက် လူယုတ်မာ''

အံကြိတ်ရင်း ဒေါသနဲ့လှည့်ထွက်သွားတဲ့ ကိုလေးကြောင့် ဆောင်းထိခိုက်ကြေကွဲသွား၏။

''မဟုတ်ဘူး ကိုလေးရယ် ဆောင်း ပြောပါရစေ၊ ကိုလေး ထင်သလို မဟုတ်ဘူး ဟီး ဟီး''

ကိုလေး နောက်က ပြေးလိုက်ရင်းပြောပေမယ့် မရဲ၊ ဆောင်း ကို တွန်းပစ်လိုက်လို့ ဆောင်းခွေခနဲကျသွား၏။

''ငါ့ညီမကို စော်ကားတဲ့ကောင် တွေ့ကြသေးတာပေါ့ကွာ''

ငြိုးသံချည်းနဲ့ပြောရင်း ထွက်သွားတော့ ဆောင်း တားမရ တော့။

ဖူးဖူးနုနုအရွယ် ညီမလေးကိုမှ တောက်။





စက်ဝန်း

မင်း တစ်သက်လုံး နောင်တရသွားအောင် ငါလက်စားချေ မယ်ကွာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

''ဟော့ကောင် စက်ဝန်း လူယုတ်မာ ထွက်ခဲ့စမ်း''

ကောင်း အသံကုန်အော်ပေမယ့် စက်ဝန်း ထွက်မလာ။ ဒေါသ ခြေလှမ်းနဲ့တိုက်ထဲဝင်ရှာလည်း မတွေ့။

တိုက်တစ်တိုက်လုံးမှာ ဘယ်သူမှရှိမနေ။ တိုက်တံခါးတွေ ဖွင့်လျက်သားနဲ့ တစ်မိသားစုလုံးဘယ်သွားကြတာလဲ။

မဟုတ်မှလွဲရော ညီမလေးကိုစော်ကားပြီး ရှောင်ပုန်းနေတာ ဖြစ်ရမယ်။

''တောက်''

ကောင်းချာခနဲလှည့်ထွက်ခဲ့ရင်း ခြေလှမ်းတွေက စာအုပ်ဆိုင် ဆီ ဒီအချိန်ဆို လဝန်း စာအုပ်ဆိုင်က ပြန်လာနေကျ။

လူယုတ်မာကောင်ကို ထိပ်တိုက်မတွေ့တော့လည်း ဒေါ





သူက တွေ့နိုင်မယ့်သူဆီ ဦးတည်သွားသည်။

စာအုပ်ဆိုင်ဘက်ချိုးသည်နှင့် လမ်းကွေ့နားက ဒယ်ဒီ ဝယ် ပေးတဲ့ ခြေရှေ့လမ်းပေါ် ခပ်သုတ်သုတ်လေး လျှောက်လာနေတဲ့ လဝန်း။

ဘွားခနဲမြင်လိုက်ရတော့ အငြိုးအားကြီးတဲ့ဒေါသက အုံကြွ ပွင့်ထွက်လာသည်။ ထိုအခါ လဝန်း ရှေ့ပိတ်ရပ်ရင်း ဘာမပြော ညာမပြော လဝန်းလက်တစ်ဖက်ကို အားနဲ့ဆွဲတာ ခြံထဲသွင်းတော့ လဝန်း အခြန်ကာ

''အိုး ကောင်း ရှင် ဘာဖြစ်ပြန်ပြီလဲ လွှတ် လွှတ်စမ်း''

လဝန်းရုန်းသော်လည်း အားချင်းကမမျှ။ ဒေါသခိုးတွေ ညို့မဲ နေတဲ့ မျက်နှာနဲ့ ခြံထဲဆွဲသွင်းသွားတဲ့ ကောင်းနောက် လဝန်း ရုန်းကန် ပါသွား၏။

''ကောင်းသဝဏ် ရှင် လဝန်းကို ဘယ်လိုမိန်းကလေး အောက်မေ့နေလဲ၊ ရှင်စော်ကားသမျှ ခေါင်းငုံ့ခံရမယ် ထင်လား၊ ရှင် လွှတ် လွှတ်စမ်းပါ''

ကောင်း ရင်ဘတ်ကို ထုရိုက်ရုန်းထွက်နေတဲ့ လဝန်းကို ချစ် သော်လည်း ကောင်း မငဲ့ချင်တော့။ အားနဲ့ခြံထဲက သုံးထပ်ပျဉ်ထောင် အိမ်ကြီးထဲ ဆွဲသွင်းကာ မပြေယ်နိုင်တဲ့ အငြိုးတွေနဲ့။

''ကောင်းရယ် ရှင် လဝန်းကို ဘာဖြစ်လို့ ရမ်းကားချင်ရတာ လဲ ရှင့်မှာလည်း နှမတွေရှိတယ်လေ၊ ရှင် ကိုယ်ချင်းစာစမ်းပါ၊ လွှတ်ပေး ... ပြန်မယ်''

လဝန်း ရုန်းတဲ့အရှိန်နဲ့ ကောင်း လွှတ်လိုက်တဲ့အခါ လဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရှိန်မထိန်းနိုင်ဘဲ အိမ်နံရံနဲ့ကပ်လျက်လွင့်ကျသွားသည်။

လဝန်း ကမန်းကတန်း ရုန်းထပြီး ပြေးလာမိရှာတော့ တံခါးဝမှာ မတ်မတ်ရပ်နေတဲ့ ကောင်း တံခါးရွက်ကို ပိတ်လိုက်သည်က ဝုန်းခနဲ။

တံခါးပိတ်သံနောက်မှာ တုန်ခါသွားသည့် အိမ်ကြီးနဲ့လဝန်း ကိုယ်က လန့်ဖြန့်မှုရဲ့နမိတ်ပုံအတိုင်း။

"ရှင် ရှင်"

လဝန်း လန့်လန့်ဖြန့်ဖြန့်နဲ့ ခြေလှမ်းနောက်ဆုတ်ရင်း ကောင်းကို မြူးတူးပြုံတဲလေး ကြည့်မိသည်။ ကောင်း ဆံပင်တိုတိုကို တစ်ချက် သပ်ပြီး

"လဝန်း"

မာကျစ်ကျစ်ခေါ်သံနဲ့ရဲရဲချည်း စိုက်ကြည့်ကာ အသိတရား ကင်းမဲ့နေတဲ့ ပုံစံချည်းနဲ့ ကောင်းက တရားမဲ့နေပါပြီ။

"ရှင် နော် ရှေ့တိုးမလာနဲ့"

ထွက်ပေါက်မမြင်တဲ့ လဝန်းက ဘာကို အားကိုးရမှာလဲ ကွယ်နံရံတွေဘက်ကပ်ရင်း လှေကားဘက်ဆီ လဝန်း မသိမသာ ရွှေ့ခဲ့မိသည်။

"မင်း သိပ်ကြောက်နေလား လဝန်း"

"ရှင် မယုတ်မာနဲ့နော်"

"မယုတ်မာနဲ့ ဟုတ်လား။ ဟား ဟား ရယ်စရာကောင်းလိုက်တာကွာ"

"ရှင် နော် ရှေ့တိုးမလာနဲ့"

ဖြူတဲ့မျက်နှာနုနုလေးက ကြောက်စိတ်ကြောင့်ညှိုကာ လှေကား





ဆီ အားကိုးတကြီးနဲ့လဝန်း ဆုပ်ကိုင်ထားမိသည်။ မျက်နှာ ချင်းဆိုင် ရှေ့တိုးလာတဲ့ ကောင်းက ဘာမဆိုလုပ်ပစ်ဖို့ ဝန်မလေးတဲ့ အဆွဲနဲ့။

"လဝန်းရယ် မင်းကို မောင်ချစ်ပေမယ့် မငဲ့ညာနိုင်တော့ဘူး၊ မင်း မောင်က မောင့်ညီမကို စော်ကားလိုက်ပြီကွ"

"မ မဟုတ်ဘူး ဟင့်အင်း လဝန်း ဘာမှမသိဘူး"

"ဘာ မသိဘူးလဲ၊ ငါ့ညီမကို စော်ကားခဲ့တဲ့ ကောင်ကို ငါ ပြန်ပြီး လက်စားချေရမယ် လဝန်း၊ အဲဒီအတွက် မင်းဘာဝအညွန့်ကျိုး ကောင် ငါ လုပ်ဖို့ဝန်မလေးဘူး လဝန်း"

"အိုး ရှင့်နော် မဟုတ်တမ်းတရားတွေလုပ်ဖို့ မကြိုးစားပါနဲ့၊ ဟော်မှာ ရှင့်လိုစိတ်ဓာတ်မျိုး မရှိဘူး၊ နားလည်လား၊ ကောင်းသဝဏ် ရုံသာ ကျွန်မကို နမချင်းမစာမနာ ရမ်းကားတာ"

"မဟုတ်ဘူး၊ မင်း မောင်က ငါ့ညီမကို စော်ကားတာ၊ ငါ ခံဝသည်းမခံဘူး ငါ့ညီမ မျက်ရည်ကျသလို နင့်မောင်ကြောင့် နင်လည်း မျက်ရည်ကျစေရမယ် လဝန်း"

ပြောရင်း ခြေလှမ်းရှေ့တိုးကာ ချည်သားအဝါနုရောင်လေးကို သပ်ပြပ်ကျကျ ချုပ်ဝတ်ထားတဲ့ လဝန်းကိုယ်လုံးနွဲ့နွဲ့လှလှလေးကို အိမ်ကြီးကြည့်သည်။

ကောင်း အကြည့်ရိုင်းကြောင့် ကြက်သီးလေးများ ဖြန်းခနဲ ထသော လဝန်းရဲ့ ရွှေရောင်မွေးညှင်းလေးများပါ ထောင်လာသည်။

ထွက်လမ်းမမြင်တဲ့ လဝန်းကို ကောင်း သရော်မော်ကားကြည့်ကာ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းသားဖွေးဖွေးလေး နှစ်ဖက်ကိုဆုပ်ကိုင်ရင်း ဆွဲဖယ် လိုက်သည်က မြန်သည်မို့ လဝန်း ရှောင်ချိန်မရခဲ့။

"ရှင်နော် ကောင်းသဝဏ် ရှင့်ကို ကျွန်မ မချစ်ဘူးနော် လွှတ် လွှတ်စမ်းပါ"

ငိုသံလေးနဲ့မျက်လုံးဝိုင်းကာ ငြင်းရင်း ကောင်း ရင်ဘတ် ဆောင့်တွန်းမိ၏။ လဝန်း ဘယ်လောက်တွန်းတွန်း သန်မာတဲ့ ကောင်း လက်ချောင်းတွေက လဝန်းကို ဆွဲဖက်ရင်း ငုံ့နေတဲ့ မျက်နှာကို တရယ် နမ်းဖို့ကြိုးစားမိ၏။

"ကောင်းရယ် ရှင့်ကို တောင်းပန်ပါတယ်"

"မတောင်းပန်နဲ့လဝန်း မင်းကို မောင်ချစ်တယ်၊ ဒါပေ ငါ့ညီမလေးအတွက် ငါ တုံ့ပြန်ပါရစေ"

"ဟင့်အင်း ဟင့်အင်း ဖယ် လူယုတ်မာ"

လဝန်း မညှာနိုင်တော့ အားကုန်ရုန်းရင်း ကောင်း ရင်ဘတ် ကို ဆောင့်တွန်းကာ အရောင့်ပြယ်နေတဲ့ ကျွန်းလှေကားကို အားပြုရင်း လှေကားထစ်တွေပေါ် ပြေးတက်ခဲ့မိသည်။ ပြေးသွားလို့လွတ်နိုင်ရိုးလား

"လဝန်း မင်း မောင့်ကို ငြင်းလို့မရဘူး မင်းငြင်းရင်လည်း ကောင်းသဝဏ်က နေရာကနေ လှည့်ပြန်သွားမှာ မဟုတ်ဘူး။ မင်းကို လက်စားမချေရမချင်း မင်းကိုပြန်မလွှတ်နိုင်ဘူး၊ ငါ ယုတ်မာမယ် ဘာ ဖြစ်လဲ၊ မင်း မောင်လည်း ယုတ်မာခဲ့တာပဲ"

"မဟုတ်ဘူးနော် စက် ဘာမှယုတ်မာစရာအကြောင်း မရှိဘူး စက်က ရှင့်ညီမကို ချစ်နေတာလေ၊ ဘာကြောင့်မှ ယုတ်မာမှာမဟုတ်





ဘူး"

"မောင်လည်း မင်းကို ချစ်တာပဲ"

"မဟုတ်ဘူး။ ရှင်က အတ္တတွေ အရှိန်အဝါတွေနဲ့ အချစ်ကို န်းပြုပြီး မိန်းကလေးတစ်ယောက်ကို အမွှန်ပြုတာ နားလည်လား။

"ပြုမယ် ခုလည်း မင်းကိုအမွှန်ပြုမယ်လေ"

ပြောရင်း လှေကားထိပ်ပြေးတက်သွားသည်။ လဝန်းကို ကောင်း အရဖမ်းသည် မမိ။

အပေါ်ထပ်ရောက်တော့ ဒုတိယလှေကားဆီ လဝန်း ပြေးတက် တော့ ကောင်း ရင်ထဲက ခံပြင်းမှုတွေက အရှိန်အဟုန် ပြင်းလာ ည်။

လဝန်း မင်း မာနကို ရိုက်ချိုးပြမယ်ဆိုတဲ့ အတ္တက ခြေလှမ်း ရှိကြဲစေသည်။ တတိယထပ်လှေကားဆီ ကမူးရှူးထိုး ပြေးတက် တဲ့ လဝန်းကို ဒီအကြိမ်အလွှတ်မပေးနိုင်တော့။

မိရာကိုဆွဲ၍ ဖက်လိုက်စဉ် လဝန်း ခါးသိမ်သိမ်လေးကို အရ

"လွှတ် ရှင် လွှတ် လူယုတ်မာ အတ္တသမား ရှင့်ကိုမုန်းတယ်၊ တ်စမ်းပါ"

"မလွှတ်ဘူး။ လုံးဝမလွှတ်နိုင်ဘူး"

အတင်းဖက်လှဲခံရတဲ့ကိုယ်က လှေကားထစ်အထက်မှာ နှင့် ာက်သားလုံးထွေးလျက် ကျ၏။ လှေကား လက်တန်းအောက်ခြေ ိုင်လုံးလေးကို လဝန်းအားနဲ့ကိုင်ရင်း ဖက်တွယ်ထားထဲ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှလွတ်ဖို့သာ အစွမ်းကုန် ကန်ကျောက်ကြိုးစားတယ်။

လဝန်း ခါးကိုဖက်ထားတဲ့ ကောင်းရဲ့လက် အနည်းငယ်ချေ လျော့သွားတဲ့အခါ လဝန်း အားကုန် ရုန်းထွက်ကာ အပေါ်ဆုံးအထပ် ဆီပြေးတက်သွားသည်က အိမ်အိုကြီး တသိမ့်သိမ့်တုန်ခါသွားတယ်။

နှစ်ပေါင်းရာကျော်နေပြီးဖြစ်တဲ့အိမ်အိုက နှစ်ယောက်ရဲ့လုံး ထွေးရုန်းကန်မှု၊ ပြေးကြလိုက်ကြမှုမှာ အပေါ်ရောက်လေ ပိုခါလေ။

အဆက်မပြတ် လှုပ်ခါနေတဲ့အိမ်က တံခါးချက်တွေကိုလည်း မခိုင်စေတော့။ အပေါ်ဆုံးထက်ရဲ့ဘေးပေါက်လှေကား ကျွန်းတံခါး ဟောင်းကြီး ဂျက်ပြုတ်ကာ တံခါးချပ်ကျွံခနဲလွင့်သွားစဉ် လဝန်း အား တက်သရော တံခါးဆီမှ ပြေးထွက်တာမြင်တဲ့ ကောင်း စိုးရိမ်စိတ်တွေ နဲ့

"လဝန်း မပြေးနဲ့ အဲဒီလှေကားက ဆွေး"

ကောင်း အသံမဆုံးလိုက်။ လွတ်မြောက်လမ်းအထင်နဲ့ ပွင့်နေ တဲ့ တံခါးကတဆင့်မြင်ရတဲ့ လှေကားအဟောင်းအဆွေးကို နင်းလိုက်သည့် အခါ

"ဝုန်း"

"ဒုန်း"

"အား"

ဆိုတဲ့အသံတွေနောက်မှာ ပြိုကျသွားတဲ့ လှေကားနဲ့အတူ ရောထွေးပြုတ်ကျသွားတဲ့ လဝန်းအသံ။

ကောင်း အထိတ်အလန့် တံခါးဘောင်ကိုကိုင်ရင်းသုံးထပ်





မြင့်မှ ငုံ့ကြည့်လိုက်တော့ လှေကားအဆွေးအပိုင်းအစတွေနဲ့ အရုပ် ကို မြေပြင်ပေါ် ငြိမ်သက်နေတဲ့ ချစ်ရသူ လဝန်း။

ကောင်း နှလုံးသား တစ်စစီကွဲကာ

"လဝန်း လဝန်း ဘာမှမဖြစ်ရဘူးကွာ၊ လဝန်း"

အသည်းကွဲရင်ကွဲ အော်သံချည်းနဲ့သုံးထပ်ရဲ့လှေကားထစ် ကို အဆင့်ကျော်ပြေးဆင်းကာ

ကိုယ်တိုင်ပိတ်ခဲ့တဲ့ အောက်ဆုံးထပ်တံခါးမကို အားကုန်ဆွဲ ပြေးထွက်ရင်း ချစ်သူအပါး ဒူးထောက်ထိုင်သည်က ယူကြုံးမရဖြစ်မှု ဖြင့်ဖြစ်သည်။

နွတ်ခမ်းထောင့်စွန်းမှ စီးကျလာတဲ့သွေးစ ချွေးချွေးလေးနဲ့ နှာလေးကို ရင်ခွင်မှာ ပွေ့လိုက်မိသည်။

"လဝန်း လဝန်း"

မေးဖျားလေးကို လှုပ်ကာ တယုတယ ခေါ်နေပေမယ့် ပျော့ နေတဲ့ ကိုယ်လေးက ကောင်း ရင်ခွင်မှာ ငြိမ်သက်ကာ။

"လဝန်း မောင့်ကို ခွင့်မလွှတ်ပါနဲ့ကွာ၊ လဝန်းရယ် မောင့်ကို မလွှတ်ပါနဲ့"

ရင်ခုန်သံကင်းမဲ့သွားတဲ့ ကိုယ်လုံးလေးကို မြတ်နိုးစွာ ထွေးပွေ့ မိသည်က အချိန်ဘယ်လောက်ကြာခဲ့သည်မသိ။

ဖြည်းမဆည်နိုင် ကောင်းမျက်ရည်တွေက တာရိုးကျိုးသည့် နှယ်။

တဖြည်းဖြည်းအေးကာ တောင့်တင်းလာတဲ့ ချစ်သူကိုယ်လုံး ကို မလွှတ်ရက်တော့။



www.burmeseclassic.com

www.burmeseclassic.com



“လဝန်း”

“မမ လဝန်းရယ်”

ဆောင်း အချိန်မီအောင် လိုက်လာပေမယ့် အရာအား ဆိုးဝါးစွာ။

■ ■ ■



## အခန်း (၁၅)

“ဟော့ကောင် ကောင်းသဝဏ် လူယုတ်မာ လူသတ်သမား ...ခဲ့ ငါ့အစ်မကိုသတ်တဲ့ တိရစ္ဆာန်၊ မင်းထွက်ခဲ့၊ မင်းကို ငါကိုယ်တိုင် ...မယ် မင်းငါ့ရှေ့ထွက်ခဲ့”

မြှာတူးနေတဲ့ ဒေါသနဲ့စိန်ခေါ်နေတဲ့ အသံအက်အက်ကြီး ...င့် အထိတ်တလန့်ဖြစ်ကာ အခန်းထဲကပြေးထွက်ခဲ့သည်။

“လူယုတ်မာ ကောင်း ငါ့အစ်မသေသလို မင်းလည်းသေစေ ...ယ် မင်းကိုငါ့လက်နဲ့ ရက်ရက်စက်စက် သတ်ပစ်မယ်၊ မင်းထွက်ခဲ့ ... ကြောက်ဒူးတုန်ပြီး အခန်းအောင်းမနေနဲ့ ဟော့ကောင် ထွက်ခဲ့”

ဆောင်း အပေါ်ထက်ကနေ ငုံ့ကြည့်လိုက်တော့

“ဟင်”

ထက်မြပြောင်လက်နေတဲ့ ဓားရှည်ကြီးကိုင်ပြီး ဆောင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲပြေးလာတဲ့ စက်ဝန်း။ မျက်နှာမှာလည်း အသိတရားမဲ့ကာ ဖြေမနိုင်တဲ့ ကြေကွဲစိတ်တွေနဲ့ဖြစ်သည်။

"ဘုရား ဘုရား"

ဆောင်း ရင်တုန်ပန်းတုန်နဲ့ ကမူးရှူးထိုး လှေကားထစ်တွေကို အဆင့်ကျော် နင်းရင်းအောက်ထပ်ပြေးဆင်းလာတဲ့အချိန်မှာ စက်ဝန်းဟာ ဧည့်ခန်းဝမှာ ဆန့်ဆန့်ချည်းရပ်ကာ ဓားရှယ်လျက်သားနဲ့မျက်လုံးနီရဲရဲဖြင့် ကိုလေးကို အသည်းအသန် မြင်ချင်နေ၏။

"ဘယ်မှာလဲ နင့်အစ်ကို ဘယ်မှာလဲ ခုချက်ချင်းခေါ်ပေး"

"ဟို ကို ကိုလေး မ မရှိဘူး မရှိဘူး စက်ရယ်"

ဆောင်း ညာပြောပေမယ့် မယုံတဲ့စက်က ရှေ့တိုးလာသည်။

"ဘာ မရှိဘူးလဲ နင် မလိမ်နဲ့"

"မ မလိမ်ပါဘူး စက်ရယ်"

"ဟွန်း"

တွန့်မဲ့နေတဲ့ မျက်နှာနဲ့ ဆောင်းရှေ့တိုးကာ ရှူးရှူးရဲရဲစိုက်ကြည့်ပြီး

"နင့်အစ်ကိုကို ငါ့မျက်စိနဲ့မြင်လို့ ဓားဆွဲပြီး လိုက်လာတာ နင်လိမ်တိုင်း ငါမယုံဘူး နင်က နင့်အစ်ကိုဘက်က ကာကွယ်တာလား"

"မဟုတ်ပါဘူး ဟာ"

"မဟုတ်ရင် ဖယ်"

"မဖယ်ပါရစေနဲ့"

"ဘာ ခုတော့ နင်အစ်ကိုသေမှာကြောက်နေလား"





ဆောင်း စိုးရိမ်မျက်နှာလေးနဲ့မော့ကြည့်မိသည်။

"မကြောက်နဲ့ ငါ့အစ်မသေသလို နင့်အစ်ကိုလည်း သေစေရမယ်၊ နင့်ရှေ့မှာ နင့်အစ်ကိုကို ငါသတ်မယ်၊ နင်ကြည့်လိုက် ဖယ်"

အစ်မအတွက် ဖြေမဆည်နိုင်တဲ့ မျက်ရည်တွေ ဒလဟောကျနေတဲ့ သူ့မျက်ဝန်းက လုပ်ချင်ရာကို လုပ်ပစ်ဖို့ ပြတ်သားနေသလို သူ့ လက်တစ်ဖက်ကလည်း ကာသလိုရှေ့ကပိတ်ရပ်နေတဲ့ ဆောင်းကိုယ်ကို အားမနာတမ်းတွန်းပစ်၏။

ဝုန်းခနဲဆို

ကြမ်းခင်းပေါ် ဆောင်း ကိုယ်လုံးလေးဖင်ထိုင်လျက် ကျသည်။ ကိုလေးရှိနေတာ တစ်အိမ်သိနေတဲ့ သူ့ခြေလှမ်းက ကိုလေး အခန်းရှိရာအပေါ်ထပ်ဆီ ဓားဝင့်ကိုင်လျက် ကမူးရှူးထိုးပြေးတက်သွား၏။

ဘုရား ဘုရား

ကိုလေးနဲ့ထိပ်တိုက်တွေ့လို့ မဖြစ်ဘူး။ ဆောင်း ကမန်းကတမ်းထပြီး သူ့နောက်ပြေးလိုက်ပေမယ့် နောက်ကျနေပြီ။

ကိုလေး အခန်းကို အားနဲ့ဆောင့်ကန်ဖွင့်လိုက်တဲ့အခါ တံခါးက တုန်ခါကာ ဝုန်းခနဲပွင့်သွားသည်။

ခန်းဝမှာ ဓားကြီးဝင့်ပြီး မတ်မတ်ရပ်နေတဲ့ စက်က သားရဲတစ်ကောင်ကောင်ကို သတ်တော့မယ့် မျက်လုံးနဲ့ကြည့်သည်။ ကိုလေးမှာ ကြောက်ရွံ့တုန်လှုပ်လျက် တစ်ကိုယ်လုံးပြာနှမ်းသွား၏။

"စက် စက်ဝန်း ကိုယ် တကယ် ရည်ရွယ်ခဲ့တာ မဟုတ်ပါဘူးကွာ၊ ကိုယ် မရည်ရွယ်ခဲ့ဘူး ယုံပါ"



www.burmeseclassic.com

www.burmeseclassic.com



"ယုံရမယ် ဟုတ်လား။ မင်း သတ်လို့ ငါ့အစ်မသေရတာ မြင်ရရဲ့သားနဲ့ ငါ ယုံပေးရမလား"

"တောင်းပန်ပါတယ်ကွာ"

"ဘာ တောင်းပန်တာလဲ ငါ့အစ်မ အသေဆိုးနဲ့သေရအောင် ရက်စက်ပြီးမှ မင်း တောင်းပန်တာ ငါ ကျေနပ်ရမတဲ့လား။ မင်းကို ငါ ခွင့်မလွှတ်ဘူး"

"ကိုယ် မှားသွားတယ်ကွာ"

ကိုလေးက ဝမ်းနည်းမျက်နှာလေးနဲ့ ကြောက်ရွံ့တုန်ကာ မိန်းမတတ် ဝန်ခံတောင်းပန်လေ စက် ဒေါသလှိုင်းက ကြွလေဖြစ်၏။

ချစ်တာကို ဘုန်းပြုပြီး အမွေရမ်းကားရုံက စော်ကားဖို့ကြိုး စားခဲ့တဲ့ လူယုတ်မာ။

ထွက်ပေါက်မရှိတဲ့ အခြေအနေမှာ လွတ်လမ်းရှောင်ထွက်ရင်း ရက်ရက်စက်စက် သေပွဲဝင်ခဲ့ရတဲ့ အစ်မအဖြစ်ကို ဘယ်လိုတရားနဲ့ မဖြေဖျောက်နိုင်။ အစ်မ သေပွဲဝင်သလို ဒီကောင်ကိုလည်း သေအောင် သတ်ဖို့ သံမိဌာန်ချထားသည်က ခိုင်ခိုင်မြဲမြဲ။

"ကိုယ့် ညီမ စော်ကားခံရတာ သိတော့"

"ဘာ စော်ကားခံရတာလဲ ဒီမှာ ကောင်းသဝဏ် မင်းညီမကို ငါ့ရှေ့မှာ မင်း မေးကြည့်"

သူ့နောက်ရောက်နေသည့် ဆောင်း လက်မောင်းကို ဆွဲရင်း ကိုလေး ရှေ့တွန်းထုတ်ပစ်၏။ ဆောင်း ကိုယ်က ကိုလေးရှေ့မှာ ယိုင် လျက်မျက်နှာချင်းဆိုင်ဖြစ်သွားသည်။





"ဆောင်းသဝဏ် နင့်ကို ငါဘာလုပ်မိလို့လဲ နင့်အစ်ကိုသိအောင် နင်ပြောလိုက်စမ်းပါ၊ ငါ နင့်ကိုစော်ကားခဲ့လို့လား"

ဆောင်း ခေါင်းလေးရမ်းကာ ငြင်းဆန်လိုက်တော့ ကောင်း ...ရဲ့ နောင်တက ပြန်ပြင်လို့မရနိုင်တော့။ အထင်အမြင်လွဲမှားခဲ့တဲ့ ...တာ ချစ်သူကို ရက်ရက်စက်စက် သတ်ပစ်သလိုဖြစ်ရပြီ။

"မင်းသိထားဖို့ မင်းညီမကို ငါ စော်ကားဖို့မပြောနဲ့၊ နမ်း ...အောင် မနမ်းရက်ခဲ့ဘူးကွ၊ မင်း နားလည်လား"

အံကြိတ်ပြီး တုန်ယင်စွာပြောချလိုက်တဲ့သူ့အသံနောက်မှာ ...ဖိုက်တဲ့ မောင်နှမနှစ်ယောက်ရဲ့ငိုသံ လိုမ့်ထွက်လာသည်။ ...လေးကို ဖက်ရင်း

"ကိုလေး မှား မှားသွားပြီ ဆောင်းရယ်"

လို့ ယူကြုံးမရ ပြောသံက တရစပ်။

"လဝန်းရယ် မောင့်ကို ခွင့်မလွှတ်ပါနဲ့ကွာ၊ မောင့်အမှားကို ...လွှတ်ပါနဲ့"

မောင့် အမှားတဲ့။

နားထဲမှာ သံရည်ပူလောင်းထည့်သလို ခံရခက်စေသည်။

"မင်း အမှားက ငါ့အစ်မကို သေရွာပို့ပစ်တာ၊ မင်းအမှားကို ...မလွှတ်ဘူး မင်းကို ငါသတ်မယ်"

ပြောသံမဆုံးခင် ဆောင်းကို ကိုလေး ရှေ့မှဖယ်ပြီး ဓားကို ...နှစ်ဖက်နဲ့ဆုပ်ကိုင်ကာ အားနဲ့မြှောက်သည်။ ကိုလေး လည်ပင်းကို ...ချိုးအံကြိတ်ရွယ်တဲ့အခါ ကိုလေးကလည်း နောင်တအမှားအတွက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ခံဖို့အဆင်သင့်ဖြစ်နေသည်။

ဟင့်အင်း။

ဆောင်း မကြည့်ပါရစေနဲ့ အငြိုးအတေးတွေနဲ့ အပြန်အလှ

လက်စားချေနေတဲ့ အကျည်းတန်မှုမျိုးကို မမြင်ချင်။

"သတ်လိုက်ပါတော့ကွာ ကိုယ့်အမှားအတွက် မင်းသတ်တာ ကို ခံယူပါ့မယ်၊ မင်း ငါ့ကို အမြန်ဆုံးသတ်လိုက်ပါတော့"

"သတ်မယ် သတ်မယ် ကဲဟာ"

ဝင့်ခံနဲ့လက်သွားတဲ့ ဓားရောင်ကြောင့် ဆောင်း အသိတရား ပြာဝေကာ ဆောင်းကိုယ်လုံးနဲ့ စက်ကိုယ်ကို ဘေးတိုက်အနေအထား ဖြင့် အားကုန်ပြေးဝင်တိုက်လိုက်၏။

"ဝုန်း"

ကြမ်းခင်းပေါ် ကိုယ်လုံးကြီးလဲကျသံ။

"အား"

နာကျင်စူးရှသံ ဟိန်းခနဲပေါ်ထွက်လာသည်နှင့် တပြိုင်နက် ဓားသည်လည်း ကြမ်းခင်းပေါ်အပြားလိုက်ကျကာ တုန်ခါသွား၏။

ဓားရှက်ပြေးဝင်လာတဲ့အရှိန်က လည်တိုင်နားရောက်လာပြီး မှ ဆက်တိုက်ကြားလိုက်ရတဲ့ အသံတွေကြောင့် စုံမှိတ်ထားတဲ့ မျက်လုံး ကို ကောင်း ရင်တထိတ်ထိတ်နဲ့ဖြေးညှင်းစွာ ဖွင့်လိုက်သည်။

"ဟင်"

မြင်ရတဲ့မြင်ကွင်းက သွေးပျက်စရာအထိ။

နောက်ပြန်ကျသွားတဲ့ စက်ကိုယ်က ပက်လက်ချည်းဖြစ်





စောင်းဖြစ်နေတဲ့ မျက်နှာအောက်မှာ သွေးတွေ စီးကျနေသည်။

စက် ကိုယ်လုံးကတော့ ငြိမ်သက်နေပါပြီ။ စက် ခြေရင်းက ဘေးမှာ ညီမလေး မတ်မတ်ချည်းရပ်ကာ အသံတိတ်ရှိုက်ငိုနေတဲ့ မျက်နှာမှာ မျက်ရည်တွေနဲ့ဖြစ်သည်။

"ညီ မ လေး"

ကောင်း အထိတ်တလန့် ဖြစ်ကာခေါ်တော့ ညီမလေး ဟီး ငိုချသည်။

"သူ သူ့ကို ဆောင်း သတ် လိုက်မိပြီ ဟီး ဟီး"

ငိုရင်း သွေးရှူးသွေးတန်းပြောကာ ပြိုကျသလို ထိုင်ချလိုက် တဲ့ ညီမလေးကို အပြစ်မတင်ရက်သလို ဖြစ်မိသည်။ ညီမလေးနဲ့စက်ကို ကြည့်ရင်း ဘာလုပ်လို့ရမှန်းမသိတဲ့ ကောင်းခမျာ စက် ကိုယ်ကို ကမန်း ကတန်း ပွေ့ထူလိုက်သည်။

"စက် စက်ဝန်း"

ပခုံးကို အကြိမ်ကြိမ် လှုပ်ခေါ်ပေမယ့် မရ။ လဝန်းလိုပဲ ဖြစ်ပြီ သား။ ဟင့်အင်း မဖြစ်ရဘူး။

"စက် ဝန်း မင်း ဘာမှမဖြစ်ရဘူးကွာ၊ ကိုယ်ပြောတာကြား သား။ မင်း ဘာမှမဖြစ်ဘူးကွ"

ပြောလည်းပြော လက်ကလည်း စက်ကိုယ်ကို ပွေ့ထမ်းကာ နှိုမ်စိတ်တွေနဲ့အတူ ကူကယ်ခွင့်ရပါစေ ဆုတောင်းမျိုးဖြင့် ဆေးရုံ သို့ဖြစ်သည်။

စက်ဝန်းရယ်



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာမှမဖြစ်ရဘူးကွာ။

■ ■ ■



## အခန်း (၁၆)

စက်ရယ်။

ဆောင်းကို ခွင့်လွှတ်ပါ။

ဆောင်း မရည်ရွယ်ပါဘူး ကိုလေးကို သတ်ဖြတ်ခြင်းမျိုးနဲ့ ဆက်ဘဝ အစွန်းထင်းမဖြစ်စေလိုတဲ့ စေတနာမျိုးနဲ့ စက်ကို ဆောင်းကိုယ်နဲ့တိုက်ပစ်လိုက်တာပါ။

အရှိန်နဲ့အမှတ်မထင် အတိုက်ခံရတဲ့ စက် ကိုယ်ရှိန်မထိန်းနိုင်ဘဲ ဟန်ချက်ပျက်ပြီး နောက်ပြန်အကျမှာ တံခါးဘောင်နဲ့နောက်စေ့ကို ရိုက်မိသလိုဖြစ်၏။ ကြမ်းခင်းပေါ်ခေါင်းနဲ့ကျသည့် အရှိန်က ပြင်းသည်မို့ ခေါင်းကသွေးတွေဖြာကျလာတာလေ။

အနာတရဖြစ်စေဖို့မဟုတ်ဘူးကွယ်။ အခုတော့ ဟာ ဖြစ်နိုင်ရင် ဟောဒီဓားနဲ့ဆောင်း ကိုယ်ဆောင်း ထိုးသတ်ချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စက် လက်ထဲက လွှတ်ကျခဲ့သည့် ဓားကို ဆုပ်ကိုင်ရင်း တကယ်ကို ဆောင်းကိုယ်ဆောင်း သေပစ်ချင်တဲ့ စိတ်ရိုင်းက ဝင်လာသည်။

“ဆောင်း ညီမလေး”

ဆေးရုံက ပြန်ရောက်ချင်း ညီမလေးကို ပြေးရှာတော့ ညီမလေးက ကောင်းအခန်းထဲမှာ။

ခုချိန်ထိ ငိုရှိုက်လျက် ဓားကို ဆုပ်၍မြှောက်ကိုင်လိုက်သည်လား တစ်ခုခုမိုက်မဲတော့မည့်နှယ် စိုးရိမ်ရ၏။ ကောင်း အဝတ်တလ... နှင့် ညီမလေးလက်က ဓားကို လုဆွဲကာ အခန်းပြင်လွှင့်ပစ်မိ၏။

“ညီမလေးရယ် ဘာကြောင့် မိုက်မဲချင်ရတာလဲ”

“ဆောင်း သေပါရစေ ကိုလေးရယ်၊ ဟီး ဟီး”

“မဟုတ်တာပဲ ဆောင်းရယ်”

စာနာစွာ ဆုပ်ကိုင်မိတဲ့ ညီမလေးက ကောင်း ရင်ခွင်ထဲပြိုကျလာသည်။ ဝမ်းနည်းမှုကြောင့် ကြေကြေကွဲကွဲ ယိုစီးလာတဲ့ ညီမလေးမျက်ရည်တွေကို သုတ်ပေးမိသည်။

“ဆောင်း သေလို့မဖြစ်ပါဘူး”

“ဘာဖြစ်လို့ မဖြစ်ရမှာလဲ ကိုလေးရယ် သူ့ကိုတောင် ဆောင်း သတ်ပစ်မိပြီလေ”

“မဟုတ်တာ စက် ဘာမှမဖြစ်ဘူး ညီမလေး ဘာမှစိတ်လိုက်မာန်ပါ မလုပ်ပါနဲ့”

“ဘယ်လို”





ကိုလေးမျက်နှာကို မျက်ရည်များကြားမှ မော့ကြည့်မိသည်။ ကိုလေး နှစ်သိမ့်ပြုံးလေးပြုံးကာ

“စက် သတိရလာပြီ ညီမလေးရဲ့”

“ဟင် စက် စက် သတိရလာပြီ ဟုတ်လား”

ကိုလေး ခေါင်းညိတ်တော့ ဆောင်း ရင်မှာမျှော်လင့်ချက် ရောင်ခြည်များ လက်ဖြာသွား၏။

“ဝမ်းသာလိုက်တာ ကိုလေးရယ်၊ အခု စက် ဘယ်မှာလဲ ... ဆောင်း တွေ့ချင်လိုက်တာ”

“နောက်တော့ တွေ့ရမှာပေါ့ အခု ဆေးရုံမှာပဲ၊ ဒဏ်ရာက ...တယ်လေ၊ ဆယ်ချက်တောင်ချုပ်လိုက်ရတာ”

“စက်ရယ်”

ဆောင်းရင်မှာ ဝမ်းနည်းဝမ်းသာနှင့် သူ့အပေါ်ရာနှုန်းပြည့် ...ချစ်မှုပျော်ဝင်သလို ခံစားလိုက်ရသည်။ ကိုလေး ရင်မှာလည်း ဆောင်း နည်းတူ ခံစားရဟန်တူသည်။

ဆောင်း လက်ဖဝါးလေးကို ကြင်နာစွာကိုင်လိုက်ပြီး

“ဘာပဲဖြစ်ဖြစ် စက် တစ်ခုခု ဖြစ်မသွားတာက ဖြေသိမ့်နိုင်စရာပေါ့ ညီမရယ်၊ တကယ်လို့ လဝန်းလိုမဲ့ စက်ဖြစ်သွားရင်”

“ကိုလေးရယ် ဟင့် ဟင့် ဟင့်”

မောင်နှမနှစ်ယောက်ရဲ့ ငိုရှိုက်သံက ထပ်တူကျသလို။ ကြေကွဲမှုကြောင့်ကျလာတဲ့ မျက်ရည်တွေကလည်း ဒလဟော။

“ညီမလေး”



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ကိုလေး"

"နောက်ဆိုရင် ဘာမှ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့နော်၊ စိ လိုက်မာန်ပါလုပ်မိလို့ လဝန်းကို ကိုလေး သတ်မိသလိုဖြစ်သွား ညီမရယ် ကိုလေး ဘယ်လိုဖြေရမလဲ လဝန်းရယ် မောင့်ကို ခွင့်မှလွှ ပါနဲ့"

ပြောရင်း ထိန်းမရအောင် ငိုချလိုက်တဲ့ ကိုလေး နှလုံးသ အတွက် ဆောင်း ထပ်တူခံစားမိကာ ကိုလေးကိုတနှာစွာ ဖက်တွယ် အမျှင်မပြတ် ငိုမိသည်။

"တကယ်ဆို မောင် ပေးသင့်ပါတယ်၊ လဝန်းရယ်၊ သတ်ရင်လည်း သေရဲပါတယ်"

"ကိုလေးရယ် ဆောင်းလေ ဘယ်သူ့ကိုမှ မသေစေချင်ပါ ကိုလေး လည်း အသေမခံနိုင်ပါဘူး အဲဒါကြောင့် စက်ကို ကိုယ်နဲ့ တိုက်ပြီး တွန်းပစ်မိတာလေ၊ အဲဒါ အရှိန်များပြီး ခုလိုဖြစ်သွားရတာ"

"ကိုလေး နားလည်ပါတယ် ညီမရယ်၊ ဒါကြောင့် နောက် ဆင်ခြင်ပါနော်၊ ကိုလေးလို မမိုက်ချင်ပါနဲ့ကွယ်၊ စက်က ညီမလေး ချစ်တာတဲ့၊ လဝန်း ပြောသွားတာ"

ဟုတ်ရဲ့လား မမလဝန်းရယ်။ ဆောင်းကို စက် ချစ်နေသ လား။ ခုလိုအခြေအနေမျိုးမှာကော စက် ချစ်နေမှာလား မမလဝန်းရ

"ညီမလေး ဝမ်းမနည်းနဲ့နော် မကြာခင် စက် နေကောင်း လာမှာပါ၊ အဲဒီအခါကျရင် ကိုလေး ကူညီမှာပါ ညီမရယ်၊ နော် ငေ ပါနဲ့တော့ တိတ်တော့နော်"





ကိုလေး ပြောရင်း ဆောင်း မျက်နှာလေးကို ဆွဲမော့ပြီး ပြင်ထက်က ဆောင်းမျက်ရည်တွေကို သုတ်ပေးရှာသည်။

"စက် နေကောင်းလာမှာပါ ဆရာဝန်က စိုးရိမ်စရာမရှိဘူးလို့ ပြောတယ်လေ၊ ညီမလေး ဖြေသိမ့်လိုက်တော့ နော်၊ ဝမ်းနည်းပြီး ငိုနေလို့ ဘာမှထူးမှာမဟုတ်ဘူး"

ဆောင်း ရှိုက်သံလေးက တစ်သိမ့်သိမ့်နှင့်ရင်ခွင်မှာ လှုပ်ခါ နေ၏။ တအားငိုထားတဲ့ ဆောင်း မျက်နှာလေးက မို့အစ်နီမြန်းနေသလို လေး မျက်နှာကလည်း မို့အစ်ကာ နီရဲနေသည်။

"ကိုလေးလည်း မငိုနဲ့ပေါ့"

"မငိုပါဘူး ညီမရယ်"

ပြောပေမယ့် ညီမနဲ့အတူ ပြိုင်တူရှိုက်မိ၏။ ရှိုက်သံမပျောက် ခင်

"လာဆောင်း ကိုလေးတို့ အောက်ဆင်းရအောင်၊ တော်ကြာ ဖာမိတို့ ရောက်လာတော့မှာ"

"အင်း"

ဆောင်းလည်း ရှိုက်သံတွေကို မျိုချကာ ကိုလေးကို အားကိုး ပြီး ဖက်တွယ်ပြီး ကိုလေး ထူမသည့်အတိုင်း အလိုက်သင့်ထ က်သည်။

"ဒယ်ဒီနဲ့မာမိ ဘာပြောသေးလဲ ဟင်"

"မသိချင်ပါနဲ့တော့"

"ဘာ ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာတွေက တစ်ခုပြီးတစ်ခုဆိုတော့ ပွက်လောရိုက်နေ တာပေါ့"

ဆောင်း သက်မမောကြီးချမိသည်။ ခုလောလောဆယ် မာမီ တို့ပွက်ချင်သလောက် ပွက်ပါစေတော့။

စက် သတိရလာပြီဆိုတဲ့ အသိနဲ့တင် အရာအားလုံး ရင်ဆိုင်ဖို့ အသိရှိနေပါပြီ။

စက် ရယ်။

မမ လဝန်းပြောသလို ဆောင်းကို တကယ်ချစ်နေလား ဟင်၊ ဆောင်းနှလုံးသားက သိချင်စိတ်က စက္ကန့်နဲ့အမျှ အညွန့်ကလေးများ တက်ကာ

■ ■ ■

"မိဆောင်း ညည်း မာမို့ရှေ့လာစမ်း"

"မာမီ"

ဒေါ်ရွှေဝါဝါ မျက်လုံးတွေက ဒေါသကြောင့် စူးရဲတောက်ပ နေသည်။ –

ကြက်သွေးရောင် ဆေးဆိုးထားတဲ့ မာမီနှုတ်ခမ်းသားအစုံက တင်းတင်းချည်းစေ့ကာ စိုက်ကြည့်သည်။

ဘေးတစ်ဖက်တစ်ချက်မှာ ဒယ်ဒီနဲ့မမကလည်း ဒေါသရောင် မျက်နှာတွေနဲ့ မာမီနှင့်အတူ ဧည့်ခန်းထဲတန်းဝင်လာသည်။ ဆောင်း ခြေစုံရပ်ကာ မာမီကိုမော့ကြည့်သည်။

"ပြဿနာအားလုံးက ညည်းကြောင့်ဆိုတာ သိရဲ့လား"





ဆောင်း တုတ်တုတ်မျှမလှုပ်ရဲတော့။

"ဒီမိသားစုနဲ့အပေါ်ယံပဲ ဆက်ဆံလို့ ပြောထားရဲ့ ဖယားရှုပ် အောင်လုပ်တာ မာမီ အံ့ဩတယ်"

ဆူလိုက် ပြောလိုက်သည်နှင့် မျက်နှာငယ်ပြီး ငိုတော့မလိုဖြစ်နေ တဲ့ သမီးငယ်ကို ဒေါ်ရွှေဝါဝါ မငဲ့ညှာချင်တော့။

အပေါ်ယံဆက်ဆံပါလို့ အတန်တန်သတိပေးထားလျက် အထဲဝင်ဝင် ဆက်ဆံပြီး လုပ်လိုက်တဲ့ ပြဿနာက လူသေမှုလား၊ လူသတ်မှုလားဖြစ်နေတာ ရှင်းလို့မပြီး။

ခုတစ်ခါ တစ်ယောက်ကို သေကောင်ပေါင်းလဲလုပ်ပြီး ဆေးရုံ ပို့တင်လိုက်တာ ပြဿနာက ဘယ်ရောက်ရှုပ်သွားတယ်ဆိုတာ ဒင်း သားက ငိုချပြီး မျက်နှာလေးငယ်ချပြရုံနဲ့ပြီးသလား။

"ပြောစမ်း ညည်း ဘာလို့ ဒီလိုလုပ်ရတာလဲ၊ ညည်းမှာ ဆုံးစားဆင်ခြင်တတ်တဲ့ အသိဉာဏ်မရှိဘူးလား ညည်းမှာ ဦးနှောက် မရှိဘူးလား ပြောစမ်း မိဆောင်း၊ ဒယ်ဒီနဲ့မမက ဆိုဖာတစ်လုံးစီမှာ ထိုင်မျက် လက်ပျက်ဝင်ထိုင်နေပေမယ့် မာမီက မထိုင်ဘဲ ဆောင်းပခုံးကို ဆုပ်ကိုင်လှုပ်ရမ်းကာ ဒေါသနှင့်တရစပ် ဖိမေး၏။

ဆောင်း ဘယ်လိုဖြေရှင်းပေးရမှန်းမသိတော့။ ဆောင်း လက် ချောင်းလေးတွေကိုသာ ကျစ်ကျစ်ဆုပ်ရင်း မျက်လွှာချကာ ဆူသမျှခံ ဖို့ စိတ်ကိုတင်းထားမိသည်။

"ပြဿနာအားလုံးက ညည်းကြောင့်စတာ၊ ဟိုကောင် ခေါ်သွားတိုင်း ညည်းလိုက်သွားစရာလား၊ မလိုက်ဘူးလို့ ငြင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ညည်းမှာ ပါးစပ်မပါဘူးလား။ ဟင် ညည်းကြောင့် ပြဿနာက တောက်လျှောက်ကြီး၊ မပြောလိုက်ချင်ဘူး သူခွဲသွားတိုင်း လိုက်သွားရတယ်လို့ ဟိုကောင် ခွေးကျင့်ခွေးကြံမကြံလိုက်လို့ တော်ကာကျတယ် မှတ်''

''ဘာတော်ကာကျရမှာလဲ မာမီ၊ ဟိုက ဇော်ကားလိုက်ရင် တောင် သဝဏ်တို့ ဖြေရှင်းလို့လွယ်ဦးမယ်၊ အခု ကောင်းက လူသတ်သမားလိုလို ဖြစ်နေရတာလေ၊ ဘယ်လောက် ရှက်စရာကောင်းသလဲ၊ ပတ်ဝန်းကျင်မှာ ဘယ်လိုမျက်နှာမျိုးနဲ့ရင်ဆိုင်ရမလဲ''

မမ သဝဏ်က အခဲမကြေနိုင်စွာ ကောင်း တရားခံဖြစ်ရသည်ကို မကျေမနပ်ဝင်ပြောသည်။

''ဟုတ်တယ် အဲဒါ ညည်းမိုက်လို့ဖြစ်ရတာ ညည်းကြောင့် မာမီသား တရားခံဖြစ်ရတာ၊ ညည်းကြောင့် မဆက်ဆံချင်တဲ့ မိသားစုနဲ့ မျက်နှာချင်းဆိုင်ရတာ အောက်ကျနောက်ကျ ဆက်ဆံရတာ နားလည်လား''

''ကဲ တော်တော့ ရွှေဝါ''

ဒယ်ဒီက ဆိုဖာ နောက်မှီကာ ထိုင်ချရင်း စိတ်မရှည်စွာ ဟန့်သည်။ ဒီထက်မကပြောချင်တဲ့ မမနဲ့မာမီ ကိုယ်ရှိန်သတ်လိုက်ပေမယ့် ပြောချင်သေးတာ ပါးစပ်က ယားနေသည်။ ဒယ်ဒီက ဆောင်းကို တည့်တည့်စိုက်ကြည့်၍

''သမီးငယ်''

''ပြော ပြောပါ ဒယ်ဒီ''

''သမီးကြောင့် ဂုဏ်ရည်မတူတဲ့ မိသားစုနဲ့ဖက်ပြိုင်ပြီး ဆက်





...ရတာ ဒယ်ဒီတို့ ဘယ်လောက်ထိ သိက္ခာကျတယ် ထင်သလဲ''

ဆောင်း နှုတ်ခမ်းစေ့ပိတ်ကာ ဒယ်ဒီ ဒေါသပိုမထွက်အောင် ...ငြိမ်ခံလိုက်ရသည်။

''သိ သိပါတယ် ဒယ်ဒီ''

''အေး ဒီထက်ပိုသိဖို့လိုတယ်၊ လဝန်းက သူ့အလိုလို အခန့်...သင့်ကျပြီး သေတာလို့ လဝန်း မိဘတွေကျေနပ်အောင် ဒယ်ဒီတို့ ...တောင်းပန်ချင်ဘဲ တောင်းပန်ခဲ့လို့ ကောင်းကို အပြစ်က လွတ်ခွင့် ...ခဲ့တာ၊ ရှေ့ဆက် အဲဒီ မိသားစုနဲ့ဒယ်ဒီတို့ မိသားစု မျက်နှာချင်း ...ဆိုင်ရမယ့် အဖြစ်မျိုးဖြစ်အောင် သမီးလုံးဝ မလုပ်မိစေနဲ့၊ လုပ်မိရင် ...ယ်ဒီ လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး သမီးငယ်''

''ဟုတ်ကဲ့ ဒယ်ဒီ''

''ဟုတ်ကဲ့ဆိုရင် လုံးဝဆင်ခြင်တော့ ကောင်း''

ဆောင်းကို အမိန့်ပေးသလိုပြောရင်း ကိုလေးကို အသံမြှင့် ...ခေါ်သည်။ လေ့ကားနဲ့အကာကွယ်ပြီး အခြေအနေကို ရပ်ကြည့်နေတဲ့ ...ကိုလေး ခေါင်းလေးငုံ့ကာ ဧည့်ခန်းထဲ ဝင်လာသည်။

''ရှိပါတယ် ဒယ်ဒီ''

ဆောင်းအပါး ရပ်ရင်း ဒယ်ဒီ ကို မဝံ့မရဲမော့ကြည့်သည်။ ...ယ်ဒီ မျက်ဝန်းအစုံက အဆင့်အတန်းမတူဘူးလို့ စည်းတားထားတဲ့ ...သားစုနဲ့မျက်နှာအောက်ကျခံဆက်ဆံခဲ့ရတဲ့အတွက် ကောင်း အပေါ် ...သည်း ခွင့်မလွှတ်နိုင်တဲ့ဒေါသတွေနဲ့စိုက်ကြည့်ပြန်သည်။

''ဒီလို အဖြစ်ဆိုးတွေ ဖြစ်ရတာ ကောင်း အသုံးမကျလို့၊



www.burmeseclassic.com

မတော်တဆ မင်းပါကျသေသွားနိုင်တယ်ဆိုတာ မစဉ်းစားမိဘူးလား

သူများ သားသမီးသေတာကို သားသမီးချင်းစာနာစွာ နည်းမပေးဘဲ ကိုယ့်သားသေသွားမှာကိုတော့စိုးရိမ်နေရှာတဲ့ ဖခင် က ဆောင်းရဲ့ဒယ်ဒီတဲ့လား။

အင်းပေါ့လေ ကိုယ့်ဝမ်းနဲ့လွယ်ပြီး မွေးထားတဲ့ သားသ မဟုတ်ဘူးဆိုတော့ ဒယ်ဒီ ပြောရက်မှာပေါ့။

ဆောင်း ရင်ထဲမှာသာ မမလဝန်းအတွက် ယူကြုံးမရ ငိုနေမိတာ။ ဒယ်ဒီတို့က ပြဿနာကို ထမင်းစားရေသောက်သ ထားပြီး ကောင်း အပြစ်ကလွတ်အောင် သူတို့မိဘကိုတောင်းပန်ပြ ပြေငြိမ်းဖို့ တာဆူခဲ့တာ ဆောင်းသိတာပေါ့။

အန်တီနဲ့အန်ကယ်က သမီးလိမ္မာအတွက် ဖြေမဆည်နိုင် ရသော်လည်း

"အင်းလေ သမီးလေးရဲ့ကံက ဒီလိုပဲ ပါလာတာကိုး"

"ကောင်းက တွန်းချတာမှမဟုတ်တာ၊ ကောင်း တားဆီး အောင် သမီးက စွတ်ပြေးဆင်းတော့ အဆင်းမှာလှေကားက ချော တော့ ပြုတ်ကျသွားတာပဲ"

"ကံကြမ္မာ စီရင်တဲ့အတိုင်းပါပဲ၊ ဦးသဝဏ်ရယ်၊ ကျွန်မ တို့တော့ ဘယ်သူ့ကိုမှအပြစ်မယူပါဘူး၊ သမီးလေးကံကိုက ဆိုး တယ်လို့"

ကံကိုသာ ယိုးမယ်ဖွဲ့ရင်း တရားသဘောနဲ့ဖြေသိမ့်ပြီး ကိုကောင်း ကို မမလဝန်း မိဘတွေ ခွင့်လွှတ်ပေးခဲ့တာလေ။





တရားသဘောပြည့်ဝတဲ့ သူ့မိဘကို ကျေးဇူးမတင်တဲ့အပြင် ဒယ်ဒီတို့အတွက်ကြီးကြီး ပြောနေကြတာက ဆောင်း ရင်မှာ မချိနိုင်။ မောင်မက

"မင်းကို ဟိုက ဓားနဲ့ခုတ်ဖို့လာတာ မင်းငြိမ်ခံနေရလား။ မင်းမှာ လက်မပါဘူးလား။ အေး မင်းကို လဝန်းကိစ္စအတွက် ခွင့်လွှတ် သေးလို့ ဒယ်ဒီတို့ ငြိမ်နေလိုက်တာ၊ နောက်ဆို စက်ဝန်းဆိုတဲ့ကောင်ကို ရှားစွဲတယ် မှတ်"တဲ့။

ဘယ်လောက်များ တစ်ဖက်စောင်းနင်းဆန်သလဲ။ ကိုယ့် သားကို ဓားနဲ့ရွယ်တာတောင် ဒီလောက်နာတတ်ရင် သမီးသေရတဲ့ မိဘအနေနဲ့ ဘယ်လောက်နာကျင်နေမလဲ။

နှလုံးသားချင်း ခဏငှားပြီး ခံစားကြည့်ပါဦး ဒယ်ဒီရယ်။

"မင်း ဒီမှာနေလို့ မဖြစ်တော့ဘူး။ ဆေးရုံကတောင် မဆင်းရ သေးဘူး။ ဟိုကောင် မင်းကိုသတ်ဖို့ ကြုံးဝါးနေတာ မင်းကြားတယ် မဟုတ်လား"

"ဟုတ်ကဲ့ ကြားပါတယ် ဒယ်ဒီ"

ညီမလေး စိတ်မကောင်းဖြစ်မှာစိုးလို့ ကောင်း မပြောခဲ့တာ။ အခု ဒယ်ဒီ ပြောချလိုက်တော့ ညီမလေးမျက်နှာက ပိုပြီးကြေကွဲသွား တာကို ကောင်း မကြည့်ရက်တော့။

"ကြားတယ်ဆိုရင် မင်း ဒီမှာ တစ်မိနစ် တစ်စက္ကန့်မှနေဖို့ မသင့်တော့ဘူး။ မင်းကို ဒယ်ဒီ နိုင်ငံခြားကို ပို့ဖို့ တစ်ခါတည်း စီစဉ် ထားပြီးပြီ၊ ဟိုကောင် နောက်နှစ်ရက်နေမှ ဆေးရုံကဆင်းခွင့်ရမယ်၊

www.burmeseclassic.com



မင်းက ဟိုကောင် ဆေးရုံက မဆင်းခင် မနက်ဖြန်ပဲ လေယာဉ်ပေါ် တက်ရမယ်''

''ဗျာ''

ကောင်း တအံ့တသြ ဒယ်ဒီကို မော့ကြည့်မိသည်။ ချစ်သူ ဆုံးပါးတာ ရက်ပိုင်းပဲရှိသေးတယ်။ အားရအောင် ဝမ်းနည်းခွင့်မရတဲ့ အချိန်မှာ စက်ဝန်း ကိစ္စက ဘွားခနဲပေါ်လာသည်က ရင်နာစရာ အရာအားလုံးနဲ့ပတ်သက်ပြီး ကာယကံရှင်တွေနဲ့ဆက်ထုံး မဖြေရသေး ခင် ကျေနပ်အောင် မတောင်းပန်ရသေးခင် အဝေးဆုံးရောက်အောင် ပို့ပစ်တဲ့ ဒယ်ဒီ စိတ်ကို ကောင်း လိုက်မမှီနိုင်တော့။

''မင်း ဘာမှစောဒက မတက်နဲ့ ခုချိန်ကစပြီး တိုက်ထဲကနေ ခြေတစ်လှမ်းမှ မထွက်မိစေနဲ့၊ နှစ်ယောက်လုံးနော်''

''ဟုတ်ကဲ့''

လို့ ဆောင်း အသံတောင် မထွက်နိုင်တော့။ လွန်ဆန်လို့မရ တဲ့ဒယ်ဒီအမိန့်ကြောင့် မညီတ်ချင်ဘဲပြိုင်တူ ခေါင်းညိတ်ရသည်က ရင်ထဲမှာ မနာခံချင်တဲ့ စိတ်ရင်းနဲ့ပါ။

ဒယ်ဒီရယ် ဒီလောက်တောင် အတ္တကြီးရလားဟင်။

မေးလိုက်မိသည်က ရင်ထဲမှာပဲဖြစ်သည်။

■ ■ ■



## အခန်း (၁၇)

''တောက်''

လက်စားချေတုံ့ပြန်ခွင့်တွေရလျက် ကပ်လွဲနေတဲ့အဖြစ်က ်ထဲမှာ တန့်နှံ့နှံ့ ခံရခက်လှသည်။ ဒဏ်ရာကို မငဲ့ညှာဘဲ တက်ခေါက် ိုက်သည်က ခေါင်းတစ်ခုလုံး ကြွင်တက်သွားစေသည်။

''စက်ရယ် စိတ်ကိုလျှော့လိုက်ပါကွယ်၊ အငြိုးတွေထားနေဦး ဆယ်ဆိုရင် မေမေတို့တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်ရမယ် သားရယ်၊ မေမေ ို့ကိုသနားရင် ဒေါသတွေကိုလျှော့ပါကွယ် လျှော့လိုက်ပါတော့''

''လျှော့ရမတဲ့လား မေမေရယ်၊ စက်တို့က အစ်မတစ်ယောက် ုံး ဆုံးရှုံးသွားတာ၊ စက်ကိုလည်း သေကောင်ပေါင်းလဲလုပ်ပစ်တာ သ''

''ဘု့ မိဘတွေ တောင်းပန်လာတော့''



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ရုံမကလို့ ထိုင်ပြီးပဲ ရှိခိုးပါစေ၊ မေမေတို့ ခွင့်လွှတ်ပေးစရာမလိုဘူး။ သူတို့သား ပယောဂမကင်းတဲ့ မမ သေရတဲ့အမှုမှာ တိုက်သင့်တဲ့အပြစ်တော့ ဟိုလူယုတ်မာ ခံပါစေပေါ့။ ပြီးတော့ စက်ကိုလည်း သေလောက်တဲ့ ဒဏ်ရာကြီးရအောင် ရက်စက်တဲ့ ဆောင်းသဝဏ် ကိုလည်း"

"တော်ပါတော့ သားရယ် တော်ပါတော့ကွာ"

မေမေက စက်ပခုံးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း မျက်ရည်စမ်းစမ်းဖြင့် ချော့မော့နေပေမယ့် စ.က် ကလက်မခံနိုင်။ ပါးရိုးနှစ်ဖက်လှုပ်ခတ်မတတ် အံတင်းတင်းကြိတ်ရင်း အငြိုးပွားနေတဲ့ သားငယ်ကို ဦးမိုးတင့် မျက်နှာချင်းဆိုင်ရပ်ရင်း ဟန့်တားလိုက်သည်။

"မေမေရယ် ဟိုကောင် ထွက်ပြေးသွားတာ ဘာသဘောလဲ စက်တို့ ဘာမှလုပ်ခွင့်မရှိတော့ဘူးလား"

ခေါင်းမှာ ပတ်တီးအဖွေးသားနဲ့သားကို ကရုဏာသက်စွာ စိုက်ကြည့်လိုက်မိသည်။ သား ခံစားရသလို သူတို့လင်မယားလည်း ခံစားရတာပါပဲ။ သမီးလေးအဖြစ်ဆိုးကို ကြားရစဉ်က ကိုယ့်နားတောင် ကိုယ် မယုံနိုင်ခဲ့။

အသက်မဲ့သွားတဲ့ သမီးချောလေးကို ပွေ့ပိုက်ရင်း ရှုမတတ် ခံစားရတာ ကိုယ်တိုင်အသိဆုံးပဲ ဖြစ်သည်။ ဒါပေမဲ့လည်း ကိုယ့်သားက သူတို့သမီးကို ဆွဲခေါ်သွားတဲ့အဖြစ်ရဲ့နောက်မှာ သံသယဖြစ်စရာ အကြောင်းပြချက်တွေက ထင်ရှားနေတာ အစ်ကိုလုပ်တဲ့သူ ဒေါသမထိန်းနိုင်ဖြစ်ရတယ်လေ။





စက်ကို ထိပ်တိုက်မတွေ့ဘဲ သမီးကိုပဲ တွေ့ရလို့ မဆင်ခြင်နိုင်တဲ့အတွက်တွေနောက်မှာ ကိုယ့်သမီးလေးက ရေတိမ်နစ်ရရှာတာ၊ ကိုယ့်သားရဲ့ပယောဂလည်းမကင်းတာရယ်၊ ဖြစ်ပြီးမှ အငြိုးတွေနဲ့တုံ့ပြန်ဖို့ သမီး ပြန်ရှင်လာမှာမဟုတ်တာရယ်။

တစ်ဖက်ကလည်း ခြေထောက်မကိုင်ရုံတမယ်ဆိုတော့ တရားသဘောနဲ့ဖြေပြီး ခွင့်လွှတ်ပေးမိတာပါ။

သူတို့က လူကြီးဆိုတော့ တရားသဘောကို နှလုံးသွင်းနိုင်သမယ့် လက်တုံ့ပြန်ရမှ ကျေနပ်နိုင်မယ့် လူငယ်ရဲ့စိတ်ဓာတ်ကို တတ်နိုင်သမျှ ဖျောင်းဖျနှစ်သိမ့်ရင်း ရှေ့ဆက် မိုက်မဲမှုတွေမကျူးလွန်မိအောင် ထိန်းနေရင်းကြားက ခါးဆွဲပြီး သတ်ဖို့ဖြတ်ဖို့အထိ ပေါက်ကွဲနေတဲ့ သားငယ်အဖြစ်။

သားကြီးကတော့ သမီးလေးအတွက် ကြိတ်ငိုရင်း အဖြစ်ဆိုးရှာတဲ့ ညီမဖြစ်သူအတွက် မအိပ်နိုင်မစားနိုင် တိတ်ဆိတ်စွာ ထိခိုက်ခံစားကွဲရင်း အဆိုးတရားကို အသိတရားနဲ့ဆင်ခြင်ဖို့ ကြိုးစားနေရှာတာ။

စိတ်ဆူ စိတ်ထကာ ထိခိုက်ပေါက်ကွဲလွယ်တဲ့ စက်ရဲ့ ဖွတ်တနွတ်စိတ်ကြောင့် မိဘနှစ်ပါး စိတ်သောကရောက်နေရပြီး မိဘတွေရဲ့ သည်းခံမျိုသိပ်မှုနှင့် ခွင့်လွှတ်စိတ်ကို သားငယ် လက်ခံလာအောင် အကြိမ်ကြိမ်ဆုံးမနေရင်း ကြာက ရှန်းကြွလာပြန်တော့ ဦးမိုးတင့် စက်ကို စိတ်မဆိုးချင်ပေမယ့် စိတ်ဆိုးချင်ချင်ဖြစ်လာသည်။

"စက်"

စက် ပခုံးကို လက်တစ်ဖက်နဲ့ဆုပ်ကိုင်၍ တည်ငြိမ်သံနဲ့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ စက်က ဖွတ်ဆန်တဲ့မျက်နှာတင်းတင်းကို ပြေမချသေး

"ဖြေလေ ဖေဖေ၊ စက်တို့မှာ တုံ့ပြန်ခွင့်မရှိတာ ဘာကြောင့်လဲ"

"သား စိတ်ကို ဖေဖေ နားလည်ပါတယ်၊ ဖေဖေတို့ သမီး အလိမ္မာလေး အဖြစ်ဆိုးနဲ့ဆုံးပါးသွားတဲ့အတွက်လည်း ဖေဖေတို့ မဆည်နိုင်ဖြစ်ရတယ် သား၊ ဒါပေမဲ့ သားပါ အဖြစ်ထပ် မဆိုးသွားတဲ့အတွက် ဖေဖေတို့ ဖြေသိမ့်ရတာပါကွယ်၊ တကယ်လို့ သားပါ အဲ မတော်တဆ ဖြစ်သွားခဲ့ရင်"

"ဟင့် ဟင့် ဟုတ်တယ် သား၊ သားပါ တစ်ခုခုဖြစ်သွားရင် မေမေတို့ ဘယ်လိုဖြေသိမ့်ရမလဲ သားရယ်၊ မေမေတို့ ဘယ် ဖြေသိမ့်ရမလဲ"

ဖေဖေက မျက်ရည်လေးဝဲကာ ဝမ်းနည်းသော အသံက ဝင်သွားစဉ် မေမေက ရှိုက်သံလေးနဲ့ ယူကြုံးမရ စက်ကို ဖက်ရှိုင် ပြန်သည့်အခါ စက် မေးကြောတင်းတင်းကြီးက တစ်ရစ်ပြယ်ကျသွား သည်။

"ဟုတ်တယ် စက်ရယ်၊ စက်ပါ အဖြစ်ဆိုးသွားရင် ကိုကို ဘယ်လိုခံစားရမလဲကွာ"

ကြိတ်ငိုနေရှာတဲ့ ကိုနေက ဖုံးမနိုင်ဖိမနိုင် ဝမ်းနည်း စွာ တစ်ခွန်းဝင်ပြောသည်။ မိသားစုအားလုံးက တစ်ဖက် သူ့ ယောက်တည်းကတစ်ဖက်ဖြစ်နေတော့လည်း မလျှော့ချင်တဲ့ဒေါသ ကို လတ်တလော လျှော့လိုက်ရသည်။





စက် မေးကြောတင်းတင်းကြီးတွေ တစ်ဝက်ပြေလျော့လာတော့ ကိုတင့် သက်မလေးချမိသည်။

"ဆေးရုံပေါ်မှာကတည်းက သားက သတ်မယ် ဖြတ်မယ် ကြိမ်းဝါးနေလို့ နောက်ထပ်အဖြစ်ဆိုးတွေ မကြုံအောင် ကောင်း ကို ဖေဖေတို့ကိုယ်တိုင် ရှောင်ပေးပါလို့ တောင်းဆိုလို့ ဦးသဝဏ် ကိုယ်တိုင် ကောင်းကို နိုင်ငံခြားအားချင်းပို့ပစ်လိုက်တာပါကွာ၊ နောက် ထပ် အဖြစ်ဆိုးပေါ်လာမှာကို ဖေဖေတို့ မခံစားချင်လို့ပါ သားရယ်၊ ဖေဖေတို့ နှလုံးသားကို တစ်ဆိတ်နားလည်ပေးပါကွာ"

"မေမေတို့ သားကို နောက်ထပ် အဲဆုံးရှုံးမခံနိုင်တော့လို့ပါ သားရဲ့"

မေမေပါ ထပ်ဆင့်ပြောရင်း စက်ရင်ခွင်မှာ ခေါင်းချကာ ငိုပြန် သည်။ မိခင်ရဲ့ မျက်ရည်ကိုမြင်ရတော့ စက် အသည်းမမာနိုင်။ မေမေ့ ကို တနာရွာ ထွေးဖက်မိသည်က မေမေ နှစ်သိမ့်နိုင်ပါစေဆိုတဲ့ ဆန္ဒ နဲ့ပါ။

ဒါပေမဲ့ ရင်ထဲမှာတော့ အငြိုးမြစ်စီးဆင်းနေဆဲ။

"နော် သား နောက်ထပ်ဆိုတာမျိုးတွေ မဖန်တီးချင်ပါနဲ့ တော့ကွယ် သား မမ ကောင်းရာဘုံဘဝ ရောက်စေဖို့ မေမေတို့ ကောင်းမှုကုသိုလ်တွေလုပ်ပေးရမယ်လေ"

"ဟုတ်တယ် သား သားမမအတွက် ညည်ရှူပြီး အလှူဒါနပြု ဖေဖေတို့စီစဉ်စရာရှိတာ စီစဉ်ရမယ်လေ၊ သား စိတ်က အဲသလောက် ပြင်းထန်နေရင် သား မမအတွက် အလှူကို ဖေဖေတို့ စိတ်ဖြောင့်ဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်မှာ မဟုတ်ဘူး၊ စက်ရယ် ဖေဖေတို့ စိတ်ဖြောင့်ဖြောင့် အေ မပြုနိုင်ရင် သား မမ ရောက်ရာဘဝက သာခုခေါ်နိုင်မယ် မထင်ပါဘူ သားရယ်၊ သား မမ သာခုခေါ်နိုင်ဖို့ သားရဲ့အတ္တတွေ အငြိုးတွေကို ဖယ်ခွာလိုက်ပါ သားရယ်၊ ဖေဖေ တောင်းပန်ပါတယ်ကွာ''

ဝမ်းပန်းတနည်း ပြောရင်း မျက်ရည်များပါကျတော့ ဖေဖေ တောင်းပန်စကားကို လျစ်လျူမရှုနိုင်တော့။

စီးကျနေဆဲဖြစ်တဲ့ သူ့မျက်ရည်တွေကိုလည်း မသုတ်မိဘဲ သူ့မိသားစုဝင်အားလုံးရဲ့ တစ်ခုတည်းသော ဆန္ဒကို ဖြည့်ဆည်းပေး ဆုံးဖြတ်လိုက်ရသည်။ စက် ခေါင်းညိတ်လျက်

''ဖေဖေတို့က တောင်းဆိုမှတော့ စက် စက် နားလည်ပေး ပါ့မယ် မေမေရယ်''

''သားရယ်''

ငိုနေတဲ့ မေမေ မျက်ဝန်းမှာ ဝမ်းသာရိပ်တွေနဲ့။

''သားရယ် ဖေဖေတို့ရဲ့လက်ကျန် မိသားစုလေး စိတ်အေး ချမ်းသာစွာ နေသွားကြပါစို့ကွယ်''

''ဖေဖေ့ဆန္ဒအတိုင်းဖြစ်အောင် သားကြိုးစားပါ့မယ် ဒါပေမဲ့''

စက် စကားဖြတ်လိုက်တော့ မိသားစုအားလုံး စက်ကို ငြိမ် စွာ ကြည့်ကြသည်။

''ဒါပေမဲ့ ဘာဖြစ်လဲ သားရယ်''

''သားရင်ဘတ်ထဲရောက်နေတဲ့ အငြိုးတွေကိုတော့ သား မဖျောက်ပါရစေနဲ့ အဲဒီ အငြိုးတွေနဲ့ လူယုတ်မာကောင်ကို မုန်းခေ





သား ဆောင်းသဝဏ်ကို မုန်းပါစေ၊ မမုန်းပါနဲ့လို့ မဖျောင်းဖျပါနဲ့တော့ ဖေဖေရယ်၊ သား တစ်သက်လုံး မုန်းပါရစေ''

အစွဲအလန်းကြီးရှာတဲ့ သားငယ်ရဲ့စိတ်ကို ဖိအားပေး ဖျောင်းဖျ ဦးမိုးတင့် မကြိုးစားချင်တော့။

လောလောဆယ် သား မမိုက်မဲဘူးလို့ ကတိပေးတာကို ကျေနပ်ရုံတင်မဆုံးဖြစ်ရသည်။

''စက်ရယ် မုန်းမယ်ဆိုလဲ မုန်းပါကွယ်၊ ဒါပေမဲ့ မိုက်မဲဖို့ တော့ တာမရှာပါနဲ့နော် မေမေ ရင်ကျိုးအောင် မလုပ်ပါနဲ့''

''စိတ်ချပါ မေမေ''

''ကဲ စက် အနားယူလိုက်ဦး သား''

''ဟုတ်ကဲ့ ဖေဖေ''

''ခေါင်းက ဒဏ်ရာက အကင်းသေသေးတာ မဟုတ်ဘူး''

''စိတ်ချပါ''

''သားကြီး''

''ပြောပါ ဖေဖေ''

''သား ညီလေးကို ဂရုစိုက်လိုက် ဖေဖေတို့ ဘုန်းကြီးကျောင်း သွားပြီး စီစဉ်စရာရှိတာတွေ စီစဉ်လိုက်မယ်''

ဖေဖေက ကလေးတစ်ယောက်ကို စိတ်ချစွာ အပ်သလို ကိုနေ ဘက်ထဲ စက်ကို ထိုးအပ်သည်။

''စိတ်ချပါ ဖေဖေ သား ဂရုစိုက်ပါ့မယ်''

သားကြီးကိုတော့ စိတ်ချပါသည်။ သားငယ်ကို စိုးသိမ့်



www.burmeseclassic.com

www.burmeseclassic.com



ဖျောင်းဖျပေးနိုင်မယ်လို့လေ။

မိဘနှစ်ပါး စိတ်ချလက်ချ အပ်သွားတဲ့ ညီငယ်ကို အစ်
ကြီး အဖရာပီပီ နှစ်သိမ့်စွာ ထွေးဖက်လိုက်သည့်နောက်မှာ
ကလေးကြီးလို ဟီးခနဲငိုချလိုက်၏။

“စက်ရယ် တိတ်ပါကွာ၊ လဝန်းလေးအတွက် ကိုကို
ဆုတောင်းမေတ္တာပို့ကြရင် လဝန်းလေး သာခုခေါ်နိုင်မှာပါကွာ”

အားပေးနှစ်သိမ့်ရင်း ညီအစ်ကိုနှစ်ယောက် အားရအော
ငိုချသည်။က အဖြစ်ဆိုးအားလုံးနဲ့ဝေးနိုင်ပါစေဆိုတဲ့ ဆုတောင်းတွေနဲ့

■ ■ ■



## အခန်း (၁၈)

ဆုတွေကတောင်းတဲ့အတိုင်း မပြည့်ခဲ့တာ မမရဲ့အစွန်း ထွက်
အသွားကြောင့်ပဲ ထင်ရဲ့။

“သဝထ်ရယ် ကိုယ့်နှလုံးသားမှာ သဝထ်က ကိုယ့်ရဲ့
အချစ်ဦးပါ၊ ကိုယ့်ကို အဲဒီလောက်ထိ မရက်စက်ပါနဲ့ကွာ၊ သဝထ်
အဖြစ်ချင်လဲ၊ ပြောလေ ကိုယ်တတ်နိုင်သလောက် လိုက်လျောပေး
သါ ကျေးဇူးပြုပြီး ကိုယ့်အသည်းကိုမခွဲပါနဲ့ ကိုယ့်နှလုံးသားကို ဥပက္ခာ
ပြုပါနဲ့ ကိုယ့်အချစ်ကို မသတီစရာလို ပုတ်မချပါနဲ့ သဝထ်ရယ်၊
ကိုယ်တောင်းပန်ပါတယ်၊ အနူးအညွတ်တောင်းပန်ပါတယ်ကွာ”

မမ ပန်းစွန်းနှစ်ဖက်ကို ဖွဖွလေး ဆုပ်ကိုင်ရင်း တောင်းပန်
နေတဲ့ ကိုနေ ရင်ကွဲသံက အောက်ကျနောက်ကျနိုင်လွန်းသော်ငြား
မ ပျော်ဝင်ခြင်း အလျှင်းမခံစားမိ။



www.burmeseclassic.com

www.burmeseclassic.com



မမက ကိုနေ လက်ချောင်းတွေကို တွယ်ရာမဲ့ ပုတ်ချပစ်
ဆတ်ခနဲ ထရပ်ကာ ခြေဆုံး ခေါင်းဖျားကြည့်သည်။

ကိုနေက အလယ်ခွဲဆံပင်ပုံနှင့်လိုက်ဖက်တဲ့ မျက်နှာသွယ်
က ပကတိရိုးစင်းလှပါသည်။ ကွက်စိပ်လုံချည်အပြာကွက်လေး
လက်တိုအပြာရောင်ကိုသပ်ရပ်အောင် တွဲဝတ်ထားသည့်မှလွဲ၍ မက်
စရာ အဆင်တန်ဆာတွေ ဘာမှမရှိတဲ့ ကိုနေကို ရွှတ်ရွှတ်ချွချွနဲ့
ကာ နှစ်ခေါက်ကြည့်သည်။

ပြီးမှ သေမတတ်မျက်နှာလေးနဲ့အချစ်ကြောင့် အောက်
နောက်ကျ အယူခံဝင်နေသည့် ကိုနေ့မျက်နှာကို ခံစားချက်မဲ့သလို
ကြည့်ပြီး

"ရှင် ဘာတွေလာပြောနေတာလဲ"

"ကိုယ် တောင်းပန်နေတာပါ သဝဏ်ရယ်၊ သဝဏ် ကိုယ့်
ချစ်ခဲ့တယ် မဟုတ်လား"

"အို ချစ်တာက ချစ်တာ၊ တွဲတာက တွဲတာ၊ ဖြတ်တာ
ဖြတ်တာ တခြားစီပဲ"

"ဟင်"

သူ့ နားသူမယုံသလိုဖြစ်ကာ လွှဲပုခက်မှာထိုင်နေတဲ့ ကို
လန့်လန့်ဖြန့်ဖြန့်လေးထ၍ သဝဏ်ကို နားမလည်နိုင်စွာ စိုက်ကြည့်
သည်က ယူကျုံးမရဖြစ်ခြင်းတွေနဲ့ဖြစ်သည်။

"ဟုတ်တယ် နင့်ကို သဝဏ်က အပျော်ချစ်နဲ့တွဲခဲ့တာ"

"ဟင်"





"ဘဝတစ်သက်စာလုံးတွဲဖို့ဆိုတာ ဟွင်း ဘယ်နည်းနဲ့မှမဖြစ်
...တာ၊ ရှင် နားပူနားဆာ လာမလုပ်ပါနဲ့ ကိုနေဝန်း"

"သဝဏ်ရယ်"

အချစ်ကို ကိုးကွယ်မိတဲ့ ကိုနေခမျာ ရပ်လျက်သား ဖြစ်နေ
... ဝုန်းခနဲလဲကျသေပစ်ချင်လောက်အောင် အရှက်သည်းသွား၏။

သူ့မှာတော့ ချစ်လိုက်ရတာ။

အနမ်းတွေကို မြတ်နိုးလိုက်ရတာ။

အကြင်နာယုယတွေကို တန်ဖိုးထားပြီး ပျော်ဝင်ယစ်မူးခဲ့မိတာ။

ခုတော့ ဟာ

အားလုံးက သဲထဲရေသွန် အရာမထင်ဖြစ်ရပြီ။

မိန်းကလေးတစ်ယောက်က ကိုယ့်အချစ်ကို စိန်ပြေနပြေ ဖွဲ့ရှဲ
...နေမှန်းမသိလောက်အောင် ကိုယ့်ဘက်က အရူးအမူးဖြစ်လောက်
...အောင် စွဲလန်းနေခဲ့တာ ။

တွေးလိုက်တိုင်း ရှက်တဲ့စိတ်က နှလုံးသားကို အင်နဲ့အားနဲ့
...ဝင်ဖိဆောင့်လာသလို ထိန်းချုပ်မနိုင်ဖြစ်သည်က အလဲလဲအပြိုပြို။

"ယောကျ်ားတစ်ယောက်ကို ချစ်လှချည်ရဲ့လို့ ဘယ်တော့မှ
...မြဲ မခံစားတတ်တာ သဝဏ်ရဲ့ဝါဒပဲ၊ အေး အချစ်နဲ့ဘဝကို
...တွေ့ကျကျ ခွဲခြားခံစားတတ်တာလည်း သဝဏ်ရဲ့မူပိုင်သင်္ချာ၊
...ဏ်စိတ်က သာယာချင်သလောက်တွဲမယ်၊ မသာယာချင်တော့ဘူး
...င် ခါပစ်မယ်၊ အခုလည်း ကိုနေ အချစ်ကို မသာယာချင်လို့ ခါပစ်
...တာလေ"



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေက အချစ်တွေကို ဖျစ်ကိုင်ချေမွပစ်လိုက်သည် တဆစ်ဆစ်နဲ့နာကျင်ကာ ရှူးရှူးရှရှ ခံစားရစေသည်။

"ရှင် နောက်တယ်တော့မှ သဝဏ်နဲ့မျက်နှာချင်းမဆိုင်နဲ့ ရှင် ကို သဝဏ် ရင်မခုန်တော့ဘူး။ သဝဏ်ကို ရင်ခုန်စေတဲ့ ပိုင်ရှိနေပြီ"

အချစ်ကို ချေမွပစ်ရုံမက တခြားယောကျာ်းတစ်ယောက် အသင့်ရှိပါတယ်လို့ ကြွေးကြော်လာတဲ့အခါ မျက်စိနဲ့တပ်အပ်မြင်ရစဉ်က သဝန်တိုမိတဲ့စိတ်က ခုချိန်မှာ နားမဆင်ရက်လောက်အောင် ရှက်အမ် သွားသည်။

"ပိုင်က ရှင့်လို ဘဝအာမခံချက်မရှိတဲ့ သူမျိုးမဟုတ်ဘူး သဝဏ် လိုချင်တာမှန်သမျှကို တစ်စက္ကန့်နောက်မကျဘဲ ဖြည့်ဆည်းပေး နိုင်တဲ့သူ၊ ဒါကြောင့် ပိုင်ကို သဝဏ် ရင်ခုန်တယ်၊ မက်မောတယ် ပိုင်နဲ့လက်ထပ်ဖို့ကိုလည်း လက်ခံပြီးသား။ ဖိတ်စာတောင်ရိုက်ပြီးပြီရှင့်"

ပြောရင်း လွှဲပုခက်ပေါ်မှထကာ ညေ့ခန်းထဲလှမ်းဝင်ခဲ့ပြီး စားပွဲ ပေါ်က ဖိတ်စာတစ်စောင်ဆွဲပြီးယူသည်။ ထို့နောက် လည်လိမ်ထားတဲ့ ကြက်လိုဇက်ကြီး ကျိုးနေတဲ့ ကိုနေရှေ့ ရင်ကော့ပြီး ကိုနေလက်ထဲ ငွေရောင်ဖိတ်စာကို အတင်းပဲထိုးထည့်ပေးသည်။

"ရှင့်အတွက် သဝဏ်က ညေးစားဦးဆိုတော့ ရှင့် ညေးစားဦး ရဲ့မင်္ဂလာပွဲကို ရှင်တက်ခွင့်ရတုန်းတက်ပြီး အားပေးလိုက်ပါ ကိုနေဝန်း ရယ် နော်"

ဖိတ်စာကို ဆုပ်ကိုင်မိတဲ့ ကိုနေ လက်ချောင်းတွေက အသည်း နှလုံးနဲ့အတူ တဆတ်ဆတ်တုန်ကာ





လှလှပပချည်း နှလုံးသားနင်းချေခံလိုက်ရတော့ ယောကျာ်း ခဲ့ မျက်ရည်တောင် မထိန်းနိုင်ခဲ့။

"သဝဏ် တို့မင်္ဂလာပွဲကို ကိုနေ အစအဆုံးခံစားလို့ရအောင် တယ်မှာ မလုပ်ဘူး ကိုနေရဲ့၊ ဒီခြံဝင်းထဲမှာပဲ ကျင်းပမှာလေ၊ ဟင့် ဒါပဲ ကိုနေဝန်း ရှင်နဲ့ကျွန်မ ချစ်သူဘဝကို ဒီတင်ပဲ နိဂုံးချုပ်လိုက် အောင် ကွယ်၊ Good Bye ချစ်သူ သဝဏ် နှုတ်ဆက်ခဲ့ပါတယ် ဟင့်"

မျက်နှာပေးလေး ခနိုးခနဲ့နှင့် အပိုင်အနိုင်ချည်း ဖြတ်တောက် ကိုနေကို ကျောခိုင်းလိုက်တဲ့ မမနှလုံးသားက ကြည်နူးယစ် တွေနဲ့ဖြစ်ပေမယ့် ကိုနေခမျာ အချစ်အတွက် ဘဝအတွက် နှလုံး အတွက် ကွဲခဲ့တဲ့အရှက်နဲ့ခံစားချက်တွေက ဆောက်တည်ရာမရ သည်။

ခြံထဲက ပြန်ထွက်သွားတဲ့ ကိုနေ ခြေလှမ်းတိုင်းမှာ မျက်ရည်စ တလိမ့်လိမ့်ကြွေဆင်းလျက်

"မမ သဝဏ်ရယ်၊ ကိုနေ့ကို အဲဒီလောက်ထိ မရက်စက်သင့် လို့ ဆောင်း ပြောပါရစေ"

ကိုနေ့အတွက် ဆောင်း သည်းမခံနိုင်စွာ အရဲစွန့် အယူခံဝင် မမ မျက်ဝန်းပိုင်းနဲ့ စူးစူးစိုက်စိုက် ဆောင်းကို ငဲ့ကြည့်ပြီး

"ဘာပြောတယ် ဆောင်း"

"ကိုနေကို မမပဲ ချစ်တတ်အောင် ဖြားယောင်းခဲ့ပြီးမှ ခုလို ကိုက်သတ်ချည်း ဖြတ်ပစ်တာ ဘယ်လောက်ရက်စက်ရာ ရောက်သလဲ ညေယ်"



www.burmeseclassic.com

"အောင်မယ် ညည်းက အချစ်ရူးသမားဘက်က ရှေ့နေလိုက်ချင်တယ်ပေါ့လေ၊ ဟွန်း မရဘူး၊ မိဆောင်း ညည်းနဲ့ဘာမှမဆိုင်တာ မပြောနဲ့ ငါ မလိုချင်လို့ ခါပစ်တာ၊ သူ တစ်ယောက်တည်း မဟုတ်ဘူး နားလည်လား၊ ငါ့ကိုစွက်ကို ဝင်စွက်ဖက်တာ နောက်ဆုံးဖြစ်ပစေ ဟွန်း"

ဆောင်း ပခုံးပါ ဆောင့်တွန်းရင်း မျက်နှာထားနဲ့ချမှတ်သွားတဲ့ အမိန့်ကို ဆောင်း မကျော်လွန်နိုင်ခဲ့။

ကိုနေရယ်

ဘာကြောင့်များ မမကိုမှ နစ်နစ်ကာကာ ချစ်ရတာလဲကွယ်

ခုတော့ ယူကြုံးမရခံစားနေရတဲ့ ကိုနေ့နှလုံးသားကို မကြည့်ရက်တော့လည်း ဆောင်း မျက်ဝန်းမှာ ဝမ်းနည်းသော မိုးက သည်းပါပြီ။

■ ■ ■

မမ ရက်ရက်စက်စက် ဖြတ်တောက်မှုနောက်မှာ ကိုနေ ရူးမတတ် ခံစားရရှာသည်။ မမ မင်္ဂလာဆောင်မယ့်နေ့မှာ ကိုနေ သူ့ကိုယ်သူ သတ်သေပစ်ဖို့အထိ မိုက်မဲခဲ့သည်။ သူ့မိဘတွေ အချိန်မီ သိလို့ ကိုနေကို ဆောင်းတို့ရဲ့ မင်္ဂလာခြံနဲ့ဝေးရာဆီ ခေါ်ထုတ်သွားသော ဆောင်း စိတ်မချမ်းမြေ့စွာမြင်လိုက်ရသည်။

ကိုနေကို အားပေးနှစ်သိမ့်ချင်ပေမယ့် ဆောင်း အခွင့်အရေး မရခဲ့။ ကိုနေခမျာ အရက်သမားလုံးလုံးဖြစ်ကာ မူမမှန်သလို ဘာလုပ်ငန်းနဲ့ အလုပ်ပါပြုတ်သွား၏။ သူ့မိဘခမျာ သမီးအလိမ္မာလည်း လက်လွှတ်





...ရ သားကြီးကလည်း အသည်းကွဲ သားငယ်ကလည်း အငြိုးတွေ ...ဆိုရာက အကင်းမသေ။

ဒီကြားထဲ ဒယ်ဒီတို့က သူတို့မိသားစု ဆောင်းတို့ခြံဘေးမှ ...ထွက်သွားစေဖို့ အတွက်ကြီးကြီး စီစဉ်တာ ရင်နာလို့မဆုံးနိုင်ဘူး။

စီးပွားရေးအဆင်မပြေလို့ တိုက်နဲ့ခြံကိုပေါင်ပြီး အရှုံးပေါ်နေတဲ့ ...ငန်းကို လည်ပတ်နေတဲ့ အန်ကယ်ရဲ့ဆောက်လုပ်ရေးလုပ်ငန်းကို ...ဖက်လှည့်နဲ့သိမ်းပိုက်ခဲ့တာလေ။

သိမ်းပိုက်ခဲ့တာလည်း မမရဲ့အကြံဉာဏ်တွေကြောင့်ပဲဖြစ် သည်။

"ဒယ်ဒီရယ် သူတို့တိုက်နဲ့ခြံကို အပေါင်ခံထားတဲ့ အန်ကယ် ...ဆောင်းက ဒယ်ဒီ လက်ခုပ်ထဲက မြေးမလွှတ်တဲ့သူပဲ၊ အန်ကယ် ...ဆောင်းကလည်း လက်ရှိငွေလိုနေတယ်လေ၊ အန်ကယ် သောင်းလိုတဲ့ ...ထုတ်ပေးလိုက်ရင် အဲဒီအပေါင်စာချုပ်က ဒယ်ဒီလက်ထဲရောက်လာ ... အတိုးမသတ်နိုင်ရင် တစ်နှစ်နဲ့ အရှုံးဖြစ်နေတာလေ၊ သူတို့ အတိုး ...တ်နိုင်ရင် ဒီခြံနဲ့တိုက် ဒယ်ဒီပိုင်ပြီပေါ့၊ နောက်ပြီး တစ်မိသားစုလုံး ...ငွေမရှိတော့ အတိုးသတ်နိုင်ဖို့ နေနေသာသာ လုပ်ငန်းတစ်ခုလုံးက ...ပေါ်ပြီး အကြွေးတွေနဲ့နစ်နေတာဆိုတော့"

"ဟုတ်တယ် သမီးကြီး idea သိပ်ကောင်းတယ်၊ ဒယ်ဒီတို့ ...နဲ့အဆင့်အတန်းမတူတဲ့ ဒီမိသားစု ဒယ်ဒီအပါးက လွင့်သွားဖို့ ...ကြီးတယ် ဟား ဟား ဟား"

ဒယ်ဒီရဲ့အတွက်ကြီးတဲ့ ရယ်သံကြီးက သူတို့မိသားစုရဲ့စိတ်နှလုံး ...ထိခိုက်အောင် ရက်စက်လိုက်တာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမ အကြိုအတိုင်း ဒယ်ဒီက အန်ကယ်သောင်းကို စီးပွားရေး မက်လုံးတွေပေး အန်ကယ်သောင်းလိုတဲ့ ငွေကိုထုတ်ပေးပြီး အပေါင် စာချုပ်ကို တစ်ဖက်လှည့်ပြီး သိမ်းပိုက်လိုက်၏။

အပေါင်သက်တမ်း တစ်နှစ်ပြည့်တော့ အတိုးလည်းမသတ်နိုင် ရွေးလည်းမရွေးနိုင်ဖြစ်ရတဲ့ အကျဉ်းအကြပ်ထဲမှာ ဒယ်ဒီက အန်ကယ် သောင်းကို ဖိအားပေးလျက် သူတို့မိသားစုလွင့်သွားအောင် စီစဉ်လိုက် တော့၏။

အန်ကယ် ဦးမိုးတင့်ရှေ့ အပေါင်စာချုပ်ချပြလျက်

"ဘယ်လိုစဉ်းစားထားသလဲ ကိုမိုးတင့်"

အန်ကယ် ဘာကိုရည်ရွယ်သလဲဆိုတာ သိနှင့်သည့် သူ့ဖခင် က မျက်နှာအိုကျကာ ရွေးတွေစိုတက်လာတာ မကြည့်ရက်စရာ။

"ကျွန်တော်လည်း အတော်ကို ကျပ်တည်းနေပါတယ် ကိုသောင်းရာ"

"ဒီလိုပြောလို့ပြီးမယ့်ကိစ္စမှ မဟုတ်တာ ကိုမိုးတင့် အတိုး လည်းမသတ်နိုင်သလို ရွေးလည်းမရွေးနိုင်ဘူးဆိုတော့"

"ကျွန်တော့်ကို တစ်နှစ်လောက် အချိန်ပေးပါဗျာ"

အန်ကယ် မျက်နှာငယ်လေးနဲ့အရဲစွန့် တောင်းဆိုလိုက်တဲ့ အခါ အန်ကယ်သောင်း မငဲ့ညှာစတမ်း ရယ်ချကာ မတ်မတ်ထိုင်နေရာမှ ဆိုဖာ နောက်မှီလျက်ကိုယ်ကိုဆန့်လိုက်ပြီး

"ကိုမိုးတင့်ရယ်၊ လုပ်ငန်းသဘောက လုပ်ငန်းသဘောပဲလေ ခုတစ်မျိုး တော်ကြာတစ်မျိုး လုပ်လို့မရဘူးဆိုတာ ကိုမိုးတင့် နားလည်





ပါ"

ပိပိရိရိ အနိုင်ဖိပြောတဲ့ အန်ကယ်သောင်းကြောင့် သူ့ဖခင် မျက်နှာမှာ သွေးမရှိတော့။

"အန်ကယ် ပြောတာကို ကျွန်တော် နားလည်ပါတယ်၊ အဖေ အတော်ကျပ်နေလို့ တစ်နှစ်လောက်ဆိုင်းပေးပါ အန်ကယ်ရယ်၊ ဆိုင်း ပေးမယ့် တစ်နှစ်အတွက် အတိုးကိုလည်း နှစ်ဆပေးပါ့မယ်၊ ကျေးဇူး ပြုပြီး အန်ကယ် ငဲ့ညှာပေးပါဗျာ ကျွန်တော် ထပ်ဆင့်တောင်းပန်ပါတယ် အန်ကယ်ရယ်"

အန်ကယ်သောင်း လိုက်လျောအောင် သူ မျက်နှာသေနဲ့ တောင်းပန်နေပေမယ့် အန်ကယ်သောင်း ခေါင်းမညိတ်ခဲ့။

"တောင်းပန်တာကို အားနာပါတယ် ဒါပေမဲ့ ရွှေ့ဆိုင်းပေးဖို့ တော့မဖြစ်နိုင်ဘူး"

"ဟင် ဒါ ဒါဆို"

အရှုံးခံရတော့မှာကို သိနေပေမယ့် သူမယုံသလို ထစ်ထစ် အအ မေးလိုက်၏။ အန်ကယ်သောင်း ခေါင်းတစ်ချက်ဆတ်ရင်း

"စာချုပ်အတိုင်း တိုက်နဲ့ခြံကို သိမ်းရမှာပဲ"

"ဟာ"

ဟာခနဲဖြစ်သွားတဲ့ သူ့မျက်နှာက သေသွားတဲ့အတိုင်း။ လက် လျှော့လိုက်ရတော့မယ်ဆိုတဲ့အသိက စိတ်ကို တင်းမထားနိုင်။ ဘာမှ မပြောနိုင်လောက်အောင် ဆွံ့အသလို ဖြစ်နေတဲ့ သူ့ဖခင်မျက်နှာ တစ်ပြင်လုံးမှာ ချွေးစတွေက အသီးသီးနေသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးစတွေကို မွှေးပွပဝါ အဝါနုရောင်လေးနဲ့ပွတ်သုတ်ရင်း အန်ကယ် သောင်းကို သူ့အဖေ အားကိုးတကြီး မော့ကြည့်ပြီး

"ကိုသောင်းရယ် တစ်နှစ်မဟုတ်ရင်တောင် ခြောက်လလောက်တော့"

"မဖြစ်နိုင်ဘူး ကိုမိုးတင့်၊ ခြောက်လမပြောနဲ့ တစ်ရက်တောင် အစွန်းမခံနိုင်ဘူး"

"တောက်"

သူ ဝုန်းခနဲထရပ်သည်။ ရင်ထဲက မခံနိုင်မှုတွေကို ရှန်ကြွလာကာ စားပွဲခုံမှာ လက်နှစ်ဖက်ထောက်၍ ကိုယ်ကိုရှေ့ကိုင်းကာ အန်ကယ် သောင်းကို စိုက်ကြည့်သည်။ အန်ကယ်သောင်း မျက်မှောင်ကြုတ်ကြည့်ပြီး

"မင်းက ဘာဖြစ်တာလဲ"

"အန်ကယ် သောင်းရယ် တစ်ရက်တောင် မဆိုင်းပေးနိုင်ဘူးပြောတဲ့ အန်ကယ် သောင်းစကားကို ခံပြင်းလွန်းလို့ပါ"

"ဘာကွ"

"ဟုတ်တယ်လေ၊ စာချုပ်ချုပ်တဲ့အချိန်က အန်ကယ် သောင်း ပြောခဲ့တာမှတ်မိလား"

"ဘာ"

အန်ကယ် သောင်း ရှုးရှုးရှဲရှဲနှင့် ထိုင်ရာမှ ဆတ်ခနဲထရပ်ပြီး

"မင်း ဘာပြောချင်တာလဲ"

"ဟွန်း ကျွန်တော် ဘာပြောချင်လဲဆိုတာ အန်ကယ်သောင်း သိနေပါတယ်၊ စာချုပ်ထဲမှာ တစ်နှစ်လို့သတ်မှတ်ထားပေမယ့် တစ်နှစ်ပြည့်လို့မချေးနိုင်ရင်လည်း ချေးနိုင်တဲ့အချိန်ထိ စောင့်ပေးမယ်ဆိုတာလေ အန်ကယ်သောင်း မေ့သွားပြီလား ဗျာ"

မေးချလိုက်သည်က အမှန်ချည်းပဲမို့ အန်ကယ်သောင်း မျက်နှာ ပျက်သွားပေမယ့် ကမန်းကတမ်း ဣန္ဒြေထိန်းကာမာန်တင်လိုက်၏။

"ဟိုတုန်းက အခြေအနေနဲ့အခုအခြေအနေ မတူဘူးကွ"

"အန်ကယ် လူကြီးလူကောင်းဆန်ဆန် စကားပြောပါ ဗျာ၊ အခြေအနေချင်းမတူဘူးဆိုတဲ့ စကားပြောထွက်တဲ့ အန်ကယ် ပါးစပ်ကို ကျွန်တော် အံ့ဩတယ်"

"ဘာ မင်း ငါ့ကို ဘယ်လိုလူစားထင်လဲကွ"

အန်ကယ် သောင်း မလုံမလဲသံချည်းနဲ့ပြောတော့ သူ နှုတ်ခမ်းပါးလေးမဲ့တွန့်ကာ ကိုယ်ကိုမတ်လိုက်သည်။

"ဟွန့် နှိပ်ပါးနေတဲ့သူကို မကူညီချင်နေလို့ရပါတယ် အန်ကယ် ပိုင်းဝန်းပြီး ဖိနှိပ်ကြတာကိုတော့ စိတ်မကောင်းဘူး။ ဦးသဝဏ်ရဲ့မက်လုံး ပေးမှုတွေနောက်လိုက်ပြီး ကျွန်တော်တို့ အခက်အခဲကို နင်းချလိုက်တာ"

"ဟင်"

အန်ကယ် သောင်း မျက်နှာအမူအရာပျက်သွား၏။

"အန်ကယ်တို့ရဲ့ လက်ဝါးရိုက်အစီအစဉ်ကို ကျွန်တော်တို့ အားအဖ မသိဘူးထင်နေလား အန်ကယ်"

အန်ကယ်သောင်း ကမန်းကတမ်း လက်ကိုင်ပုဝါယာ်လိုး ပြူထွက်စချွေးစီးတွေကို နှာခေါင်းမှတစ်ချက်ပွတ်ပြီး







www.burmeseclassic.com

"ဒါ ဒါက ဒီလိုရှိတယ် ကွာ"

"ဘယ်လိုပဲ ရှိရှိ ကျွန်တော်တို့ မမှုတော့ဘူး။ ခုလို လက်တင်လုံးခြား ကလိမ်ကျပြီး ညစ်လိုက်တာကို ကျွန်တော်တို့ ဘာမှမတတ်နိုင်ပါဘူး အန်ကယ် စိတ်ချပါ အန်ကယ် တစ်ရက်မှ အစွန်းမခံနိုင်မှတော့ ကျွန်တော်တို့လည်း တစ်ရက်မှ အခွင့်အရေးမယူပါဘူး ဗျာ မနက်ဖြန် ၁ ကျွန်တော်တို့ တိုက်ပေါ်က ဆင်းသွားပါ့မယ် လာ ဖေဖေ သွားကြစို့"

ရင်နာသံကြီးနဲ့ပြတ်ပြတ်သားသား ပြောပြီး သူ့ဖခင်လက်ကို ဆွဲ၍ အန်ကယ်သောင်း ရုံးခန်းထဲက ထွက်ခဲ့တဲ့သူ။

ရုံးခန်းအပြင်ဝမှာကိုယ်လေးကျုံ့ကာ ရပ်လျက်သားဖြစ်နေတဲ့ ဆောင်းကို ဖျတ်ခနဲ ကျရောက်လာတဲ့ သူ့ မျက်လုံးမှာ အစိမ်းရောင် အငြိုးတွေညှို့ဆိုင်းအုံ့ဖွဲ့လျက်

ဆောင်းအရဲစွန့်ကာ စက်ရယ်လို့ခေါ်လိုက်ပေမယ့် နှုတ်ခမ်းသားကြီးကို ဆွဲခြစ်ကိုက်ကာ မျက်နှာထားနဲ့အကြည့်လွှဲပြီး ခြေလှမ်းကြနှင့်ထွက်သွားခဲ့သည်က ဆုံးရှုံးနာကျင်မှုတွေ ဖြေမဆည်နိုင်မှုတွေနဲ့။

"အန်ကယ်ရယ်"

ဆောင်း ကမန်းကတမ်း ရုံးခန်းထဲဝင်ရင်း အန်ကယ့်ကို အသနားခံမျက်လုံးနဲ့ကြည့်လိုက်တော့ အန်ကယ်သောင်း ကိုယ်လုံးကို ဆိုဖာပေါ် ပစ်ချသလို ထိုင်ချလိုက်ပြီး

"သမီးတောင်းတဲ့ အကူအညီကို အန်ကယ် မဖြည့်ပေးနိုင်တာ ခွင့်လွှတ်ပါ၊ အန်ကယ် မှာလည်း အန်ကယ့်အခက်အခဲနဲ့ပြီးတော့ သမီး





ဆယ်ဒီက"

"တော်ပါတော့ အန်ကယ် ရယ်"

ဦးသောင်းကျောင်းမှာလည်း ဆောင်းကိုကြည့်ပြီး စိတ်မကောင်းနိုင်။ တစ်မိသားစုလုံးမှာ ဒီကလေးမက သဘောထားအပြည့်ဆုံးနဲ့အနှိမ်ခံရဆုံး သမီးလေးလေ။ ခုချိန်မှာ သူမ တောင်းတဲ့အကူအညီပေးနိုင်ပေမယ့် တစ်ချိန်ချိန်ကူနိုင်လိမ့်မယ် ထင်ပါတယ်

အန်ကယ် ကူညီနိုင်တဲ့အခါ သမီးတောင်းတဲ့အကူအညီကို ပေးပါ့မယ်လို့ ကတိပေးပေမယ့် ဆောင်း ခမျာမှာ မျက်ရည်လေးကျပြီး ထွက်သွားရှာတာ ထိုမိသားစုအတွက် ရတက်မအေးနိုင်ခြင်းတွေနဲ့ ဖြစ်သည်။

သူတို့မိသားစုရဲ့ရှုံးဆုံးနစ်နာမှုနဲ့နှလုံးသားကြေကွဲမှုကို သူတို့ ဘက်မပိုရင်တောင် သူတို့နဲ့ထပ်တူခံစားရတယ်ဆိုတာ ယုံမလား စက်ရယ်။

ဒါပေမဲ့

တိုက်ပေါ်က ဆင်းသွားတဲ့နေ့က သူပြောခဲ့တဲ့ စကားလုံးတွေဟာ ဆောင်းနှလုံးသားမှာ စိုက်ဝင်နေတဲ့ မြားတစ်စင်းလိုပဲ။

ဒီအတိုင်းထားရင်လည်း မြားဒဏ်ရာနဲ့အဆိပ်တက်ကာ သေလုမျောပါ။ ဆွဲနုတ်ပစ်ရင်လည်း သွေးစိမ်းပန်းထွက်တဲ့ ဒဏ်ရာ သိုနဲ့။

ဆောင်း မမေ့နိုင်ပါဘူး စက်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"အခြေအနေတွေက မယုံနိုင်စရာပါပဲ မဖြူရယ်၊ ထောင်
မယုံနိုင်စရာကောင်းအောင် ဆိုးဝါးလွန်းတယ်ကွယ်"

"ဘာတတ်နိုင်မှာလဲ စိုးစိုးရယ်၊ ကံကြမ္မာလို့ မှတ်ယူပြီး တရား
နဲ့ပဲဖြေရတော့မှာပေါ့။ ဖြစ်သွားပြီးမှဆိုတော့ ဘာမှမတတ်နိုင်ဘဲ၊ ကံ
စိုးစိုးရယ် စိတ်မကောင်းစရာတွေတွေးလို့ ဘာမှထူးမှာမဟုတ်ဘူး။ ပြ
လာသမျှ အကောင်းပဲလို့ မှတ်ယူထားတာ နှလုံးအေးပါတယ်၊
စက် ရောက်မလာသေးဘူး။ လိုက်သွားကြည့် စိုးစိုးရယ်၊ ကားငှား
အဆင်ပြေပါ့မလား။ ဒီကောင်လေးက စိတ်ကဆတ်ပါဘိနဲ့"

"ဟုတ်တယ် မဖြူ၊ စိုးစိုး လိုက်သွားမယ်၊ အထဲမှာ ပစ္စည်း
တွေ ကျန်သေးလို့"

"ကျန်တာကို မဖြူ သယ်ထုတ်လိုက်မယ် စိုးစိုး မြန်မြန်လိုက်





...သွားလေ"

ဒေါ်ဖြူ ပြောလိုက်မှ ဒေါ်စိုးစိုးမာ စိုးရိမ်စိတ်လေးနဲ့ကားငှား
... အပြင်ထွက်သွားတဲ့သားဆီ သုတ်သုတ်ကလေး ထွက်သွားသည်။
...ည်းတွေအားလုံးထုပ်ပိုးပြီး တိုက်ရှေ့မှာစုပြုံထားပြီးပြီ။

အခန်းထဲက သယ်ထုတ်ရင်း ယောင်းမယောင်းမ မျက်နှာ
...ာမယာနဲ့အဖြစ်အပျက်ကို စိတ်မချမ်းမြေ့စွာ ပြောမိခြင်း။

ဒေါ်ဖြူက ဦးမိုးတင့်နဲ့အစ်မ ငါးဝမ်းကွဲလား။ ခြောက်ဝမ်းကွဲ
...ဆိုတာ ဒေါ်ဖြူပင် တိတိကျကျ မသိပါ။ ငယ်ငယ်ကတည်းက
...ကပ်လျက် မောင်နှမလိုနေလာခဲ့တာ အရွယ်ရောက်လို့ အိမ် ထောင်
...သီးသီးကျလို့ ကွဲနေပေမယ့် အဆက်အသွယ်မပြတ်ခဲ့။

လွန်ခဲ့တဲ့ သုံးနှစ်ခန့်က ဒေါ်ဖြူ ခင်ပွန်း ဦးအောင်စိုး အသည်း
...င်ဆာနဲ့ဆုံးပါးခဲ့သည်။ ခင်ပွန်းဆုံးလို့ စိတ်ထိခိုက်နေရှာတဲ့ ဒေါ်ဖြူ
...ကို မောင်မိုးက

"မဖြူရယ် ကျွန်တော်တို့ဆီမှာ စိတ်ပြေလက်ပျောက်လာ
နေပါလို့"

ဖုန်းအကြိမ်ကြိမ်ဆက်ပြီး လှမ်းခေါ်တာနဲ့၊ ပြီးတော့ အိမ်
...ထောင်ကျပြီးသား တစ်ဦးတည်းသော သားကလည်း

"ဟုတ်တယ် အမေ အမေ အဖေ့ကိုသတိတရနဲ့တငိုငိုဖြစ်နေ
...တာ သားလည်း မကြည့်ရက်ဘူး၊ အဖေကဆုံးသွားပြီဆိုတော့ အမေ့ဆီ
ပြန်လာနိုင်တော့မှာမှမဟုတ်တာ၊ ဒီအိမ်မှာက အဖေ့ရဲ့အရိပ်တွေ...နေ
...တော့ အမေ မဖြေနိုင်တာ သား နားလည်ပါတယ်၊ ဒါပေမဲ့ အမေရယ်



www.burmeseclassic.com

www.burmeseclassic.com



အမေစိတ်ပြေအောင် အဖေ့အရိပ်အငွေ့တွေနဲ့ကင်းတဲ့ဆီမှာ နေထာ သင့်တော်ပါတယ်၊ ဦးလေးမိုးဆီမှာ စိတ်ပြေတဲ့အထိ နေလိုက် စိတ်ပြေ မှပြန်လာပေါ့"

"ဟုတ်ပါတယ် အမေ သီသီလည်း အဲဒါပဲပြောချင်နေတာ ဦးလေးမိုး ဒီလောက်ခေါ်နေတာ တစ်လနှစ်လဖြစ်ဖြစ် သွားလည်လိုက် လား"

သားနဲ့ချွေးမက တိုက်တွန်းတာနဲ့ မောင်မိုးဆီမှာ လာနေ တာ သားနဲ့ချွေးမဆီတောင် မပြန်နိုင်တော့ဘူး။

မောင်မိုးမှာကလည်း စီးပွားရေးအဆင်မပြေ။ သားသမီး သုံး ယောက်ကလည်း အပျိုလူပျိုတွေ။ စိုးစိုးက ရှိုးရိုးအေးအေး။ အိမ်မှုကို တစ်ဖက် သားသမီးကိစ္စတစ်ဖက်နဲ့မနိုင်မနင်းဖြစ်နေတာ မြင်တော့ ဖြစ်တဲ့ တောင်ငူမပြန်ရက်ဘဲ သောင်တင်နေခဲ့မိတာ။

လွန်ခဲ့တဲ့ ခြောက်လလောက်က သားဖြစ်သူ အူအတက် ပေါက်ပြီး အရေးပေါ်ဆေးရုံတက်ရလို့ ဒေါ်မြ တောင်ငူပြန်သွားတာ သား ဆေးရုံက ဆင်းတော့လည်း ချွေးမက မွေးခါနီးဖွားခါနီးဆိုတော့ မြေး မျက်နှာမြင်ပြီး စိတ်ချရမှ ပြန်မယ်လို့ ဆုံးဖြတ်ပြီး နေခဲ့သည်။

မြေးမျက်နှာမြင်ပြီးတော့လည်း သားနဲ့ချွေးမ သာမက မြေး ပါ စိတ်မချသလိုဖြစ်လို့ ဆွဲနေခဲ့တာ မြေးတောင် ငါးလပြည့်တော့မယ်

ဟော အခုမှာ ပြုန်းစားကြီးလာဝန်လေး ဆုံးပြီးလို့ မောင်မိုး အကြောင်းတော့ ဒေါ်မြမှာ စမ်းနည်းပက်လက်ဖြစ်ပြီး မောင်မိုးတို့ မိသားစုဆီပြန်လာခဲ့တာ။





ပြဿနာတွေက ဆက်တိုက်ချည်း ဆိုးဝါးလိုက်တဲ့အဖြစ်တွေ ဘ မိုးသားဖြူစင်တဲ့ မိသားစုအပေါ်မှပုံကျလာတာ ဒေါ်မိုး ရင်ထဲမှာ အတော်ချည်း မကောင်းရှာ။

သမီးကဆုံး သားကြီး နေဝန်းက အသည်းကွဲပြီး အရက်တွေ သောက်ရာမှ ကြောင်တောင်တောင်လိုလို ဖြစ်သွားရှာတယ်။ သားငယ် လည်း အင်း ဘယ်ဘက်ကမှ အကောင်းတွေမမြင်ရ။

ဟော ခုတစ်ခါ ရက်ချိန်းလေးတောင်မရဘဲ တိုက်ပေါ်က ဆင်းပေးရတော့မယ်တဲ့ ။ ဆင်းပေးရမယ်ဆိုတော့လည်း ညတွင်းချင်း ပစ္စည်းတွေထုပ်ပိုးကာ မိုးမလင်းခင် ပစ္စည်းတွေတိုက်ရှေ့ပုံချထားပြီးပြီ။

မောင်မိုးက ပစ္စည်းတချို့နဲ့ မူမမှန်တဲ့သားကြီးကို အရင်ခေါ် ပြီး ကားတစ်စီးဖြင့် နေရာသစ်ဆီသွားပြီ။ စက် က ကျန်နေသေးသည့် ပစ္စည်းတွေတင်ဖို့ ကားထွက်ငှားတာ ကြာလှပြီ။ စက် ကိုစိတ်မချလို့ မိုးကို လိုက်သွားခိုင်းမိတာ။

အိုး တကယ်ဆို ဒေါ်မြလိုက်သွားသင့်တာ။ စိုးစိုးက မလည် ဘယ်နဲ့ အခုမှ ဒေါ်မြလိုက်သွားလို့လည်း မဖြစ်ပြန်။ သယ်စရာပစ္စည်း အထုပ်တွေက မီးဖိုခန်းထဲမှာရှိသေးတယ်။ ပစ္စည်းတွေသယ်ထုတ်ဦးမှပဲ။

"ဒေါ်မြ"

"အလို"

အတွေးနဲ့တစ်ယောက်တည်းဗျာများကာ တိုက်ထဲပြန်ဝင်ဖို့ လှေကားမှာနောက်က ကပ်ခေါ်လိုက်တဲ့အသံလေးကြောင့် နောက်ပြန် လှည့်ကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဆ ဆောင်း"

ဒေါ်ဖြူ ထိတ်ထိတ်ပြာပြာနဲ့ စိုးရိမ်တကြီးဖြစ်သွားသည်။

"ဒေါ်ဖြူရယ်"

ဝမ်းနည်းမျက်ရည်လေးဝိုင်းကာ ငိုချတော့မတတ် မျက်[illegible] လေးဖြစ်နေတဲ့ ဆောင်းကို ဒေါ်ဖြူ ကရုဏာသက်ဝင်မိသည်။ အ[illegible] အနေဆိုး အားလုံးရဲ့ကြားမှာ သူ့လေးက တရားခံ။

စက်က ဆောင်းတို့မိသားစုကို အငြိုးတွေ တစ်ရစ်ပြီးတစ်[illegible] တင်နေသလို ခန္ဓာလေးကိုလည်း မုန်းတီးနေခဲ့တာလေ။ ဒင်းတို့မိသား[illegible] ကြောင့် သူတို့မိသားစု ရင်ကွဲအသည်းကွဲ ဖြစ်ရတယ်ဆိုတော့ အငြိ[illegible] ခေါင်းစဉ်ကြီးနဲ့ပေါ့။

ဆောင်းလေးက ဘယ်လောက်ရိုးစင်းသလဲ။ စိုးရိုးတို့သားအ[illegible] ခံစားရသလို ဝမ်းနည်းကြေကွဲနေတယ်ဆိုတာ မျက်ဝန်းက သက်သေ[illegible] ပြနေတာ ထင်ရှားပါတယ်။

ဒေါ်ဖြူကတော့ ဆောင်းလေးကို အပြစ်မမြင်ရက်။ ကြည်[illegible] ဝင်းသန့်တဲ့ မျက်နှာဝိုင်းလေးက ဝတ်ဆင်ထားတဲ့ အဖိုးတန်ဂါဝန်လေ[illegible] လို အဖြူရောင်ဖျော့ဖျော့လေး ဖြစ်နေသည်က အဖြစ်ဆိုးအားလုံး[illegible] အတွက် တောင်းပန်နေသည့်နှယ်။

"စက် တို့ဘယ်ကိုပြောင်းကြဖို့လဲ ဟင်"

မေးလိုက်တဲ့ အသံလေးက ယူကြုံးမရဖြစ်မှုတွေနဲ့အတူ ငိုသံ[illegible] လေးဝဲလို့။ ဒေါ်ဖြူ သက်ပြင်းချရင်း မြို့ပြင်ဘက်တစ်ချက်ငေးကြည့်လိုက်သည်။ စက် တို့ပြန်လာပြီလားဆိုတဲ့ ပူပန်မှုမျိုးနဲ့ပါ။





"ဟင် ဒေါ်ဖြူ ဘယ်ပြောင်းကြဖို့လဲ၊ ဆောင်းကိုအသိပေး[illegible]သွား ဒေါ်ဖြူရယ်"

စက် ကလုံးဝအသိမပေးရဘူးလို့ ပိတ်ထားတော့လည်း။

"ဒေါ်ဖြူလည်း တိတိကျကျမသိသေးဘူး ဆောင်းရယ်၊ ဆောင်း[illegible]ဖြစ်လို့ ဒီဘက်ကူးလာတာလဲ၊ တော်ကြာ စက်တို့ သွား[illegible]ပြန်ရောက်တော့မှာလေ၊ ဆောင်းကိုမြင်ရင်"

"ဆောင်း နားလည်ပါတယ် ဒါပေမဲ့ ဆောင်း သိချင်တယ်"

"ဘာလုပ်ဖို့လဲ ဆောင်းရယ်"

"ဒေါ်ဖြူရယ် ဆောင်းရင်ထဲမှာ သူနဲ့ထပ်တူ ခံစားရပါတယ်၊ [illegible]ဘာလောဆယ် အခြေမဲ့အနေမဲ့ဖြစ်သွားတဲ့ သူ့မိသားစုကို ဆောင်း [illegible]အတိုင်းမကြည့်ရက်ဘူး"

ဒေါ်ဖြူ စိတ်မသက်မသာနဲ့သက်ပြင်းချသည်။ ကြေကွဲမျက်[illegible]ည့်လေးတွေခိုတွဲနေတဲ့ မျက်ဝန်းအိမ်ထဲမှာ ဖြိုတ်ခနဲကြွေဆင်းလာတဲ့ [illegible]ဆောင်း မျက်ရည်တွေကို ဒေါ်ဖြူ လျစ်လျူမရှုရက်ပြန်။

"ဒီလောက်လည်း ဝမ်းမနည်းပါနဲ့ကွယ်"

"ဆောင်း ဝမ်းနည်းတာ မဟုတ်ပါဘူး၊ ဖြေသိမ့်မနိုင်ဖြစ်ရ[illegible]ဘာပါ၊ ဒါကြောင့်လေ ဆောင်းကို တစ်ခုလောက်ကူညီပါလား ဟင်"

"ဘာ ဘာကူညီရမှာလဲ ဆောင်းရယ်"

ပါးပြင်နနပေါ် လိမ့်ကျလာတဲ့ မျက်ရည်တွေကို ဆောင်း မသုတ်[illegible] မျှော်လင့်ကြီးစွာ ဒေါ်ဖြူကို အားကိုးတကြီးကြည့်ပြီး ညာလက်မှာ [illegible]ဆုပ်ကိုင်လာတဲ့ အနီရဲရဲ ရတနာဘူးကို ဒေါ်ဖြူရှေ့ဖွင့်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖြိုးဖြိုးဖြက်ဖြက်လက်ဖြာနေတဲ့ ကျောက်ပွင့်လေးတွေ ရွှေသားကွပ်ထားကာ ပုံစံအမျိုးမျိုးလုပ်ထားတဲ့ လက်ဝတ်ရတနာတွေက အကြည့်မလွှဲချင်လောက်အောင် လှပနေသည်။ ဒီလောက် အရောင် အသွေးလင်းဖြာပြီး လှနေတဲ့ ရတနာမျိုးကို ဒေါ်ဖြူ တစ်သက်တစ်ခါမှ မမြင်ဖူးဘူး။ ဘွားခနဲမြင်လိုက်ရတော့ အံ့ဩစိတ်က မျက်ဝန်းကို ပြူး ကျယ်သွားစေသည်။

"ဒါ ဒါ က"

"စိန်တွေနဲ့ချည်းလုပ်ထားတဲ့ လက်ဝတ်လက်စားတွေပါ ဒေါ်ဖြူ"

"ဟင် စိန်နဲ့လုပ်ထားတဲ့ လက်ဝတ်လက်စားတွေ"

ဒေါ်ဖြူ လန့်ဖြန့်ကာ ရင်ဘတ်ဖိရင်း ဆောင်းကို မယုံမရဲ မော့ကြည့်မိသည်။ ဆောင်း အားတက်သရော ခေါင်းညိတ်၍

"ဟုတ်တယ် ဒေါ်ဖြူ"

"ဘာ ဘာလုပ်ဖို့လဲ"

"ဟိုလေ စက်တို့ မိသားစု နေစရာထိုင်စရာ အစစ အရာရာ ဖန်တီးနိုင်အောင် ဆောင်း ပေးတာပါ"

"အို မဟုတ်တာ မယူဘူး"

ဒေါ်ဖြူ ကမန်းကတမ်း ခြေတစ်လှမ်းနောက်ဆုတ်၍ ငြင်း လိုက်မိသည်။ ဆောင်းရှေ့တိုးပြီး ဒေါ်ဖြူ လက်ထဲထည့်ပေးဖို့ ကြိုးစား မိသည်။





"ယူပါ ဒေါ်ဖြူ ဆောင်း ပေးတယ်လို့ ဒေါ်ဖြူအသိမပေးပါနဲ့"

"ဟင့်အင်း ဒေါ်ဖြူ မယူရဲဘူး။ ဒီလောက် တန်ဖိုးကြီးတဲ့ ပစ္စည်းတွေကို ဒေါ်ဖြူ မယူရဲပါဘူး"

"ယူပါ ဒေါ်ဖြူ ဒီပစ္စည်းတွေက ဆောင်း ပိုင်တာပါ၊ ဆောင်း ပိုင်နေတာ ဒယ်ဒီနဲ့မာမီတောင် မသိပါဘူး။ ဘွားဘွားမဆုံးခင်က ဘွားဘွားပိုင်တဲ့ပစ္စည်းတွေကို ဘယ်သူမှမသိအောင် ဆောင်းကိုပေးခဲ့ တာ၊ ဘယ်သူမှမသိပါဘူး။ ဒေါ်ဖြူရယ်၊ ဒယ်ဒီတို့ရဲ့အတွေတွေကြောင့် ဆောင်းတို့ အဖက်ဖက်က အခက်အခဲ အကျပ်အတည်းဖြစ်နေတဲ့အချိန်မှာ ဆောင်း တတ်နိုင်တဲ့ဘက်က ကူညီပါရစေ၊ ဒေါ်ဖြူရယ် နော်၊ ဆောင်း ကို ကူညီပါနော် ဆောင်းကို ကူညီပါ"

ဆုပ်ထားတဲ့ ဒေါ်ဖြူလက်ဖဝါးလေးကို ဆွဲယူဖြန့်ကိုင်ရင်း ပစ္စည်းဘူးလေးကို အတင်းထိုးထည့်ပေးနေတဲ့ ဆောင်းရဲ့စေတနာကို ဒေါ်ဖြူ အံ့ဩချီးကျူးမဆုံးတော့။

ဆောင်းရဲ့စိတ်သဘောက အစွန်းအထင်း အညစ်အကြေး ကင်းတဲ့ အဖြူရောင်မြစ်တစ်စင်းလိုပဲ၊ မျက်ရည်တွေနဲ့ရွှဲစိုနေတဲ့ ဆောင်း မျက်နှာလေးကို ဒေါ်ဖြူ မော့ကြည့်ပြီး

"ဆောင်းရယ် သမီးရဲ့စေတနာကို ဒေါ်ဖြူ နားလည်ပါတယ် ကွယ် ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ ဟင်"

"ဆောင်း ပိုင်တဲ့ပစ္စည်းကို ဆောင်းဘဝအတွက် ဆောင်းသုံး ကွယ်၊ ဒီအကြောင်းတွေ စက်သိသွားရင် မိုးမီးလောင်သလိုဖြစ်မှာ၊

www.burmeseclassic.com



သမီးရဲ့ စက်အကြောင်းလည်း သမီး သိသားနဲ့"

ရတနာဘူးလေးကို ဆောင်းလက်ထဲ ပြန်ထိုးထည့်ပေးရင်း ဒေါ်ဖြူပြောတော့ နောက်ကျောပေါ် ဖားလျားချထားမိတဲ့ဆံနွယ်ပျော့ပျော့လေးများ နွံ့ခါသွားသည်အထိ ဆောင်း ခေါင်းရမ်းပြီး

"ဒီလောက်လေးမှ ကူညီခွင့်မရရင် ဆောင်းဘယ်လိုဖြေရမလဲ ဒေါ်ဖြူ ဆောင်း ဘယ်လို ဖြေရမလဲ"

ဒေါ်ဖြူ ဘယ်လိုနှစ်သိမ့်ပေးရမှန်းမသိအောင် သနားစိတ်နဲ့ ဝမ်းနည်းတကြီး ရှိုက်ငိုနေရှာတဲ့ ချစ်စရာမျက်နှာလေးကိုသာ ငေးကြည့်နေသည်က အတန်ကြာ။ ထိုစဉ် ခြံထဲဝင်လာတဲ့ ဒေါ်ဂျစ်ကားတစ်စီးက ပစ္စည်းပုံထားတဲ့ ရှေ့လာရပ်သည်။

ရုတ်တရက်မို့ ဒေါ်ဖြူ ဘာလုပ်လို့လုပ်ရမှန်းမသိတော့ ကားရှေ့က ကမန်းကတမ်းဆင်းချလာတဲ့ စက် ချက်ဝန်းနီနီရဲရဲကို ရင်ဆိုင်ရမှအသိဝင်လာသည်။

"ဒုက္ခပါပဲ ပြဿနာတွေတော့ တက်ကုန်တော့မယ်၊ ဆောင်း ပြန်ပါတော့ မှူးမှာလာနေပြီ၊ ဆောင်း ပစ္စည်းလေး ဆောင်း ယူပြီး ပြန်ပါတော့"

ပြောလည်းပြောရင်း ရတနာဘူးကြီးကို လက်ဖဝါးနှစ်ဖက်ဆွဲယူထည့်ရင်း ဆောင်းလက်ချောင်းတွေနဲ့ ဆုပ်ကိုင်လျက်သားဖြစ်အောင် ဒေါ်ဖြူလုပ်ပေး၍ လက်တစ်ဖက်ကလည်း ဆောင်းကိုတွန်းလွှတ်မိချေ

"ပြန်ပါတော့ကွယ် ပြန်ပါတော့ နော်"

"ဟင့်အင်း ဆောင်း တစ်ခုခု ကူညီပါရစေ ဒေါ်ဖြူရယ်





ဆွပါရစေနဲ့"

"ခက်တော့တာပဲ"

ဒေါ်ဖြူ ခေါင်းကုတ်ရင်းဗျာများရပြီ။ ဆောင်း ရင်ထဲမှာ သူတို့ကို ကူညီခွင့်မရရင် ဘယ်လိုလုပ်ဖြေနိုင်မှာလဲ။

"သွားပါတော့"

"မောင်းမထုတ်ပါနဲ့ဒေါ်ဖြူ၊ အလျှော့ရှင်မှန်းသိအောင် မဖျော့ပ်တိုင် ဆက်ပြနေတာသိလျက်နဲ့ ဘာလို့နှင်ထုတ်တာလဲ၊ ဟောဒီ တိုက်နဲ့ခြံက သူတို့ပိုင်သွားပြီ ဒေါ်ဖြူ"

ဆောင်းကို အရှဲ့တိုက် စကားလုံးတွေနဲ့တုန့်ပြန်နေတာလား တော်ရယ်။

ဆောင်းကို ပြောချင်သလိုပြောပါတော့။

ဒေါ်ဖြူက စိုးရိမ်ဟန်နဲ့လက်ကလေးပြကာ သွားတော့လို့ အသံ ထိတ်ပြောပေမယ့် သူ့ အငြိုးတွေရှေ့က ဆောင်း မခွာရက်။

ရတနာဘူးကြီးကို ဆုပ်ကိုင်ထားမိရင်း သူ့ကို မရဲတရဲလေး ဆော့ကြည့်ကာ တစ်ခုခုပြောဖို့ ဟန်ပြင်တော့ ဆောင်းကို ကျောခိုင်းရင်း အထုပ်တွေဆွဲယူသည်။

"စက်"

ဆောင်းခေါ်သံကြားပေမယ့် လှည့်မကြည့်။ ပစ္စည်းထုပ်တွေကိုသာ အာရုံစိုက်သယ်၍ ကားပေါ်တင်နေသည်။ တိုက်ထဲက ပစ္စည်းထုပ် နှစ်ထုပ်ကို ဒေါ်ဖြူနဲ့သူ့အမေတစ်ထုပ်ဆီ သယ်ထုတ်ခဲ့တော့ ဝိုင်းသယ် ပြီး ကားပေါ်တင်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အငြိုးတွေနဲ့ရင့်ရင့်စိမ်းစိမ်းချည်း ကျောခိုင်းနေတဲ့ သူ့နှလုံး သားက မာနိုင်ပေမယ့် ဆောင်း နှလုံးသားက မမာနိုင်။ နောက်ဆုံး ပစ္စည်းထုပ်ကို ကားပေါ်တင်ပြီး ပြန်အလှည့်မှာ ဆောင်း အရဲစွန့်ကာ စက် ရှေ့ပိတ်ရပ်လိုက်ပြီး

"စက်ရယ် ဆောင်း တောင်းပန်ပါတယ်၊ ဆောင်း ရဲ့မိသားစု ရက်စက်မှုတွေအတွက် ဆောင်း ပေးဆပ်ပါရစေ ကူညီပါရစေနော်"

"ဘာ ပေးဆပ်ပါရစေ ကူညီပါရစေ ဟုတ်လား။ ဟား ဟား ရယ်ချင်လိုက်တာ"

နာကျင်စိုနစ်နေတဲ့ သံဝါကြီးနဲ့ စေ့စေ့ကြည့်ကာ ခနဲ့သလို ပြောချသည်က ဆောင်း ကိုယ်လုံးလေးသေးကြုတ်သလို ဖြစ်သွားအောင်

"ဒီမှာ ဆောင်းသဝဏ် ငါတို့မိသားစု ဒီလိုဆိုးဝါးမှုတွေနဲ့ ကြုံရမယ်လို့ အစကတည်းက ကြိုသိခဲ့ရင် နှင့်မျက်နှာကိုမြင်ရကတည်း က ငါ ကျောခိုင်းခဲ့မယ်ကွ"

ဆောင်း တံတွေးမျိုချလိုက်မိသည်က မလုံမလဲဖြစ်မှုတွေနဲ့ပါ ဆောင်းက သူ့ကိုခင်ခွင့်တောင်းခဲ့မိလို့ သူ့မိသားစု အဆိုးတွေနဲ့ရင်ဆိုင် ရတာ ဆိုတဲ့ စွတ်စွဲချက်တွေက ဆောင်း နှလုံးသားကို ထပ်ဆင့်ကြေ ကွဲရတာ အမှန်ပါပဲ။

ဆောင်း ရှိုးရှိုးစင်းစင်း ခင်မင်ခွင့်တောင်းခဲ့တာပါ စက်ရယ်

"ခုတော့ ငါ့မိသားစု"

မျိုသိမ့်မနိုင်လို့ လက်နှစ်ဖက်ခါးထောက်ကာ မတ်မတ်ချည်း ရပ်ရင်း မျက်နှာမော့ထိန်းလိုက်ပေမယ့် သူ့မျက်ရည်တွေ ကျနေဆဲ





သူ့အသံတစ်ချက် အစ်အောက်သွားပြီးမှ ရှုန်းထွက်လာရပြန် သည်။

"အင်းလေ အကောင်းပကတိဖြစ်အောင်ကြိုးလာမယ့် ကံ ကြမ္မာကို ခြယ်လှယ်ခွင့်ရတဲ့ နင့်မိသားစုရဲ့အောင်မြင်မှုကို ငါတို့မိသားစု နင်းအကွဲခံပြီး အရှုံးပေးတယ် ဆောင်းသဝဏ်"

"မ မဟုတ်သေးဘူး စက်ရယ် ဆောင်းလေ"

"သွားစမ်းပါ နင် ကူညီမယ် ပေးဆပ်မယ့်ဆိုတဲ့အပြုအမူက ငါတို့မိသားစုကို နောက်ထပ်စော်ကားလိုက်တာ၊ ဒီမှာ ဆောင်းသဝဏ် ငါတို့မိသားစုမှာ မမနဲ့သေကွဲကွဲရတယ်၊ ငါ့အစ်ကိုက အချစ်အတွက် အလျှက်ရတယ်၊ ငါ့အသည်းကွဲရတယ်၊ ငါ့မိသားစု စီးပွားပျက်ရုံမက အစရာထိုင်စရာ မရှိအောင် ခြေမဲ့လက်မဲ့ဖြစ်ရတာ အားလုံးရဲ့အစက နင့်ကြောင့်"

နင့်ကြောင့် ဆိုတဲ့အသံဝါကြီးက ဆောင်း ရင်ဘတ်ကို ဆောင့် ထုန်းပစ်သလို ယိုင်ခနဲဖြစ်စေသည်။ ဆောင်း ကိုယ်ရှိန်ထိန်းရင်း သူ့မျက် နှာမကြည့်ရဲအောင် ဖြစ်ကာ မျက်လွှာချကာ တစ်ချက်ရှိုက်အငိုမှာ တွန့် သွားသည့် နှုတ်ခမ်းလွှာကို လက်ဖဝါးနဲ့ဆောင်း ဖိပိတ်မိလိုက်သည်။

ထိုအခါ ဆောင်း လက်ထဲက စိန်ထည်ဘူး နီနီရဲရဲက သူနဲ့ ဆောင်း အကြားရှိ မြေပြင်ပေါ်တွယ်ရာမဲ့ လွတ်ကျသွားသည်။

"နင်ပေးလိုက်တဲ့ ဒဏ်ရာက ငါ့နှလုံးသားကို ရက်ရက်စက် စက် ဆွဲထုတ်ပစ်သလို အသည်းတဆတ်ဆတ် နာတယ်ကွ"

အသောမသတ်နိုင်တဲ့ နာကျင်မှုက သူ့မေးကြောအထိ တင်း



www.burmeseclassic.com

www.burmeseclassic.com



လာသလို မျက်နှာတစ်ပြင်လုံးပါ နီမြန်းပြောင်ကြွလာသည်က ဆောင်း၏ စက် ချစ်တယ်လို့ ပြောခဲ့ဖူးတဲ့ မမလဝန်းရဲ့ စကားလုံးကို ပြောင်းပြန်လှန်ပစ်လိုက်သလို ဆောင်း နှလုံးသားမှတောင့်တမှုလေး မျှော်လင့်ချက်မဲ့သွားစေသည်။

"နင့်ကို ငါ နောက်ဆုံးပြောမယ် ဘာအကြောင်းကြောင့်မှ ငါနဲ့မျက်နှာချင်းမဆိုင်နဲ့ အရင်းဆုံးပြောမယ်ဟာ ခလုတ်တိုက်လို့ ကြုံရင်တောင် ငါ့မျက်နှာကို နင်မကြည့်နဲ့"

"ဘာ ဘာဖြစ်လို့လဲ ဟင်"

"နင့်မျက်နှာမြင်ရရင် နင့်မိသားစုအတွက် ဖြစ်တည်ခဲ့တဲ့ ငါ့ ရင်ဘက်ထဲကအပြေးတွေကို ခါတ်ဆီဖြန်းပြီး မီးတင်ရှို့သလို ဟုန်းခနဲ ဟုန်းခနဲတောက်လောင်စေတယ် ဆောင်းသဝဏ်"

"အဲသလောက်တောင်ပဲလား စက် ရယ်"

ရင်ထဲက ညည်းချင်းချမိတဲ့ အသံနောက်မှာ ဆက်တိုက်လိုက်တက်လာတဲ့ သူ့ရဲ့နောက်ဆုံးစကားက

"နင်နဲ့ငါ မတော်တဆ ကြုံဆုံမှုအားလုံးအတွက် ဒီအချိန် ဒီနေရာကစပြီး ငါ ကိုယ်တိုင်ဖြတ်တောက်လိုက်ပြီ၊ အေး နင် ရှေ့ဆက် တိုးလာရင်"

"မ မပြောပါနဲ့တော့ ဆောင်း မကြားပါရစေနဲ့တော့ အတင့် ဟင့်"

ခံနိုင်ရည်မရှိတဲ့ ဆောင်း နှလုံးသားက လက်နှစ်ဖက်နဲ့နား၏ ဖိပိတ်ကာ ရပ်လျက်သားဖြစ်နေတဲ့ ဆောင်း ကိုယ်လုံးလေးပျော့ခွေခေါ်





မှ မြေပြင်ပေါ် ဖရိုဖရဲလေး လွင့်ကျသွားတဲ့အခါ

"နင့်ကို ငါမုန်းတယ် ငါ့ရင်ဘတ်နဲ့ကျိန်ဆိုပြီး ပြောမယ်၊ နင့်ကို ငါတစ်သက်လုံးမုန်းနေမယ်"

ဆိုတဲ့ စကားလုံးစိမ်းနဲ့သူ့ခြေလှမ်းက ဆောင်းအပေါ်မှ ခပ်ကြမ်းကြမ်းလွင့်မျောသွားသည့်အခါပဲဖြစ်သည်။

စက်ရယ်။

စက် အမုန်းတွေကို ဆောင်း ရင်ခုန်သံနဲ့ထွေးပွေ့ရင်း တစ်သက်လုံးအတွက် ထာဝရ ယုယခွင့်ရချင်ပါတယ်ကွယ်။

မောင့် အမုန်းတွေကို ဆောင်း နမ်းရှိုက်ပါရစေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟင် ဆောင်း"

တိုက်ခန်းတံခါးဖွင့်ဖွင့်ချင်းတွေ့လိုက်ရတဲ့ ဆောင်းကို သီရိ တအံ့တဩလေး ငေးကြည့်ကာ ရင်ဘတ်ဖိလိုက်မိသည်။

လှေကားထစ်မှာ ကျုံ့ကျုံ့လေးထိုင်ကာ နံရံကို ကပ်မှီထားတဲ့ ကိုယ်လုံးလေးက ပုံလျက်သားချထားသလို။

"ဆောင်းရယ်"

ကရုဏာသက်စွာ ထိုင်ချရင်း ဆောင်း ပခုံးလေးကို စာနာစွာ ဆုပ်ထွေးမိတော့ ငိုချလိုက်သည်က ဟီးခနဲ သီရိရင်မှာ ကိုယ်ချင်းစာ စိတ်နဲ့ ဝမ်းနည်းစိတ်က တစ်ပြိုင်တည်းဖြစ်ပေါ်လာသည်။

"ဆောင်းရယ် ဘာဖြစ်လို့ ဒီမှာထိုင်နေရတာလဲ သီရိကို ခေါ် လိုက်ပေါ့"





ဘယ်တုန်းကတည်းက ငိုထားသည်မသိတဲ့ ဆောင်း မျက်လုံးအိမ်လေးက ကွမ်းသီးမှည့်လို ဖါရောင်ရဲလျက် ဖြူထွက်နေသည်။ လက်ထဲမှာလည်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတဲ့ စာရွက်လိပ်။

သီချင်စိတ်နဲ့ဖြန့်ကြည့်လိုက်တော့ စက် လက်မှတ်ထိုးပြီးသား ကွာရှင်းစာချုပ် နှစ်စောင်။ သီရိ ရင်မှာ အတော်လေး ထိနိုက်သွား၏။

အငွေ့ခနဲ ရှိုက်နေရှာတဲ့ ဆောင်း မျက်နှာနုနုလေးက နှောင်တဆောင်ခြည်လေးများ ဆမ်းထားသည့်နှယ်။

"ဖြစ်ရလေ ဆောင်းရယ်"

"ဆောင်း ဘာလုပ်ရမလဲ ဟင်"

ချစ်လွန်းလို့ မရအရ ဖမ်းယူခဲ့တဲ့ စက်ကို ဆောင်း ကွာရှင်းဆိုဖို့မပြောနဲ့ တစ်မိနစ် ထက်စက္ကန့်မှ ဆောင်း ခွဲမနေနိုင်တာ သီရိ သိနေ၏။

အားကိုးတကြီးမော့ကြည့်ရင်း မေးတဲ့ ဆောင်းမျက်နှာလေးကို စိတ်မသက်မသာ ကြည့်သည်။ ပါးပြင်ထက်စီးကျလာတဲ့ ဆောင်းမျက်ရည်တွေကို ကြင်နာစွာသုတ်ပေး၍

"စဉ်းစားကြသေးတာပေါ့ ဆောင်း"

"ဆောင်း ကွာရှင်းပေးရမှာလား သီရိရယ်"

"သွေးအေးအေးနဲ့ဆုံးဖြတ်ကြတာပေါ့ကွယ် လာ ဆောင်း အထဲဝင်ရအောင် ပြီးမှ သေချာစဉ်းစားကြတာပေါ့ လာ သူငယ်ချင်း"

ထူမတ်နိုင်စွမ်းမရှိအောင် စိတ်ဓာတ်ကျ အားငယ်နေရှာတဲ့ ဆောင်းကို ပခုံးလေးနှစ်ဖက်ပင့်ကာ ကူတွဲရင်း ညှော်ခန်းထဲရှိ ဆိုဖာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဆိုဖာအနီရဲရဲမှာ ထိုင်စေသည်။

"ဆောင်း လေ ဟင့် ဟင့်"

ပြောချင်တဲ့စကားလုံးတွေက အစ်စို့ကာ ရှိုက်သံတွေသာ ရှု

ထွက်လာတဲ့ ဆောင်းကို သီရိ နားလည်မှုပေးနိုင်ပါသည်။

"သီရိ နားလည်ပါတယ်ကွယ် ဆောင်း ရင်ထဲမှာ ဘာတွေ

ရှိလဲဆိုတာ သီရိ သိတယ်၊ ဒါပေမဲ့ လောလောဆယ် သီရိ အနားမှ

ပါကွယ် ခဏနော်"

ကိုယ်လုံးလေးကို ဆိုဖာနောက်မှီစေပြီး ဆောင်း အပါ

သီရိထွက်ခဲ့သည်က မီးဖိုခန်းဆီကိုပါ။

ငိုရင်း ရှိုက်ရင်း ကြေကွဲရင်း ဆောက်တည်ရာမရဖြစ်ပြီး ည

ဘယ်အချိန်ကတည်းက သီရိရဲ့တိုက်ခန်းဝမှာပုံကျနေသည်မသိ။

နံနက်စောစောအိပ်ရာကအထမှာ ငိုရှိုက်သံလေးကြားရ

တံခါးပြေးဖွင့်ကြည့်မှ ဆောင်း ဖြစ်မှန်းသိရတယ်လေ။ •

သောက လောင်မြိုက်တဲ့ချစ်ခြင်းကြောင့် တစ်ညလုံးအိပ်

ရဟန်မတူတဲ့ ဆောင်းကို သောကတွေချုပ်ငြိမ်းအောင် အနားယူ

စက်ခွင့်ပေးချင်ပါသည်။

ထို့ကြောင့် ကော်ဖီထဲ အိပ်ဆေးတစ်လုံးထည့်ဖျော်သည်

ဖျော်၍ချော့မော့တိုက်လိုက်သည်။

ကော်ဖီသောက်ပြီး မျက်လွှာလေးစင်းကျလာတဲ့ ဆောင်း

ကူတွဲ၍ သီရိ အိပ်ရာပေါ်နေရာပေးလိုက်သည်။ မိနစ်ပိုင်းမျှပင်

အိပ်ပျော်သွားရှာတဲ့ ဆောင်းဆီမှ ဟောက်သံနဲ့ရှိုက်သံလေးရော





ပေါ်လာသည်။

ဆောင်း လုံးဝအိပ်ပျော်သွားမှ မွေးပွခြုံစောင် အနီရဲရဲကို

ရင်ဘတ်ပေါ်အထိ လွှမ်းခြုံပေးရင်း သက်မမောလေး သီရိချမိသည်က

ကြိမ်ကြိမ်။

မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားဟာ ကိုယ့်ကိုချစ်နေတဲ့

ယောက်ျားတစ်ယောက်ရဲ့နှလုံးသားကို အရူးအမူးချစ်နေတာက သဘာဝ

ပါတယ်။

ခုတော့

ဆောင်းက ထိုသို့မဟုတ်။

ဆောင်းကို မုန်းတီးနေတဲ့ စက်ရဲ့နှလုံးသားကို အရူးအမူးချစ်

နေတာက ဆိုးဝါးလှသည်။

အငြိုးတွေနဲ့မုန်းနေတဲ့ စက်ကိုမှမရရအောင် ယူခဲ့တဲ့ဆောင်း

စိတ်ကို မတွေးဘဲမနေနိုင်တော့။

■ ■ ■

စက် အမုန်းတွေကို မြတ်မြတ်နိုးနိုး နမ်းရှိုက်ချင်တဲ့ ဆောင်း

သံက အံ့မခန်းလိလိဖြစ်ခဲ့သည်။

ဘယ်ပြောင်းသွားမှန်းမသိတဲ့ စက် တို့နောက် ခြေရာခံကာ

ရိပ်မိအောင် နောက်က တကောက်ကောက်လိုက်ကြည့်သည်။

ဝင်ပင်ပန်းပန်း အလုပ်လုပ်နေတာ၊ ပျဉ်ထောင်အိမ်ဟောင်းလေးမှာ

တဲ့တဲ့နေရတာ။ အဆင်မပြေတဲ့ စက်တို့မိသားစုရဲ့အဖြစ်တွေကို

ချမ်းမြေ့စွာခံစားရှာသည်။ ထို့နောက် အန်ကယ်ရဲ့အမိန့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း လိုက်ကြည့်ခွင့်မရသလို ခြံပြင်တောင် ထွက်ခွာမရဖြစ်သွား
သည်။

အဲဒီနောက်ပိုင်းမှာ စက်တို့မိသားစု အခြေအနေက နေ့ချင်း
ညချင်းပြောင်းလဲသွားသည်ကို သီရိသတိထားမိသည်။

ခရေလမ်းထဲ ခြံဝင်းနဲ့တိုက်လှလှမှာနေရပြီး လုပ်ငန်း
ပြန်ထူထောင်နိုင်တဲ့ စက်တို့မိသားစု အဖြစ်က အံ့ဩဖို့ကောင်း
အရက်ဖြတ်ပြီး ကျန်းမာရေးကောင်းသွားတဲ့ ကိုနေက ဖခင်နဲ့အ
နိုင်ငံခြားထွက်ပြီး စီးပွားရှာသလို စက်က ဖခင်ထူထောင်ထား
လုပ်ငန်းတွေကို ဦးစီးနိုင်တဲ့အထိ အဆမတန်တိုးတက်ခဲ့သည်။

ထို့ပြင် စီးပွားရေးတိုးတက်လာတဲ့ စက်အပါးမှာ မိန်းမလှ
တွေပုံစံအမျိုးမျိုးနဲ့ချဉ်းကပ်လာကြသည်။ စက်က ဘယ်မိန်းကလေး
စိတ်မဝင်စားသော်လည်း အားလုံးထဲမှာ အလှတွေဖူးကြွနေတဲ့ ယုယ
ကိုတော့ ချစ်သူအဖြစ် ရွေးချယ်တွဲခဲ့သည်။

ယုယက ကျွန်ဇော့်ချစ်သူပါရှီ အပေါင်းအသင်းကြား
ရဲရဲဝံ့ဝံ့ကြေညာခဲ့သလို စက် မိဘကိုလည်း အသိပေးပြီးသားဖြစ်သည်။

ကျောလယ်ခန့်ရှိ ကောက်ကောက်လိပ်လိပ် ဆံပင်ပုံ
မျက်နှာကိုပုံမှန်ထက် ကာလာအရောင်ရင့်ရင့်ရဲရဲခြယ်ကာ ခေတ်ရှေ့
ဖက်ရှင် နင့်ရဲသွက်လှတဲ့ ယုယမိုးကို စက် မိဘ သဘောမကျ
မငြင်းဆန်ခဲ့။

စက်ကတော့ စိတ်ကြိုက်ရွေးချယ်ထားတဲ့ ယုယနဲ့ဂုဏ်ယူ
မြောက်စွာတွဲနေသည်ကို သီရိ သိနှင့်လျက် ဆောင်းကို မပြောရက်





အပြင်ထွက်ခွင့်မရရှာတဲ့ ဆောင်းကို သနားစိတ်နဲ့ သီရိ
တစ်ခါသွားတွေ့ခဲ့ဖြစ်သည်။

စက် သတင်းရလား။ စက် တို့အဆင်ပြေလား။ အခု ဘယ်မှာ
ကြလဲလို့ ဆောင်း တတွတ်တွတ် မေးရှာသည်။ သီရိကလည်း

"စက် တို့တကယ်ကောင်းစားနေပြီဟ"

"စက်ကို မြင်ရုံနဲ့ ဆောင်း သဘောပေါက်ပါတယ်"

"ဟင် စက်ကိုမြင်ရုံနဲ့ ဘယ်မှာမြင်တာလဲ"

သီရိ တအံ့တဩ စူးစမ်းလိုက်တော့ ဆောင်း မျက်နှာလေး
သွားပြီး

"ဟုတ်တယ် ဟိုနေ့က မမက ဆောင်းကို ဘာရည်ရွယ်ချက်
မသိဘူး အပြင်ခေါ်ထုတ်သွားတယ်၊ ပြီးတော့ အန်ကယ် သောင်း
ရှင်းလင်းနဲ့မိတ်ဆက်ပေးပြီး ရှင်းလင်းနဲ့စကားပြောပါဆို ပြီး
ပေးလိုက်တယ်လေ"

"ဟင်"

သီရိ အတော်လေး အံ့ဩသွားသလို စိတ်လည်းဝင်စားသွား
သည်။

"အဲဒါနဲ့ ဆောင်းလိုက်သွားတယ်ပေါ့"

"ဆောင်း လွန်ဆန်လို့မှမရတာ၊ မမအမိန့်အတိုင်းပေါ့၊
လင်းက အေးအေးစကားပြောရအောင်ဆိုပြီး Dream ကော်ဖီဆိုင်
သွားတယ်လေ ဆောင်း မသွားချင်ပေမယ့်"

သီရိ သက်ပြင်းချသည်။ ဆောင်း မျက်ဝန်းပေါ်က နံ့ပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



က ထိုနေ့က Dream ကော်ဖီဆိုင်မှာ စက်နဲ့ဆုံတွေ့တဲ့ ပုံရိပ်ကလေးများ ထင်လာသည်။

■ ■ ■

“လာလေ ဆောင်း”

ကားတံခါးဖွင့်ပေးရင်း လက်ကလေးကမ်းကာ ဆောင်း စိတ်ဝင်တစား ငုံ့ကြည့်ရင်း ရှင်းလင်းခေါ်တော့ ဆောင်း ကားပေါ်က ဆင်းလိုက်ရသည်က ရှင်းလင်းလက်ကို မကိုင်ဖြစ်ခဲ့။

“ဆောင်းကလည်း ကိုယ့်ကို စိမ်းစိမ်းချည်းမဆက်ဆံပါနဲ့ကွာ”

ဖြောင့်စင်းတဲ့နှာတံမျိုးမဟုတ်တဲ့ ပွသယောင်ရှိပေမယ့် အ ကြည့်ရမဆိုး။ စက်လို အသားဖြူကာ တည်ကြည်ချောမွေ့လွန်းတဲ့ နဲ့ဆွဲဆောင်မှုရှိတဲ့ ရှင်းလင်းကို ဆောင်း စိတ်မဝင်စားပါ။ ကမ်းထား လက်ကို ရှင်းလင်းမရုပ်သိမ်းဘဲ ပြောသည်။ ဆောင်း မျက်လွှာချလို ပြီး

“ကိုရှင်းလင်းနဲ့ဆောင်းက အခုမှ သိကြတာဆိုတော့”

ရှင်းလင်း ဟက်ခနဲရယ်ကာ ကလေးဆန်စွာ ချစ်မဝနိုင်ဖြ တဲ့ ဆောင်း မျက်နှာလေးကို ငုံ့ကြည့်ပြီးပြောသည်က

“အခုမှ သိကြပေမယ့် တစ်ဘဝလုံးပေါင်းရမယ့် အရင်းနှီး ပါကွာ”

“ဘာ”

ဆောင်း အထိတ်တလန့်မော့ကြည့်တော့ ရှင်းလင်း လက် ဖက်က ဆောင်း ပခုံးပေါ် ဖွဖွလေးကိုင်ကာ အပြုံးနှင့်မိမိရရကြည့်





“ဟုတ်တယ် ဆောင်းက ဘာဘာမှမသိတာ ဆောင်းနဲ့ကိုယ့် ကို မင်္ဂလာဆောင်ပေးဖို့ နှစ်ဖက်မိဘ အဆင်သင့်ဖြစ်နေပြီလေ”

“ဟင်”

ဆောင်း မယုံနိုင်လောက်အောင် ကတုန်ကယင်ဖြစ်သွား၏။ ရှင်းလင်း အပြုံးမပျက်ဘဲ ဆောင်း မေးဖျားကို ပင့်ကိုင်တော့

“အိုး ဖယ် လို့”

အထိတ်တလန့် ပုတ်ထုတ်မိရင်း ရှေ့က လျှောက်ထွက်ခဲ့မိသည်။ ရှင်းလင်း အပြေးကလေး နောက်ကလိုက်ခဲ့ပေမယ့် ဆောင်း လှည့်မကြည့်မိ ဆောင်း လှမ်းခေါ်ပေမယ့်လည်း မထူးမိ။

ဆောင်း ရင်ထဲမှာ မွန်းကြပ်လျက် ထိခိုက်ကြေကွဲတာပဲ သိသည်။ ဘယ်သွားရမှန်းမသိတဲ့ ဆောင်း ခြေလှမ်းတွေက စားသောက်ခန်းမကြီးဆီ ရွေ့သွားနေမိသည်။ ထိုစဉ် စားသောက်ခန်းမထဲက လက်ချင်းချိတ်ပြီး မြူးမြူးကြွကြွလေး ထွက်လာတဲ့ စုံတွဲတစ်တွဲ။

ဆောင်းလည်း စက်နဲ့အဲသလို တွဲခွင့်ရလိုက်တာဆိုတဲ့ တောင့်တ အတွေးနဲ့ ကြည့်လိုက်တော့မှ

စက်။

ဆောင်း နှလုံးသားမှာ နိမ့်ခနဲဟာကာ ဝမ်းနည်းသွား၏။ ရွှေချည်ငွေချည်တန်းလေးတွေ ယှက်ဖြာနေတဲ့ အနက်ရောင် ဖိတ်ဖိတ် တောက် ကိုယ်ကျပ်ပုံနောက်တွဲဂါဝန်မှာ ဝေစကာတ်ရွှေရောင် လက်ပြတ်လေး ထပ်ဝတ်ထားတဲ့ ဖက်ရှင်နဲ့အစွမ်းကုန်လှနေတဲ့ မိန်းမချောလေးကို ခေါင်းလေး စောင်းငဲ့ကြည့်ရင်း ထွက်လာတဲ့ စက်ဟန်က ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတန့်ကာ ငေးမောသွားစေသည်။

"ဟွန့် စက်က ကဲတာပဲ"

"ကိုယ့်ချစ်သူနဲ့ကိုယ် ကဲတာ ဘာဖြစ်လဲ"

မခံးကလေးတွေအပြန်အလှန်တိုက်ပြောကာ ပြိုင်တူ ရယ်

ရင်း ခဆောင်းရှေ့က ဖြတ်ကျော်သွားသည်က တလောကလုံး

နှစ်ယောက်ထဲ ရင်ခုန်လှိုက်မောနေတဲ့ ချစ်သူများနှယ်။

"ကိုယ့်ချစ်သူနဲ့ကိုယ် ကဲတာ"

ဆိုတဲ့ စကားစကားလုံးက ဆောင်း နှလုံးသားကို ဒဏ်ပြန်လိုက်

တဲ့ အငြိုးတွေလား ဆောင်းရယ်။

ထိန်းမရတဲ့ ကြေကွဲစိတ်က မျက်ရည်များကိုဖြိုချမိသလိုပဲ

"ဆောင်း"

ခေါ်သံနဲ့အပါးရောက်လာတဲ့ ရှင်းလင်း။

ညှို့မှိုင်းမှိုင်း မျက်ဝန်းအိမ်မှ ယိမ်းနိုစီးကျလာတဲ့ ဆောင်း

မျက်ရည်ဥလေးကိုမြင်ရတော့ ရှင်းလင်း ပျာယာခတ်သွား၏။ ဆောင်း

လက်ဖဝါးကိုပင် မကိုင်ရက်အောင်ဖြစ်ကာ

"ဆောရီးပါ ဆောင်းရယ်၊ ဆောင်း ဝမ်းနည်းရင် ဆောင်း

လက်ဖျားလေးတောင် မကိုင်တော့ပါဘူး။ မငိုပါနဲ့ကွာ၊ ကိုယ့်ကြောင့်

ဆောင်း မျက်ရည်မကျစေရဘူး။ ကိုယ်ကတိပေးပါတယ်၊ မျက်ရည်တွေ

သုတ်လိုက်ပါ ဆောင်းရယ်၊ ဟိုမှာ သူများတွေကြည့်ကုန်ပြီ"

ရှင်းလင်းပြောမှ ဆောင်းကိုယ်လေးတုန်ကာ အသိဝင်လာ

သည်။ ဟုတ်ပါရဲ့ ဆောင်း ရောက်နေတာက လူစည်ကားတဲ့ ကော်





ရှေ့မှာ မျက်ရည်ကျနေတဲ့ ဆောင်းကို ဝိုင်းကြည့်နေတဲ့ မျက်လုံးတွေ။

ရှက်စိတ်နဲ့ ဆောင်း ခြေလှမ်းက ရှင်းလင်းရဲ့အနောက်ရောင်

ကားလေးပေါ် ပြန်ရောက်သွားကာ ကြေကွဲစိတ်ကြောင့် နှလုံးသား

မိုးကြိုးသည်းသဲည်းမည်းမည်း ရွာသွန်းသွား၏။

ကိုယ်နဲ့လက်ထပ်ခါနီး မိန်းကလေးက ကိုယ်မြတ်မြတ်နိုးနိုး

များလေးကို ကိုင်လိုက်ရုံနဲ့ ဝမ်းနည်းကြီးစွာ ငိုမိသတဲ့လား။

ဖြူစင်လိုက်တာ ဆောင်းရယ်။

ဆောင်းကို ကိုယ် အခုမှပဲ မစွန့်လွှတ်ရဲအောင် တန်ဖိုးထား

မြတ်နိုးသွားပြီလေ။

ချစ်လွန်းတော့လည်း နှမြောတတ်စွာ သည်းသည်းလှုပ်လှုပ်

ရှာတဲ့ ဖနီးလောင်းလေးကို ရင်ခွင်ထဲပွေ့ထားရင်း မချော့ရက် အောင်

နိုးထားငေးကြည့်လျက်။

■ ■ ■

"ဒါ ဒါဆို"

"ဟုတ်တယ်"

ဆောင်း မျက်ရည်စလေးကို တို့သုတ်မိ၏။ အစိမ်းနုနု တီရှပ်

က်တို့နဲ့အစိမ်းရောင် ကိုယ်ကျပ်ဘောင်းဘီကို စမတ်ကျကျ တွဲဝတ်

တဲ့ မောင့် ပုံရိပ်လေးကို မဖျောက်ဖျက်နိုင်အောင် ခံစားရင်း

ငိုညိတ်မိ၏။

သီရိ သက်မလေးလေးချကာ မှန်တင်ခုံရှေ့ထိုင်နေရာမှ

ဆောင်း အပါး ရွေ့သွားရင်းပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သီရိလည်း စက်တို့ရုံတွဲကို မြင်နေတာ အကြိမ်ပေါင်းများခဲ့ပြီ၊ ဆောင်းကို မပြောရက်ခဲ့တာ၊ အခု ဆောင်းကိုယ်တိုင်မြင်ခဲ့ပြီဆိုတော့ ဆောင်း ဆုံးဖြတ်ပြီ"

"ဆောင်း ဆုံးဖြတ်ပြီးတာ သီရိကို ပြောပြချင်နေ တာ"

ပြတင်းပေါက်အပြင်ကိုငေးကြည့်နေရာမှ ကိုယ်လေးငဲ့စောင်းကာ သီရိကို ကြည့်ရင်း ဆောင်းပြော၏။

သီရိ စိတ်ဝင်တစားဖြစ်လျက်

"ဆောင်းက ဘာကိုဆုံးဖြတ်ထားတာလဲ"

"ဆောင်း ရှင်းလင်းနဲ့ လက်မထပ်နိုင်ဘူး"

"ဟင်"

"ဟုတ်တယ် ဒီလဆန်းမှာ မင်္ဂလာဆောင်ပေးဖို့ ဒယ်ဒီအားလုံး စီစဉ်ပြီးပြီတဲ့၊ ဒယ်ဒီတို့အတွက်က ဆောင်း ရုန်းထွက်ဖို့ ဆုံးဖြတ်ထားတယ်၊ မှားတယ်လို့ ဆောင်းကို မဝေဖန်ပါနဲ့ သီရိရယ်၊ မောင့်ကို ဆောင်းချစ်တယ်၊ ဘယ်နည်းနဲ့မဆို မောင့်ဘဝထဲ ဆောင်း တိုးဝင်မယ် ဆောင်းကိုကူညီပါ သီရိရယ် နော်၊ ဆောင်းကို ကူညီပါ"

မျက်နှာချင်းဆိုင်ဖြစ်နေတဲ့ ဆောင်းက သီရိလက်ဖျားလေးကို အားကိုးတကြီးဆုပ်ကိုင်ကာ ပြောသည်က မငြင်းရက်နိုင်အောင်ဖြစ်ရသည်။

တကယ်ဆို စက် တို့မိသားစုနဲ့ပတ်သက်တဲ့ ရင်နာစရာအဖြစ်တွေမှာ ဆောင်းက ဓားစာခံဖြစ်ရရှာသည်။

မမသဝဏ်ရဲ့ အတ္တ

ကိုလေးရဲ့ ဆင်ခြင်တုံတရားမဲ့မှု





အနိတ်နဲ့အနိကယ်ရဲ့ ချိုးနှိမ်ဆက်ဆံမှုတွေရဲ့နောက်မှာ မိသားစုရဲ့အနာဂတ်က ဝမ်းနည်းကြေကွဲစရာ ဆုံးရှုံးနစ်နာမှုတွေဖြစ်ခဲ့သည်။

အခုတစ်ခါ ဆောင်းရဲ့နှလုံးသားခံစားချက်ကို တစ်စက်ကလေးမှမငဲ့ညှာဘဲ ရှင်းလင်းနဲ့အတင်းစီမံပြန်ပြီ။

ဆောင်းက စက်ကို ချစ်နေတာဆိုတော့ ရှင်းလင်းနဲ့လက်မထပ်ချင်တာကို မိန်းကလေးချင်း ကိုယ်ချင်းစာမိ၏။

"နော် သီရိ ဆောင်းကို ကူညီပါနော်၊ မောင်နဲ့ရှေ့ဆက် လျှောက်လှမ်းခွင့်ရစေနဲ့"

"ဒါပေမဲ့ စက်က ဆောင်းကို ဒီလောက်မုန်းနေတာလေ"

"ဟင့်အင်း မောင် မုန်းတယ်ဆိုတာ အမိုက်အတန်လေးပါ"

"သီရိက အမိုက်အတန်လို့မထင်ဘူး သူငယ်ချင်း၊ ဘာဖြစ်လို့လဲဆိုတော့ အမိုက်အတန်သာဆိုရင် စက်က ဆောင်းနဲ့မျက်နှာချင်းဆိုင်ဖို့ကြိုးစားမယ်လေ၊ အခုတော့ ဒီလိုမှမဟုတ်ဘဲ ဆောင်းနဲ့မျက်နှာချင်းဆိုင်ဖို့နေနေသာသာ ယုယနဲ့မိုးမမြင် လေမမြင် တွဲနေတာ တစ်နှစ်ကျော်ပြီလေ"

"ဟင့်အင်း"

ဆောင်း ခေါင်းရမ်း၍ ပါးပြင်ထက်တင်နေတဲ့ မျက်ရည်စက်တို့ကို လက်ခုံနဲ့သုတ်သည်။ ပြတင်းပေါက်နံရံမှာ ကိုယ်ကိုကပ်မှီ၍ဆွဲထားမိသော သီရိ လက်ဖျားလေးကို မလွှတ်သေးဘဲ

"ယုယနဲ့ဘယ်လောက်ပဲတွဲတွဲ ဆောင်းကို မောင် ချစ်နေတာ

www.burmeseclassic.com



ဆောင်ဆိုတယ်၊ ဆောင်းကို မနမ်းရက်ကတည်းက မောင် ချစ်နေတာကို ဆောင်း ခံစားလို့ရခဲ့တယ်၊ ဒါကြောင့် လောလောဆယ် မှန်းနေတာကို ဆောင်း မမှုဘူး သီရိရယ်၊ ကူညီပါနော်၊ ဆောင်းကို ကူညီပါ”

တစွတ်စွတ်နဲ့အနူးအညွတ် အသနားခံနေရှာတဲ့ ဆောင်းနှလုံးသားကို သီရိ စိတ်က လျစ်လျူမရှုနိုင်ခဲ့။ ဖရိုဖရဲဝေကျလာတဲ့ ဆောင်း ဆံနွယ်ပျော့ပျော့လေးကို သီရိ တယုတယ သပ်ကာ

“အေးလေ စက် အမုန်းတွေနောက်မှာ ဆောင်းကို စက် ချစ်နေတယ်ဆိုတာ ဆောင်း ယုံသလို သီရိလည်း ယုံပေးပါ့မယ်၊ ဒါကြောင့် သီရိ တအံ့တသြ လက်ခံစွာ အကောင်အထည်ဖော်ပေးမိတာက နောက်တစ်ညမှာပဲဖြစ်သည်။

ထိုညက စက်က သူငယ်ချင်းတွေနဲ့အတူ ဘီယာဆိုင်ထိုင်နေချိန်ဖြစ်သည်။ သီရိက စားပွဲထိုးလူရွယ်နဲ့ပေါင်းကာ စက်သောက်မယ့် ကုတ်ဘူးထဲ အိပ်ဆေးအသင့်ထည့်ပြီးသားဖြစ်သည်။

ဘီယာနဲ့အိပ်ဆေးအရှိန်ကြောင့် သိပ်မကြာခင် မှောက်သွားတဲ့ စက်ကို သူ့သူငယ်ချင်းတွေ ရယ်ရယ်မောမော ကြည့်ရင်း ဝိုင်းဆက်ယိုင်ကြသည်။ လူစုံတဲ့ ဝိုင်းမို့စားရင်းသောက်ရင်း စကားကောင်းနေချိန်ဖြစ်သည်။

ထိုအခါ စားပွဲထိုးက စက် သူငယ်ချင်းတွေ သတိလက်လွတ်ဖြစ်တာကို အခွင့်အရေးယူပြီး တွဲထုတ် ခေါ်ယူခဲ့သည်။ သီရိက စက်ကို ကားပေါ်တင်ခဲ့၏။

မဆောင်းက ဘယ်သူမှမရိပ်မိအောင် ခိုးထွက်လာပြီး အဆင်





...စောင့်နေရှာတဲ့သီရိက တိုက်ခန်းအရောက် စက်ကို ပို့ပေးခြင်းဖြင့် ...ည့်အဝကူညီပေးခဲ့သည်။

ဆောင်း ဝင်ချင်တဲ့ စက်ဘဝထဲကို ဘယ်လိုပုံစံနဲ့တိုးဝင်ပါစေ၊ ...အထင်မသေးရက်တာ အမှန်ပါ။

ရှေ့ဆက် ဘာတွေဖြစ်လာမလဲဆိုတာ သီရိ မခန့်မှန်းတတ်...သည် ။

အခြေအနေတွေက ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

အသိဝင်လာတဲ့ သူ့ကိုယ်လုံးက နူးညံ့မွေးအိနေတဲ့ ပန်းရော ရောင်မွေ့ရာလှလှပေါ်မှာ။

ရင်ခွင်ထဲမှာလည်း ယစ်မူးဖွယ်ရေမွှေးရနံ့လေးသင်းထုံနေ အိထွေးသော ကိုယ်လုံးနွေးနွေးလေးကို သူ့လက်ချောင်းလေးများဖြ ဖွဖွလေး သိုင်းဖက်လျက်သားဖြစ်နေသည်။

ရင်ခွင်ထဲထွေးပွေ့ထားမိတဲ့ အိသွဲ့သွဲ့ကိုယ်လေးက သူ့စိတ် ကြိုက် ရွေးချယ်ထားတဲ့ ချစ်သူ ယုယ ကိုယ်လုံးလေးလား။

သိချစ်စိတ်က သူ့ရင်ခွင်ထဲမှာ ခေါင်းဝှက်ထားသလို နစ်မြုပ် နေတဲ့ ချက်နှာလေးကို ဖုံးနေသေးတဲ့ ဆံနွယ်ပျော့စင်းစင်းလေးတွေ တယုတယ သဖယ်ရင်း ဆွဲယူကြည့်လိုက်တော့

"ဟင်. ဆောင်း"





မျက်လွှာလေးကိုဖွင့်ကာ

မေးဖျားလေးကို ပင့်ကိုင်ထားတဲ့မောင့်လက်ချောင်းလေးကို ောင်း ဆုပ်ကိုင်မိသည်က ရှရှလေးပါပဲ။

"ဟုတ်တယ်"

"ဘာ"

ဆောင်းသဝဏ်ဆိုတဲ့ အသိကြောင့် လန့်ဖြန့်ကာ ရင်ခွင်ထဲ ကိုယ်လုံးလေးကို ဆောင့်တွန်းပစ်ရင်း ဘေးတစောင်းခွေလျက် အိပ် မိတဲ့ ကိုယ်ကို မွေ့ရာထက်မှ ရုန်းထမိသည်။

"မောင်"

သူ့လက်ဖျားကိုဆွဲ၍ ထူးထူးခြားခြား အခေါ်ခံရတဲ့ နာမ်စား ကြောင့် ပြေးထွက်သွားချင်တဲ့ သူ့စိတ်က ကြိုးတစ်ချောင်းနဲ့တုပ်ပြီး ထားသည့်နှယ်။

မွေ့ရာထက်မှဆင်းပြေးဖို့ခြေလှမ်းချမလိုဖြစ်သွားပြီးမှ မချိုဖြစ် ခေါင်လို့ခေါ်တဲ့ နှုတ်ခမ်းလေးကိုငေးမတတ်ကြည့်မိသည်။

ဖူးဖူးနုနုလေး ဆူကြွကာ၊ ဟဟလေးဖြစ်နေတဲ့ နှုတ်ခမ်းနှစ် ာ သဘာဝအရောင်အတိုင်း ပန်းသွေးရောင်ဖျော့ဖျော့လေးနော ည်မှာ ရင်ခွင်ထဲထွေးပိုက်ဖူးတဲ့ ယောကျ်ားတစ်ယောက်ရဲ့ရင်ခုန် း မြန်လာအောင် ညို့နိုင်စွမ်းလေသည်။

"မောင့်ကို ဆောင်းချစ်တယ်"

ချိုနွဲ့သော အသံလေးနဲ့အတူ ဆွဲယူထားတဲ့ သူ့လက်ချောင်း ကို ရင်ခွင်ပေါ်ဆွဲတင်ရင်း ပြောတဲ့ နှုတ်ခမ်းလေးက ချစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါလို့တောင်းဆိုနေတာ ဥပက္ခာပြုဖို့ ခံယဉ်းသားလား။

သူ့လက်ကလေးကို အားပြု၍ တွန်းပစ်ခံထားရတဲ့ ကိုယ်

လေးက မွေ့ရာထက် ပက်လက်ကလေးဖြစ်နေရာမှ ရှန်းအထ

ပယင်းရောင်ခြုံစောင်က ဆောင်း ပခုံးထက်မှလျှောခနဲကျသည်။

သူ့လက်ဖျားလေးကို လွှတ်ကာ ခြုံစောင်ကိုကမန်းကတ

ဆွဲခြုံလိုက်ပေမယ့် ကြိုးတစ်ချောင်းတည်းပါတဲ့ ပိုးသားအင်္ကျီအဖြူ

ပါးပါးလွှာလွှာလေးနောက်မှ ကြယ်ရောင်လရောင်လို ရှန်းဖတ်စိုယ

တဲ့ ဆောင်းအလှတရားပေါ်မှာ သူ့မျက်ဝန်းက နစ်နစ်မွှမ်းမွှမ်းဖြစ်သွား

သည်။

"ဆောင်းလေ မချစ်မနှစ်သက်တဲ့သူ့ ရင်ခွင်ထဲမှာ မရိုလ

ဘူး၊ မောင့်ရင်ခွင်မှာ ခိုလှုံချင်တာ၊ မောင့်ကိုပဲ ချစ်လို့ မောင့်ရင်

မှာပဲ နေချင်လို့ပါ မောင်ရယ်"

ရှက်ရိပ်ကလေးနဲ့တစ်ချက်ပုတ်ခတ်လိုက်တဲ့ မျက်တောင်

ဝင့်ကာပြောရင်း သူ့ပခုံးထက် ဆောင်း ခေါင်းလေးနွဲ့နွဲ့မှီချလိုက်

သူ့ရင်ခုန်သံ ကတိမ်းကပါးဖြစ်ကုန်ပြီ။

"ဆောင်း လေ မောင်နဲ့ယုယကိုတွေ့တော့"

"ဟင်"

ယုယဆိုတဲ့ နာမည်လေးကြောင့် အသိတရားတို့တိုးဝင်

ကာ ဆွတ်ဖြန်းလက်စ အနမ်းတို့ကို ချက်ချင်းဘာရိတ်အုပ်ရပ်တန့်လ

ကိုယ်နဲ့လက်တို့က ရင်ခွင်ထဲထားမိတဲ့ ဆောင်းကို ရုတ်

တွန်းပစ်ကာ မွေ့ရာပေါ်မှ ခုန်ဆင်းလျက်သားဖြစ်သည်က ဆော





ချောက်အဆင်ခံလိုက်ရပြီဆိုတဲ့ အသိတွေနဲ့ပါ။

ယုယဆိုတာ သူ့အမုန်းဆုံးမိန်းကလေးကို ရာသက်ပန်ကျော

နိုင်းနိုင်ဖို့ သူ့စိတ်ကြိုက်ရွေးထားတဲ့ ချစ်သူ။

သူ့ချစ်သူကို ကျောခိုင်းပြီး အမုန်းဆုံးမိန်းကလေးနဲ့မျက်နှာ

ချင်းဆိုင်ဖို့ လုံးဝမဖြစ်နိုင်။

လက်နှစ်ဖက် ခါးမှာထောက်ရင်း ကျောခိုင်းရပ်ပစ်လိုက်သည်

က အငြိုးတွေကြောင့် တောင့်တောင့်တင်းတင်းချည်းပဲဖြစ်သည်။

ဆောင်းသဝဏ် အစ်ကိုကြောင့် မမလဝန်း ဆုံးရတာ။

ဆောင်းသဝဏ် အစ်မကြောင့် ကိုနေ ရူးမတတ်ဖြစ်ရ၏။

မိသားစုဘဝပျက်ခဲ့သည်။

ဆောင်းသဝဏ်ကြောင့် သူ့နှလုံးသားမှာ အညိုအမည်း ဒဏ်

ရာနဲ့ အမုန်းတွေပွားခဲ့သည်။

အခုတစ်ခါ သူ့ဘဝကို ထောင်ချောက်ဆင်ဖမ်းယူခဲ့သည်က

သူ့ရဲ့ ယောက်ျားမာနကို ဖွဲ့ခြေပစ်သလို ခံရခက်လွန်းသည်။

သူ့ တစ်မိသားစုလုံးနဲ့သက်ဆိုင်တဲ့ နာကျင်ကြေကွဲမှုအားလုံး

က ဆောင်းသဝဏ်ကြောင့် အစပြုခဲ့တာကို သူကိုယ်တိုင် အဆုံးသတ်

ကျောခိုင်းခဲ့ပြီးတော့မှ သူ့ဘဝကို ပြန်အဖမ်းခံရတာ၊ ဘယ်လိုမှ သည်း

ခံနိုင်စရာမကောင်းတော့။

"မောင်"

အတင်းလိုက်ဆွဲဖက်လာတဲ့ ဆောင်း လက်ချောင်းတွေကို သူ

ခါးဆီမှ ခပ်ကြမ်းကြမ်း ဆွဲဖြုတ်ရင်း တွန်းပစ်လိုက်သည်ဘာ ဝုန်းခနဲ။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ပိုးဆိုးပက်စက် လွင့်ကျသွားတဲ့ဆောင်းကို သူ လှည့်မကြည့်
တမ်း ကျောခိုင်းကာ

■ ■ ■

"မယူဘူး လုံးဝမယူနိုင်ဘူး"

"ဟင်"

ဒေါ်စိုးစိုးမာ အထိတ်တလန့်ရင်ဘတ်ဖိကာ စက်ကို ပြူးပြူး
ပြဲပြဲ ကြည့်မိသည်။ ပြီးတော့ ပျံ့ထွက်လာတဲ့ ရှိုက်သံသဲ့သဲ့ဆီ။

လွင့်ကျတဲ့အတိုင်း မွေ့ရာပေါ်ဖရိုဖရဲကျသွားတဲ့ ကိုယ်က ခြေ
တွဲလောင်းချထားသလိုဖြစ်ကာ ခုတင်တိုင်ကို ဆွဲကိုင်၍ နဖူးလေးတိုက်
သလိုထိကာ တသိမ့်သိမ့်ငိုနေရှာတဲ့ ဆောင်းလေးကို ဒေါ်စိုးစိုးမာ
ကြည့်မိသည်က ကရုဏာသက်စွာဖြစ်၏။

တဖန် စက်ကို ခပ်ရှုးရှုးပြန်ကြည့်ပြီး

"စက် ဘယ်လိုပြောလိုက်တာလဲ သားရယ်"

"စက် မယူနိုင်ဘူး မေမေ"

"အိုး အခြေအနေတွေက လွန်ကုန်ပြီ သားရယ်"

"ဘယ်လောက်ပဲ လွန်လွန် အဲသလို လွန်အောင် ဆောင်း
သဝဏ်ကိုယ်တိုင်လုပ်ခဲ့တာ၊ စက်ကို အမိဖမ်းတာ မေမေ"

ဒေါ်စိုးစိုးမာ မသိမသာ သက်ပြင်းချမိသည်။ မိခင်ကိုပြောရင်း
ဆောင်း ဘက်လှည့်ကာ

"ယောကျ်ားတစ်ယောက်ကို ထောင်ချောက်ထဲပစ်ချပြီးမှ





ပိုင်ဖမ်းယူတဲ့ နင့်အတွက်ကို ငါ အညံ့ခံယူရမတဲ့လား၊ ဒီမှာ ဆောင်း
သတ် နင်နဲ့ငါ ဘာတွေပဲဖြစ်ခဲ့ပစေ၊ ဖြစ်ခဲ့သမျှက နင့် ပယောဂ
ကြောင့် ဖြစ်လာခဲ့တာ၊ ငါဘာအကြောင်းကြောင့်မှ အောင့်သည်းအောင့်
တော်နဲ့လက်ခံမှာမဟုတ်ဘူး။ အရှင်းဆုံးပြောလိုက်မယ်၊ နင့်ကိုငါ မယူ
ဘူး။ အဲဒီအတွက် နင် ငါ့ကိုထောင်ချချင်ချပစ်လိုက်၊ ငါခံမယ်၊
ထောင်ကျကျ တန်းကျကျ နင့်ကိုငါ ဘယ်တော့မှမယူဘူးကွ"

ချစ်တဲ့စိတ်ကြောင့် ဖွတ်ဝင်တိုးခဲ့ပေမယ့် ရင့်ရင့်သီးသီး ငြင်း
ဆန်ခံရတော့ ရှက်တဲ့စိတ်က ရင်ဆိုင်မရဲအောင်ဖြစ်ကာ ရှုတ်ချည်း
ထွက်မိသည်က လျှပ်ပြက်သလိုပါပဲ။

"အို ဆောင်းလေး"

ဒေါ်စိုးစိုးမာ ထိတ်ထိတ်ပြာပြာ ဖြစ်ကာ ဆောင်းကို ကမန်း
ကတမ်းပြေးဆွဲရင်း လွတ်မသွားအောင် ရင်ခွင်မှာ ပိုက်ထားမိသည်။

"ဆောင်း မသွားပါနဲ့ကွယ်၊ မသွားပါနဲ့ သမီးရယ်"

ဒေါ်စိုးစိုးမာ ရင်မှာ ဆောင်းကို အပြစ်မမြင်ရက်တာ ဆောင်း
သားစုဝင်တွေကြောင့် ကြုံတွေ့လာရတဲ့ သောကတွေ ဒုက္ခတွေခံရ
သည်ကာ။

ဆောင်းကို စမြင်ကတည်းက ချစ်ခဲ့သည်။ ရိုးသားဖြူစင်တဲ့
သဘောထားနဲ့စက်အပေါ် စွဲစွဲလန်းလန်းဖြစ်ခဲ့တဲ့ ခင်မင်မှုတွေကို
သဘောကျခဲ့သည်။ တစ်မိသားစုလုံးနဲ့မတူတဲ့ စိတ်ရင်းကောင်းလေးတွေ
ရှိတဲ့ ဆောင်းကို သမီးရင်း လဝန်းလို မြတ်နိုးမိတဲ့စိတ်က ခုချိန်ထိ
ရင်မှာမပြောင်းလဲဘူးဆိုတာ ကိုယ်တိုင်သိနှင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း မိသားစုရဲ့အတွက်အပေါ် ခုချိန်ထိ အငြိုးမပြယ်
နေတဲ့ သားစိတ်ကို အပြစ်မတင်ရက်ပေမယ့် ခုလိုချည်း ရက်
စက်စက်ငြင်းပစ်တာကို လက်ခံလိုတာလည်းပါသည်။

ရင်ခွင်ထဲဖက်ထားမိတော့လည်း ဒေါ်စိုးစိုးမာ ရင်ကို ပို
ချစ်မိသွားသည်မှာ သမီးရင်းလဝန်းနှင့်မခြားသလိုပင်။ ဆုံးရှုံးသွား
တဲ့ သမီးနေရာမှာ ဘာအကြောင်းနဲ့မှမမုန်းရက်ဘဲ ချစ်နေရတဲ့
ကို သမီးအဖြစ် ချွေးမအဖြစ် ပိုင်ဆိုင်ခွင့်ရမယ့် အခြေအနေမျိုးကြ
ဒေါ်စိုးစိုးမာ ရင်မှာ ကျေနပ်မိတာက အမှန်ပင်ဖြစ်သည်။

ရှက်လွန်းလို့ မျက်နှာလေးရဲထွတ်ကာ ခေါင်းမဖော်နိုင်
တရှိုက်ရှိုက် ငိုကြွေးနေတဲ့ ဆောင်းကို တယုတယ ဖက်ထွေးရင်း
အားမလိုအားမရစိုက်ကြည့်ပြီး

"သား"

"ဆောင်း အတွက်အတွက် မေမေ စက်ကို အားမပေး
စက် ထောင်အကျခံလိုက်မယ် မေမေ ဆောင်းသဝဏ်ကို လက်
နိုင်ဘူး၊ လုံးဝ လက်မထပ်နိုင်ဘူး၊ မယူနိုင်ဘူး"

"တော်စမ်း"

"မတော်နိုင်ဘူး မေမေ၊ စက် မယူဘူး လုံးဝမယူဘူး"

"တောက်"

ပြောလေသည်းလေ ဖြစ်နေတဲ့ သားရဲ့အသိတရားမဲ့
ဒေါ်စိုးစိုးမာ သည်းမခံချင်တော့။ မျက်နှာကြီးမာထန်ပြီး စိမ်းစိမ်း
ငြင်းပစ်နေတာက ဒေါ်သမီးခဲရဲခနဲဖြစ်စေသည်။





ဆောင်း အပေါ်သမီးရင်းလို ချစ်တဲ့စိတ်က သားရင်းကို ချစ်တဲ့
စိတ်နဲ့ ပိုလွန်ကာ အုံကြွလာတဲ့ခံပြင်းမှုနဲ့ တက်ခေါက်လိုက်သည်နှင့်
အပြိုင်နက် ဆောင်းကို လက်တစ်ဖက်ရှန်းမလွှတ်အောင်ဖက်ထားသလို
ကျန်လက်တစ်ဖက်ဖြင့် သားပါးကိုလက်ပြန်ရိုက်မိသည်သာ။

"ဖြန်း"

"မေမေ"

မထင်မှတ်ဘဲ ရိုက်ချက်ကြောင့် လည်စင်းသွားတဲ့ ခေါင်းကို
ဆောင်မတ်ရင်း ဝမ်းနည်းတကြီးကျလာတဲ့ မျက်ရည်နဲ့ပူရှ ရှိန်းဖိန်း
သွားတဲ့ ပါးပြင်ကို မပွတ်ဘဲ မေမေ့ရှေ့ ခေါင်းထိုးပေးရင်း

"မေမေ သားကို ရိုက်ချင်ရင် နောက်ထပ် ရိုက်ဦး မေမေ"

"ရိုက်မယ် ဒီလို ဥပက္ခာပြု စကားပြောရင် ရိုက်မှာပဲ၊ စက်
ဒီလိုစကားမျိုး နောက်ဘယ်တော့မှ မပြောနဲ့ မေမေခွင့်မလွှတ်ဘူး"

"မေမေ ခွင့်မလွှတ်လဲ ခွင့်မလွှတ်ပါနဲ့ နောက်ထပ်ရိုက်ချင်ရင်
ရိုက်လိုက်ပါ ဒါပေမဲ့ စက် မယူပါရစေနဲ့ မေမေ မယူပါရစေနဲ့ စက်
သတောနဲ့စက်ငြင်းပစ်မယ်၊ စက်မယူနိုင်ဘူး၊ လုံးဝ မယူနိုင်ဘူး မေမေ"

"ဘာ"

ဟန့်တားနေရင်းကြားက ငြင်းနေသေးတဲ့သားကို စိတ်ရှိလက်
ရှိ ရိုက်ပစ်ဖို့ ဒေါ်စိုးစိုးမာ လက်ရွယ်ရုံရှိသေး နောက်ဘက်က ဟိန်းခနဲ
ပေါ်ထွက်လာတဲ့ ဘာဆိုတဲ့ အသံနက်ကြီးကြောင့် သားကိုရွယ်ထားတဲ့
လက် လျော့ကျသွားတော့၏။

နောက်ပြန်လှည့်ကြည့်လိုက်တော့ မာနရောင်တွေနဲ့တောက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ မျက်နှာထားနဲ့လက်တစ်ဖက်ခါးထောက် ဝင်လာတဲ့ ဒေါ်ရွှေဝါ၏

"ဘာပြောလိုက်တယ် ပြန်ပြောစမ်း"

သမီးလေးကို တစ်ညလုံးခေါင်းမီးတောက်အောင် ရှာခဲ့ရတာ ဘာသတင်းမှမရလို့ စိုးရိမ်စိတ်က မီးတင်ရှို့ခံရသလို ပူပူလောင်လောင် ခံစားခဲ့ရသည်။ သိရိခွေကို အစ်အက်မေးတော့မှ ဒီကောင်နဲ့ ဒီနေရာမှာရှိနေမှန်းသိရလို့ ထဘီစွန်တောင်စွဲပြီးလိုက်ခဲ့သည်။

ဒီလိုကောင်နဲ့သမီးကို ဘယ်နည်းနဲ့မှ မပေးစားနိုင်ဘူး။ မရအရ ခွဲပစ်ဖို့ မောင်းတင်ထားကာမှ ဒီကောင်က ဦးဦးဖျားဖျားငြင်းပစ်တာ ကြားရတော့ ဒေါ်ရွှေဝါဝါ ဆတ်ဆတ်ထိမခံဖြစ်သွားသည်။

"သူများ ထောက်ပံ့စာနဲ့ထမင်းစားနေတဲ့ မင်းလိုအောက်တန်းစားကောင်က ရွှေဘုံရွှေနန်းပေါ်က ငါ့သမီး ဖူးဖူးထွတ်ထွတ်ကို တစ်ညနိုးယူပေါင်းသင်းပြီးမှ မယူနိုင်ဘူးလို့ ခွေးစကားပြောတာ ငါတို့က မျက်နှာအောက်ခံပြီး ယူပါ ယူပါလို့ ထိုးပေးမယ်ထင်နေသလား"

စက် မျက်နှာတည့်တည့် ဒေါ်ရွှေဝါဝါ လက်ညှိုးငေါက်ငေါက် ထိုးပြောသလို လက်သီးကျစ်ကျစ်ဆုပ်ပြီးနောက်ကဝင်လာတဲ့ ဦးသဝဏ်က

"လာစမ်း သမီးမိုက်"

ဆိုပြီး ဒေါ်စိုးစိုးမာဖက်ထားတဲ့ ဆောင်းကို အတင်းဆွဲယူ ချုပ်ကိုင်လိုက်သည်။

"မင်းပါးစပ်က ဒီလိုစကားပြောထွက်တာ အံ့တယ် ဟယ် အံ့တယ် သူများသမီးကို မတန်မရာခိုးယူပေါင်းသင်းတဲ့ ကောင်ကများ





ဘူးနဲ့"

စက် ခေါင်းဆတ်ခါရင်းမော့ကာ ဒေါ်ရွှေဝါဝါကို တည့်တည့်ကြည့်ကာ နှုတ်ခမ်းတစ်ချက်တွန့်ပစ်၏။

ဖေဖေ မိတ်ဆွေတစ်ဦးရဲ့စေတနာနဲ့ ငွေကြေးထောက်ပံ့မှုကြောင့် စီးပွားရေးဦးမော့လာအောင် ပြန်ကြိုးစားခဲ့တဲ့ စက်တို့ရဲ့ အရည်အချင်းက သူများထောက်ပံ့စာလို့ ရှုတ်ရှုတ်ချပြောတာကို လက်မခံနိုင်သလို သူတို့သမီးကို တစ်ညနိုးယူပေါင်းသင်းခဲ့တယ် ဆိုတဲ့ စွပ်စွဲချက်က စက်ရဲ့အပြုံးတွေ၊ မာနတွေထောင်ကြွလာအောင် ထိုးဆွလိုက်သလိုပဲ။

"ဒီမှာ အန်တီ"

"ဘာလဲ မင်းက"

"အန်တီ စကားကို ပြန်ရုတ်သိမ်းလိုက်"

"ဘာပြောတယ်"

ရယ်ဒီမိတ်ပုံဆန်း ဝမ်းဆက်အနီရောင်နဲ့ ပတ္တမြားတွေချည်းခြွတ်နေအောင် ဆင်ထားတဲ့ ကိုယ်မှာ မာနတို့တဖျပ်ဖျပ်ခါနေတဲ့ ဒေါ်ရွှေဝါဝါကို စက် ရှုံ့မဲ့မဲ့ကြည့်ပြီး

"အန်တီ စွပ်စွဲသလို သူများထောက်ပံ့စာနဲ့ ကျွန်တော်တို့ ထမင်းစားနေတာမဟုတ်ဘူး။ အန်တီ တို့ကြောင့် စီးပွားရေးပျက်သွားခဲ့ ကျွန်တော်တို့ကို ဖေဖေမိတ်ဆွေ ဦးလူလှက စေတနာနဲ့ငွေကြေးအရ အရာရာ ကူညီပေးတာကို ကျွန်တော်တို့ မိသားစုအားလုံး မလျှော့တမ်းကြိုးစားပြီး စီးပွားရေးတောင့်တင်းအောင် ကိုယ့်ဘာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တည်ခဲ့တာ ဒါထားတော့ အန်တီ သမီးကို တစ်ညနိုးယူပေါင်းသင်းခဲ့တာတဲ့ ဟား ဟား ရယ်စရာကောင်းလိုက်တာဗျာ ခင်ဗျား သမီးကို ခုချက်ချင်း မေးကြည့်၊ ကျွန်တော်က နိုးယူပေါင်းသင်းတာလား၊ ခင်ဗျား သမီးက ကျွန်တော်ကို အမိဖမ်းပြီး တစ်ညပေါင်းတာလားလို့"

"ဘာ"

"ဘာကွ"

စက် စကားကြောင့် ဦးသဝဏ်တို့လင်မယား ရှူးရှူးရှားရှားဖြစ်ကာ၊ ခေါင်းငုံ့ငိုနေတဲ့ သမီးကို တစ်လှည့် မျက်နှာထားနဲ့ရဲရဲချည်း ပြောချတဲ့ စက်ကိုတစ်လှည့်ကြည့်သည်၊

"သား စက် မပြောရဘူး မပြောနဲ့"

လို့ ကမန်းကတမ်း ဟန့်တားတဲ့ မိခင်စကားကို စက် မနားခံတော့။

"ဒီကိစ္စမှာ မေမေ ဘာမှမပြောနဲ့မေမေ သားက သူတို့သမီးကို နိုးပေါင်းခဲ့တာမဟုတ်ဘူး၊ သူတို့သမီးက သားကိုအမိဖမ်းပေါင်းခဲ့တာ ခင်ဗျားတို့မယုံရင် ခုချက်ချင်း ကျွန်တော့်ရှေ့မှာ ဆောင်းသဝဏ်ကိုမေးကြည့်"

"ဟင်"

ဒေါ်ရွှေဝါဝါ ရင်ဘတ်ဖိကာ သမီးပခုံးတစ်ဖက်ကို မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်ရင်း

"ဟုတ်လား မိဆောင်း ဒီအောက်တန်းစားကောင် ပြောသလို သမီးက"





ငိုနေလျက်နဲ့ရှိက်လိုက်တဲ့ ဆောင်း အသံက ပိုကျယ်လာကာ ခေါင်းငုံ့ချလိုက်တော့ ဝန်ခံသရှိုဖြစ်သွားလေ။

"ဟင်"

တစ်စုံတစ်ရာကို သဘောပေါက်သွားတဲ့ ဦးသဝဏ်တို့ မောင်နှံ ရှက်ခြင်းကြောင့်မျက်နှာတစ်ပြင်လုံးရဲကာ

"သမီးမိုက်"

အံကြိတ်သံကြီးနဲ့ပြောလည်းပြော လက်တစ်ဖက်ကိုလည်း ရွှေဝါဝါ အားကုန်လွှဲ၍ ရိုက်ချပြီးသားဖြစ်သွားလေ၏

"ဖြန်း"

အသံနောက်မှာ ဆောင်းရဲ့ ကိုယ်လေးလည်ထွက်ကာ ကြမ်းခင်း ပစ်လက်ဝတ်ကျသွား၏။

"အို ဒီလို မလုပ်ပါနဲ့ ဒေါ်ရွှေဝါဝါ သမီးလေးကို မရိုက်ပါနဲ့"

ဒေါ်စိုးစိုးမာ ဆောင်းကို ပြေးဖေ့ကာ ပြောရင်း ရိုက်ဟန်ပြင်တဲ့ ဒေါ်ရွှေဝါဝါ လက်ကိုဖယ်ရှားလိုက်သည်။

"သမီးမိုက် မိဘကို အရှက်ခွဲတဲ့ သမီး"

"ကျွန်မ တောင်းပန်ပါတယ် ဒေါ်ရွှေဝါဝါ သမီးမှာအပြစ်မရှိ ကျွန်မ သားကို ကျွန်မ တာဝန်ယူတယ်"

"မေမေ"

"သား ပါးစပ်ပိတ်ထား"

"ဟာ"

မေမေကြောင့် သူ့ရင်မှာ အတော်တင်းသွားပေမယ့် မေမေ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားကြောင့် ပြန်ပြောခွင့်မသာဖြစ်ရ၏။ ဒေါ်စိုးစိုးမာ ဆောင်းကို ကိုယ်လုံးနဲ့ကွယ်ရပ်ကာ ဦးသဝဏ်တို့နဲ့မျက်နှာချင်းဆိုင်ရပ်ပြီး

"သမီးနဲ့သားကို ကျွန်မ ကိုယ်တိုင်မင်္ဂလာဆောင်ပေးမယ် သမီးရှင်အနေနဲ့ ဦးသဝဏ်တို့ဘယ်လိုဖြစ်စေချင်သလဲ ပြောပါ၊ ဦးသဝဏ်ဖြစ်စေချင်သလို သားရှင်အနေနဲ့ ကျွန်မအပြည့်အဝ လိုက်လျော ပေးမှာပါ"

"ဘာ ဘာရည်ရွယ်ချက်နဲ့လိုက်လျောဖို့လဲ ဒေါ်စိုးစိုးမာ ကျုပ်တို့ရဲ့စည်းစိမ်ကို ပြန်သိမ်းပိုက်ဖို့ ကျုပ်သမီးနဲ့ခုတုံးလုပ်ချင်လို့ ဒီဇာတ်ကွက်မျိုး ခင်းတို့ဆင်လိုက်တာ မဟုတ်လား"

"ဟင်"

ဦးသဝဏ်ရဲ့ပြင်းပြင်းထန်ထန် စွပ်စွဲမှုက ဒေါ်စိုးစိုးမာ ဘာမှ ပြန်မပြောတတ်အောင် မျက်စိမျက်နှာပျက်သွား၏။

"ဒီမှာ ကျုပ်တို့မိသားစုအပေါ်ကို အခဲမကြေဖြစ်နေတဲ့ ခင်းတို့ မိသားစုက ကျုပ်သမီးရဲ့ မိုက်ရူးရဲဆန်မှုကို ပိုင်ပိုင်နိုင်နိုင် အသုံးချပစ်တာ အဲဒီအတွက် ကျုပ်တို့က နွားအကျခံပြီး ခမည်းခမက် ပြန်တော်ရမှာ လား အခေးကြီးပါကွာ"

"မ မဟုတ်ဘူး ဦးသဝဏ် ကျွန်မပြောတာက သားနဲ့သမီး ရဲ့ ဂုဏ်သိက္ခာ မိဘရဲ့ဝတ္တရား"

"ခေါက်ထားလိုက် ဒေါ်စိုးစိုးမာ ခင်းတို့ရဲ့ ဇာတ်ကွက်ကို ကျုပ်တို့ လက်ခံဖို့မရှိဘူး၊ ကျုပ်တို့ရဲ့စည်းစိမ်ဥစ္စာကိုသွားရည်ကျနေတဲ့ ခင်းတို့ ဒီလိုကြံစည်တာ ဒါတွေကို မသိဘဲ သမီးမိုက်ရဲ့စိတ်အလိုကို





ကျုပ်တို့မလိုက်ဘူး၊ ဒီမှာ သမီး ဒီလိုကောင်နဲ့ သမီးကို ဒယ်ဒီတို့ အသိအမှတ်မပြုဘူး။ သမီးရဲ့မိုက်ရူးရဲမှုကို ဒယ်ဒီ စောင့်ကြည့်မယ်၊ ဒယ်ဒီ တို့ရင်ခွင့်ထဲကို သမီးတစ်ယောက်တည်းပြန်လာခဲ့"

"ဟုတ်တယ် သမီးတစ်ယောက်တည်းကိုပဲ မာမီတို့ပြန်လက်ခံမယ်၊ သမီး ဆုံးဖြတ်၊ ဒီကောင်နဲ့အောက်ကျခံပြီးပေါင်းချင်ရင် မာမီတို့နဲ့သေခန်းပြတ်ပဲ"

စိန်ခေါ်လိုက်တဲ့ မာမီ စကားလုံးနောက်မှာ ဆောင်း ခေါင်းခါ ယူကျသာဖြစ်သွား၏။

"ဘုရားရေ"

သမီးက မိဘအုမိနဲ့ကို ငြင်းဆန်ပြီး သေခန်းပြတ်ခံနိုင်သတဲ့။ မိဘနှစ်ပါး အံ့ဩမင်တက်သွားမတတ်ဖြစ်သွား၏။

"သမီးက မာမီတို့ကို ဖြတ်နိုင်တယ်ပေါ့ ဟုတ်လား ဟုတ်လား"

"ဆောင်း ကိုခွင့်လွှတ်ပါ မာမီ၊ ဆောင်း မောင်နဲ့မခွဲပါရစေနဲ့"

"ဟာ"

ဦးသဝဏ် နောက်ပြန်လန်ကျမတတ် ထိခိုက်သွား၏။ ဒေါ်ရွှေဝါ ရင်ကျိုးမတတ်ဖြစ်ကာ ခြေတစ်လှမ်းက အလိုလိုဆုတ်သွား၏။ ဦးသဝဏ် ဣန္ဒြေဆယ်ထိန်းရင်း

"သမီး ဘယ်လောက်နေနိုင်လဲ ဒယ်ဒီ စောင့်ကြည့်မယ်၊ ဒီကောင်နဲ့ခွဲနိုင်တဲ့နေ့ ဒယ်ဒီတို့ဆီပြန်လာခဲ့ အခုတော့ သေခန်းရှင်ခန်း အပြတ်ပဲ၊ လာ ဝါဝါ ပြန်မယ်"

ဒယ်ဒီနဲ့မာမီ ချာခနဲလှည့်ထွက်သွားတော့ ဆောင်းမျက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တင်ငိုချမိသည်။

မောင့်ကို ချစ်မိတဲ့အချစ်က မိဘတွေကို ဖြတ်တောက်ခဲ့ရ တဲ့အထိ မိုက်ရူးနေပြီလား ဟင့်အင်း၊ ဆောင်း မတွေးပါရစေနဲ့။

"သမီး ဒီလောက်လည်း ဝမ်းမနည်းပါနဲ့ သမီးကို သမီးရှင် မေမေချစ်တယ်၊ သား လက်ထွဲပြီး ခေါ်လာကတည်းက ခုချိန် ဆောင်းအပေါ် မေမေတို့မိသားစုရဲ့ချစ်မေတ္တာတွေ မပြောင်းလဲခဲ့ဘူး သမီးရယ်၊ သားဖေဖေကို မေမေ ဖုန်းဆက်ထားပြီးပြီ တစ်ပတ်အတွင်း ပြန်ရောက်လိမ့်မယ်၊ သမီး ဘာမှအားမငယ်ပါနဲ့နော် သမီး"

ဆောင်းရဲ့ဝမ်းနည်းမျက်ရည်တွေကို သုတ်ပေးရင်း ဖြေသိမ့် နိုင်အောင် ချော့မော့နေတဲ့ အန်တီ မေတ္တာက ဆောင်း နှလုံးသား ကျေနပ်မှုတွေပေးစေနိုင်ပါတယ်။

သို့သော် မောင့်အတွက်ကတော့ ပြောင်းပြန်ပေါ့။ ငြိုးဆန့်တဲ့ ခြေလှမ်းနဲ့ချာခနဲလှည့်ထွက်သွားတဲ့ သားကို ဒေါ်စိုးစိုးမာ လက်မောင်း ကနေ ဖမ်းဆွဲဟန့်တားလိုက်ပြီး

"သား ဘာမှမပြောနဲ့ ဒီမှာ သား ကိုယ်ကလိုချင်မက်မော လို့ ပေါင်းခဲ့တာဖြစ်စေ၊ အမိဖမ်းခံရလို့ ပေါင်းခဲ့တာဖြစ်စေ၊ ပေါင်းခဲ့တာ ပေါင်းခဲ့တာပဲ၊ ပေါင်းသင်းခဲ့ပြီးမှ မိန်းကလေးတစ်ယောက်ရဲ့ဘဝနဲ့ အမြိုးတွေနဲ့ တန်ပြန်ပြီး ထောင်ကျကျ တန်းကျကျစိတ်နဲ့ ငြိုးဆန့်တာ တာက တာဝန်မဲ့ချင်တဲ့ ယောက်ျားရဲ့အတ္တစိတ်ရိုင်းပဲ သား၊ သားဆီမှာ အဲဒီစိတ်မျိုးမွေးထားရင်တောင် ရှင်သန်ခွင့်မပေးနိုင်ဘူး၊ အဲဒါ မေမေ သန္ဓေ သားဖေဖေရဲ့အမိန့် ခုချိန်ကစပြီး သား ဘယ်မှသွားစရာမလိုဘူး





ဟောဒီအခန်းထဲက ခြေတစ်ဖဝါးမှ အပြင်မထွက်မိစေနဲ့"

မိဘဆိုတဲ့ အာဏာနဲ့အစွမ်းကုန်စီရင်ချက်ချလိုက်သည်က ဆောင်းသဝဏ်ကို ရာသက်ပန် ပေါင်းသင်းဖို့ ညွှန်ကြားချက်နဲ့လား မေမေ။

အဲတင်းတင်းကြီးတက်ကာ မေမေနဲ့ဆောင်းသဝဏ်ကို အကြည့် ဖြင့်လှမ်းလိုက်သည်က တစ်သက်လုံးမပေါင်းဘူးဆိုတဲ့ အသံတိတ်ပြောခြင်း ပဲဖြစ်သည်။

မိဘကိုလွန်ဆန်လို့မရဘဲ ဆောင်းသဝဏ်ကိုလက်ထပ်ခဲ့ရပေ မယ့် ပေါင်းသင်းနေဖို့စိတ်ကမပါ။

ကိုယ်မုန်းနေတဲ့ မိန်းကလေးကို လက်ထပ်ထားရတဲ့စိတ်၊ ကိုယ့် စိတ်ကြိုက်ရွေးချယ်ထားတဲ့ ချစ်သူကို လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ စိတ်နှစ်ခု ကြားမှာ မွှေနှောက်နေသည်က သူတို့မိသားစုအပေါ် ငြိုးနေတဲ့ အမုန်းနဲ့အမိဖမ်းအပိုင်သိမ်းခံလိုက်ရတဲ့ ယောက်ျားတစ်ယောက်ရဲ့ မာန စိတ်ပဲဖြစ်သည်။

"ဒီမှာ ဆောင်းသဝဏ် အကြောင်းကြောင်းကြောင့် မိဘဆန္ဒ ကို မလွန်ဆန်နိုင်လို့ နင့်ကိုငါလက်ထပ်ခဲ့ပေမယ့် နင့်ကိုငါ မပေါင်းသင်း နိုင်ဘူး"

ခဲပြာရောင် မင်္ဂလာဝတ်စုံကုတ်ဝမ်းဆက်မင် မလဲနိုင်သေးဘဲ မောင် ပြောရင်းသီးသီးကြေညာပေမယ့် ဆောင်း စောဒကမတက်ခဲ့ပါဘူး။

"မောင့် သဘောပါ"

"အေး ငါ့သဘောဆိုပြီး မူယာမာယာနဲ့ ခေါင်းတိုးဝင်လာရင် ခုလက်က ဥပုသ်စောင့်မှာမဟုတ်ဘူး။ နင့်တစ်ကိုယ်လုံးကို ဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နံရံနဲ့ကိုပစ်ပေါက်လိုက်မယ် နှင်သတ္တိရှိရင် ငါ့အနားကပ်ကြည့်"

ပြောရင်း အပေါ်ကုတ်အင်္ကျီကိုချွတ်ကာ ကြမ်းခင်းပေါ်ချလိုက်သည်က ဆောင်းရှေ့တည့်တည့်မှာပဲဖြစ်သည်။ ပြောရက်လေခြင်း... ဆောင်း ငြီးငွေ့သွားဖို့စိတ်မကူးတော့ဘဲ မျက်လွှာချ၍ ခြေတစ်လှမ်း နောက်ဆုတ်ကာ

"ဒါပေမဲ့ ဆောင်း မောင့်အခန်းထဲမှာပဲ နေပါရစေ"

"ဟွန်း ငါ့ဖေဖေနဲ့မေမေက နင့်ဘက်မှာဆိုတော့ နေပေါ့ အေး နင့်ဖထောင်ချောက်ထဲကို နောက်တစ်ကြိမ် ငါ့ကိုနင်ဆွဲချလို့ တော့"

"စိတ်ချပါ မောင်ရယ် မောင့်ဘဝကို ဆောင်း တိုးဝင်ခဲ့တာ ချစ်တဲ့စိတ်သန့်သန့်လေးနဲ့ပါ"

"ရှေ့ဆက်ပြီး နင့်စိတ်ကိုနင်သန့်အောင် ကြိုးစား ဒါပဲ"

ပြောပြီး ချာခနဲလှည့်ထွက်သွားခဲ့သည်က မင်္ဂလာဦးရေး ဖြစ်သည်။ ထိုစဉ်က ဆောင်းကို မနမ်းရက်အောင် မြတ်နိုးခဲ့တဲ့ မောင်... ဇာဂါဝန်ဖြူဖြူလေးနှင့်အကြည့်မလွှဲရက်အောင် လှသော အသစ်စက် သတို့သမီးလေးဖြစ်နေတဲ့ ဆောင်းကို ရင့်ရင့်သီးသီး ရှောင်ထွက် ရက်တာက မပြယ်နိုင်တဲ့အငြိုးတွေ အမုန်းတွေကြောင့်လားကွယ်။

မောင် ဘယ်လောက်ပဲ ငြိုးငြိုး မုန်းမုန်း မောင့် ကိုယ်သင်း ရနံ့ကို ရှူရှိုက်ခွင့်ရနေတာပဲ ဆောင်း ကျေနပ်မိပါတယ်။

အိပ်မောကျနေတဲ့ မောင့်မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရှုနဲ့လည်း ဆောင်း အချစ်တွေက နှစ်သိမ့်မှုရခဲ့ပါတယ်။





ပေါင်းချင်းမပေါင်းချင်းက မောင့်စိတ်ဆန္ဒနဲ့သာ သက်ဆိုင်တာ ...ါ မောင်ရယ်။

ဆောင်းချစ်ခြင်းက အတ္တတွေနဲ့ပေါင်းသင်းနေမယ့် ပူလောင် ...ခြင်းမျိုးကို မမျှော်လင့်ပါဘူး။

မောင့် ရင်ထဲကစစ်မှန်တဲ့ ချစ်ခြင်းနဲ့ပေါင်းသင်းခြင်းကိုပဲ ...မျှော်လင့်တာပါ မောင်ရယ်။

ဒါပေမဲ့လည်း

ဆောင်း မျှော်လင့်တဲ့ချစ်ခြင်းတွေက တစ်စစ ဝေးကွာသလို ...ားရတာက မောင်က မောင့်ချစ်သူနဲ့အတွဲမပျက်နိုင်လို့ထင်ရဲ့။

"ဆောင်းရယ် ယုယနဲ့စက် ပြန်တွဲနေတာကိုတော့ ဆောင်း ...ားသင့်တယ်၊ တားခွင့်လည်းရှိတယ်၊ တားစမ်းပါဟယ်၊ မျက်စိနောက် ...နှ်းလို့"

ဟု သီရိက သူငယ်ချင်းကောင်းပီသစွာ တွန်းအားပေးပေမယ့် ...ဆောင်း မတားရက်ခဲ့။

"သားနော် မေမေတို့စိတ်ချပြီးထားခဲ့တာကို အခွင့်အရေးယူ ...ပြီး ခြေလှမ်းပျက်ဖို့တော့ မကြံနဲ့"

"စက် ခြေလှမ်းများတာနဲ့ ဖေဖေတို့ကို ချက်ချင်း အကြောင်း ...ကြားပါ သမီးရယ်"

လို့ဆောင်းတို့ကို မင်္ဂလာဆောင်ပေးပြီးသည်နှင့် သူ့မိတနှစ်ပါး ...ာ စက်ာပူမှာ စီးပွားရေးတွေချည်းဖိလုပ်နေရှာတဲ့ ကိုနေဆီလိုက်သွား ...သည်။ သွားခါနီး လေယာဉ်ပေါ်မတက်မချင်း ဆောင်းကို ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



တတွတ်တွတ်မှာခဲ့သည်။

ဒါပေမဲ့ ယုယနဲ့တွဲနေတဲ့ မောင်ခြေလှမ်းကို မောင့်မိဘသိအောင် ဆောင်း မပြောရက်ပါ။

ယုယနဲ့မောင် တွဲချင်သလောက် တွဲပါစေလေ။

မောင် စိတ်ချမ်းသာရင် ဆောင်း ကျေနပ်ပေးနိုင်ပါတယ်။

မောင် မပေါင်းပေမယ့် မောင့်ဘေးမှာ အိပ်စက်ခွင့်ရတဲ့ အခြေအနေလေး ပြောင်းလဲမသွားအောင် ဆောင်း မျိုသိပ်ခဲ့ပါတယ်။

ဆောင်း မျိုသိပ်လေ မောင့် ခြေလှမ်းက ပိုပျက်လေ။

"နင့်ကိုငါ ကြိုပြောသွားမယ် နင့်အနားမှာ နေရတာ ငါ စိတ်မွန်းကြပ်တယ် ဒါကြောင့် ငါ့ဘာငါ တိုက်ခန်းမှာသွားနေမယ်။ ငါ ပြန်မလာလို့ ပြူးပြူးပျာပျာ လိုက်ခဲ့ဖို့စိတ်မကူးနဲ့ နင်လိုက်လာလို့ကတော့ နင့်ကိုအပြတ်ပဲ"

မောင် ကြိုပြောထားပေမယ့် မောင် ပြန်ရောက်လာနိုးနိုးနဲ့ စောင့်မျှော်နေမိသည် ရက်တွေက တစ်ရက်ပြီးတစ်ရက်။

"ဆောင်းရယ် လိုက်ခေါ်ပါကွယ်၊ ဒီလိုခွဲနေလို့သင့်တော်တာ မဟုတ်ဘူး"

လို့ ဒေါ်ဖြူ သတိပေးပေမယ့် ဆောင်း လိုက်မခေါ်ရက်။ မောင် ပြန်လာမှာပဲလို့ တွေးရင်း စောင့်ခဲ့ရတာ တစ်ပတ်ကျော်လာတော့ ဆောင်းရဲ့ချစ်စိတ်က တင်းမခံနိုင်ဖြစ်ရသည်။

မောင့်ကို ခေါ်လို့ရရင်ရ မရရင်လည်း မောင့်အပါးမှာ ဘယ်လိုပဲ နေရနေရဆိုတဲ့ စိတ်နဲ့မောင်ရှိတဲ့ တိုက်ခန်းဆီလိုက်ခဲ့မိကာမှ





ယုယနဲ့စိတ်ကြိုက်နေခွင့်ပေးပါတယ် ဆိုတဲ့ ဆောင်းရဲ့လိုက်လျောမှုကို လျစ်လျူရှုပြီး ရက်ရက်စက်စက်ပြတ်စဲပစ်ဖို့ ဆုံးဖြတ်နေတဲ့ မောင့်စိတ်ကို ဆောင်း လိုက်မမီနိုင်တော့ဘူးထင်တယ်။

ဘယ်တော့မှ စိတ်ကူးထဲရောက်မလာတာက မောင်နဲ့ကွာရှင်းပြတ်စဲဖို့ဆိုတဲ့ အသိပါ။

ခုတော့ ကွာရှင်းပြတ်စဲဖို့ မောင့်ဘက်က အဆင်သင့်ဖြစ်နေတဲ့အပြင် ဆောင်းကို ကွာရှင်းပေးဖို့ တောင်းဆိုလာတော့။

"ဟင့် ဟင့် ဟင့်"

အိပ်ရေးဝပေမယ့် သောကကင်းငြိမ်းခြင်းမရှိသေးတဲ့ နှလုံးသားမှ ဆောင်းမျက်ရည်တွေက ရှိုက်လိုက်တိုင်း တသွင်သွင်စီးကျ လျက်။

"ဆောင်းရယ် ဆောင်း အချစ်က စတ်နဲ့မထိုက်တန်လိုက်တာကွယ်၊ သီရိ အဲလိုပဲ မြင်တယ်"

"မောင့်ဘဝထဲ တိုးဝင်မိတာ ဆောင်းမှားသွားတယ် သီရိရယ်"

"ဆောင်းကို ချစ်နေတဲ့ ရှင်းလင်းသာဆိုရင် ဒီလို ရက်ရက်စက်စက် ပြုမယ်လို့ သီရိ မထင်ဘူး"

"ဆောင်း နောင်တတွေနဲ့ပြန်နောက်ဆုတ်ရမှာလား ဟင်"

သီရိ သက်မလေးချကာ မွေ့ရာအိအိမှာ ခွေခွေလေးထိုင်ရင်း ခေါင်းအုံးပေါ်မှာ ကျောမှီနေတဲ့ ဆောင်းဆီမှ အကြည့်လွှဲသည်။ မြေပြင်ဆီ ငေးထိုင်နေရင်း ခုတင်ထက်မှ ဖြည်းညှင်းစွာထ၍ ပြတင်းပေါက်ဆီသွားကာ အသားရောင်ဖျော့ဖျော့လိုက်ကာစလေးကို သိမ်းလိုက်သည်။

www.burmeseclassic.com



တိုးဝင်လာသော လေနုအေးက လတ်ဆတ်လှသည်။ တစ်ရှိုက်ရှူမိတဲ့ လေနုအေးက ဆောင်း နှလုံးသားကို စင်ကြယ်ခွင့်ပေးမယ့် အားဆေးတစ်လက်နှယ်။

"ဆောင်းရယ် အရာရာကို ချစ်တဲ့စိတ်နဲ့ မဆုံးဖြတ်ချင်ပါနဲ့တော့"

"ချစ်တဲ့စိတ်နဲ့"

သီရိကို နားမလည်တဲ့မျက်ဝန်းနဲ့မော့ကြည့်ရင်း ဆောင်း တိုးတိုးလေးမေးမိ၏။

သျှားရောင်နောက်ကွဲစကတ်ရှည်နဲ့ဖရဲသီးတံဆိပ် လက်ပြတ်ကော်လံပါ ရယ်ဒီမိတ်အင်္ကျီအဝါနုလေးဝတ်ထားတဲ့ သီရိကိုယ်လုံးပါးပါးလေးကို နံရံမှာမှီရပ်ရင်း ခေါင်းလေးညိတ်သည်က စတော်ချုန်ချုန် လေးညှပ်ထားတဲ့ ဆံပင်ပုံဆန်းလေးပင် နွဲ့ရမ်းသွား၏။

"ဟုတ်တယ် ချစ်တဲ့စိတ်နဲ့ဆောင်း မဆုံးဖြတ်ချင်ပါနဲ့ကွယ်"

"သီရိ ဆိုလိုတာက"

"ဆောင်းကို သီရိ အရမ်းခင်ခဲ့တယ် သံယောဇဉ်ကြီးတယ်၊ သူငယ်ချင်းအားလုံးထက် ပိုအလေးထားခဲ့တယ်၊ ဒါကြောင့် ဆောင်း ဖြစ်စေချင်တာမှန်သမျှကို မငြင်းဘဲ အပြည့်အဝ ဖြည့်ဆည်းပေးခဲ့မိတယ်၊ ဆောင်း ဖြစ်ချင်သမျှဖြစ်ခွင့်ရရင် ဆောင်း ပျော်ရွှင်ချမ်းမြေ့ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့"

မျက်ရည်တွေ စို့တက်နေတဲ့ ဆောင်း မျက်နှာလေးက နွမ်းဖတ်ပျော့စင်းသွားသည်။ သီရိ မျှော်လင့်သလို ဆောင်းလည်း မျှော်လင့်မိ





အသည်းအသန်ပါပဲ။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဆောင်းကို မောင် ချစ်ကိုချစ်လာ ိုတဲ့ အတွေးကရူးသွပ်စွာနဲ့ဖြစ်သည်။

တကယ်တမ်းကျတော့ ဆန့်ကျင်ဘက်။

လက်ထပ်ပြီး တစ်တိုက်တည်း တစ်ခန်းတည်း တစ်ခုတင် ည်း အတူတူ အိပ်စက်ခွင့်ရတာ ခုဆို တစ်နှစ်တင်းတင်းပြည့်ခဲ့ပြီလေ။

တစ်နှစ်ဆိုတဲ့အချိန်အတွင်းမှာ မောင့်အပြုံးနဲ့အမုန်းတွေက ည်းနည်းလေးမှ အရောင်မပြောင်းခဲ့တဲ့အပြင် အရောင်တွေက ပိုပြီး မှောင်ပြာတူးသွားပြီလေ။

အတူနေခဲ့တဲ့ သံယောဇဉ်နဲ့ချစ်ခဲ့တဲ့ ဆောင်းနှလုံးသားကို ညှာရုံမက မိဘကိုပါစွန့်ပယ်ပြီး ခေါင်းတိုးဝင်ခဲ့တဲ့ မိန်းကလေး ယောက်ရဲ့စွန့်စားမှုကို မောင် အထင်သေးတာဖြစ်မယ်။ ရက်စက် ွလိမ်းခြယ်ပြီး ကွာရှင်းပေးရမယ်လို့ ပြင်းပြင်းထန်ထန်တောင်းဆို တဲ့ မောင့်နှလုံးသားမှာ ဆောင်း အတွက် ချစ်ခြင်းရောင်စဉ်ပေါ် နိုးမယ် မထင်တော့။

"တကယ်တော့ သီရိထင်သလို တစ်ခုမှဖြစ်မလာဘူး။ ဆောင်း တ်က အစစအရာရာ နစ်နာဆုံးရှုံးခဲ့တာချည်းပဲ၊ ချစ်တဲ့စိတ်တစ်ခု ကြောင့် မိဘကိုလည်းစွန့်ခဲ့တယ်၊ ဘဝကိုလည်းစွန့်ခဲ့တယ်၊ စည်းစိမ် ကိုလည်းစွန့်ခဲ့တယ်၊ ဘွားဘွားပေးခဲ့တဲ့ ဆောင်းတစ်ဦးတည်းပိုင် အဖိုး န်စိန်တွေ"

"တော်ပါတော့ သီရိရယ် မပြောပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



အစ်စိုစို ဟန်ဆောင်တားသံနှင့်အတူ အတွားအဆီးမဲ့စီးကျလာတဲ့ မျက်ရည်တွေက နောင်တနဲ့ယူကြုံးမရဖြစ်တဲ့ ကြေကွဲမှုကြောင့်ပဲဖြစ် သည်။

သီရိ သက်မလေးချကာ ဆောင်းကို အတန်ကြာငေးကြည့်ပြီး မှ

"သီရိ အခုပြောနေတာက ဆောင်းရဲ့အချစ်ကိုဘေးဖယ်ပြီး တစ်ခုခုကို အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်နိုင်ဖို့ သတိပေးတဲ့ သဘောပါဆောင်းရယ် ဆောင်းဘက်က သိပ်ကိုနစ်နာဆုံးရှုံးရတာကို မြင်နေရတဲ့ သီရိ ရင်မှာမချိအောင် ခံစားရပါတယ်၊ ပြီးတော့ ဆောင်း မိဘ"

"ဟင်"

ခုမှပဲ ဆောင်း အသိတရားထဲမှာ ဒယ်ဒီနဲ့မာမီ ပုံရိပ်လေးဝင် လာသည်။ ဆောင်းကိုသေခန်းပြတ်စွန့်ပစ်လိုက်တဲ့ ဒယ်ဒီနဲ့မာမီကို ဆောင်း မဆက်သွယ်ရဲခဲ့တာ မောင်နဲ့လက်ထပ်ပြီးကတည်းက ခုချိန် ထိဖြစ်သည်။

ဒယ်ဒီနဲ့မာမီကို စိတ်ဆင်းရဲအောင်ပြုခဲ့လို့ စိတ်တိုင်းကျမွေး ချယ်ခဲ့တဲ့ အချစ်က ဆောင်းကို တန်ပြန်ရက်စက်နေတာလား ကွယ်၊

ဝေဒနာတွေနဲ့ဆောက်တည်ရာမရဖြစ်နေချိန်မှာ မိဘမေတ္တာ မိခင်ရင်ခွင်ကို တမ်းတမိတာ သားသမီးတိုက်တွေရဲ့ မခိုင်တဲ့စိတ်ပဲထင်ရဲ့၊

"ဒယ်ဒီနဲ့မာမီ"

ဆောင်းရင်ထဲမှာ တောင့်တမှုအမှန်ဖြင့် လေးလေးနက်နက် ...ပ်ဆိုလိုက်မိသည်။ သီရိ ရပ်နေရာမှ လက်နှစ်ဖက်ဆင့်ပိုက်ကာ ...င်းဆက်၍

"ဟုတ်တယ် ဆောင်း ဒယ်ဒီနဲ့မာမီပေါ့"

"ဒယ်ဒီနဲ့မာမီ နေကောင်းလား ဟင် သီရိ၊ ဆောင်းလေ ...သိရပေမယ့် မဆက်သွယ်ရဲခဲ့ဘူး ဒယ်ဒီစိတ်ကို ဆောင်း သိတယ်၊ ...ပြီးရင် ပြန်ပြင်လေ့မရှိဘူးဆိုတာလေ"

"အဲဒါကြောင့်ပြောတာပေါ့ ဆောင်းက ချစ်တဲ့စိတ်တစ်ခု ...ည်းနဲ့ မိဘကို ပြန်ပြီး အဆက်အသွယ်ဖြတ်သလို ဖြစ်နေတာ၊ အဲဒီ ...တွက် ဆောင်း မိဘ ဘယ်လိုခံစားရမလဲ၊ ဆောင်းမိသားစု ဘာတွေ ...သွားသလဲဆိုတာ ဆောင်း မသိခဲ့ဘူးမဟုတ်လား"

"ဟင် ဘာ ဘာတွေဖြစ်လို့လဲဟင် သီရိ ပြောစမ်းပါဟယ်၊ ...ဆောင်း ရင်တွေပူလိုက်တာ"

ချစ်သူကြောင့် ဖြစ်တည်ခဲ့တဲ့သောကချုပ်ငြိမ်းအောင် မဆုံး ...တ်နိုင်သေးခင် စွန့်ပစ်ထားမိတဲ့ မိဘအတွက် သောကအရိပ်ထင်စေ ...သ့် သီရိစကားလုံးကို နားဆင်ရတဲ့အခါ ဆောင်း နှလုံးသားမှာ ရှုပ် ...ရှုပ်ရှားရှားပူလောင်လာတာ အမှန်ပဲဖြစ်၏။

ဆောင်း မွေ့ရာပေါ်ဖျော့ဖျော့လေးထိုင်နေရာမှ ခြေနှစ်ဖက် ...တွဲလွဲချရင်း ခုတင်တိုင်ကိုအားပြုဆုပ်ကိုင်လိုက်သည်။

"ပြောလေ သီရိ ဒယ်ဒီတို့"

"အဲဒါပေါ့ ဆောင်းမိသားစုရဲ့အဖြစ်က လိုက်မမီနိုင်တဲ့အဖြ ...အနေဆိုးတွေနဲ့"

 ဖျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်လို သီရိ အခြေအနေဆိုး ဟုတ်လား"

ပိုက်ထားတဲ့ သီရိ လက်နုစ်ဖက်ကို အားကိုးတကြီးဆုပ်ကိုင် လှုပ်ရှားရမ်းရင်း ဆောင်း ကတုန်ကယင်လေးမေးလိုက်သည်။ သီရိ စိတ်မသက်မသာ မျက်နှာပေးပြောင်းသွားကာ လက်ပိုက်ဖြုတ်၍ ဆောင်း လက်ဖျားတစ်ဖက်ကို ဆုပ်ကိုင်ပြီး

"ဟုတ်တယ် ဆောင်းရယ်"

"ဆောင်းကို ဘာလို့ မပြောရတာလဲ သီရိရယ်"

"အပြစ်တင်ချင်လည်း တင်ပါတော့ ဆောင်းရယ်၊ ဆောင်း မိုက်ရူးရဲဆန်အောင် သီရိက အားပေးအားမြှောက်လုပ်ရကောင်းလား ဆိုပြီး ဆောင်းမိဘတွေက သီရိကို မုန်းတီးခဲ့တယ်လေ၊ ဆောင်း မိဘ သီရိကို မုန်းနေတာ သိကတည်းက သီရိလည်း ဆောင်းမိဘနဲ့ ဝေးဝေး ရှောင်နေခဲ့တာပါ၊ ဆောင်း မိဘနဲ့ရင်မဆိုင်ရဲတာလည်း ပါတာပေါ့၊ လွန်ခဲ့တဲ့ တစ်ပတ်က ညစာစားပွဲတစ်ခုမှာ အန်ကယ်သောင်း နဲ့တွေ့လို့ စကားစပ်မိရာက ဆောင်း မိဘရဲ့ကံကြမ္မာဆိုးကို အမှတ်မထင် သိခဲ့တာလေ"

"ဘာ ဘာတွေလည်း သီရိ ဒယ်ဒီနဲ့မာမီ ပြီးတော့ မမနဲ့ ကိုလေး ဟာ ဘယ်လိုဆိုးရွားမှုတွေလဲ သီရိရယ် ဆောင်းကို မြန်မြန် ပြောပြပါ သူငယ်ချင်းနော်"

သီရိ လက်ဖျားလေးကို လှုပ်ခါရင်းမေးတော့လည်း သီရိထား တဲ့ အဖြစ်ဆိုးကိုမပြောဘဲ မနေနိုင်ဖြစ်ရ၏။

"ဒီလို ဆောင်းရဲ့"





ဆောင်းရင်ထဲမှာ တောင့်တမှုအမှန်ဖြင့် လှေ့လေးနက်နက် ရွတ်ဆိုလိုက်မိသည်။ သီရိ ရပ်နေရာမှ လက်နှစ်ဖက်ဆင့်ပိုက်ကာ ခေါင်းဆတ်၍

"ဟုတ်တယ် ဆောင်း ဒယ်ဒီနဲ့မာမီပေါ့"

"ဒယ်ဒီနဲ့မာမီ နေကောင်းလား ဟင် သီရိ၊ ဆောင်းလေ သတိရပေမယ့် မဆက်သွယ်ရဲခဲ့ဘူး ဒယ်ဒီစိတ်ကို ဆောင်း သိတယ်၊ ပြောပြီးရင် ပြန်ပြင်လေ့မရှိဘူးဆိုတာလေ"

"အဲဒါကြောင့်ပြောတာပေါ့ ဆောင်းက ချစ်တဲ့စိတ်တစ်ခု တည်းနဲ့ မိဘကို ပြန်ပြီး အဆက်အသွယ်ဖြတ်သလို ဖြစ်နေတာ၊ အဲဒီ အတွက် ဆောင်း မိဘ ဘယ်လိုခံစားရမလဲ၊ ဆောင်းမိသားစု ဘာတွေ ဖြစ်သွားသလဲဆိုတာ ဆောင်း မသိခဲ့ဘူးမဟုတ်လား"

"ဟင် ဘာ ဘာတွေဖြစ်လို့လဲဟင် သီရိ ပြောစမ်းပါဟယ်၊ ဆောင်း ရင်တွေပူလိုက်တာ"

ချစ်သူကြောင့် ဖြစ်တည်ခဲ့တဲ့သောကချုပ်ငြိမ်းအောင် မဆုံး ဖြတ်နိုင်သေးခင် စွန့်ပစ်ထားမိတဲ့ မိဘအတွက် သောကအရိပ်ထင်စေ မယ့် သီရိစကားလုံးကို နားဆင်ရတဲ့အခါ ဆောင်း နှလုံးသားမှာ လှုပ် လှုပ်ရှားရှားပူလောင်လာတာ အမှန်ပဲဖြစ်၏။

ဆောင်း မွေ့ရာပေါ်ဖျော့ဖျော့လေးထိုင်နေရာမှ ခြေနှစ်ဖက် တွဲလွဲချရင်း ခုတင်တိုင်ကိုအားပြုဆုပ်ကိုင်လိုက်သည်။

"ပြောလေ သီရိ ဒယ်ဒီတို့"

"အဲဒါပေါ့ ဆောင်းမိသားစုရဲ့အဖြစ်က လိုက်မမီနိုင်တဲ့အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေဆိုးတွေနဲ့''

''ဟင် ဘယ်လို သီရိ အခြေအနေဆိုး ဟုတ်လား''

ပိုက်ထားတဲ့ သီရိ လက်နှစ်ဖက်ကို အားကိုးတကြီးဆုပ်ကိုင်လှုပ်ရှားရမ်းရင်း ဆောင်း ကတုန်ကယင်လေးမေးလိုက်သည်။ သီရိ စိတ်မသက်မသာ မျက်နှာပေးပြောင်းသွားကာ လက်ပိုက်ဖြုတ်၍ ဆောင်း လက်ဖျားတစ်ဖက်ကို ဆုပ်ကိုင်ပြီး

''ဟုတ်တယ် ဆောင်းရယ်''

''ဆောင်းကို ဘာလို့ မပြောရတာလဲ သီရိရယ်''

''အပြစ်တင်ချင်လည်း တင်ပါတော့ ဆောင်းရယ်၊ ဆောင်း မိုက်ရူးရဲဆန်အောင် သီရိက အားပေးအားမြှောက်လုပ်ရကောင်းလား ဆိုပြီး ဆောင်းမိဘတွေက သီရိကို မုန်းတီးခဲ့တယ်လေ၊ ဆောင်း မိဘ သီရိကို မုန်းနေတာ သိကတည်းက သီရိလည်း ဆောင်းမိဘနဲ့ ဝေးဝေး ရှောင်နေခဲ့တာပါ၊ ဆောင်း မိဘနဲ့ရင်မဆိုင်ရဲတာလည်းပါတာပေါ့၊ လွန် ခဲ့တဲ့ တစ်ပတ်က ညည်ခံပွဲတစ်ခုမှာ အန်တယ်သောင်းနဲ့တွေ့လို့ စကား စပ်မိရာက ဆောင်း မိဘရဲ့ဂါကြမ္မာဆိုးကို အမှတ်မထင် သိခဲ့တာလေ''

''ဘာ ဘာတွေလည်း သီရိ ဒယ်ဒီနဲ့မာမီ ပြီးတော့ မမနဲ့ ကိုလေး ဟာ ဘယ်လိုဆိုးရွားမှုတွေလဲ သီရိရယ် ဆောင်းကို မြန်မြန် ပြောပြပါ သူငယ်ချင်းနော်''

သီရိ လက်ဖျားလေးကို လှုပ်ခါရင်းမေးတော့လည်း သီရိထား တဲ့ အဖြစ်ဆိုးကိုမပြောဘဲ မနေနိုင်ဖြစ်ရ၏။





''ဒီလို ဆောင်းရဲ့''

သီရိနှုတ်ခမ်းလွှာကို ဆောင်း မျက်တောင်မခတ်တမ်းကြည့် လျက် လှုပ်ရှားနေတဲ့ နှုတ်လွှာကြားမှ ပွင့်အန်လာသော သီရိ စကားလုံး တွေကို ရင်နှင့်အမျှ နားသောတဆင်ရတာက ဖြေသိမ့်မနိုင်တဲ့ ကြေကွဲ မှုနဲ့ဖြစ်သည်။

''စက်နဲ့ဆောင်း မင်္ဂလာဆောင်ပြီး မကြာပါဘူး၊ ကိုပိုင်က နိုင်ငံခြားကုမ္ပဏီနဲ့ဖက်စပ်စီးပွားလုပ်ငန်းချဲ့မယ်တဲ့၊ အဲဒါနဲ့ ဆောင်း ဒယ်ဒီက ကိုပိုင်ကိုငွေရင်း တော်တော်များများပေးခဲ့တယ်၊ ဆောင်း ဒယ်ဒီရဲ့ငွေရင်းတွေမပြီး နိုင်ငံခြားမှာ ကုမ္ပဏီရဲ့ရုံးထိုင်မယ်ဆိုပြီး ထွက် သွားလိုက်တာ၊ ဘာသတင်းမှ တိတိကျကျမရတော့ဘူး၊ ဂျပန်မှာ လိုဖို ညြစ်တြေးလျှမှာလိုလိုနဲ့ပေါ့၊ မမသဝဏ်က ကိုပိုင်ကို မရရအောင် အမိဖမ်းမယ်ဆိုပြီး ကိုပိုင်နောက်လိုက်သွားတာ ကိုပိုင် ဂျပန်မှာရှိနေ တယ်ဆိုတဲ့ သတင်းအတိအကျရလို့ပေါ့၊ ကိုပိုင်ကို ဂျပန်မှာမွှေနှောက် ရှာဖွေရင်း မမသဝဏ် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးရှာသတဲ့''

''ဟင် မမ မမ ဆုံးပြီ ဟုတ်လား သီရိ''

အက်ကွဲသံနဲ့ကတုန်ကယင် မယုံမရဲမေးမိ၏။ သီရိ ခေါင်း ညိတ်လိုက်တော့ ဆောင်းရဲ့ရှိုက်သံ အစ်စို့စို့ကြီးက လှိမ့်ထွက်လာသည့် အ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။

''ဟင့် ဟင့် ဟင့်''

''ဟုတ်တယ် မမသဝဏ် ဆုံးရှာပြီလို့ သတင်းကြားကြားခြင်း ဆောင်း မာမီ ယူကြုံးမရဖြစ်ပြီး အိပ်ရာထဲလဲရာက ကိုယ်တစ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



လေဖြန်းသွားတယ်တဲ့''

"ဟင် မာမီက"

"ဟုတ်တယ် ကိုပိုင်ကြောင့် ငွေရင်းကြီးဆုံးရှုံးသလို သမီး လည်းဆုံးရတယ်ဆိုတဲ့ အသိနဲ့ပေါ့၊ ဆောင်း ဒယ်ဒီလည်း ကျသွားတဲ့ စိတ်နဲ့အံတကြိတ်ကြိတ် ပေါ့ ဆောင်းရယ်"

"ဖြစ်ရလေ မမရယ် ဟင့် ဟင့်"

ယူကြုံးမရ ငိုကြွေးလိုက်တာက သီရိရင်ခွင်ထဲမှာပဲဖြစ်သည်။ သီရိက ဆောင်း မျက်ရည်တွေကို ကြင်နာစွာသုတ်ပေးရင်း ပြောလိုက် တဲ့အဖြစ်ဆိုးတွေက တရစပ်ချည်းပါပဲ။

"ပြီးတော့ ကိုလေးအဖြစ်ကလည်း တွေးလိုက်ရင် ရင်ထဲမှာ တနင့်နင့်ခံစားရစေတယ်၊ ဆောင်းရယ် အစကတော့ မမလဝန်းကို အ ပျော်သဘောနဲ့ချစ်ခဲ့ပေမယ့် မမလဝန်းဆုံးသွားတော့မှ ယူကြုံးမရစိတ် နဲ့ရူးရူးမူးမူးအချစ်ပါလားဆိုတဲ့ အသိနဲ့ ကြိတ်မှိတ်ခံစားရင်း ဘဝကို ရေဆုန်မျှောနေခဲ့ရာက နဂိုရှိနေတဲ့ အဆုတ်ရောဂါပြန်ထပြန်တယ်လေ၊ ရောဂါဖြစ်နေတာကို ဘယ်သူ့မှလည်းအသိမပေး၊ ကုလည်းမကုဘဲ ဒီအတိုင်းနေခဲ့တာ ကိုလေး စိတ်ထဲမှာမမလဝန်းနဲ့တမလွန်တွေ့ရရင် သူတကယ်ချစ်ခဲ့ကြောင်းတွေ ပြောခွင့်ရမယ်ဆိုတဲ့ မိုက်ရူးရဲချစ်စိတ်နဲ့ ရောဂါဖြစ်တာကို ပေပေတေတေခံရင်း အသက်ဆုံးရှုံးခဲ့တာလေ ကိုလေးဆုံးသွားတာ သိသိချင်း ဆောင်း ဒယ်ဒီ ကယောင်ကတန်းတွေ ဖြစ်ပြီး လေဖြန်းပေါ်ကလိမ့်ကျပြီး ခါးရိုးကျိုးရှာတယ်၊ ဆောင်းရယ်"

ဒယ်ဒီ မာမီ မမနဲ့ကိုလေးတို့အဖြစ်တွေကို ဘာမှသိခွင့်မရ





ခာနတဲ့ခွန်ကိုမချဘဲ တင်းခံနေတာလေ''

ဒယ်ဒီတို့ရဲ့မာနကို ဆောင်းမာနနဲ့တင်းမခံနိုင်ဖြစ်ရတာက ဒယ်ဒီနဲ့မာမီ ဒုက္ခိတတစ်ပိုင်းဖြစ်နေရှာမယ်ဆိုတဲ့ အသိကြောင့်ဖြစ် သည်။

"ဆောင်းလည်းမာနနဲ့ တင်းမခံရက်ဘူး သီရိရယ်"

"မိဘကို မာနနဲ့တင်းမထားချင်ရင် မိဘဆန္ဒကိုတော့ ဆောင်း ဖြည့်ဆည်းပေးရမှာပေါ့ အဲလို ဖြည့်ဆည်းပေးဖို့ စက်ကို ဆောင်း စွန့်လွှတ်ရမယ်"

"ဟင်"

"ဟုတ်တယ် ဆောင်း စွန့်ရဲလား"

မောင့်ကို စွန့်လွှတ်ရဲသလားတဲ့။ ထိုမေးခွန်းက ဆောင်း ကိုယ် ဘုံလေးတောင့်မတ်ကာ သီရိရင်မှာဖယ်ခွာရင်း ဆောင်း ခြေလှမ်းက အခန်းထောင့်က မှန်တင်ခုံဆီရွေ့သွားမိသွားသည်။

သီရိက မှန်တင်ခုံပေါ်က စာချုပ်လိပ်ကို ဆောင်ထက်အရင် ရှေ့က ကောက်ယူပြီး

"စက်ခေါင်းဆိုတဲ့အတိုင်း ဒီစာချုပ်မှာ ဆောင်းလက်မှတ် ထိုးလိုက်ရင် ဆောင်းမိဘ ရင်ခွင်ထဲ ဆောင်းပြန်ဝင်ခွင့်ရမယ်၊ ဆောင်း သက်မှတ်မထိုးဘဲ စက် ဘဝထဲ ဒုတိယအကြိမ်ပြန်တိုးဝင်မယ်ဆိုရင် ဆောင်း ဒယ်ဒီနဲ့မာမီက မာနကို သေတဲ့အထိ ဆုပ်ကိုင်သွားဖို့ဝန်မလေး ဘူးလို့ သီရိမြင်တယ်"

"သီရိ အခုပြောနေတာက ဆောင်းမိဘဆီပြန်သွားပါလို့ တိုက်



www.burmeseclassic.com

www.burmeseclassic.com



တွန်းတာမဟုတ်သလို စက် ကိုက္ခာရှင်းရမယ်လို့ဖိအားပေးတာမျိုးလည်း မဟုတ်ဘူး၊ မိဘနဲ့ချစ်သူကြား အလယ်အလတ်ကျကျခံစားပြီး ဆုံးဖြတ်အောင် လမ်းကြောင်းဖော်ပေးတဲ့သဘောပါ''

ဆောင်း တစ်ချက်ရှိက်ရင်း သက်ပြင်းချကာကိုယ်ကို နံရံမှီပြီးမှာမှီချ၍ ခေါင်းငဲ့ကာ သီရိ မျက်ဝန်းကို ကြည့်မိသည်။

သီရိက ဆောင်း ဆန္ဒကိုအစဉ်ရှေ့ရှုတတ်တဲ့ သူငယ်ချင်းကောင်း ပီသပါပေတယ်။

''မိဘရင်ခွင်ထဲ ဆောင်းပြန်တိုးဝင်မယ်ဆိုရင် ဆောင်းမိဘ ဘယ်လောက် ပျော်ရွှင်ကြည်နူးလိုက်မလဲ၊ သူတို့မှာ စီးပွားရေး၊ ကျန်းမာရေး၊ သားသမီးကအစ ချို့ယွင်းဆုံးရှုံးပြီး အထီးကျန်ဖြစ်နေတဲ့ ဒီအချိန်မှာ သူတို့တောင့်တ မျှော်လင့်စရာရှိသေးတဲ့ သမီးလေး တစ်ယောက် ပြန်လာတယ်ဆိုရင်''

''မပြောပါနဲ့တော့ သီရိ ဆောင်း ရင်မှာ အတော်လေး ယူကြုံးမရဖြစ်ရပါတယ် တစ်ဖက်မိသားစုရဲ့သောကကို ဆောင်း နှလုံးသားနဲ့ ရင်စည်းပြီးခံယူနေတဲ့အချိန်မှာ ဆောင်းမိသားစုရဲ့သောကကို ဆောင်း လျစ်လျူရှုသလိုဖြစ်ခဲ့ရတာ ဆောင်း နောင်တရလို့မဆုံးပါဘူး။ ရှေ့ဆက်ပြီး ဒယ်ဒီနဲ့မာမီတို့ကို ဆောင်း လျစ်လျူမရှုရက်ဘူး။ ဆောင်းကို မျှော်လင့်နေတဲ့ မာမီတို့ဆန္ဒကို ဆောင်း ဖြည့်ပေးချင်တယ်''

''စက် တောင်းဆိုတဲ့အတိုင်း ကွာရှင်းပေးမယ်လို့ပြောလိုက်တာလား ဆောင်းရယ်''

''သီရိပြောသလို ချစ်တဲ့စိတ်ကိုဖယ်ပြီး ဆုံးဖြတ်မှာပါ ဘာဖြစ်





လို့လဲဆိုတော့ မောင့်ကိုချစ်တဲ့ ဆောင်း နှလုံးသားက မောင် တောင်းဆိုတာမှန်သမျှကို ပေးဆပ်ချင်နေတဲ့ အချစ်မျိုးပါ သီရိရယ် ဟင့် ဟင့်''

တသိမ့်သိမ့်လေး ရှိုက်ရင်း ဒီလိုပြောလာတော့လည်း ဆောင်းအတွက် သီရိ စိတ်မကောင်းဖြစ်ရရှာသည်။

''မောင့်ကို ဆောင်းချစ်တယ် မောင့်အပေါ် ဆောင်းရဲ့အချစ်စိတ်က ဘယ်တော့မှပြောင်းလဲမှာမဟုတ်ပါဘူး၊ မောင် စိတ်ဆန္ဒကျေနပ်ပျော်ရွှင်ချမ်းမြေ့ရမယ်ဆိုရင် ဆောင်းရဲ့အချစ် ဆောင်းရဲ့နှလုံးသားသာမက ဆောင်း အသက်ကိုတောင် ပေးဖို့ ဝန်မလေးဘူး၊ သီရိရယ် ဆောင်း အဲသလောက် မောင့်ကို ချစ်တာ မောင်သိစေချင်တယ်၊ မောင်သိအောင်လည်း ဆောင်းကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ ဒါပေမဲ့ဟာ''

လက်ဖျားလေးတွေကိုကျစ်ကျစ်ဆုပ်ရင်း ရှုန်းထွက်မလာနိုင်တဲ့ ငိုကြွေ့မှုကြောင့် ဆောင်း စကားလုံးတွေပြတ်တောက်သွား၏။

စာနာသော ခြေလှမ်းတွေနဲ့ရှေ့တိုးလာတဲ့ သီရိက ဆောင်း လက်ဖျားလေးကို ဆွဲယူ၍ ပခုံးလေးဖက်နှစ်သိမ့်ပေးတဲ့အခါ ဆောင်း ခေါင်းလေးက သီရိပခုံးပေါ်ပြိုကျသွားသည်က ဖြေညှင်းစွာဖြစ်သည်။

''ကဲပါ သူငယ်ချင်းရယ် ဦးနှောက်နဲ့နှလုံးသားကို ရင်းပြီး အေးအေးဆေးဆေး အချိန်ယူဆုံးဖြတ်ပါကွယ်''

ဆောင်း ဆုံးဖြတ်ပါရစေ မောင်ရယ်။
မောင့်အတွက် မိဘကိုလည်းစွန့်ခဲ့တယ်။
ဘဝကိုလည်း စွန့်ခဲ့တယ်။
အချစ်အတွက် အချစ်ကို ပြန်စွန့်ရမတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



စွန့်နိုင်ပါ့မလား။

နှလုံးသားထဲကအဖြေကို ရှာဖွေခွင့်ပေးပါတော့ကွယ်။



## အခန်း (၂၂)

ဘဝကို ပြန်တွေးမိတိုင်းရင်ထဲမှာ တောင့်တောင့်ချည်းနဲ့ သူကြီးမရကြေကွဲရသည်က စက္ကန့်နဲ့အမျှဖြစ်ရသည်။

ကိုယ့်အားကိုယ်ကိုးပြီး ယုံကြည်စိတ်ချရတဲ့သားမက်ကြောင့် ငွေကြေးပိုင်ဆိုင်မှုမြောက်များစွာကို ဆုံးရှုံးခဲ့ရသည်။

အားထားရတဲ့ သမီးကြီးလည်း ကားအက်စီးဒင့်ကြောင့် မရှိမှုသေရသည်။ ဇနီးသည်လည်း ဒုက္ခိတတစ်ပိုင်းဖြစ်ရ။ သားတလည်း အချစ်နောက်ကျပြီး အသေခံပစ်လိုက်တယ်။ ကိုယ်တိုင်လည်း စိတ်ထိခိုက်ပြီး လေ့ကားပေါ်ကအကျမှာ ကျိုးသွားတဲ့ခါးက ဘယ်လိုဆေးကောင်း ဆေးကောင်းနဲ့ကုကု အကောင်းပကတိ ပြန်မဖြစ်။

တုတ်ကောက်နဲ့ဆိုတော့ ခြေလှမ်းငါးလှမ်းလောက်လျှောက်နိုင်ပေမယ့် တာရှည်မလျှောက်နိုင်လို့ ဘီးတပ်လှည်းကိုသာ အားကိုး

www.burmeseclassic.com



နေရသည့်ဘဝ။

အစအရာရာ တွေးလိုက်တော့ အရှုံးတွေကြားမှာ လင်မယား နှစ်ယောက်တစ်ယောက်ကိုတစ်ယောက် အားပေးရင်း တိုက်ထဲမှာပဲ အချိန်တွေကုန်နေရတဲ့အဖြစ်။

အရင်က ဦးသဝဏ် နာစေးချောင်းဆိုးဖြစ်ရင်တောင် မိတ်ဆွေ အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်တွေ အရေးတယူမေးကြမြန်းကြ တာတွေရင်း ခုလို အခြေအနေဆိုးကြုံရတာသိလျက် ဘယ်သူမှ ခေါင်း ထိုးပြီး လာမမေးကြတော့ ရင်ထဲမှာဘယ်လိုမှခံစားလို့မကောင်းနိုင်။

စီးပွားပြုန်းလို့ သားသမီးရှိရင် ဖြေသာသေးတယ်။

စီးပွားလည်းရှုံး သားသမီးလည်းဆုံး ရှေ့ဆက်ပြီးလည်း စီးပွား မရှာနိုင် လက်ထဲရှိနေတဲ့ ပိုင်ဆိုင်မှုကိုပဲ ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ကျန်းမာရေးကောင်းအောင် ငွေပုံအောက်နေပေမယ့် တိုးတက်ကောင်း မွန်မလာ။

ဘဝခရီးကို ဘယ်လိုပုံစံနဲ့ရှေ့ဆက်သွားရမလဲ စဉ်းစားမိတိုင်း ရင်ထဲမှာ မွန်းကြပ်ကာ ဝမ်းနည်းစိတ်နဲ့ မျက်ရည်က စို့ချင်ချင်။

သူ့မိသားစု ဒီလိုအဖြစ်ဆိုးနဲ့ကြုံရတာ ဟိုမိသားစုအပေါ် နိုင်ထက်စီးနင်းပြုခဲ့လို့လား။

ဟင့်အင်း ဘာမှမဆိုင်တာ သူတို့ မရွေးနိုင်လို့ သူတို့တိုက်ကို သိမ်းခဲ့တာ။ သမီးကြီးက နေဝန်းကိုမချစ်လို့ပယ်ချတာ၊ သားငယ် ပယောဂမကင်းပေမယ့် လဝန်းရဲ့ကံကြမ္မာကြောင့် လဝန်းသေရတာ။

အပြစ်လွတ်အောင် ဖော့တွေးရင်း ဖြေနေရပေမယ့် ရင်မှာစီး





နင့်ဆိုင် ကြွင်းခဲလာတယ်။

ခုလို အဖြစ်ဆိုးတွေကြုံလာအောင် အစပြုခဲ့တာက သမီးငယ် နဲ့ မိုက်ရူးရဲစိတ်ကြောင့် သမီးငယ်ကို သေခန်းပြတ်စွန့်လွှတ်ပြီးကတည်း က ကြုံလာသမျှက အရှုံးချည်းပဲ။

မိုက်တယ် သမီးငယ် သိပ်မိုက်တယ်။

ကိုယ်မဆက်ဆံချင်တဲ့ မိသားစုထဲကို တိုးဝင်ရဲတဲ့ သမီးမိုက် ကိုသိမိတာ ဘယ်လောက်ချစ်ရလဲဆိုတာ မစဉ်းစားဘူး။

ဂုဏ်တစ်တစ် အချိုးမပြေတဲ့ကောင်ကိုမှ အမိဖမ်း ယူရတယ်လို့ သော ကောင်းအောင်စီစဉ်တာကို ပယ်တယ်။

ဆင်စီးပြီးမြင်းရံစေချင်လို့ ရှင်းလင်းနဲ့မင်္ဂလာဆောင်ခါနီးမှ မိဘ နဲ့ဘတ်ကို ကန်ပြေးရတယ်လို့။

ရှင်းလင်းက ဘယ်လောက် စီးပွားရှာတော်ပြီး လာဘ်မြင်သလဲ ဆိုရင် ရှင်းလင်းက စက်ဘုနဲ့ဘနိကောက်မှာ ကုမ္ပဏီခွဲတွေဖွင့်နိုင်ရုံမ က ကိုးရီးယားအထိ သွင်းကုန်ထုတ်ကုန်ပို့ဖို့ လုပ်ငန်းကြီးထူထောင် သွားနိုင်ပြီ။

သမီးငယ်သာ မိဘစီစဉ်တဲ့အတိုင်း ရှင်းလင်းနဲ့နေရာကျနေရင် သာအနေနဲ့ ခုလိုအချိန်မှာ ဘယ်လောက်အားကိုးရမလဲ။

သမီးပျောက်နေတာ သိရစဉ်က ရှင်းလင်းခမျာ ရင်ဘတ် စီးတောက်မတတ် လိုက်ရှာပေးရှာတယ်။ စက်ဝန်းနဲ့မှန်းသိသွားတော့ သူ့ခမျာ ခေါင်းငိုက်စိုက်ကျသွားရှာတာ ဒါတောင် သမီးအပေါ် အချစ် က မပြယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အခြေအနေမျိုးမှာဖြစ်ဖြစ် ဆောင်းကို ကျွန်တော် မြတ်နိုးနေခဲ့ပါ အန်ကယ်၊ ဆောင်း ပျော်မယ်ထင်လို့ တိုးဝင်သွားတဲ့ဘဝထဲမှာ ဆောင်း ပျော်သလောက်နေပါစေ၊ ဆောင်း မပျော်လို့ပြန်ရုန်းထွက်လာတဲ့အခါ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ကြိုနေမှာပါ အန်ကယ်"

လို့သဘောထားကြီးစွာ တဖွဖွပြောရှာတဲ့ ကောင်လေး။

ကိုယ့်အပေါ်မှာ အဲသလောက် သဘောထားကြီးတဲ့ လူငယ်ကို မမက်ဘဲ ဟိုကောင့်ကိုမှ မက်တာက မိဘက သေခန်းပြတ်စွန့်ပစ်တာတောင် မမှုတဲ့ သမီးမိုက်လေး။

မိဘ ဘယ်လိုဘဝရောက်နေလဲ၊ ဘယ်လိုအခြေအနေမျိုး ကြုံနေသလဲဆိုတာ နောက်ကြောင်းလှည့်မကြည့်တဲ့ သမီး။

နေနိုင်စိမ့်တဲ့ သမီး။

မိဘနဲ့အပြိုင် မာနထားတဲ့ သမီး။

တကယ်ဆို

"ဖေဖေ၊မေမေ သမီးမှားပါတယ် ခွင့်လွှတ်ပါလို့"

မျက်ရည်ကျပြီး ရင်ခွင်ထဲတိုးဝင်လာရင် မိဘ အသည်းမာရက်နိုင်မလား။ ကိုယ့်သမီးကို ရင်ခွင်ထဲပြန်ထည့်မိမှာပေါ့။

ခုတော့ ဒီလိုမဟုတ်ဘူး။

ဟိုတစ်မျက်နှာကြောင့် မိဘ နှစ်မျက်နှာကို စွန့်ရဲတဲ့သမီးခင်းက စွန့်ရဲမှတော့ ငါတို့ကရော ဘာလို့မစွန့်ရဲရမှာလဲ။

ထွေးပြီးတားတဲ့ တံတွေးကို ပြန်မမျိုနိုင်ဘူး။ သဝဏ်ရဲ့ရာဇဝင်မှာ ပြောပြီးတဲ့အတိုင်း သေခန်းပြတ်ဆို အပြတ်ပဲဆိုတဲ့ မာနနဲ့တောင့်ခံ





...ခဲ့တာ ခုချိန်ထိ။

မျက်ရည်သာ အကျခံလိုက်မယ် မာနတော့ အကျမခံဘူး ...ရယ်။

စီးကျလာတဲ့ မျက်ရည်ကို သုတ်ပစ်ရင်း ဇနီးသည်မရိပ်မိ...အောင် တစ်ဖက်ကို မျက်နှာလွှဲပစ်လိုက်သည်။ ကိုယ့်ထက်အသည်းမာ...ဲ့ ဇနီးသည်က

"သားနဲ့သမီးကြီးဆုံးသွားသလို သမီးငယ်လည်း ဆုံးသွားပြီ...လို့ မှတ်ပစ်လိုက်ပါတော့၊ ငါတို့မှာ သားသမီးတစ်ယောက်မှ မရှိတော့...ဘူး။ မရှိတော့ဘူး။ ငါတို့ကို အားလုံးပစ်သွားကြပြီ ကိုရယ် ဟီး...ဟီး"

အံကြိတ်ကာ ပြောရင်း ငိုချမိတဲ့ အဖြစ်က သမီးကို သူနှင့်...သိတူ မျှော်လင့်နေခဲ့တယ်ဆိုတဲ့ သက်သေပါပဲ။

သမီးငယ်ကို တောင့်တတဲ့ဇနီးသည်ရဲ့ ငိုသံက နေ့တိုင်းလိုလို။ ...ကိုယ်တိုင် တိတ်တိတ်လေး မျက်ရည်ကျတာကလည်း နေ့စဉ်နဲ့အမျှ။

သူတို့ရင်ခွင်ထဲ သမီးပြန်ဝင်လာပါစေလို့ ဆုတောင်းရတာ ...တော့ ရင်ဘတ်ပါကွဲလုနေပြီ။

အံတင်းတင်းကြိတ်ကာ သမီးကို ချစ်တဲ့စိတ်ကြောင့် ကျလာတဲ့ ...က်ရည်ကိုလည်း မသုတ်။ မျက်ဝှာပိတ်ချရင်း အသက်အောင့်ပြီး ...နဲ့တောင့်ခံသွားဖို့က သူတို့ရဲ့နောက်ဆုံးထွက်သက်အထိ ဖြစ်မယ် ...ပ်ပါတယ်။

နောက်ဆုံးအတွေးနဲ့ ဆိုဖာနောက်ကျောမှီချထိုင်လျက်သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုမော့လိုက်ပြီး စီးကျနေတဲ့မျက်ရည်ကိုမသုတ်ဘဲ ငြိမ်သက်နေမိတာ မိနစ်ပေါင်းများစွာ။

ထိုစဉ်

"ဒယ်ဒီ"

ဆိုတဲ့ ခေါ်သံတိုးတိုးလေး။ ဒီအသံဘယ်က ပေါ်လာတာလဲ။ သူရဲ့တောင့်တစိတ်က ပေါ်လာတဲ့သမီးအသံလား။ မရေရာတဲ့အတွေးနဲ့ မျက်လွှာပိတ်ကာ ငြိမ်သက်နေဆဲ။

"ဒယ်ဒီ"

စာစာကထက်မိုကျယ်လာတဲ့ ခေါ်သံ။ ထိုအသံက သူ့နှလုံးသားကို လှုပ်ခါသွားစေနိုင်တဲ့ စွမ်းအားတွေပါနေသလို ခံစားရသည်နှင့် တပြိုင်နက် ဆိုဖာပေါ် ခြေတွဲလောင်းချထိုင်နေတဲ့ ဒူးခေါင်းအထက် အိခနဲကျလာတဲ့ အရာက နွေးနွေးချည်းစိုစွတ်ကာ။

ဘာကိုမှ မယုံနိုင်တဲ့စိတ်နဲ့မျက်လုံးကိုဖွင့် ခေါင်းထောင်မတ်ကာ ငုံ့ကြည့်လိုက်တော့။

"ဟင်"

ကြမ်းခင်းပေါ် ကျုံ့ကျုံ့လေးထိုင်ချကာ သူ့ဒူးပေါ် မျက်နှာမှောက်ချ၍ တအီအီငိုနေတဲ့ မိန်းကလေး။ သမီးဆိုတဲ့အသိက မားတွေကို သတိမရနိုင်သလို ခံစားလိုက်ရ၏။

"သ သမီး"

သူ့ လက်နှစ်ဖက်နဲ့သမီးခေါင်းကို ကမန်းကတမ်း ဆုပ်ကိုင်ကာ ရင်ခွင်မှာပွေ့ထားမိသည်က ဘယ်လိုမှရုန်းပြေးလို့မရအောင် တင်းကျပ်ကျပ်ပဲဖြစ်သည်။





"ဒယ်ဒီရယ် ဆောင်း တစ်ယောက်တည်း ဒယ်ဒီတို့ဆီ ပြန်လာခဲ့တာပါ၊ ဆောင်းကို လက်ခံပါနော်"

"သမီးရယ် သမီး သိပ်မိုက်တယ်ကွယ်၊ ဒယ်ဒီတို့ ဘယ်လိုခံစားနေရလဲဆိုတာ သမီး နားမလည်ဘူး။ သမီးမှာ သမီး မမ သဝဏ်နဲ့ သမီးကိုလေး ကောင်းမရှိတော့ဘူး သမီးရယ်၊ မရှိကြတော့ဘူး။ သမီး တမီက မသန်မစွမ်း ဒယ်ဒီက ဒုက္ခိတတစ်ပိုင်းဖြစ်နေတာ သိသိချည်းနဲ့ သမီးနေနိုင်တာ ဒယ်ဒီ အံ့သြတယ်ကွယ်၊ သမီးကို ဒယ်ဒီတို့ ပစ်ရက်တယ်ထင်လို့လားကွယ်၊ သမီးကသာ ဒယ်ဒီတို့ကို ရက်ရက်စက်စက် နှင်ခံနှုတ်ပြတ်ပစ်ရက်တယ် သမီးရယ် ဖြတ်ထားရက်တယ်"

ဦးသဝဏ် စိတ်လှုပ်ရှားကာ ဝမ်းနည်းဝမ်းသာဖြစ်လျက် သမီးကို ဖက်ထားရင်း ကရုဏာဒေါသနှင့်ပြောချမိသည်က ကရားထဲရေလွှတ်နေသလို တရစပ်ချည်းဖြစ်သည်။

"ဒယ်ဒီရယ် ဆောင်း အားလုံးကို သိခဲ့ပါပြီ သိရလို့လည်း ဒယ်ဒီတို့ဆီ ပြန်လာခဲ့တာပါ၊ ဒယ်ဒီရယ် ဆောင်းကိုခွင့်လွှတ်ပါ ဆောင်း မှားခဲ့ပါတယ်၊ ဆောင်းအမှားအတွက် ဒယ်ဒီတို့ကို ပြန်ပေးဆပ်ချင်ပါတယ်၊ ဒါကြောင့် ဒယ်ဒီတို့ရင်ခွင်မှာ ခိုလှုံခွင့်ပေးပါနော်"

"သမီးရယ် ဒယ်ဒီတို့ ရင်ခွင်တံခါးကြီး ဖွင့်ထားတာကြာပြီ သမီးရဲ့ သမီးဝင်မလာလို့သာ"

"ဟင့် ဟင့် ဟင့်"

ဒယ်ဒီရဲ့ ဝမ်းနည်းအစ်စို့စို့ပြတ်တောက်သွားတဲ့အနောက်မှာ

www.burmeseclassic.com



ဆောင်းရဲ့ ရှိုက်သံက ကျယ်လောင်စွာ လျှံထွက်လာသည်။

ပြောသံတွေ ငိုသံတွေ ရှိုက်သံတွေကြားလိုက်ရတဲ့ ဒေါ်ရွှေဝါဝါ ရင်မှာ လျှော်လှုပ်ခတ်သွား၏။ ဆာနေတဲ့ ခြေတစ်ဖက်ကို ဒရွတ်တိုက်ဆွဲရင်း အိပ်ခန်းထဲက ပြေးထွက်ကာ ဧည့်ခန်းထဲပြေးကြည့်မိတော့ ခင်ပွန်းသည် ရင်ခွင်ထဲရောက်နေတဲ့ မိန်းကလေး။

"ဟင် သမီး"

ဝမ်းသာစိတ်က ဆောင့်ကြွလိုက်တက်လာကာ သမီးဆီ ဖွတ်တိုးဝင်သွားတော့ မသန်တဲ့ခြေတစ်ဖက်နဲ့ခလုတ်တိုက်ပြီး ကြမ်းခင်းပေါ် ဝုန်းခနဲကျတာကို မမှုနိုင်။

ဖင်တွန်းရွှေ့ရင်း သမီးကို ခင်ပွန်းသည်ရင်ခွင်မှ သန်နေတဲ့ လက်တစ်ဖက်နှင့်ဆွဲယူပွေ့ဖက်ကာ တောင့်တစိတ်နဲ့သမီးမျက်နှာကို မွတ်သိပ်စွာ ဖိနမ်းလိုက်သည်က သမီးပါးပြင်အိအိလေး ချိုင့်ဝင်သွားမတတ်ဖြစ်သွား၏။

"သမီးရယ် မာမီတို့ကို ပစ်ပြီးထားရက်လိုက်တာ၊ မာမီတို့ကို ပစ်မထားပါနဲ့ကွယ်၊ မာမီတို့ရင်ကို မခွဲပါနဲ့တော့ သမီးရယ်၊ မာမီတို့ မခံနိုင်တော့လို့ပါ ဟင့် ဟင့် သမီးနော် မာမီတို့ အသည်းကိုမခွဲပါနဲ့တော့ သမီးရယ်"

"မာမီရယ်"

မိခင်ကို တင်းကျပ်စွာပြန်ဖက်ရင်း မာမီတို့အတိုင်းအဆမဲ့ အချစ်ကြီးစွာမျှော်လင့်တောင့်တနေပါလားဆိုတဲ့အသိက ဆောင်းရင်ကို လှိုက်လှိုက်ဖြာဖြာဝမ်းသာမိသည်က နှလုံးသားမှအစစ်အမှန်ဖြစ်၏။





အရင်လို မပြင်နိုင်မဆင်နိုင်ဖြစ်နေရှာတဲ့ မာမီက ဝတ်လွှယ်ချွတ်လွယ်တဲ့ ရှေ့ကွဲအင်္ကျီပွပွ အနီရောင်ကို အဆင်ကွဲထဘီအဝါပွင့်နဲ့ ဝှယ်သလိုတွဲဝတ်လျက် ဆံပင်ကိုလည်း ဖြစ်သလိုထုံးဖွဲ့ထားသည့် မာမီ နှမ်သွင်က ရင့်ရော်အိုစာလှ၏။

တစ်ချိန်က စိန်ရောင်ရွှေရောင် မာနရောင်တွေ တောက်ပခဲ့တဲ့ ချက်နှာက ခုတော့ သောကရောင်တွေနှင့်မှိုင်းမှိုင်းမှိန်မှိန်ဖြစ်နေ၏။ ထို့ကြောင့် ဆောင်းရင်မှာ ပို၍ဝမ်းနည်းလာကာ။

"ဆောင်းကို ခွင့်လွှတ်ပါ မာမီနော်၊ ဆောင်းလေ မာမီတို့ ရင်ခွင်မှာပဲ ခေါင်းချပါရစေ မာမီရှယ် နော် မာမီ"

"သမီးရယ် မာမီ ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာ၊ကိုရ သမီးက ဝါတို့ရင်ခွင်မှာ ခေါင်းချတော့မှာတဲ့ ကို ဝမ်းမသာဘူးလား"

မျက်ရည်တွေကျနေပေမယ့် ဝမ်းသာအဲလည်း ရှုန်းထွက်လာတဲ့ ဇနီးသည်မေးသံက ဦးသဝဏ်ရင်ကို ရှိုက်ခတ်လာသည်မှာ ဝမ်းသာလွန်းလို့ အသက်ပင်မရှုနိုင်အောင် ဖြစ်ရသည်။

တုတ်ကောက်ကိုအားမပြုတော့ဘဲ ကိုယ်လုံးကိုဆိုဖာပေါ်မှာ လျှောချ၍ ကြမ်းခင်းပေါ်ထိုင်ချရင်း ဖက်ထွေးထားတဲ့ သမီးနဲ့ဇနီးကို လက်နှစ်ဖက်နဲ့ကြိုးဖက်၍ ရင်ခွင်ထဲသွင်းမိပြီး

"ဝါရယ် ကို ရင်မှာ ဘယ်လိုဝမ်းမြောက်နေလဲဆိုတာ ပြောပြတတ်အောင်ပါပဲ ကွယ်"

"ဟုတ်တယ် ကို ဝါလည်း ပြောမပြတတ်အောင်ပါပဲ၊ ဝမ်းသာလိုက်တာ ဘယ်ကွယ်၊ ခုလိုမျိုး နောက်ဆုံးထွက်သက်အထိ ဝမ်းပန်းတသာချည်း



www.burmeseclassic.com

www.burmeseclassic.com



နေသွားချင်ပါတယ် ကိုရယ်''

''နေရမှာပေါ့ကွယ် သမီးက ကိုတို့ရင်ခွင်ထဲ ပြန်ဝင်လာပြီပဲ ဟုတ်တယ်မဟုတ်လား သမီး''

ထပ်တူကျနေတဲ့ မိဘရဲ့ဝမ်းမြောက်မှုကို ဆောင်း မယ် ရှားတော့ပါဘူး။ ဆောင်း ရင်ထဲက ဆန္ဒအမှန်ဖြင့်။

''စိတ်ချပါ ဒယ်ဒီ ဒယ်ဒီနဲ့မာမီ ရင်ခွင်မှာ ဆောင်း တစ်သက် လုံးခိုလှုံသွားမှာပါ''

''ဝမ်းသာလိုက်တာ သမီးရယ်''

လှိုက်လှိုက်လှဲလှဲထွက်လာတဲ့ ဒယ်ဒီနဲ့မာမီအသံက တစ်ထ[illegible] တည်းပဲဖြစ်သည်။

''ဆောင်းလည်း ဝမ်းသာပါတယ်၊ မာမီရယ်၊ အရမ်းဝမ်းသာ ရပါတယ်၊ ဆောင်းရယ် ဒယ်ဒီရယ် မာမီရယ် ပျော်ရွှင်ချမ်းမြေ့စေမယ့် မနက်ဖြန်တွေကို ခံစားရစေမှာပါ ဒယ်ဒီရယ် ဆောင်း ကတိပေး တယ်''

''ဝမ်းသာလိုက်တာ ကျေးဇူးတင်လိုက်တာ သမီးရယ်''

ဆိုတဲ့အသံတွေနောက်မှ စီးကျလာတဲ့ မျက်ရည်တွေ[illegible] အသောမတတ်နိုင်တာက ဝမ်းသာရွှင်မြူးခြင်းတွေနဲ့ပဲဖြစ်၏။

■ ■ ■

အခန်း (၂၃)

''ဘယ်လိုဖြစ်တာလဲ မဖြူရယ်''

ပေါ်တီကို အောက်မှာ တက္ကစီကားအဖြူလေးထိုးဆိုက်လာ [illegible]ည့်နှင့်တပြိုင်နက် ကားနောက်ခန်းမှ မောင်မိုးက ကားပေါ်ကမဆင်း [illegible]သေး စောင့်ကြိုနေတဲ့ ဒေါ်ဖြူကို ဦးစွာမေးသည်က အဖြစ်အပျက်တို့ [illegible]က်မခံနိုင်ဟန်တူသည်။

''ဟုတ်တယ် မဖြူ စိုးတို့နားလည်အောင်လည်း ပြောပါဦး''

ဒေါ်စိုးစိုးမာလည်း ကားပေါ်ကမဆင်းနိုင်ဘဲ မေးပြန်သည်။ [illegible]ဖြူသက်မချရင်း လင်မယားနှစ်ယောက်ကို စိတ်ရှုပ်တွေးစွာကြည့်ပြီး

''ကားပေါ်ကဖြင့်မဆင်းရသေးဘူး သိချင်တာတွေချည်း မေ[illegible] [illegible]ကြတာ၊ ကဲ ကဲ ကားပေါ်က အမြန်ဆင်းကြလေ''

မဖြူပြောမှပဲ လင်မယားနှစ်ယောက် ကားပေါ်က [illegible]ာမန်းတ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တမ်းဆင်းသည်။ တက္ကစီသမား နောက်ဖုံးဖွင့်ပြီး ချထားတဲ့ ခရီးဆောင်
အိတ်နှစ်လုံးကို ဒေါ်ဖြူ ဆွဲ၍ဧည့်ခန်းထဲသွင်းသွားသည်။

တက္ကစီခ ကမန်းကတမ်းရှင်းပြီးသည်နှင့် လင်မယား
ယောက် ဒေါ်ဖြူ နောက်ခပ်သုတ်သုတ်လိုက်ကာ ဧည့်ခန်းထဲလှမ်း
သည်။

"မဖြူရယ် အိတ်တွေက ဒီအတိုင်းချထားပါတော့၊ ကျွန်တော်
တို့ နားလည်အောင် အရင်ပြောပါ ဗျာ"

"ဟုတ်တယ် မဖြူ လာပါ၊ စိုးတို့က သားနဲ့သမီး ဘယ်
ဖြစ်ကြတယ်ဆိုတာပဲ သိချင်လို့ မဖြူ ဖုန်းဆက်တာနဲ့ချက်ခြင်း လေယာဉ်
လက်မှတ်ဝယ်ပြီး ပြေးလာခဲ့တာ"

ဒေါ်စိုးစိုးမာက ဒေါ်ဖြူလက်ထဲက ခရီးဆောင်အိတ်တွေ
ချစေပြီး ပြော၏။ ဒေါ်ဖြူလည်း ဒီအကြောင်းတွေပြောချင်နေတာ

ဧည့်ခန်းဆိုဖာမှာ သုံးဦးသားမျက်နှာချင်းဆိုင်ထိုင်ဖြစ်သည်။
ဒေါ်စိုးစိုးမာက ခင်ပွန်းသည်နှင့်ဘေးချင်းကပ် ဆိုဖာမှာ နောက်
မှဝင်ထိုင်ပြီးမှ

"ပြောပါ မဖြူ စိုးတို့မှာ သားနဲ့သမီးကိစ္စလောက် အရေးကြီး
တာမရှိပါဘူး"

"အေး မဖြူလည်း အဲဒါပဲပြောချင်နေတာ"

"ပြောပါ မဖြူ ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်းပြော
ဒီကိစ္စမှာ သားဘက်ကလွန်တယ်ဆိုတာ မဖြူပြောကတည်းက
ကျွန်တော် သဘောပေါက်ပြီးသားပါ"





"ဟုတ်တယ် မောင်မိုး ယုယနဲ့စက် တွဲနေတာ သိနေရက်နဲ့
ဆောင်း ရေငုံနှုတ်ပိတ်နေခဲ့ရှာတယ်၊ တစ်ပတ်လောက်အထိ စက်
ပြန်မလာတော့မှ ဆောင်း ကိုယ်တိုင် စက်ရှိတဲ့ တိုက်ခန်းဆီလိုက်သွား
ရှာတာ ဟိုမှာ ဘာတွေဖြစ်ကြတယ်ဆိုတာ မဖြူမသိဘူး၊ အဲဒီညက
ဆောင်းလေးပြန်ပေါ်မလာတော့တာ ဒီအချိန်ထိပဲကွယ်"

ဒေါ်ဖြူ စကားအဆုံးမှာ ဦးမိုးတင့်နဲ့ဒေါ်စိုးစိုးမာ ပြိုင်တူ သက်
ပြင်းချလိုက်တဲ့မျက်နှာက သားအပေါ် ဘဝင်မကျခြင်းတွေနဲ့ပါ။

"အခု စက် ဘယ်မှာလဲ"

"မနက်ကတည်းက ထွက်သွားတယ် မောင်မိုး"

"ဆောင်း နဲ့အဆက်အသွယ်ရှိလား"

"ဆက်သွယ်ဖို့နေနေသာသာ ဆောင်း သူငယ်ချင်း သိရိဆွေ
တချုပ်လာပို့တာကို ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ယုယနဲ့မီးကုန်ယမ်းကုန်
လျှောက်တွဲနေတာလေ"

"တောက်"

ဦးမိုးတင့် သည်းမခံနိုင်လောက်အောင် တက်ခေါက်လိုက်
သည်က ဒေါသနှင့်ဖြစ်သည်။

"စက် အတော်ရက်စက်တာပဲ သားရယ်၊ သားမှာ ဒီလို
ရက်စက်တတ်တဲ့စိတ်ရိုင်းတွေ ဘယ်လိုဝင်လာတာလဲ ဟင် စိုးတော့
နားမလည်တော့ဘူး သား စိတ်ကို စိုးသည်းမခံချင်တော့ဘူး"

"ကိုမိုးလည်း သည်းမခံနိုင်တော့ဘူး အခု ဒီကောင် ဘယ်
ရှိနိုင်မလဲ မဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒီအချိန်က အလုပ်ချိန်ဆိုတော့ ရုံးခန်းထဲမှာရှိမယ်ထင်တယ်"

ဒေါ်မြူ တွေးဆရင်းပြောတော့ စိတ်မြန်လက်မြန်ရှိတဲ့ ဦးမိုးတင့် ထရပ်ပြီးသားဖြစ်သွားပါ။

"အဲဒါဆို သားဆီ ကျွန်တော် လိုက်သွားမယ် ဒေါ်မြူ"

စကားဆုံးသည်နှင့် ဧည့်ခန်းထဲကထွက်သွားတဲ့ ခင်မွန်သည်ကို စိတ်မချနိုင်။ သားအဖနှစ်ယောက် ထိပ်တိုက်တွေ့ပြီး အခြေအနေ ပိုပြီး တင်းမာသွားမှာစိုးတာကြောင့်

"အို နေဦး စိုးလည်း လိုက်မယ်"

ပြောလည်းပြော ခင်မွန်းသည်နောက် သုတ်သုတ်လေး မြန်ထွက်သွားသည်။ လင်မယားနှစ်ယောက် ပျာယီပျာယာထွက်သွားသည်ကို ကြည့်ရင်း ဒေါ်မြူ မသွားနဲ့လို့မတားမိတော့။

ဘာတွေဖြစ်လာမလဲဆိုတာ ရင်တမမ စောင့်ကြည့်ရုံသာ တတ်နိုင်မှာပေါ့။

■ ■ ■

"ကိုယ်တို့ လက်ထပ်ကြစို့ ယုယရယ်"

ဖြူဥသွယ်သော လက်ချောင်းလေးတွေကို ဆုပ်ကိုင်ရင်း တာလာဖိတ်ဖိတ်တောက် ခြယ်ထားတဲ့ ယုယမျက်နှာလေးကို တစိမ့်စိမ့်ကြည့်၍ ရင်ဖွင့်ရုံရှိသေးသည်။

မျက်နှာဆီသို့ အရှိန်ပြင်းစွာ ခွပ်ခနဲပြေးဝင်လာတဲ့ လက်သီးချက်ကြောင့် သူ့မျက်နှာလည်ကျသွားသည်က မျှော်လင့်မထားသဲဖြစ်သည်။





"အိုး"

ယုယရဲ့ အထိတ်တလန့် အာမေဋိတ်ပြုသံက ဆုပ်ကိုင်ထားမိတဲ့ လက်ချောင်းတွေ လွတ်ထွက်သွားမှန်း သိလိုက်သည်။ လက်သီးချက်ကြောင့် ဝေဝါးသွားတဲ့အာရုံနဲ့ဖြတ်ချခံရတဲ့ သူ့လက်ဖဝါးက အထိုးခံရတဲ့ ညာဘက်မေးရိုးဆီ ဖြန့်လျက်ကပ်ကာ ပွတ်တိုက်ရင်း ပြာဝေသွားတဲ့ မျက်လုံးနဲ့မော့အကြည့်။

"ဟင် ဖေ ဖေ"

သူ့အသံက လေးတွဲ့တွဲ့ချည်း အံ့ဩကာ လိမ့်ထွက်လာသည်။

"ထပ်ချင်ဦးဟဲ့ လက်"

ဆိုတဲ့ ဒေါသနဲ့မေးငေါ့ရပ်နေတဲ့ ဖေဖေနောက်မှာ မေမေလည်းပါသေးသည်။ ယုယက ကိုယ်လေးရှိုကာ ထိတ်ထိတ်ပြာပြာဖြစ်လျက် နံရံနဲ့ကိုယ်ကိုကပ်ထားမိသည်။

"မေ မေ"

"ဟုတ်တယ် မင်းအဖေနဲ့အမေ"

ဖေဖေရဲ့အသံမာချည်း ထွက်လာပြန်သည်။ ဘယ်အချိန်ကတည်းက စက်ာပူက ပြန်ရောက်လာမှန်းမသိရဘဲ ဖြုန်းစားကြီး အထိုးခံလိုက်ရမှ ဝင်လာတဲ့အသိကြောင့် စက်မျက်နှာတင်းကာ ထိုင်ရာထရင်း ဖေဖေနဲ့မျက်နှာချင်းဆိုင်လိုက်မိသည်။

"ဖေဖေ စက် ကိုထိုးတယ်"

"ထိုးရုံတင်မကဘူး သတ်ပစ်ဖို့တောင် ကောင်းတယ်"

"ဘာ ဖေဖေ က သားကိုသတ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သတ်သင့်တဲ့အချိန်ကျရင်သတ်ကိုသတ်မိမယ် ဗျ အခု ထိုးရမယ့်အချိန်ရောက်လာလို့ ထိုးလိုက်တာ၊ မင်း ဘာပြော ချင်သေး ပြောစမ်း"

"စက်မှာ ဘာအပြစ်ရှိလို့လဲ ဖေဖေ"

"ဟွန်း ဘာအပြစ်ရှိလဲ ဟုတ်လား စက်ဝန်း"

ဒေါ်စိုးစိုးမာ သားအဖကြား မစွက်ဖက်ဘဲ ပရိသတ်ငယ် စူးစူးစိုက်စိုက်ချည်းကြည့်နေသည်က သားနဲ့အဖေကို တစ်လှည့်စီ ဖြစ်သည်။

ဖခင် ဒေါသနဲ့လက်သီးချက်က ဘာကြောင့်ဆိုတာ သဘော ပေါက်သွားတဲ့ သားက နှုတ်ခမ်းတစ်ချက်တွန့်ပစ်ပြီး

"စက် လွတ်လပ်နေပြီ စက် ချစ်သူကို စက် လက်ထပ်ခွင့် တောင်းတာ မှားသလား ဖေဖေ"

"မှားတာ နည်းနည်းလေးမှားတာမဟုတ်ဘူး ကွ၊ ကမ်းကုန် အောင်မှားနေတာ၊ မိုက်နေတာ၊ သူတို့မိသားစုအပေါ် ငြိုးထားတဲ့ အငြိုး နဲ့အမုန်းအားလုံးကို တစ်ပြိုင်နက် လက်စားချေချင်လို့ ဆောင်းကို ရက်ရက်စက်စက် ပြုလိုက်တယ်ဆိုတာ၊ အတင်းအဓမ္မ ဆောင်းလေးကို ကွာပစ်တာတွေက သက်သေပဲ စက်ဝန်း"

"မဟုတ်ဘူး ဖေဖေ"

"မဟုတ်ရင် ဘာဖြစ်လို့ကွာတာလဲ၊ ဘာဖြစ်လို့ ကိုယ်နဲ့ လက်မထပ်ထားတဲ့ မိန်းကလေးနဲ့နေ့နေ့ညည တွဲတာလဲ၊ ဘာဖြစ်လို့ ယုယမိုးနဲ့လက်ထပ်ဖို့ တာဆူတာလဲ၊ ပြောစမ်းကွာ၊ ပြောစမ်း"





ရင်ဘတ်ကို ဆောင့်တွန်းရင်းမေးလိုက်တာ သူ့ကိုယ်ယိုင်မ သွားတော့ဖြစ်သွား၏။ သူ့ကိုယ်ကို ထိန်းရင်း ဘယ်လိုအဖြေပေးရမှန်းမသိ အောင် ဗျာများသွားတဲ့ အချိန်မှာ ဖေဖေနဲ့သူ့ကြား ဝင်ရပ်၍ သူ့ကို မေမေ စိုက်ကြည့်သည်။ အတန်ကြာကြည့်ပြီးမှ

"ဒီမှာ သား ဆောင်း အစ်ကို အစ်မနဲ့ ဆောင်း ဒယ်ဒီ၊ ...ကြောင့် မေမေတို့ မိသားစုအဖြစ်ဆိုးကြုံရဆုံရ ခံစားရတာမှန်တယ်၊ ဆောင်းကြောင့် မေမေတို့မိသားစု စိတ်ဆင်းရဲစရာ စိတ်ထိခိုက်စရာ ...တစ်မှုနှစ်မှုလောက်ဖြစ်ဖြစ် ခံစားခဲ့ရတာ ရှိလား သား၊ ပြောကြည့် ...စမ်း"

"ဒါပေမဲ့ စက် မုန်းတယ်၊ စက်မုန်းနေမှန်းသိလျက် စက်ကို ...ပိုင်ဖမ်းယူတာ ခေါင်းငုံ့ခံနေဖို့က စက်က သံပတ်ပေးထားတဲ့ စက်ရုပ် ...ဟုတ်ဘူး။ ယောကျ်ားတစ်ယောက်ရဲ့စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်၊ ခံစား ...ဖြတ်ပိုင်ခွင့်ကို တစ်စစီဖွဲ့ချေပြီး အဆိပ်လောင်းလိုက်တာ စက် ...ပေါ်သွန်းလောင်းခဲ့တဲ့အဆိပ်ကို စက် တစ်သက်လုံး မသောက်သုံး ...ဘူး မေမေ၊ အဲဒီအတွက် စက်ဘက်က တုန့်ပြန်လိုက်တာ၊ ဒါကို ...တို့မိသားစုအပေါ်ရှိနေတဲ့ အငြိုးအားလုံးနဲ့ ဆောင်းသဝထ်ကို ရက် ...ပစ်တာလို့ မေမေတို့မြင်ချင်သလို မြင်နိုင်တယ်၊ ဒါပေမဲ့ စက်က ...တော့ ဆောရီးပဲ မေမေ"

"အေး မင်းက ဆောရီးမှတော့ ဖေဖေတို့ဘက်ကလည်း ...ဆောရီးပဲ စက်ဝန်း"

အဖေနဲ့သားခံပြင်းမှုတွေနဲ့ ဆောရီးအပြိုင်အဆိုင်ဖြစ်နေကြတာ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက် ဘယ်လောက်တင်းမာမလဲဆိုတာ ဒေါ်စိုးစိုးမာ နားလည်လိုက်ပြီ။ ဒါကြောင့် ခင်ပွန်းသည်လက်မောင်းကို ဆုပ်ကိုင်လှုပ်ရင်း

"နေဦး ကိုမိုး စိုး ပြောယူမယ်"

"မပြောနဲ့ ဒီကောင့်ကို သူငယ်တန်းကလေး စာသင်သလို တတွတ်တွတ်သင်ပြနေဖို့ မလိုဘူး"

"စက် ကလည်း သူငယ်တန်းကလေးမဟုတ်ဘူး ဖေဖေ"

"သား ပါးစပ်ပိတ်ထားစမ်း"

ဒေါ်စိုးစိုးမာ မျက်နှာထားနဲ့မာန်လိုက်တော့ ဖခင်ကို ရန်စောင်နေတဲ့ မျက်နှာကိုလွှဲသည်။ ထို့နောက် စားပွဲပေါ်ရှိ လက်ကိုင်ဖုန်းလေးကို ကောက်၍ လှည့်ထွက်သွားဖို့ ယူယကိုမျက်စပစ်ရင်း မိဘကို ကျောခိုင်းကာ ခြေလှမ်းထွက်၏။

"သား စက်ဝန်း"

အရှဲ့တိုက်ထွက်သွားတဲ့ သားလက်မောင်းကို ဦးမိုးတင့် လှမ်းဆွဲပေမယ့် ဇနီးသည်က ဦးမိုးတင့်လက်မောင်းကို ပုတ်ချပြီး သားကို ခပ်တင်းတင်းဖိခေါ်လိုက်သည်။

မေမေခေါ်သံကြောင့် နောက်လှည့်မကြည့်ပေမယ့် ခြေလှမ်းတန့်သွား၏။ ဒေါ်စိုးစိုးမာ သားနောက် ခြေတစ်လှမ်းတိုးရပ်လိုက်ပြီး

"သားကို မေမေ ရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ ဆောင်းသားကို အမိဖမ်းယူတယ်ဆိုတာ ဆောင်းမိဘဖွတ်စီစဉ်တဲ့ ရှင်းလင်းကိုလက်မထပ်နိုင်လို့၊ နောက်တစ်ခုက ဆောင်းမိဘကြောင့် ခံစားရတဲ့ သားရဲ့အငြိုးတွေပြေစေဖို့ နှလုံးသားနဲ့တံတားထိုးပြီး မေတ္တာပေါင်းကူး





ပြီး မေမေတို့မိသားစုဘဝရဲ့ဒုက္ခကို တစ်သက်လုံးကယ်တင်စောင်မဖို့ဆိုတာ သားတို့ မေမေတို့မရိပ်မိအောင် ဦးလှလှကို မေမေတို့ရှေ့ချပေးခဲ့တာတဲ့"

"ဟင်"

စက် မေမေ မျက်နှာကိုလှည့်မကြည့်ဘဲ နေလို့မရတော့။ သူတို့မိသားစုအခြေအနေမဲ့ဖြစ်နေချိန်မှာ ဖော်ဖော်ရွေရွေရှိလှတဲ့ အသက်ခြောက်ဆယ်ကျော်အရွယ် အမျိုးသားကြီး ဦးလှလှက ဖေဖေကို အသိလာဖွဲ့သည်။

"ကိုမိုးတင့်တို့ မိသားစုရဲ့အခက်အခဲကို ကျွန်တော်ကူညီမယ်ဆိုတာ ကျွန်တော့်မှာက မိဘဆီက အမွေရလို့ ငွေကြေးပမာဏအများကြီးရှိပေမယ့် တိုးပွားအောင်မလုပ်တတ်ဘူးဗျ။ ကိုမိုးတင့် တိုးပွားအောင်လုပ်နိုင်မယ်လို့ ကျွန်တော် ယုံတယ်၊ ဒါကြောင့် ငွေရင်းထုတ်ပေးမယ်၊ လုပ်နိုင်သလောက်လုပ်စမ်းပါဗျာ၊ နေဖို့ထိုင်ဖို့ ဘာအတွက်ညှာအတွက် ဘာမှမပူနဲ့၊ ကျွန်တော့်မှာ တိုက်၊ ကား ငွေကြေးအားလုံး ပြည့်ပြည့်စုံစုံရှိတယ်၊ ဘာမှတွေးတောပြီး စိတ်ဓာတ်ကျမနေနဲ့ ဝမ်းနည်းမနေပါနဲ့ဗျာ၊ ကျွန်တော် ရထားတဲ့အမွေအားလုံး အကျိုးရှိရှိသုံးစမ်းပါ၊ ကျွန်တော် ကူညီပါတယ်"

လို့ ငွေတွေပုံချပေးပြီး တိုက်တွေကားတွေကို နေ့ချင်းညချင်း အတင်းကာရော စီစဉ်ပေးခဲ့တာလေ။ ဖေဖေနဲ့သူတို့ညီအစ်ကို အားကြီး ခင်တက်ကြိုးစားခဲ့တာတွေ ခုထိ မမေ့နိုင်သေး။

သူတို့မိသားစုကြိုးစားခွင့်ရအောင် ဆောင်းက ဦးလှလှကို



www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်ရှင်ရဲ့ပြယုဂ်အဖြစ် ချပေးခဲ့တာလား။

မယုံမရဲစိတ်နဲ့ဖျတ်ခနဲ လှည့်၍ မေမေ့မျက်နှာထားကို ကြည့်မိရင်း

"ဆောင်းက"

"ဟုတ်တယ် သား သီရိဆွေ ပြောလို့ မေမေတို့ခုနလေးတင် သိခွင့်ရလိုက်တာ"

"ဟာ"

သူ့ကိုယ်မတ်မတ်ကြီးက သံမဏိတုံးကြီးနဲ့ပစ်ပေါက်ခံရသလို ယိုင်နဲ့မတတ်ဖြစ်သွား၏။

သူ ဖွတ်မိုတ်မုန်းတီးနေတဲ့ မိန်းကလေးက သူ့မိသားစုဘဝနဲ့ ဒုက္ခကို ကူကယ်နေတဲ့ ကျေးဇူးရှင်ဖြစ်နေသတဲ့လား။

မယုံနိုင်စရာကောင်းလိုက်တာ ဆောင်းရယ်။ မောင် ဘာကြောင့် မရိပ်မိရတာလဲ။

ဘာကြောင့် ရိပ်မိသိရှိအောင် မကြိုးစားရတာလဲ။ သူ့ကိုယ်သူ အားမရနိုင်တဲ့စိတ်က သွေးရူးသွေးတန်းဖြစ်ကာ

"ဒီမှာ သား ဘဝဒုက္ခထဲက တက်လှမ်းနိုင်ခွင့်ပေးခဲ့တဲ့ ကျေးဇူးတရားကို မဆပ်ချင်နေလို့ရတယ်၊ ဒါပေမဲ့ ကိုယ့်အပေါ်ဘယ်တုန်းကမှ ထိခိုက်နစ်နာအောင် မလုပ်ရုံအပြင် ကိုယ့်ဘက်ကအစဉ်အမြဲ ရှိပြီးမေတ္တာတရားသွန်းလောင်းနေတဲ့ မိန်းကလေးကို ရင်ကွဲ အသည်းကွဲဖြစ်အောင် အရှဲ့တိုက်ပစ်ပြီး ကွာရှင်းဖို့အားပေးတဲ့အထိ ရက်ရက်စက်စက်မိုက်ရိုင်းဖို့ မသင့်ဘူးလို့ မေမေထင်တယ်၊ ခုတော့ သားက မိုက်ရိုင်း





င်မကဘူး ကျေးဇူးတရားနဲ့မေတ္တာတရား ဘာမှ မရှိတဲ့ မိန်းကလေး လက်ထပ်ပါရစေလို့ အောက်ကျနောက်ကျ တောင်းခံနေတာ ဘယ် ဘက်ရှက်ဖို့ကောင်းလိုက်သလဲ"

မေမေ စကားလုံးတွေက သူ့မျက်နှာကို ဖြတ်ရိုက်စဉ်ကထက် စ့ လက်သီးနဲ့ထိုးစဉ်ကထက် အဆပေါင်းများစွာနာကျင်ရစေသည်။

"တကယ်တော့ မင်းက ဆောင်း မိသားစုဝင်တွေရဲ့အတ္တ ကြောင့် နာကျင်ဝမ်းနည်းရတာကို ခုတုံးလုပ်ပြီး အပြစ်မဲ့တဲ့ မိန်းက းကို တန်ပြန်လက်စားချေပစ်တဲ့ မင်းအတ္တက ပိုကြီးတာ၊ မင်း ည်းက ပိုပြင်းခဲ့တာကွ၊ သူတို့မိသားစုပေးတဲ့အတ္တဆိုးကျိုးကို ခံစား င့် ဖေဖေတို့ ဒီလောက်မနာကျင်ခဲ့ဘူး၊ မင်း ဆောင်းကို တန်ပြန် က်တဲ့ အတ္တအရင့်စားကြောင့် ဖေဖေတို့ မချိအောင် နာကျင်ရတယ်ကွ င်းကမှ အတ္တရိုင်းကောင် မင်းသာ အတ္တကဝေကောင် စစ်စစ်ကွ"

မေမေ့စကားလုံးနောက်မှာ အစ်ဆို့ကြီးပေါ်ထွက်လာတဲ့ ဖေဖေ ကားလုံး၊ ဖေဖေ့လက်ညှိုးတွေက သူ့အပြုံးတရားတွေကို ထောင်း ဆောင်းညက်ညက်ကြေစေရုံမက သူ ရက်စက်ခဲ့တဲ့ မျက်နှာလေးကို ပြုမြင်ရင်း မျက်ရည်တွေက အလိမ့်လိုက်ကျကုန်၏။

"အေး မင်းရှေ့ဆက် ဘယ်လို လျှောက်မယ်ဆိုတာ မင်းကိုယ် င်ဦးနောက်၊ မင်းနှလုံးသားနဲ့ရင်းပြီး ဆုံးဖြတ်၊ အခု လောလော ဘယ် မင်းက ဆောင်းပြောထားတဲ့အတွက် ဖေဖေတို့ကလည်း မင်းကို ဆောရိုးပဲ စက်ဝန်း"

အပြတ်အသားပြောပြီး မပြယ်နိုင်တဲ့ ဒေါသနဲ့လွှင့်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ ခြေသံနောက် ကပ်ပါသွားတာက မေမေ့ ခြေသံသုတ်သုတ်က လေးပဲ ဖြစ်သည်။

ပြီးတော့ သူ့အပါးမှလွင့်သွားတဲ့ ခြေလှမ်းဖွဖွ။

သူ လှည့်မကြည့်ဖြစ်တော့။

ရင်ဖုံမှာ မီးလောင်နေတာက သူ့အတွက်ကြောင့် အချစ်တွေ သယ်မပြီး ဝေးရာကိုပြေးထွက်သွားရှာတဲ့ နှလုံးသားပိုင်ရှင်အတွက်ဖြစ်မှန်း သူ့ ရင်ဘတ်က အလိုလိုသိရှိသွား၏။

ဆောင်းရယ်။

ဆောင်း ချစ်ခြင်းကို မောင့်နှလုံးသားနဲ့ပူဇော်ပါရစေ၊ ခွင့်ပြု ပါ ဆောင်းရယ်။

Please...

■ ■ ■



## အခန်း (၂၄)

"ဆောင်း"

"အို"

ခေါ်သံကြောင့် အမှတ်မထင် လှည့်ကြည့်မိရာမှ ဆောင်း နော်တဒိုင်းဒိုင်းဆောင့်ခုန်ကာ ကတုန်ကယင်နှင့်ဆေးအရောင်းဆိုင်ထဲက ပြေးထွက်ခဲ့မိသည်။

"ဆောင်း"

သူခေါ်ရင်း သုတ်သုတ်ပြေးလိုက်ပေမယ့် ဆောင်း ကားတံခါး ဖွင့်ပြီး ကမန်းကတမ်းတက်ကာ ကားကိုလျှောခနဲမောင်းထွက်သွား သည်က လက်မတင်ကလေးပဲဖြစ်သည်။

သူ့ရင်မှာ နက်နက်နဲနဲ ဟာသွား၏။

ဆောင်းကို တွေ့ခွင့်ရဖို့ သူကြိုးစားမိတာ အကြိမ်ကြိမ်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင်သည့်နှင့်ကိုယ်ရောင်ဖျောက်ပြေးရှောင်သွားတာ ဆောင်းရဲ့တန်ပြန်မှုတွေလား ဆောင်းရယ်။

ဆောင်း တန်ပြန်သမျှကို ရင်စည်းပြီးခံချင်ပါတယ်။ ခံနိုင်လည်းရချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆောင်း ကိုမမြင်ခင် ဆောင်းခေါ်တဲ့

"ဟိတ်"

ဆိုတဲ့ ငွေဆည်းလည်းအသံလေး နားဆင်မိကတည်းက ဆောင်းရဲ့ရင်ခုန်သံစဉ်လေး မောင့်ရင်မှာပျော်ဝင်ခဲ့သလို အစက်အပြောက် တစ်မှုန်လေးတောင်မရှိတဲ့ ဆောင်းမျက်နှာဖွေးဖွေးလေးကို မြင်ရတော့လည်း မောင့်ရင်မှာ မခင်တွယ်ဘဲ မနေနိုင်ခဲ့။

ဒါကြောင့် ဆောင်းကို မောင့်စိတ်ရင်းအတိုင်း မက်မက်မောမောပဲ ခင်ခဲ့တာပါ။ ခင်မင်တဲ့စိတ်နဲ့ ဆောင်း လက်ကောက်ဝတ်ကို ဆုပ်ကိုင်ခဲ့တာပါ။ ခုချိန်ထိ မောင့်ရင်မှာ နွေးနေသေးတယ် ဆောင်းရယ်။ ဒါတင်မက

ဆောင်းကို နံနက်တိုင်း မြင်ခွင့်ရမှ မောင့်ဘဝ အဓိပ္ပါယ်ပြည့်စုံသလို ဆောင်းအတွက် နံနက်စာကိုယ်တိုင်ပြင်ပေးရမှ ကျေနပ်တဲ့ စိတ်က တစ်နေ့ထက်တစ်နေ့ အညွန့်တလူလူပြေးတက်သလိုပါပဲ။

ဆောင်းအတွက် နံနက်တိုင်းအရေးတယူရှိလှတဲ့ မောင့် ဖြစ်ရဉ်ကို ဆောင်း မရိပ်မိပေမယ့် ရိပ်မိသိရှိနေတဲ့ မမလဝန်းက ပြုံးစစနှင့် မောင့်ကိုကြည့်ပြီး မေးခဲ့တဲ့ မေးခွန်းလေးက ခုချိန်ထိ မောင့်ရင်မှာ ထင်နေဆဲပဲ။





"စက်ကို မမမေးမယ်"

"ဘာလဲ"

"ကိုနေကို ချစ်လား"

မဆီမဆိုင် မေးခွန်းချည်း၊ ဒါများ အဖြေက အသင့်ပဲ။

"ချစ်တာပေါ့ အစ်ကိုပဲ"

"ဒါဆို မမကိုရော"

"ချစ်တာပေါ့ အစ်မအရင်းကြီးပဲ"

"ဆောင်း ကိုရော"

"ချစ်တာပေါ့ ရင်ဘတ်ထဲက တစ်ဦးတည်းသော ချစ်သူပဲ"

မမ မေးသမျှကို မောင့်ရင်ထဲက အမှန်ပဲ ဖြေလိုက်တာ ဖွတ်ခနဲပါပဲ။

"ခစ် ခစ်"

မမ သဘောတကျ ရယ်မောတော့မှ မောင် အလိုလိုသဘောပေါက်ပြီး ရှက်ဖြန်းသွားခဲ့တာ မျက်နှာချည်းက သွေးနီမှုန်တွေ ဖြန်းလိုက်သလိုပဲ။ ထိုသို့ မေးရကောင်းမလားဆိုပြီး မမကို မျက်စောင်းပစ်ထိုးရင်း

"ဟာ မမနော် စက်ကို မကလိနဲ့"

"ဒါ ကလိလို့လား"

"ချစ်လား မေးတော့ စက် ဘာသာ စက်ဖြေပြီးတော့များ"

"ဟွန်း မမက ကိုနေတို့ မမတို့ကို ချစ်လားမေးပြီးတော့ ဆောင်းကိုချစ်လားမေးတော့ စက်လည်း ယောင်ပြီး"

"ဒါဆို ဆောင်းကို မချစ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မမ အတည်အတန့်မေးတော့မှ မောင့်ရင်မှာ မလုံမလဲစိတ်နဲ့ ဟန်မဆောင်နိုင်တဲ့စိတ်ပေါင်းစပ်ပြီး

"ချစ်တာပေါ့"

ရှုပ်ပွချည်း ဖြေခဲ့မိတဲ့အဖြစ်တွေ

"ဟွန်း ဒါနဲ့များ"

မမ မျက်စောင်းထိုးပြောတော့ မောင့်ရင်မှာ ရှက်တဲ့စိတ်နဲ့

"ဒါပဲနော် ဆောင်း ရှေ့မှာ မမ အဲဒါတွေ လျှောက်မပြော မပြောလည်းမပြောနဲ့ ဆောင်း ရှက်သွားလိမ့်မယ်၊ မမရယ် ဆောင်းက ငယ်လည်းငယ်သေးတယ်၊ ကျောင်းလည်းတက်ရဦးမှာလေ ချစ်ခြင်း တွေ သင်မပေးချင်သေးဘူး။ ဒါကြောင့် စက် ပုံမှန်ဆက်ခံတာ မ လည်း ပုံမှန်ဆက်ခံ ဒါပဲ"

လို့ စက် ပိတ်ပြောကာ ဟန်ဆောင်ပုံးဖိရင်း တစ်ကိုယ်တည်း ကြိတ်ချစ်နေခဲ့မိတာပါ ဆောင်းရယ်။ မမ လဝန်းကို ကိုလေး ကောင်း ဖက်နမ်းတာသိရတော့ မောင့်ရင်ထဲက ခံပြင်းစိတ်နဲ့ ဆောင်းကို နမ်း ပစ်မယ်လို့ ကြုံးထားပေမယ့် တကယ့်တကယ်မှာ မောင် ဆောင်းကို မနမ်းရက်လောက်အောင် မြတ်မြတ်နိုးနိုးချစ်နေခဲ့တယ်လေ။

ဆောင်းရဲ့မိသားစုအပေါ်မှာ ဖြစ်တည်နေခဲ့တဲ့ အငြိုးတွေ အမုန်းတွေ နောက်မှာ မမလဝန်းအတွက် လက်စားချေချင်တဲ့ မောင့် အတ္တက တောင်ထွတ်တစ်ခုလို ထိုးထွက်လာခဲ့တယ်။

ဆောင်း ကြောင့် မောင် ဒဏ်ရာရတဲ့အဖြစ်နဲ့ရင်ဆိုင်လိုက် ရတော့ မောင့်အတ္တက ဆောင်းကိုချစ်တဲ့ အချစ်တွေကို ဖုံးကွယ်





ခဲ့တယ်။ အချစ်တွေကို အတ္တနဲ့ဝါးမျိုပစ်ခဲ့တယ်။

ဆောင်းကို တစ်သက်လုံး မုန်းနေမယ့်အတ္တကို မောင့်နှလုံး သားမှာ ဖွတ်ကြီးမွေးခဲ့တယ်လေ။

ဒါပေမဲ့ ဆောင်းရယ်။

မောင့် ချစ်စိတ်က ထိန်းချုပ်ဖုံးကွယ်ထားတဲ့ကြားက ရုတ်ချည်း လွှတ်ထွက်သွားတာက

မောင် လို့

ပြောပြီး ချစ်တယ်လို့ ဆောင်း ရင်ဖွင့်ခဲ့စဉ်က မောင့်အချစ် တွေ ယိုဖိတ်ကျလာခဲ့တယ်လေ။ ပြီးတော့ အိစက်ဝင်းမွတ်နေတဲ့ ဆောင်းရဲ့အလှတရားတွေနောက်မှာ မောင်မထိန်းချုပ်နိုင်ခဲ့ဘူး။

နမ်းရှိုက်မွှေးကြူခဲ့မိတာက နှလုံးသားထဲက အချစ်ကြောင့်ပဲ ဖြစ်ခဲ့သလို ဆောင်း နှုတ်ခမ်းပါးတွေရဲ့ ချိုမြိန်မှုကို မှတ်သိမ့်စွာ မောင် ခံစားခဲ့တာပါ ဆောင်းရယ်။

သို့သော်လည်း

လွှတ်ထွက်သွားတဲ့ အချစ်တွေကို မောင့်အတ္တတွေက ချက် ချင်း ဝါးမျိုမိတာကြောင့် ဆောင်းကို မငဲ့ညှာစတမ်း ကျော်ခိုင်းခဲ့တယ် လေ။

မေမေနဲ့ဖေဖေကြောင့် ဆောင်းကို လက်ထပ်ခဲ့ရပေမယ့် မောင့် အတ္တက အချစ်တွေနဲ့မပေါင်းချင်မိအောင် မာနစည်းကြီးခြားခဲ့မိတယ်။

မောင့်ရင်ထဲမှာ ဆောင်းကို တစ်သက်လုံးမုန်းပစ်မယ်ဆိုတဲ့ အတ္တနဲ့နိုင်မာတဲ့ သန္နိဋ္ဌာန်ချခဲ့တယ်။ ဆောင်း မောင့်ကို တပြိုင်နက်



www.burmeseclassic.com

www.burmeseclassic.com



သွားအောင် မောင် ရွေးချယ်ခဲ့တဲ့ချစ်သူနဲ့ ဖွတ်တွဲခဲ့တယ်။

ယုယနဲ့တွဲနေပေမယ့် ဆောင်းကို အငြိုးကြီးကြီး သတိထား တမ်းတမိပြန်တယ်။ ထို တမ်းတစိတ်တွေ တဖွားဖွားပေါ်ထွက်မလာ ကွာရှင်းစာချုပ်မှာ ဆောင်းလက်မှတ်ထိုးခဲ့ပြီးပြီဆိုတဲ့ အသိရိုင်းကြေး ယုယကို လက်ထပ်ပစ်ဖို့အထိ မောင် ဖွတ်တိုးခဲ့မိတယ် ဆောင်းရယ်

ယုယကတော့ မောင့်အဖြစ်ကိုကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မောခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့

"စက် က အချစ်တွေနဲ့မှုန်းနေတာ"

လို့ အားမနာစတမ်း မှတ်ချက်ပေးခဲ့တယ်။ မောင့်အတွေ လက်မခံနိုင်အောင် တင်းမာကာ

"ဘာ အချစ်တွေနဲ့မှုန်းနေတာ"

"ဟုတ်တယ် စက် အမှုန်းနဲ့အချစ်က စက် နှလုံးသားတ တည်းက ပေါ်လာတာလေ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ဆောင်းကို စက်ချစ်နေလျက် ဆောင်းမိသား အတ္တကြောင့် စက်က ဆောင်းကို ပစ်မှတ်ထားပြီး ဖျစ်ညှစ်မုန်းနေတာ အမုန်းပဝါလေးကို ခွာချလိုက်တာနဲ့ စက် နှလုံးသားထဲက အချစ်တွေ ပလူပျံသလိုပျံထွက်လာမှာ မယုံရင် စက် နှလုံးသားက အမုန်းပဝါပါး ခွာကြည့်လိုက်လေ"

"ဟင့်အင်း"

ဖွတ်တရွတ်ဆန်တဲ့ မောင့်အတ္တက အမုန်းပဝါပါးကို မခွာ





ခဲ့။ ဒါပေမဲ့ ဒါပေမဲ့ ဆောင်းရယ်။

မောင်တို့ မိသားစုရဲ့ဘဝဒုက္ခ ကယ်တင်ရှင်ဟာ ဦးလှလှ မဟုတ်ဘဲ ဆောင်း ဖြစ်နေမှန်းသိလိုက်ရတဲ့ အချိန်မှာ မောင့်အတ္တ ပဝါပါးက ဖြုတ်ခနဲကွာကျသွားခဲ့တယ် ဆောင်းရယ်။

ဆောင်းတို့မိသားစုကြောင့် မောင်တို့မိသားစု ခံစားရသလို ကံကြမ္မာကြောင့် ဆောင်းတို့မိသားစု ခံစားခဲ့ရတယ်ဆိုတဲ့ အကြောင်း ကြောင်းတွေကြားမှာ ဆောင်းက မောင့်အတ္တရဲ့ တားစာခံဖြစ်ရတယ်ဆို တဲ့ အသိကြောင့်လေ။

ခုတော့

ဆောင်းက မောင့်နဲ့မျက်နှာချင်းလေးဆိုင်ဖို့တောင် အခွင့် အရေးမပေးတော့ဘူးလား အချစ်ရယ်။

ဆောင်းကို တိုက်ခန်းထဲက ဆွဲပစ်ခဲ့တဲ့ မောင့်ကို ဆောင်း က မောင့်နှလုံးသားကို ပြန်ဆွဲပစ်ခြင်းနဲ့ဒဏ်ပြန်နေတာလား တင်။

တန်ပြန်တယ်ဆိုရင်လည်း မောင် လည်စင်းပြီးခံပါ့မယ် ဆောင်းရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟင် သမီး"

ဆေးဝယ်ပြီးရောက်လာတဲ့ သမီးမျက်နှာက ဖြူတော့မယ့်မိုးလို အုံ့အုံ့ဆိုင်းဆိုင်းနဲ့ ဝမ်းနည်းခြင်းတွေပြည့်သိမ့်နေသည်။

"သမီး ဘာဖြစ်တာလဲ၊ မျက်နှာကလည်း ညှိုးနေတယ်"

တုတ်ကောက်ကိုအားပြုထောက်၍ မတ်တပ်ရပ်ဖို့ကြိုးစားပေမယ့် ကိုယ်လုံးကဝတော့ တော်ရုံနဲ့ထ၍မရ။ မရတော့လည်း မထတော့ဘဲ ဆိုဖာပေါ်ပြန်ထိုင်ချရင်း သမီးကို လှမ်းမေးလိုက်သည်။

သမီးက ပျက်နေတဲ့မျက်နှာကို ကမန်းကတမ်းပြင်ပြီး

"ဘာမှမဖြစ်ပါဘူး ဒယ်ဒီ"

ပြောရင်း အပေါ်ထပ်ပြေးတက်သွားတဲ့ အမူအရာက တစ်ခုခုကို ဒယ်ဒီ မသိစေချင်တဲ့သဘောလား၊ သမီးရယ်။





အခု နောက်ပိုင်း သမီးပိုပြီး မျက်ကာ မှိုင်တွေဝေးမောလာသည်။ တအစ်အစ်နဲ့ငိုနေတတ်တာ သူတို့လင်မယား သတိထားမိသည်။

ဘာဖြစ်လို့လဲ သမီးရယ်။

သိချင်စိတ်ကလေးနဲ့ သမီးကို မျက်ခြည်မပြတ်စောင့်ကြည့်မိတော့ အဖြေက ထင်တဲ့အတိုင်း။

ဟိုကောင် မြို့ရှေ့မှာ ခိုးကြောင်ခိုးဝှက် လာရစ်နေတာ မြင်ရမြင်ရပြန်တော့ ဦးသဝထ် ရင်မှာ ဒေါသထွက်ရမလား၊ နင်သော စိပြောပြီးနှင်ထုတ်ရရင် ကောင်းမလားဆိုတဲ့အတွေးတွေနဲ့စိတ် ကရှုပ်ရှားသွားပါ။

တစ်ချိန်က သမီးကို မယူနိုင်ဘူးလို့ သူတို့ရှေ့ပေါ်တင်ပြောတဲ့ ကောင်က ခုမှ ဘာအရောင်လာပြနေတာလဲ။

ဒေါသနဲ့စိတ်ရှိတိုင်း ထလုပ်ဖို့ ကိုယ်က မပါနိုင်တဲ့ဘဝ။

"ကိုရယ် စိတ်လျှော့လိုက်ပါကွယ်၊ သမီးက ငါတို့ရင်ခွင်ထဲရောက်နေပြီပဲ၊ ဒီကောင် ဘယ်လောက်ပဲ ကိုယ်ရောင်ပြပါစေ သမီးနောက်တစ်ကြိမ် မိုက်တော့မှာမဟုတ်ပါဘူး၊ စိတ်ချပါ သမီး စိတ်ကိုငါ နားလည်ပါတယ်"

လို့ မိန်းက ဖျောင်းဖျလို့ ငြိမ်နေပေမယ့် စိတ်က တင်းနေဆဲ။ သင်းတဲ့စိတ်နဲ့ပဲ သမီးကို အရိပ်တကြည့်ကြည့် ဖြစ်နေတယ်။ သူတို့ လင်မယားအပါးက မခွာစေဘဲ သမီးကို ရင်အုပ်မကွာထိန်းထေထည့်

တစ်နေ့ နေလည် သူ ဆေးသောက်ပြီး မှေးခနဲဖြစ်သွားသည်။ ကြိုးသံကြောင့် ရုတ်တရက်နိုးတော့ ဘေးနားမှာ သမီးမရှိနေသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုခေါ်ပြီး သမီးကိုကြည့်ခိုင်းတော့

"အပေါ်ထပ်အခန်းထဲမှာ ကြိုတ်ငိုနေသတဲ့"

"ဘာဖြစ်လို့"

"ဘာဖြစ်ရမလဲ ကိုရယ်၊ ဟိုကောင် ဆန္ဒပြနေတယ်၊ ခြံရှေ့က အုတ်ခုံပေါ်ထိုင်နေတာလေ၊ ပြီးတော့ မိုးရွာထဲမှာ သွားလည်း မသွားဘူး၊ ဟိုမှာကြည့်ပါလား"

ပြတင်းပေါက်လိုက်ကာစ အပြာနုရောင်လေးကို ဖယ်ပြီး တော့ ဇနီးသည်ပြောတဲ့အတိုင်း အုတ်ခုံပေါ် ငုတ်တုတ်ထိုင်နေတဲ့ မျ တစ်တစ်ကောင်လေး။

မိုးရေတွေကြောင့် အပြာရင့်ရောင် ဘောင်းဘီရှည်နဲ့လည်ပင်း ဆွယ်တာ အဖြူပေါ်ကုတ်အဖြူရောင်ထပ်ဝတ်ထားတဲ့ ဝတ်စုံနဲ့ ကိုယ်လုံး ရွှဲစိုလို့။

ဒီလောက် မိုးသည်းသည်းကြားမှာ ဘာထိုင်လုပ်နေတာလဲ အအေးမိပြီး ဖျားနာမှာမစိုးရိမ်ဘူးလား။

သမီး လုပ်တဲ့သူကလည်း အဲဒါကိုတွေးပြီး စိုးရိမ်စိတ်နဲ့ငိုနေ တာလား။ မိုးကလည်း မျက်စိဖွင့်လို့မရအောင် သည်းသည်းမည်းမည်း ကြီးရွာနေတာ။ မိုးရေတွေနဲ့ တစ်ကိုယ်လုံးပြာနှမ်းပြီး ခိုက်ခိုက်တုန်နေတာ တောင် ပေကပ်ပြီးထိုင်နေသေးသည်။

ဟော ကြည့်နေရင်း သမီးက မိုးရေထဲ ထီးနက်တစ်ချောင်း ဆောင်းပြီး ပြေးဆင်းသွားသည်။ သမီး လက်ထဲမှာလည်း ထီး နောက် တစ်လက် ဒီကောင့်ဖို့လား။





သမီးက ဘာလို့ ထီးယူပြီးဆင်းသွားရတာလဲကွာ။

ဦးသဝဏ်နဲ့ဒေါ်ရွှေဝါဝါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ သမီးလုပ်ရပ်ကို ဝေခွဲမရဖြစ်ကာ ငေးခနဲဖြစ်သွား၏။

မိုးက သည်းကြီးမည်းကြီးရွာနေဆဲ။

■ ■ ■

"ဆောင်း"

မိုးရေထဲ ထီးဆောင်းပြီး ဆင်းလာတဲ့ ဆောင်းကိုမြင်ရမှ သူ့ အားတက်သရောဖြစ်ကာ ခိုက်ခိုက်တုန်နေတဲ့ကိုယ်က ရပ်လိုက်ပြီး ခိတ်ထားတဲ့ ခြံတံခါးသံတိုင်ကို ဆုပ်ကိုင်ရင်း မိုးသံတွေနဲ့အပြိုင်ခေါ် လိုက်မိသည်။

"ဆောင်း"

"မခေါ်နဲ့ ရော့ ထီးယူပြီးပြန်တော့"

သံတိုင်ကြားက ချာလီထီးကြီးကို ထိုးပေးကာ ဆောင်းပြော ရင်း မောင့်မျက်နှာကို တောင့်တောင့်တတလေး ငေးကြည့်လိုက်သည်။

မောင့် မျက်နှာပေါ်မှာမိုးရေတွေရော မျက်ရည်တွေပါ

"ဆောင်း"

"ယူလေ"

"ဟင့်အင်း ဆောင်းကို မောင် တောင်းပန်ခွင့်ရချင်တာပါ၊ မောင်ကြိုးစားတိုင်း ဆောင်းရှောင်ပြေးနေတာ မောင် ဘယ်လို ခံစားရမလဲ ဆောင်းရယ်၊ မောင့် ရင်ဘတ်မှာ ရွာနေတဲ့မိုးက ဒီမိုး ထက်သည်းနေတယ် ဆောင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုး မောင် ဘာမှမပြောနဲ့တော့ ပြန်ပါတော့နော်၊ ဒယ်ဒီ တို့မြင်သွားရင် ဆောင်းကို စိတ်ဆိုးသွားမှာလေ၊ ရှော့ ပြန်ပါတော့ နော် ပြန်ပါတော့"

သံတိုင်ကို ဆုပ်ကိုင်ထားတဲ့ မောင့် လက်ချောင်းတွေကိုဖွ ရင်း ထီးအတင်းထိုးထည့်ပေးမိ၏။

"ပြန်ပါတော့ မောင်ရယ်"

အတင်းနှင်ထုတ်နေတဲ့ ဆောင်းက သူ့ကိုမချစ်တော့လို့လား သူ့ရင်ထဲက သိချင်စိတ်က ထိန်းမရနိုင်ခဲ့။

"ဆောင်း မောင့်ကို စိတ်နာနေလား၊ မုန်းနေလား၊ ဆောင်း ရယ်၊ ဆောင်း စိတ်နာနေရင် မုန်းနေရင် ကျေနပ်တဲ့အထိ ဆောင်း ရှေ့မှာ မောင် တစ်သက်လုံး ဒူးထောက်တောင်းပန်ချင်ပါတယ်၊ ဆောင်း ရယ် မောင် ဒူးထောက်တောင်းပန်ပါရစေ"

"အိုး"

ရင်ထဲက နှစ်နှစ်ရရ ပြောရင်း ဒူးထောက်ထိုင်ချလိုက်တာက ခြဝင်းတံခါးခြားနေတဲ့ ဆောင်း ရှေ့မှာပဲဖြစ်သည်။

"မောင်"

ဆောင်း လန့်လန့်ဖြန့်ဖြန့်လေး ခြေတစ်လှမ်းရှေ့တိုးလိုက်ပြီး

"မောင် အဲလိုမလုပ်နဲ့လေ၊ မောင့်ကို ဘယ်တုန်းကမှ ဆောင်း မမုန်းခဲ့ဘူး၊ မနာကြည်းခဲ့ဘူး။ တကယ်ပြောတာပါ မောင်ရယ်၊ မောင် စိတ်ချမ်းသာမယ့် ဘယ်လမ်းကိုမဆို ဆောင်း ရွေးချယ်ဖို့ဝန်မလေးပါ ဘူး အဲဒါကြောင့် မောင်ရယ် မောင်က ဆောင်းကိုကျွာချင်မှတော့





ဆောင်းကလည်း"

ပြောရင်း ဆောင်း ဒူးလေးညွတ်ကျသွားတော့ သူ့ရင်မှာ အတိုင်းအဆမဲ့ ယူကြုံးမရဖြစ်၏။

"ဆောင်းရယ်"

သံတိုင်တွေကြားမှ ဆောင်း လက်ချောင်းကလေးများကို အမိ အရ ဆုပ်ကိုင်ထားရင်း သူ့ရင်ခွင်မှာကပ်ထားမိသည်အထိ မိုးစက်ပေါက်များ ရွာ။

ချစ်သူ လက်တစ်ဖက်ကို ဆုပ်ကိုင်မိသည်အထိ မိုးသည်းသည်း မှာ ဆိုတော့လည်း ဂရုတစိုက်မရနိုင်တော့။

"မောင်"

ဆုပ်ထားမိတဲ့ လက်ချောင်းကလေးရှန်းရင်း အကြိုက်ကြိုက်ခေါ် နေတဲ့ ဆောင်း အသံလေးကြောင့် သူ အသက်ဝင်လာသည်။

"ပြန်တော့နော်"

နောက်ကြောင်းမအေးသော စိုးရိမ်သံလေးနဲ့နှင်နေတဲ့ ချစ်သူ ကို မငြိုငြင်ရက်သလို နှစ်ဦးသား တံခါးတစ်ချပ်ခြား ဒူးထောက်ရင်း အယူခံဝင်ရင်ခုန်နေရတဲ့ခံစားချက်ကို နောက်ဆုံးထွက်သက်အထိ ဆုပ် ကိုင်ထားချင်မိသည်။

"မပြန်ပါရစေနဲ့ ဆောင်းရယ်"

"အို အဲလို ဖွတ်မလုပ်နဲ့လေ"

ခိုက်ခိုက်တုန်နေရှာတဲ့ ချစ်သူကို မကြည့်ရက်၊ ထီးလေးတော့ လည်း ဖွင့်မဆောင်း။ မိုးရေထဲမှာ ဒီအတိုင်းချည်း ခိုးကြောင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



မေးဖျားဆတ်ဆတ်တုန်နေပြီး ဆောင်း လက်ဖျားလေးကိုဆုပ်ယူ၍ မောင့်နှုတ်ခမ်းလွှာရလေးက ဖိကပ်ကာ နမ်းရှိုက်လိုက်တော့ ဆောင်း နှလုံးသားမှာ အချစ်တွေနဲ့နူးညွှတ်ပျော်ဝင်စွာ ခံစားမိသည်မှာ မည်မျှကြာခဲ့သည်မသိ။

ဆောင်း အသိစိတ်ဝင်လာတဲ့အချိန်မှာ မောင့်ကိုယ်လုံးလေးက မိုးရေထဲမှာ ပုံလျက်သား မြို့ကျကာ

"ဟင် မောင် မောင် ဘာဖြစ်တာလဲ မောင်"

ဆောင်း ခြေမကိုက်မိလက်မကိုင်မိဖြစ်ကာ ဗျာများသွားစဉ်မှာ ခြံရှေ့ကားတစ်စီးထိုးဆိုက်လာသည်။ ကားပေါ်မှ မောင့်မိဘပြေးဆင်းလာပြီး မောင့်ကိုမ၍ ကားပေါ် ကမန်းကတမ်းတင်သည်။

"မောင် မောင် ဘာဖြစ်သွားတာလဲ ဟင် အန်တီ စက် စက် ဘာဖြစ်တာလဲ ဟင် ဆောင်းကိုလည်း ပြောပါဦး"

ဆောင်း သံတိုင်တွေကို ဆုပ်ကိုင်ရင်း ဝမ်းနည်းတကြီးမေးတော့ အန်တီ မျက်နှာမကောင်းဘဲ ဆောင်းဘက်လှည့်လာပြီး

"သားက အပြင်းဖျားနေတာ သမီးရယ်၊ ကယောင်ကတမ်းနဲ့ ဘယ်ထွက်သွားမှန်းမသိလို့ အန်တီတို့ခေါင်းမီးတောက်အောင် လိုက်ရှာနေတာပါကွယ်၊ အခု သမီးဆီလိုက်လာတော့မှ သားကို ပြန်တွေ့ရတာပါ အခု မိုးမိပြီးသတိလစ်သွားတယ်ထင်တယ်၊ သား တစ်ခုခုဖြစ်မှာ အန်တီ စိုးရိမ်ပါတယ် သမီးရယ်၊ အန်တီ သွားမယ်နော်"

ဆိုပြီး ခပ်မြန်မြန်ပြောကာ ကားပေါ်တက်သွား၏။ အန်ကယ် ကားလေး စိုးရိမ်စိတ်ကြောင့် ဝူးခနဲမောင်းထွက်သွားစဉ် ဆောင်း





ကျော်ဝန်းက မိုးတွေကအပြင်မှာရွာတဲ့မိုးထက်သည်းလေပြီ။

မောင်ရယ်။

အပြင်းဖျားလို့ ကယောင်ကတမ်းဖြစ်တာတောင် မောင့်စိတ်က ဆောင်းဆီမှာရှိနေသတဲ့လား။

ထိုအသိက ဆောင်း နှလုံးသားက ယူကြုံးမရဖြစ်စေသည်။ ဘာကြောင့်များ မောင့်ကိုရှောင်မိတာလဲ။ ဆောင်း ရှောင်မိလို့ အပြင်းဖျားတဲ့ကြားက မောင်ရောက်လာတယ်။ ပြီးတော့ မိုးရေထဲမှာ နာရီပေါင်းများစွာ ငုတ်တုတ်ထိုင်ကာ ဆောင်းနဲ့တွေ့ခွင့်ရဖို့ ကြိုးစားရှာ တာ ဆောင်းမနေနိုင်လို့ ထီးပေးတော့လည်းမယူ။ ခုတော့ သတိပါ လစ်ရတဲ့အဖြစ်။

မိုးရေထဲက အဖြစ်ကိုကြည့်ရင်း ဦးသာဝဏ်နဲ့ဒေါ်ရွှေဝါဝါ သမီးကို ပြစ်တင်မာန်မဲမယ်လို့ အားခဲပြီး လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်တွဲကာ အခန်းထဲက ထွက်ခဲ့သည်။

ဒါပေမဲ့ ထီးတွေကို ပေါ်တီကိုအောက်မှာပစ်ချပြီး တိုက်ထဲပြန်ပြေးဝင်လာတဲ့ သမီးက ညည်းခန်းဝမှာရပ်နေတဲ့ မိဘနှစ်ပါးကို ပြေးဖက်ငိုချလိုက်တဲ့အခါ ဆူဖို့ပြောဖို့အဆင်သင့်ဖြစ်နေတဲ့ စကားလုံးတွေဟည်မျိုဝမှပြန်ပြီးလျောဆင်းသွား၏။

သမီးက ဒီကောင်လေးအပေါ် အဲသလောက်ချစ်ရှာတာလား။

သမီးကို လင်မယားနှစ်ယောက် ရင်ခွင်ထဲပွေ့ထားရင်း မေးခွန်းရဲ့အဖြေကို ဆန်းစစ်နေမိသည်။

တကယ်ဆို သမီးက မာနတွေနဲ့တင်းခံနေရမှာပဲ ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



လေးအပေါ် မာနမထားနိုင်တာက ချစ်တဲ့စိတ်စွမ်းအားကြီးနေလို့လား ဖြစ်နိုင်တာပေါ့။

ဒီကောင်လေးကို ချစ်လို့ မိဘစီမံတာကို ငြင်းပယ်ပြီး ကောင်လေးရင်ခွင်ထဲတိုးဝင်ခဲ့တယ်။

သူတို့ ပယောဂမကင်းတဲ့ ရက်စက်မှုကြောင့် ဒုက္ခ လှလှ ရောက်ကြတဲ့ ကောင်လေးမိသားစုကို ဘွားအေပေးခဲ့တဲ့ ပစ္စည်းတွေ ထုခွဲရောင်းချပြီး ဦးလှလှကတစ်ဆင့် တိတ်တိတ်လေး ကူညီခဲ့ရှာတာ သူတို့ လင်မယားပင် မသိခဲ့။

သမီး သူတို့ရင်ခွင်ထဲပြန်ရောက်လာပြီး နောက်တစ်ရက်မှာ ဦးမိုးတင့်နဲ့ဒေါ်စိုးစိုးမာ ရောက်လာပြီး အနီရဲရဲကတ္တီပါဘူးကြီးကို ထိုးပေးတယ်။

"ဘာလုပ်တာလဲ ဘာတွေလဲ"

မေးရင်း လင်မယားနှစ်ယောက် ပြိုင်တူဖွင့်ကြည့်လိုက်တော့

"ဟင်"

စိန်ထည်တွေက နည်းနည်းနောနော မဟုတ်ဘူး။

"ဒီပစ္စည်းတွေက သမီးပစ္စည်းတွေပါ၊ သမီး ဘွားဘွားက သမီးကိုပေးခဲ့တာတဲ့၊ စိုးတို့ ဘဝဒုက္ခကို ကူကယ်ဖို့ရောင်းချပြီး ဦးလှလှကတစ်ဆင့် တိတ်တိတ်လေးကူညီခဲ့တာတဲ့၊ အခု စိုးတို့သိသိချင်း သမီးလေး ဘွားဘွားရဲ့ ပစ္စည်းတွေပြန်ရအောင် ပွဲစားတွေ ကုန်သည်တွေကတစ်ဆင့် စုံစမ်းပြီး မရရအောင် ပြန်ရှာဝယ်ယူပြီး သမီး လက်ထဲ ပြန်ပေးဖို့ ကြိုးစားတာပါ၊ ကူညီပါ ဦးသဝဏ်ရယ်၊ သမီးလေးကို ဒီ





ပစ္စည်းတွေ ပြန်ပေးပေးပါ။ သမီးလေး ကျေးဇူးတွေက စိုးတို့မိသားစုအပေါ် သိပ်ကိုကြီးမားဖြူစင်ခဲ့ပါတယ်"

"ဟုတ်ပါတယ် ဦးသဝဏ် နဲ့မမ ဝါရယ်၊ သားရဲ့ ရက်စက်မှုတွေကို သားကိုယ်စား ကျွန်တော်တို့လင်မယား တောင်းပန်ပါတယ်၊ ကျွန်တော်တို့မိသားစုအပေါ် ထားခဲ့တဲ့ သမီးလေးရဲ့ဖြူစင်တဲ့ စေတနာ သားအပေါ်အနစ်နာခံချစ်ခဲ့တဲ့ သမီးလေးရဲ့နှလုံးသားကို ကျွန်တော်တို့ တစ်သက်လုံး ဖေးမကူညီ စောင့်ရှောက်သွားချင်ပါတယ်၊ ဦးသဝဏ်တို့ကိုလည်း မိတ်ဆွေရင်းလို ခင်မင်ခွင့်ရချင်ပါတယ်၊ ကျွန်တော်တို့ကို အသိအမှတ်ပြုပါဗျာ"

"စိုးတို့ကို အသိအမှတ်ပြုပါနော်၊ သမီးလေးရဲ့ကျေးဇူးတွေကို စိုးတို့ပြန်ဆပ်ပါရစေ၊ ဒါကြောင့် သမီးလေးပစ္စည်းတွေကို ဦးသဝဏ် မိဘရင်လက်ထဲပြန်လာအပ်တာပါ"

ဒီတော့မှ ကောင်လေးမိသားစုအပေါ်ထားတဲ့ သမီးစိတ်ကို ဘွားခနဲသိခွင့်ရလိုက်တော့ သူတို့လင်မယား အံ့ဩတာ အသိလက်လွှတ် ဖြစ်ရတဲ့အထိပါပဲ။

ပြီးတော့ ကောင်လေး မိဘရဲ့ သဘောထားကြီးမှု။

တကယ်ဆို သူတို့မိဘကိုယ်တိုင်တောင်မှ မသိတဲ့ အဖိုးထိုက် အဖိုးတန်ပစ္စည်းတွေ လောဘစိတ်နဲ့ပြန်မပေးရင်လည်းရရက်နဲ့။

ပြန်ပေးတော့လည်း သာမန်တာဝန်ကျေရုံမဟုတ်ဘူး တောင်းတောင်းပန်ပန် ခယယယ။

ရက်စက်ခဲ့ဖူးတဲ့ သူတို့ရဲ့အတွက်ကို အပြီးအတော့ဆေးကြော



www.burmeseclassic.com

www.burmeseclassic.com



လိုလိုလားလားချည်း ခင်မင်ခွင့်တောင်းနေတာ။

ဩော် လူ့စိတ်ဆိုတာ ပေါင်းကြည့်မှသိသာလေစွ။ သူဌေး ကမ်းထောက်ပံ့ပြီး လုပ်ငန်းတွေချပေးခဲ့တဲ့ ကိုသောင်းတောင် သူတို့ ခုလိုအခြေအနေမျိုးရောက်သွားတော့

"သားကတော့ ဆောင်းကို အင်မတန် ချစ်တာမှန်ပါတယ် ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့က ကိုဝဏ်နဲ့ခမည်းခမက်မတော်နိုင်တော့ ဘူး။ ကိုဝဏ်ရဲ့အတ္တကို ကြောက်တယ်၊ ကိုဝဏ်ရဲ့အတ္တကြောင့် ကံကြမ္မာ က ဒဏ်ခတ်လိုက်တဲ့ ကိုဝဏ်တို့မိသားစုရဲ့ဝဋ်ဒုက္ခတွေ ကျွန်တော်တို့ အပေါ် ပြန်ကူးစက်လာမှာ စိုးရိမ်တယ်၊ ဒါကြောင့် ဆောင်းကို ကျွန်တော့်သား ဘယ်လောက်ချစ်ချစ် ကျွန်တော် သဘောမတူဘူး ကိုဝဏ်တို့ကိုလည်း အဆက်အဆံမလုပ်ချင်တော့ဘူး။ ဒါကြောင့် ဘာကိစ္စအတွက်မှ ကျွန်တော်တို့သားအဖကို မဆက်သွယ်နဲ့၊ လုံး မဆက်သွယ်နဲ့"

လို့ ရင့်ရင့်သီးသီး ငြင်းပစ်ခဲ့တာ။

ကူညီခဲ့ဖူးတဲ့ကျေးဇူးတရားကိုမှမထောက်။

"တောက်"

သမီးလေး သူ့ရင်ခွင်ထဲပြန်ရောက်လာလို့ လူကြီးချင်းစကား ရှိခဲ့တဲ့အတိုင်း ရှင်းလင်းနဲ့သမီးကို လက်ဆက်ပေးဖို့ သူဖုန်းဆက်ပြီး ကမ်းလှမ်းတာ။

ကိုသောင်း တုန့်ပြန်လိုက်သည်က ရက်ရက်စက်စက် ရိုင်းရိုင်း သီးသီး။





သူတို့တစ တောက်ပပြောင်လက်ခဲ့စဉ်က

"ကိုဝဏ် သဘောပါ"

လို့ အရာရာကို မျက်နှာငယ်နဲ့အားတက်သရောရှိခဲ့တဲ့ ကောင် က သူတို့မတောက်မပြောင်နဲ့ဒုက္ခိတတစ်ပိုင်းဖြစ်လာတဲ့အခါမှ မျက်နှာ ထားနဲ့ မာန်တဝင့်ဝင့် ခါချပစ်တာ တွေးလိုက်တိုင်း ရင်ဘတ်ထဲက အောင့်လာသည်။

တကယ်ပင်

ကိုမိုးတင့်နဲ့ဒေါ်စိုးစိုးမာရဲ့ စိတ်ထားနဲ့ကွာလိုက်တာ။

အခုမှပဲ သူတို့ပြုမှုခဲ့ဖူးတဲ့ အတ္တကို ပြန်မြင်ရင်း ကောင်လေး မိသားစုအပေါ် တနာမိသလို မျက်နှာချင်းပြန်ဆိုင်ရမှာ ရှက်သလိုလို ဖြစ်ခဲ့မိတာ။

"ကျွန်တော်တို့ မိသားစုကို ပြန်အသိအမှတ်ပြုပါ။ သမီးရဲ့ ကျေးဇူးတွေကို ပြန်ဆပ်ခွင့်ပြုပါ ဦးသဝဏ်ရယ်"

လို့ ကိုမိုးတင့် နေ့စဉ်နဲ့အမျှ ဖုန်းခေါ်ပြီး ခွင့်တောင်းနေတာကို သူကိုယ်သူ ရှက်ပြီး မတုန့်ပြန်ဘဲနေခဲ့တာ ဒီနေ့အထိ။

သမီးက သူတို့မိသားစုနဲ့သူတို့သားအပေါ် ဒီလောက်အထိ မေတ္တာတွေ၊ စေတနာတွေ ယိုဖိတ်နေခဲ့တာကို တစေခြင်းလာတော့ ဆူချင်တဲ့စိတ်က ဘယ်ဆီရောက်သွားမှန်းမသိတော့။

တသိမ့်သိမ့် ငိုနေရှာတဲ့ သမီးကိုသာ အသံတိတ်ချော့ရင်း နှစ်သိမ့်ပေးနေမိသည်။

ကောင်လေးအတွက် စိုးရိမ်နေရှာတဲ့ သမီးက တနေ့လုံး



www.burmeseclassic.com

www.burmeseclassic.com



အခန်းအောင်းငိုနေသလို သူတို့လင်မယားမှာလည်း တစ်ခုခု စိုးနှင့်သလို ခံရခက်ခက်ချည်းဖြစ်လာသည်။

ပြီးတော့ ညနေမှာကြားလိုက်ရတဲ့ ကောင်လေးသတင်းက ရင်ထဲမှာ မချိမဆံ့။

"စက် သတိရလာပေမယ့် လုံးဝဆေးကုမခံဘဲ အခန်းတံခါး ပိတ်ပြီး နေလိုက်တာ အန်ကယ်၊ အန်တီစိုးတို့ ဘယ်လိုပဲချော့ချော့ မရဘူး၊ တံခါးလည်းမဖွင့်ပေးဘူး၊ ဆောင်းခွင့်မလွှတ်ရင် အသေခံပြီး တောင်းပန်ပါရစေတဲ့လေ"

အိုး သမီးက ခွင့်မလွှတ်တာမှမဟုတ်တာ။ သူတို့က ခွင့်မပြုတာလေ။ ဒီသတင်း သီရိပြောပြောချင်း သမီး ခမျာ မိဘရှေ့မှာတောင် ဟန်မဆောင်နိုင်ဘဲ အင့်ခနဲငိုချလိုက်တာလေ။

"ကောင်း တောင် မမလဝန်းကို တောင်းပန်ခွင့်ရဖို့ အသေခံသလို စက်ကလည်း"

သီရိ ရဲ့စကားလုံးတွေက သူတို့လင်မယားရင်မှာ မချိမဆံ့။

ဒီကောင်လေး ဖွတ်တရွတ်နဲ့အသေခံပစ်လိုက်ရင် သမီး ဘယ်လိုဖြစ်သွားနိုင်သလဲ။

သမီးသာ တစ်ခုခုဖြစ်သွားရင်

ဟင့်အင်း။

သူတို့မှာ ရှားရှားပါးပါး ဒီသမီးတစ်ယောက်တည်းသာ ကျန်တော့တာ။

သား ကောင်းနဲ့ သမီးကြီး သဝဏ်ကို လက်လွှတ်ဆုံးရှုံးရစဉ်





က သူတို့လင်မယား ရှူးမတတ်ခံစားခဲ့တယ်။ ခံစားခဲ့ရလို့လဲ လင်မယား နှစ်ယောက်ခုလို မသန်မစွမ်းဖြစ်ခဲ့ရတဲ့ ဘဝ။

ရှားရှားပါးပါး ကျန်နေသေးတဲ့ ဒီသမီးလေး မတော်တဆ ဖြစ်သွားရင်

ဟင့်အင်း

သူတို့ နှလုံးသားက အတွေးလေးနဲ့ပင် ခံစားနိုင်စွမ်းမရှိတော့ဘူး။ တစ်ဖက်က ပြန်ကြည့်ရင်လည်း သူတို့ကို နားလည် နွေးထွေးမှုတွေ ရှင်သန်ဖြင့်ကြိုဆိုနေတဲ့ တစ်ဖက်မိဘလည်း သားအတွက် ရင်ကျိုးရမယ်။

မိဘဖြစ်တဲ့အတွက် သား သမီးချင်းကိုယ်ချင်းစာချင်တယ်။

ဖနီးသည်ကို ငဲ့ကြည့်တော့လည်း ဖနီးသည်မျက်ဝန်းမှာ သမီးကို အဆုံးရှုံးမခံနိုင်တဲ့စိတ်၊ တစ်ဖက်သားကို ငဲ့ညှာပေးချင်တဲ့စိတ်နဲ့ ဂရုဏာရည်လေး စို့ချင်ချင်ဖြစ်နေတာ။

သူတို့ဘက်က တင်းနေရင် သမီးအတွက် ကောင်လေးအ တွက် တစ်ဖက်မိဘအတွက် အဆိုးတွေသာ ဆက်တိုက်ဖြစ်လာစရာ မြင်တာဆို

"စက်ကလည်း ဆေးကုမခံဘဲ တစ်ဖွတ်ထိုး အသေခံပစ်လိုက်တော့ မယ်ဆောင်း ရင်ကွဲမှာ သေချာတယ် အန်ကယ်ရယ်"

သီရိပြောနေတဲ့ စကားလုံးတွေကို မကြားရက်နိုင်တော့။

သမီးလေးကို ရင်အကွဲမခံနိုင်၊

သမီးလေးကို အဆုံးရှုံးမခံနိုင်၊

တစ်ဖက်မိဘရင်ကို သောကတွေအဖြစ်မခံနိုင်။

ကိုယ်တိုင်လည်း ပူလောင်တဲ့အတွက်ကို ဆက်လက်ခံစားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့ စိတ်က သမီးဆန္ဒကို လိုက်လျောပေးဖို့ တစ်ခုပဲရှိတော့တယ်

"ဒယ်ဒီတို့ရင်ခွင်ထဲမှာ သမီးရင်ကွဲပက်လက် ခံစားနေရတာကို ဒယ်ဒီ မကြည့်ရက်ဘူး သမီးရယ်"

"စက်သာ တစ်ခုခုဖြစ်သွားရင် ဒယ်ဒီ သမီး ရင်ကွဲရမှာသေ ဒါကြောင့် စက် တစ်ခုခုဖြစ်မသွားအောင် သမီးပဲသွားပြီး ဖျောင်းဖျပါကွယ်၊ သမီး ဖျောင်းဖျရင် စက် နေးကုခံမှာ သမီးရဲ့"

"ဟုတ်တယ် ကောင်းလို စက်ကို အသေခံလို့မဖြစ်ဘူး ကောင်းကို မာမီတို့ ကယ်ချိန်မရလိုက်လို့ သားကောင်းကို မာမီတို့ ဆုံးရှုံးသွားရတာ၊ စက်ကို ကူကယ်ချိန်ရလျက် အဆုံးရှုံးမခံနိုင်ပါဘူးကွယ်"

လို့ သူတို့လင်မယားမတိုင်ပင်ဘဲ ထွက်လာတဲ့အဖြေက ထပ်ထပ်တည်းဖြစ်နေတော့၏။

သူတို့နှလုံးသားမှာသမီးလေး အနာဂတ်အတွက် ပျော်ရွှင်ချမ်းမြေ့စေမယ့် ပုံရိပ်ကိုသာ ခံစားနိုင်ခွင့်ရဖို့ အတ္တအားလုံးကို ဖယ်ခွာလိုက်သည်က နှချက်ချင်းပဲဖြစ်သည်။

ခွင့်ပြုချက်ရသွားလို့ သီရိနှင့်အတူ ဝမ်းသာမျက်ရည်တွေနဲ့ စက် ဆီပြေးထွက်သွားတဲ့ သမီးလေးပုံရိပ်ကို သူတို့လင်မယား အငြိမ်တဆုံး ငေးကြည့်နေမိသည်က အသက်ရှူရပ်မတတ်ပါပဲ။

စက်ထံ အချစ်တွေနဲ့လှမ်းသွားတဲ့ သမီး ရင်ခုန်သံက ကောင်လေးရဲ့ဖွတ်တရွတ်ဆန်ဆန်ပြုမူမှုကို အချိန်မီ ဖျောင်းဖျနိုင်မှာလား

စိုးရိမ်စိတ်ကတော့ သူတို့ရင်မှာ ရှိနေဆဲ။

■ ■ ■



## အခန်း (၂၆)

"သမီးရယ် စက်ကို ကယ်ပါဦး"

ဆောင်း ကားပေါ်ကဆင်းသည်နှင့်ငိုချတော့မတတ် ဖြစ်နေရှာတဲ့ မျက်နှာနှင့်အန်တီ ထိတ်ထိတ်ပျာပျာ ဆီးပြော၏။ ဆောင်း ရင်မှာ စိုးရိမ်စိတ် ဒီကာရီက ပိုမြင့်တက်သွားသည်။

"မောင် မောင်ဘာဖြစ်လို့လဲ ဟင်"

"စက်ပေါ့ အခန်းတံခါးပိတ်ပြီးနေတာ အန်တီတို့သော့ခွင့်ပြီးဝင်ဖို့လုပ်တော့ ဖွင့်ပြီးဝင်မလာနဲ့တဲ့ မေမေတို့ဝင်လာတာနဲ့ ပြတင်းပေါက်က ခုန်ချလိုက်မှာတဲ့လေ"

"အို"

ဆောင်း ရင်ခုန်သံပြန်သွားသည်က မောင်ခုန်ချလိုက်ရင်ဆိုတဲ့ စိုးရိမ်ထိတ်လန့်သွားတဲ့ အသိနဲ့ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ချော့မော့ပြီး ဖွင့်နိုင်းပါကွယ်၊ သား ဖွင့်မပေးရင်လည်း သမီးသော့ဖွင့်ပြီးဝင်လို့ရအောင် သားကို ပြောကြည့်ပါကွယ်၊ ရော့ ဒီမှာ သား အခန်းသော့"

ခပ်လောလောပြောရင်း လက်ထဲထည့်ပေးသော သော့တွဲကို ကျစ်ကျစ်လေး ဆုပ်ထွေးထားမိသည်။

"ဆောင်းရယ် ဆောင်း ခွင့်လွှတ်ပြီး လက်ခံတယ်ဆိုတာ စက်နားလည်လာအောင် ပြောပြပြီးအခန်းတံခါးဖွင့်လို့ရအောင် ကြိုးစားကြည့်ပါ သူငယ်ချင်းရယ်"

"ဟုတ်ပါတယ် သမီးရယ် သမီးကိုဆိုရင် စက် တံခါးဖွင့်မပေးရင်တောင် သမီးဖွင့်ဝင်သွားခဲ့ရင် ဖွတ်ထိုးသေပစ်ဖို့စိတ်ဓာတ်ကို တစ်ချက်လောက်ဖြစ်ဖြစ် လျော့ပြီး ဆေးကုခံလိမ့်မယ်လို့ အန်ကယ်မျှော်လင့်ပါတယ်"

သီရိနဲ့အန်ကယ်ပါ ပြောလာတော့ ဘယ်နည်းနဲ့မဆို ဆောင်းကြိုးစားပြီး မောင် ဆေးကုခံအောင် စည်းရုံးပါမယ်လို့ ခေါင်းညိတ်ကတိပေးကာ

သော့တွဲလေးကို မြဲအောင်ဆွဲရင်း မောင် အခန်းရှိရာအပေါ်ထပ်သို့ ကျွန်းလှေကားထစ်တွေကို စိတ်လှုပ်ရှားစွာ နင်းတက်ခဲ့မိသည်က အလောတကြီးပဲဖြစ်သည်။

သော့ခတ်ထားတဲ့ မောင့်အခန်းရှေ့ရောက်သည့်နှင့်

"မောင်"

လို့ခေါ်ရင်း အခန်းတံခါးကို အဆုန်းဆုန်းထုမိသည်။

"မောင် တံခါးဖွင့်ပါဦး မောင့်ကို ဆောင်း ဘာမှ်ထုန်းကမှ





စွာကျင်ခဲ့ပါဘူး၊ မောင်ရယ် ဒယ်ဒီတို့ခွင့်မပြုလို့သာ ဆောင်း ရှောင်ခဲ့တာပါ။ အခု ဒယ်ဒီနဲ့မာမီကိုယ်တိုင် ခွင့်ပြုလိုက်တာ မောင်ရဲ့ တံခါးဖွင့်ပါနော်"

ဆောင်း တံခါးထုရင်း တတွတ်တွတ်ပြောနေမိသည်က တရစပ်။

"တံခါးဖွင့်ပါနော်"

ဆောင်း ဘယ်လိုပြောပြော အခန်းထဲက မောင့်အသံထွက်မလာ။ ဆောင်း တံခါးဖွင့်နိုင်းလို့ပဲ မောင်သေပစ်ဖို့ တစ်ခုခု ကြံစည်နေလား။ စိုးရိမ်စိတ်က ဆောင့်တက်လာသည်။

"မောင် မောင် မဖွင့်ရင် ဆောင်းဖွင့်ပြီး ဝင်လာမှာနော်"

ပြောရင်း စိုးရိမ်စိတ်က လက်ကိုင်မှ သော့အိမ်ထဲ သော့တံသို့ထည့်ကာ မြန်မြန်ဆန်ဆန် လှည့်ဖွင့်၍ ကျွန်းတံခါးကို ဆောင့်တွန်းလိုက်၏။ ပွင့်သွားသော တံခါးမှ အခန်းထဲ တဟုန်ထိုးပြေးဝင်သွားမိ၏။

"မောင်"

ဆောင်း ခုတင်ဆီပြေးဝင်သွားပေမယ့် ခုတင်ပေါ်မှာ မောင်မရှိ၊ တစ်ခန်းလုံးကို ရှာကြည့်တော့လည်း မောင့်အရိပ်တစ်လေမျှင် မမြင်ရ။

"ဟင်"

ပြတင်းပေါက်မှ ခုန်ချပြီးသေပစ်ပြီလားဆိုတဲ့ အသိက ဆောင်းလုံးသားကို တဝုန်းဝုန်းရိုက်ပုတ်လာသည်။

ဆောင်း ရင်ဘတ်ဖိကာ အသက်အောင့်၍ ပြတင်းပေါက်ဆီ ရွှေ့ခဲ့သည်က ထင်သည့်အတိုင်း မဖြစ်ပါစေနဲ့ ခုန်ချပြီးအသေခံတာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပါစေနဲ့ဆိုတဲ့ ဆုတောင်းမှုနဲ့။

ပြတင်းပေါက်အနားရောက်တော့ ရင်ခုန်သံတိုလျက်သားနဲ့ မဝံ့မရဲ အောက်ကိုငုံ့ကြည့်လိုက်တော့

"မောင်"

တိုက်အောက်မှာ တကယ်ခုန်ချသေပစ်တဲ့ မောင့်ပုံရိပ်လည်း မမြင်ရ။ အလှစိုက်ထားတဲ့ မြက်ခင်းတွေသာ စိမ်းလဲ့နေပြီး တစ်ခုခု အရှိန်နဲ့ကျခဲ့တဲ့ ပုံသဏ္ဌာန်လည်းမရှိ။

"မောင်"

ဆောင်း ရင်မှာ ခုရရောရာ အဲဒါမှမသိရသည့် ကြောက်ရွံ့ရိပ်တွေကို သို့လော သို့လောဖြစ်စေကာ အစ်စိုစိုချည်နှောင်။

ဝမ်းနည်းရမှာလား။

တွေဝေစိတ်နှင့် ထုံထိုင်းထိုင်းချည်းဖြစ်နေစဉ် ဆောင်း ကျော နောက်ဆီမှပေါ်ထွက်လာတဲ့ အသံ။

"ကျွီ"

ကျွန်းတံခါးအသံသာ ဖွင့်ပိတ်သော အသံပင်။ ဆောင်း ရုတ်တရက် ထိတ်လန့်လှည့်ကြည့်တော့

"အို"

စိတ်ထိုက်တဲ့ ကျွန်းတံခါးကို ကျောမှီတာ လက်နှစ်ဖက်ပိုက် လျက်သားနဲ့ ဖြောင့်ဖြောင့်ကြီးရပ်လျက်

"မောင်"

လို့ ရွတ်ခနဲခေါ်မိလျက်သားဖြစ်သွားတော့။





ခက်ထန်မျှန်မျှန် ပေတတ်ပြတ်မှုံ ကြွက်ဥနှစ်ရောင် ဝါတောက် အကွက်ကိုယ်ကျပ်အကျီလေးနဲ့ ဒူးဖုံးစကတ်အနက်လေးကြောင့် ကိုယ် လုံးအလှကောက်ကြောင်း ကြွကြွလေးပေါ်လွှင်နေတဲ့ ဆောင်း၏ ခစ် ကိုယ်လုံးကို မောင် သိမ်းကြုံးကြည့်နေတာ မြင်ရစဉ်မှာ ဆောင်း ရင်မှာ တယိမ်းကပါးဖြစ်သွား၏။

"မောင်"

ဆောင်း ထပ်ဆင့်ခေါ်မိပြန်သည်။

"မောင် နေမကောင်းဘူးဆို ဆေးကုမခံတဲ့ သေပစ်မလို့ဆို"

ဆောင်း၏အသံက လှိုက်လှိုက်တုန်တုန်ချည်း ရှုန်းထွက်လာ သည်။

"ဟုတ်တယ် မောင် တကယ်သေချင်တယ်၊ ဆောင်း မောင့် ဆီရောက်မလာချင်ရင်၊ ဆောင်း ရောက်လာမှာမဟုတ်ဘူးဆိုတာ မောင့် နှလုံး သားက အလိုလိုသိနှင့်လို့ မောင် နေကောင်းအောင်ဆေးခန်းသွားခဲ့တာ မေမေတို့တောင် မသိဘူး အခု ပြန်လာမှမေမေတို့ပြောတာ မောင် မယုံဘူး ဆောင်းကို တကယ်မြင်လိုက်ရမှ"

"မောင်ရယ် ဆောင်း ဘယ်လောက်တောင် ရင်မှုရလဲ သိလား"

ဆောင်းဆီရွေ့လျားလာတဲ့ မောင်က ဆောင်းပခုံးစွန်းမှိုမှို နှစ်ဖက်ကို အိအိလေးကိုင်ဆွဲဖက်လိုက်တဲ့အခါ ဆောင်းလည်း မောင့် ရင်ခွင်ထဲ ပြိုကျသွားသည်က ရင်ခွင်ချင်းဝင်လျက်ဖြစ်သွားသည်။

"သိပါတယ် ဆောင်းရယ်၊ နှလုံးသားချင်းကို အချင်းချင်းနဲ့ ချုပ်ထားတဲ့ဥယျာဉ်ထဲမှ မသိတဲ့နေပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဖိုးနေတဲ့မျက်နှာ ဖူးကြွနေတဲ့ နုတ်ခမ်းနှင့် ရှုန်းတောင်တောက် ချစ်သူ မျက်ဝန်းလေးကို တစိမ့်စိမ့်ကြည့်ရင်း သူ မှုမှုဟာ ပြောမိ၏။

"ဒါဆို မောင် ဘာဖြစ်လို့ ဖွတ်လုပ်တာလဲ၊ မိုးရေထဲမှာ ဘာလို့ပေပြီးနေတာလဲ"

ကော်လံအနက်နှင့်ကြက်ဥအနှစ်ရောင် ဖဲပိုးရှပ်ကိုအထဲထည့်၍ ဘောင်းဘီရှည်အနက်နှင့်တွဲဝတ်ထားသော မောင့်ကိုယ်လုံးကို ထက်နစ်ဖက်နှင့်သိုင်းဖက်ရင်း ဆောင်း မေးလိုက်မိသည်။

မတိုင်ပင်ထားဘဲ ဖက်ရှင်ကြော်ငြာတဲ့ ပုံတွဲလို ဝတ်စုံအရောင် တူတွဲဝတ်ထားမိတဲ့အဖြစ်က တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေတော့ ရင်ခုန်သံကို ပိုမြန်စေတော့ အမှန်ပါပဲ။

မောင့် နှုတ်ခမ်းပါးပါးလေးက အပြုံးရောင်လေးယှက်သွားသလို ရှုန်းစိုလက်ကြာနေတဲ့ မောင့် မျက်ဝန်းထဲက စကားတွေကလည်း

"ဆောင်းကိုချစ်ကြောင်း သက်သေပြတာပါ ဆောင်းရယ်"

"တစ်ခြားနည်းနဲ့သက်သေပြလို့ရတာပဲ မောင်ရယ်"

"ဆောင်းမှလက်မခံတာ"

"ဒယ်ဒီတို့ကြောင့်လေ"

မျက်နှာပေါ်ဝဲကျလာတဲ့ ဆောင်း ဆံပင်ပျော့ပျော့လေးကို ကြင်နာစွာသပ်ဖယ်ပေးရင်း

"အခုတော့ မောင့်ကို ယောက္ခထီးကလက်ခံပြီမဟုတ်လား"

မောင့် ရင်ဘတ်ကို ဆောင်းမျက်စောင်းထိုးမိသည်က ရှက်





စိတ်နှင့်ထင်ရဲ့။

"ဟွန်း လက်ခံပါလိမ့်မယ် အားကြီးကြီး"

"ဒါဆို လက်မခံသွားပေါ့"

"ဒယ်ဒီတို့ လက်မခံမှတော့ ဆောင်း မောင့်ဆီလိုက်လာလို့ ရမယ် ထင်လား ဟင်"

"အင်းလေ ဆောင်းကို မောင်နဲ့သဘောတူမှပေးတာက လက်ခံလို့ပေါ့ မဟုတ်ဘူးလား"

သူ့မေးခွန်းကိုမဖြေဘဲ ဆောင်း တွေတွေလေးကြည့်သည်က သူ့နှလုံးသားကို ရိုးရှုပြစ်ကာ ချစ်သူ့မေးဖျားလေးကို တယုတယမင့် ကိုင်လိုက်သည်မှာ ရွှရွလေးရှုန်းစိုသောအပြုံးနှင့်ဖြစ်သည်။

ထိုအပြုံးက ယောက္ခထီးလက်ခံပြီဆိုမှတော့ အချစ်ဝံခါးကြီး ဖွင့်ခွင့်ရပြီပေါ့ဆိုတဲ့ ရင်ခုန်အသံတွေနဲ့ပါ။

ဆောင်း ရှက်ရေးရေးဖြစ်သွားပြီး

"မောင် ဘာပြုံးတာလဲ"

"ယောက္ခမကြီးက မောင့်အခွင့်အရေး ဆောင်းကိုဝင့်ခွင့်ပေးခဲ့လို့"

"သွား မောင်နော်"

"မဟုတ်ဘူးလား ယောက္ခမကြီး ကြည်ဖြူမှတော့"

"လွှမ်းနေနဲ့ မောင် ရှုံ့ချောင်းမဲ့ ဆောင်း ပြန်မှာ"

ဆိုသင့်ပျက်ချောင်းတွေကိုဖြုတ်ချရင်း ဆောင်း စိတ်ပြီး မြောက်ရိုက်စရာ မောင်ရယ်မြင်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ပြန်လို့ရမလား ဆောင်းရယ်"

"ရတယ် ပြန်မယ်"

ဆောင်း ပြောရင်း မောင့်ရင်ခွင်ထဲက ရုန်းကာ လှည့်ထွက်ခဲ့ရှိသေး

"အို"

ဖျတ်ခနဲ မီးရောင်မှိတ်အကျမှာ ဆောင်းကိုယ်လုံးလေး မှေးရာ ထူထူပေါ် အိခနဲကျသွားသည်က ပက်လက်ကလေးပဲဖြစ်သည်။

ဆောင်း ရင်တုန်ပန်းတုန်နဲ့ရုန်းထဲတော့

ဝိုကေနံ့သင်းနေတဲ့ မောင့်နှုတ်ခမ်းတွေခွေးနွေးကြောင့်

ဆောင်း နဖူးပြန့်ပြန့်

ဆောင်း မျက်ခွံမှိုမှို

ဆောင်း ပါးပြင်အိအိ

ဆောင်း နှုတ်ခမ်းဖူးဖူး

ဆောင်း လည်တိုင်ကြော့ကြော့နှင့် တစ်ကိုယ်လုံးစီရွှရွှလေး လွှင့်ကျတဲ့ မောင့်အချစ်တွေကို ဖယ်ရှား ရှောင်တိမ်းနေဖို့အသိလည်း ပေါ်မလာတော့။

"ဆောင်း ဘဝ၊ ဆောင်း နှလုံးသား။ ဆောင်း ချစ်ခြင်း ဆောင်း အနာဂတ်အားလုံးအတွက် မောင့် အချစ်၊ မောင့် အကြင်နာ အယုအယ ဆီမီးတွေအစုံထွန်းညှိပြီး ပူဇော်မှာပါ ချစ်ရယ်"

ရင်ခိုလှိုက်မြူးဖွယ်ကောင်းသော မောင့်ရင်ခုန်သံ တေးသွားလေးတွေထဲ ဆောင်း ချစ်ခြင်းက အိအိလေး နစ်ဝင်နေသည်မှာ အပြီ





အလှန်ပဲဖြစ်တော့သည်။

ချစ်ခြင်းဖြင့်ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး